www.burmeseclassic.com

# နိုင်ငံတကာစံ နှင့် အမျိုးသားရေးစံအကြား ချောင်ပိတ်မိနေသော ဒေါ်အောင်ဆန်းစုကြည်

BURMESE CLASSIC



အခြား မျက်မှောက်ရေးရာ
သတင်းဆောင်းပါးများစုစည်းမှု

နှင်းကို

Design SoeWinNyein

www.burmeseclassic.com

www.burmeseclassic.com

## စာအုပ်မှတ်တမ်း

ပုံနှိပ် - ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်
စီစဉ်သူ - ရွှေရည်မဥ္ဇူ
ရွှေကလောင်အမှတ်တံဆိပ် - စိုးဝင်းငြိမ်း
မျက်နှာဖုံးဒီဇိုင်း - စိုးဝင်းငြိမ်း
အတွင်းအပြင်အဆင် - တင်မင်းအောင်
အတွင်းသရုပ်ဖော် - ရန်ကုန်မီဒီယာဂရု(ပ်)မှ ပံ့ပိုးသည်။
စာအုပ်ချုပ် - ဖူဂျီယာမမီဒီယာ
ပုံနှိပ်လုပ်ငန်း - ဖူဂျီယာမပုံနှိပ်တိုက်
(အမှတ်-၇၂၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်)
ဖြန့်ချိရေး - ရွှေကလောင်စာပေ (၀၉၄၂၅၀၂၁၄၀၉)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၅၀၀

၀၀၈.၈၃
နှင်းကို
နိုင်ငံတကာစံနှင့် အမျိုးသားရေးစံအကြား ချောင်ပိတ်မိနေသော ဒေါ်အောင်ဆန်းစုကြည်/ နှင်းကို–ရန်ကုန်။
ရွှေကလောင်စာစဉ်၊ ၂၀၁၄။
၀၀၀–စာ၊၁၅.၂၄× ၂၂.၈စင်တီ။
(၁)နိုင်ငံတကာစံနှင့် အမျိုးသားရေးစံအကြား ချောင်ပိတ်မိနေသော ဒေါ်အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

ဦးကိုကို(စက်မှု)၏ အမှာစာ

ဦးရဲနိုင်မိုး၏ အမှာစာ

ဦးဉာဏ်လင်း၏ အမှာစာ

စာရေးသူ၏ အမှာစာ

ကျေးဇူးတင်လွှာ

၁။ ကျောတစ်ခင်းစာ နေရာပေးပါ ၁၇

၂။ မင်းသားခေါင်းကို လှန်ကြည့်ခြင်း ၃၃

၃။ ၂၀၁၅အလွန် ကာချုပ်ကြီး ဘယ်ကိုရွှေ့မလဲ ၄၉

၄။ နိုင်ငံတကာစံနှင့် အမျိုးသားရေးစံအကြား ၆၅

ချောင်ပိတ်မိနေသော ဒေါ်အောင်ဆန်းစုကြည်

၅။ မြို့တော်ဝန်ရွေးကောက်ပွဲ အလိုရှိသည် ၈၁

၆။ အကျင့်ပျက်တောင်ပို့နှင့် အဂတိခြံကောင်များကို တူးဆွကြည့်ခြင်း ၉၅

www.burmeseclassic.com

www.burmeseclassic.com


၇။ သုံးနှစ်သားအစိုးရ၏ အကျိုးအပြစ် အချို့ ၁၁၁

၈။ သုံးနှစ်သားလွှတ်တော် ဥပဒေပြုတာဝန်ကျေခဲ့ပြီလား ၁၂၇

၉။ တရားစီရင်ရေးမဏ္ဍိုင် သုံးနှစ်အတွင်း

ဘယ်လောက်တည့်မတ်ခဲ့သလဲ ၁၄၃

၁၀။ တိုင်းရင်းသားလုပ်ငန်းရှင်အချင်းချင်း ၁၅၇

ခြေထိုးရောက်ချခြင်းများရပ်ပြီး စည်းလုံးချိန်တန်ပြီလား

၁၁။ အမေရိကန်ဆန်ရှင် ပြန်သုံးသပ်ချိန်တန်ပြီလား ၁၇၁

၁၂။ ပုဒ်မ ၄၃၆ ပြင် မပြင် ၁၈၉

၁၃။ ဘာသာကူးပြောင်းဥပဒေ တကယ်လိုနေပြီလား ၂၀၅

၁၄။ ၅၉(စ)နှင့် အနာဂတ်မြန်မာ့နိုင်ငံရေး ၂၁၉

၁၅။ ဒီမိုကရေစီသို့ လက်ဝဲလား လက်ယာလား ၂၃၃

၁၆။ ကိုယ်တိုင်ရေးရာဇဝင် ၂၄၆


www.burmeseclassic.com

www.burmeseclassic.com

## ခေတ်သမိုင်းအတွက် အုပ်တစ်ချုပ် (သို့မဟုတ်) သတင်းသမားတစ်ဦး၏ တာဝန်ကျေပွန်ခြင်း

ရန်ကုန်တိုင်းမ်ဂျာနယ်မှာ ကျွန်တော်ရေးခဲ့တဲ့ မျက်နှာဖုံးဆောင်းပါးတွေကိုစုပြီး စာအုပ်ထုတ်မလို့ဆရာဟု နွေနှောင်းပိုင်းကာလတစ်ရက်တွင် နှင်းကိုဦးက ကျွန်တော့်ကိုပြောသည်။ နှင်းကိုဦးသည် ရန်ကုန်မီဒီယာဂရု(ပ်) လီမိတက်သို့တစ်ကျော့ပြန်ဝင်လာခြင်းဖြစ်သည်။ အလုပ်ထွက်ခဲ့သည့်ရက်က ကျွန်တော့်ဆီ သူရောက်လာသည်။ ပြီးတော့နှုတ်ဆက်ကန်တော့သည်။ သူ့မျက်နှာသိပ်မကောင်းလှပါ။ "ကျွန်တော် ပညာတွေထပ်ဆည်းပူးဦးမယ် ဆရာ၊ အချိန်တန်ရင်တော့ ဆရာ့ဆီကျွန်တော်ပြန်လာမှာပါ၊ ကတိပေးပါတယ်"ဟု သူက အသံပျော့ပျော့ဖြင့် ကျွန်တော့်ကိုပြောခဲ့သည်။

အမှန်ပြောရလျှင် သူပြောသောစကားကို မကောင်းသတ်လို့၊ အားနာလို့ပြောခဲ့သောစကားများဟုသာ ကျွန်တော်မှတ်ယူခဲ့ပါသည်။ ဒါကလည်းအကြောင်းတွေရှိပါသည်။ နှုတ်ဆက်ထွက်ခွာသွားခဲ့ကြသော တပည့်တွေအတော်များများက အဲသလိုပြောခဲ့ကြသောကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှင်းကိုဦးက ကတိတည်သည်။ သင်တန်းတွေသူတက်ပြီး ရန်ကုန်မီဒီယာရင်ခွင်သို့ ပြန်စိုလှူတော့မည်ဆိုတော့ ကျွန်တော် ဝမ်းသာအားရလက်ခံကြိုဆိုခဲ့ပါသည်။ နှင်းကိုဦး၏ သတင်းထောက်ဘဝသည် ရန်ကုန်မီဒီယာကစခဲ့သည်ဟုပြောရမည်။ သူ၏ရိုးသားပုံပေါ်သော သွင်ပြင်ကိုကြည့်ပြီး ကျွန်တော်တို့သူ့ကိုအလုပ်သင်သတင်းထောက်အဖြစ် ခန့်ခဲ့သည်။

တစ်ရက်မှာ ကျွန်တော်တို့စုပေါင်းဘုံကထိန်ပွဲလေးလုပ်ဖြစ်ကြသည်။ အဲဒီတုန်းက ရုံးက မဟာဗန္ဓုလကွန်ဒိုမှာဖြစ်သည်။ ဒိုးပတ်ဝိုင်းနဲ့မှ ပိုစည်မယ်ဆရာဟု တပည့်ကျော်ဒီမင်း(ကျော်စွာမင်း)က ပြောတော့ လုပ်ကွာလို့ ကျွန်တော်ခွင့်ပေးလိုက်သည်။ ပဒေသာပင်တွေကို ဘုန်းကြီးကျောင်းအပို့မှာ နှင်းကိုဦးကဒိုးပတ်ဝိုင်းနဲ့အတူ ကွေးနေအောင်ဝင်ကသည်။ လုပ်ဖော်ကိုင်ဖက်တွေက လက်ခုပ်လက်ဝါးတီးအားပေးပြီး ပျော်ကြသည်။ သူသည် ဒိုးပတ်ဝိုင်းမင်းသားတစ်လက်လည်းဖြစ်သည်။ သူနှင့်အတူ တွဲကပေးရှာသည့် တပည့်ကျော် ဇော်ကိုသက်ကတော့ ကွယ်လွန်ရှာပြီ။ ကျွန်တော်က သူတို့တွဲကနေပုံကို မျက်စိထဲစွဲနေသဖြင့် သူ့ကိုမြင်လျှင် မရှိရှာတော့ပြီဖြစ်သည့် ဇော်ကိုသက်ကိုအမြဲသတိရနေမိသည်။

ထိုသို့သော နောက်ခံအဖြစ်အပျက်လေးတွေရှိခဲ့သည့် နှင်းကိုဦးက ရန်ကုန်မီဒီယာသို့ ပြန်လည်ရောက်ရှိလာသည့်အခါ ရန်ကုန်တိုင်းမ်ဂျာနယ်၏ ပင်မကဏ္ဍဖြစ်သော မျက်နှာဖုံးဆောင်းပါးအတွက် ဆောင်းပါးတွေပုံမှန်ရေးဖို့ အယ်ဒီတာအဖွဲ့က သူ့ကိုတာဝန်ပေးသည်။ ဟိုအရင်တုန်းက သတင်းများသာရေးခဲ့သော၊သတင်းများသာရေးတတ်ခဲ့သည်ဟု ကျွန်တော်ထင်သောသူသည် အယ်ဒီတာအဖွဲ့ဝင်တစ်ဦးအဖြစ် ရန်ကုန်တိုင်းမ်၏ မျက်နှာဖုံးဆောင်းပါးကြီးများကို ခြယ်မှုန်းလေသည်။

သူပထမဆုံးရေးသော ဆောင်းပါးကို သူကကျွန်တော့်ထံ စာမူကြမ်းဦးဦးဖျားဖျားလာပြသည်။ ကျွန်တော်စိတ်ဝင်တစားဖတ်သည်။ ကြိုက်သွားသည်။ သတင်းဆောင်းပါးအရေးကောင်းသူတွေရှားပါးနေချိန်၊ သတင်းဆောင်းပါးတစ်ပုဒ်ကို နည်းကျကျရေးတတ်သူတွေလိုအပ်နေချိန်မှာ သတင်းဆောင်းပါးရေးနိုင်သည့် သတင်းစာဆရာကောင်းတစ်ဦး ပေါ်လာပြီဟု ကျွန်တော်ယုံကြည်သွားပါသည်။ သူ့စာမူကြမ်းပေါ်မှာပင် ကျွန်တော်က အမှတ်ပြည့်ပေးပြီး သိပ်ကောင်းကြောင်း ချီးကျူးစာရေးပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်သူသည် အပတ်စဉ်နီးပါးပင် မျက်နှာဖုံးဆောင်းပါးတွေ ဆက်တိုက်ရေးလာသည်။ သူနှင့်အယ်ဒီတာတွေ ဘယ်ခေါင်းစဉ်ရေးကြမလဲ အမြဲတိုင်ပင် ဦးနှောက်စားကြရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြောင်းအရာပေါင်းစုံကို သူရေးသားလာသည်။ ရေးပြီးတိုင်းလည်း သူကကျွန်တော့်ဆီရောက်လာပြီး ထင်မြင်ချက်တောင်းသည်။ ကျွန်တော်က လိုတာ၊ အားမရတာတွေရှိသည့်အခါ သူ့ကိုထောက်ပြသည်။ သူက လေးလေးစားစားနားယူသည်။

ထိုအပတ်စဉ်မျက်နှာဖုံးဆောင်းပါးများကို စာအုပ်ထုတ်ပေးမည့်သူ ပေါ်လာကြောင်းသိရသည့်အတွက် သူ့ကိုယ်စားဝမ်းသာရသည်။ ထို့အပြင် ရန်ကုန်တိုင်းမ်ဂျာနယ်၏ ပင်မကဏ္ဍဖြစ်သောမျက်နှာဖုံး သုံးသပ်ဆောင်းပါးများကို တန်ဖိုးထားသည့်အတွက်လည်း ကျေးဇူးတင်ရသည်။ ဂုဏ်လည်း ယူမိပါသည်။

ပွင့်လင်းလာသော သတင်းခေတ်ကြီးသို့ ဦးတည်သွားနေသော မျက်မှောက်မြန်မာ့မီဒီယာလောကတွင် ကျင့်ဝတ်နှင့်အညီရေးသားပြီး ပရော်ဖက်ရှင်နယ်ဖြစ်သော သတင်းသမားများ မွေးထုတ်ဖို့လိုအပ်နေပါသည်။ အလုပ်တစ်ခုရရင်ပြီးရောဆိုပြီး သတင်းလောကကို ဝင်လာသူအများစုထဲတွင်သတင်းသမားဘဝကို ခုံခုံမင်မင်ဖက်တွယ်ထားသူ၊ လူငယ်သတင်းစာဆရာအချို့ကျွန်တော်တွေ့ရသည့်အခါ ဝမ်းသာကြည်နူးဖြစ်ရသည်။

နှင်းကိုဦးသည် အလုပ်စဝင်ချိန်က ဘယ်လိုသဘောထားရှိမည်ကို ကျွန်တော်မသိသော်လည်း ယခုအခါတွင်မူ သတင်းသမားဘဝကို သူခုံမင်တွယ်တာနေပြီဟု ကျွန်တော်အသေအချာသိနေသည်။ သူ့သွေးသားထဲမှာ သတင်းတွေ စီးမျောနေသည်။ ဖွသည့်သတင်းတွေ၊ ပုဂ္ဂိုလ်ရေးဆန်သည့် ဆောင်းပါးတွေ ပလူပျံအောင် ပွနေသည့်အထဲမှာ သတင်းကိုသတင်းလို ရေးကြသည့်၊ ကျင့်ဝတ်ကိုစောင့်ထိန်းလိုက်နာကြသည့် မျိုးဆက်သစ် သတင်းစာဆရာတွေထဲမှာ နှင်းကိုဦးရှိနေမည်ဟု ကျွန်တော်ယုံကြည်ထားပါသည်။

ပုံမှန်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲမှာ စာတွေဘယ်လိုပဲ ရေးရေး၊ စာအုပ်တစ်အုပ်မျှမထုတ်ဖြစ်ခဲ့လျှင် မှတ်တမ်းမှတ်ရာမကျန်နိုင်ပါ။ နှင်းကိုဦးအတွက်တော့ သူ့လက်ရာတွေကိုစုစုစည်းစည်းနှင့် စာအုပ်တစ်အုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးခွင့်ရခဲ့ပြီဖြစ်ရာ ယခုစာအုပ်သည် သူ့အတွက် မှတ်တမ်းမှတ်ရာတစ်ခု ဖြစ်လာပေမည်။ သည်ထက်မကဆိုရလျှင် ယခုစာအုပ်သည် နှင်းကိုဦး အတွက် စာပေသမိုင်းတစ်ခု သို့မဟုတ် သတင်းစာသမားဘဝမှတ်ကျောက် တစ်ခုဟု ကျွန်တော်ဆိုချင်သည်။

ယခုစာအုပ်တွင်သူသည် မျက်မှောက်နိုင်ငံရေး၊ စီးပွားရေး၊ လူမှု ရေး ပြဿနာတွေကို တို့ထိသွားသည်ကို ဖတ်ကြရမည်။ စုတ်ချက်တွေက အနုမစိတ်ဘဲ ကြမ်းကောင်းကြမ်းနိုင်သည်။ သို့သော် သူ့စာတွေကို ဖတ် ခြင်းဖြင့် မျက်မှောက်ခေတ်၏ သရုပ်သကန်တွေကိုတော့ လျှပ်တစ်ပြက် မြင်ခွင့်ရမည်။

စာနယ်ဇင်းတိုင်း ခေတ်သမိုင်းဟူသော အတိတ်တစ်ချိန်က အသုံး များခဲ့သည့် စာတစ်ကြောင်းကိုသတိရလာပါသည်။ နှင်းကိုဦး၏ ဆောင်းပါး ပေါင်းချုပ်သည် ကျွန်တော်တို့ယခုဖြတ်သန်းနေသော ခေတ်သမိုင်းကို ရေးရာတွင် အုပ်တစ်ချပ်သော်လည်းကောင်း၊ သဲတစ်ပွင့်သော်လည်းကောင်း၊ မြူတစ်မှုန်သော်လည်းကောင်း ဖြစ်နိုင်သည်။ အဲသည် လောကွတ်ပဲရှိပါစေဦး တော့ သူသတင်းသမားတာဝန်ကျေပွန်လေပြီဟု သူ့ကိုကျွန်တော် ကွန်ဂရက် ကျူလေးရှင်းလုပ်ချင်ပါသည်။

*လေးစားစွာဖြင့်*<br>
*ကိုကို(စက်မှုတက္ကသိုလ်)*<br>
*ဥက္ကဋ္ဌ*<br>
*ရန်ကုန်မီဒီယာဂရု(ပ်)လီမိတက်*<br>
*၂၊ဇူလိုင်၊ ၂၀၀၄*

www.burmeseclassic.com

www.burmeseclassic.com



# အမှာ

## (၁)

ကျွန်တော်တို့ခေတ် မြန်မာ့လူ့အဖွဲ့အစည်း၏ ကြွယ်ဝချမ်းသာမှုကို ဖော်ပြရလျှင် လူငယ်သတင်းသမားများသာဟု ပြောရလိမ့်မည်။

အဘက်ဘက်က ကျဆင်းပြိုလဲနေသည့်နိုင်ငံမှာ ယုံကြည်ချက်ဖြင့် အလုပ်လုပ်နေသည့် သတင်းစာဆရာများကသာ မျှော်လင့်ခြင်းမီးအိမ်ကို ဆက်လက် လက်ဆင့်ကမ်းထိန်းသိမ်းနေကြသည်။

နိုင်ငံတကာစံနှုန်းဖြင့်နှိုင်းယှဉ်လျှင် ပညာရေးတွင်မြှုပ်နှံမှု၊ ကျန်းမာရေးကို မြှင့်တင်မှု၊ နိုင်ငံသားတစ်ဦးချင်းဝင်ငွေ၊ ပြည်တွင်းစစ်၊ လူ့အခွင့်အရေးစသည့် အဘက်ဘက်မှာ မြန်မာနိုင်ငံကစာရင်း၏ အောက်ခြေမှာ နေရာယူနေရဆဲဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းက ပိုင်ဆိုင်မှုမှာ မိမိယုံကြည်ရာကို ဖွဲ့နှင့်၊ သတ္တိနှင့် လုပ်ကိုင်နေကြသည့် လူငယ်သတင်းစာဆရာများသာ ဖြစ်ပါသည်။

ကိုနှင်းကို ကို ထိုလူငယ်များထဲကတစ်ဦးဟု ကျွန်တော်က မိတ်ဆက်ချင်ပါသည်။ ကိုနှင်းကိုတို့မျိုးဆက်မှာ မြန်မာ့စစ်အာဏာရှင်စနစ်၏ အကြမ်းတမ်းဆုံးအချိန်မှာကြီးပြင်းလာကြရသည့်မျိုးဆက်ဖြစ်သည်။ ပညာရေးက တစ်စစီကျိုးပဲ့နေသည်။ အလုပ်အကိုင်အခွင့်အလမ်းများက မနက်ဖြန်သို့မဟုတ်ဘယ်သောအခါ။ လူ့အဖွဲ့အစည်းအတွင်းက တန်ဖိုးထားမှုစနစ်များက ပြိုကွဲနေချိန်။

ကိုနှင်းကိုတို့မျိုးဆက်က ဒဏ်ရာအနာတရ အဖြစ်ရဆုံးမျိုးဆက် ဖြစ်ခဲ့သည်။ ထိုမျိုးဆက်ကပင် မြန်မာ့လူ့အဖွဲ့အစည်း၏ တစ်ကျော့ပြန်သတင်းစာဆရာမျိုးဆက်ဖြစ်လာကြသည်။ သူတို့က သူတို့ခေတ်၏ အလွဲ

www.burmeseclassic.com



များကိုဖော်ထုတ်ဖို့ကြိုးစားကြသည်။ ပြဿနာ၏အရင်းအမြစ်ကို တူးဆွ ဖော်ထုတ်ကြသည်။ ခုတ်မောင်းနေသည့် သမိုင်းရထားကို လမ်းကြောင်း ပြောင်းဖို့ အားထုတ်ကြသည်။

နောင်တစ်ချိန်မှာ ညွှန်းဆိုကိုးကားကြရမည့် သမိုင်း၏စာမျက် နှာများကို သူတို့ရေးသားနေကြသည်။

(၂)

နောင်ဆယ်စုနှစ်များစွာကြာသည့်အခါ ယခုခေတ်၏ သတင်းစာ စာမျက်နှာအဟောင်းများက အဖိုးတန်သော သက်သေအထောက်အထားများ ဖြစ်လာပါလိမ့်မည်။ ၂၁ ရာစုအစောပိုင်း မြန်မာနိုင်ငံ၏ ရုန်းကန်လှုပ်ရှားမှု များကို ပြန်လည်ဖော်ပြလိမ့်မည်။

မြန်မာပြည်သူများ၏ မျက်ရည်၊ အကျပ်အတည်း၊ မျှော်လင့်ချက် နှင့်အောင်မြင်မှုတို့ကိုသတင်းစာများက ပြန်ပြောပြကြလိမ့်မည်။ နောက် မျိုးဆက်များအတွက် သင်ခန်းစာနှင့်အသိပညာကိုလည်း လက်ကမ်းဆင့်ပါ လိမ့်မည်။

ယခုစာအုပ်က ကိုနှင်းကို တစ်ဦးတည်းအတွက် အမှတ်တရ မဟုတ်ပါ။ ကျွန်တော်တို့ခေတ်၏ မှတ်တမ်းဒိုင်ယာရီတစ်ခုလည်း ဖြစ်ပါ သည်။ ခေတ်တစ်ခေတ်နှင့် ထိုခေတ်ကို မှတ်တမ်းတင်ဖို့ ကြိုးစားခဲ့သည့် လူငယ်သတင်းစာဆရာတစ်ယောက်၏ အတ္ထုပ္ပတ္တိ ဖြစ်ပါလိမ့်မည်။

အချိန်နှင့်ငွေ ကန့်သတ်ချက်များအကြားက စာအုပ်တစ်အုပ်ဖြစ် အောင် ကြိုးစားစီစဉ်သည့် ကိုနှင်းကို ကို ကျွန်တော်လေးစားပါသည်။

ကျွန်တော့်အမှာစကြောင့် သူ့ဆောင်းပါးများကို ဖတ်ဖို့ နောက် မကျစေချင်ပါ။ နောက်စာမျက်နှာကိုသာ လှန်ကြည့်ပါတော့။

ရဲမိုး
၃၁၊မေ၊၂၀၁၄
ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



## အမှာစာ

တိုင်းပြည်ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေတဲ့အချိန်မှာ အင်မတန်အရေးကြီးတဲ့ ကဏ္ဍအသီးသီးကို ကိုနှင်းကိုက သက်ဆိုင်ရာနယ်ပယ်တွေမှ ပညာရှင်တွေရဲ့ရှင်းလင်းတဲ့သုံးသပ်ချက်တွေ၊ စူးရှတဲ့ဝေဖန်ချက်တွေ၊ မှတ်သားလောက်တဲ့အကြံပြုချက်တွေနဲ့ အပတ်စဉ်ထုတ်ရန်ကုန်တိုင်းမ်ဂျာနယ်မှာ ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြပေးခဲ့တဲ့အတွက် ချီးလည်းချီးကျူးသလို ကျေးဇူးလည်းတင်ရပါတယ်။

ဒါ့အပြင် ခြစ်ကုတ်စုဆောင်းထားတဲ့ ငွေစ၊ ငွေနလေးတွေကို အိတ်သွန်ဖာမှောက်ပြီး စာအုပ်တစ်အုပ်ဖြစ်အောင်ထုတ်ဝေရဲတဲ့ သူ့ရဲ့သတ္တိကိုလည်း ချီးကျူးမိပါတယ်။

တစ်ခုပဲစိုးရိမ်တာပါ။ ဒီဆောင်းပါးတွေကို မဖတ်မဖြစ်၊ ဖတ်ကိုဖတ်ရမယ့်ပုဂ္ဂိုလ်တွေအနေနဲ့ ဒီစာအုပ်ကို လှန်လှောကြည့်ဖို့ကိုတောင် အချိန်မရမှာကိုပါ။

ဉာဏ်လင်း(အယ်ဒီတာ)
မော်ကွန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

အမိကရည်ရွယ်ချက်ကတော့ စာရေးသူရေးသားသမျှထဲကမှ မျက်မှောက်ခေတ်မြန်မာ့နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြဿနာတွေအပေါ် အခြေခံပြီး စုံစမ်းထောက်လှမ်းရေးသားထားသော သတင်းဆောင်းပါးများကို စာအုပ်တစ်အုပ်အဖြစ် မှတ်တမ်းတစ်ခု ကျန်ခဲ့လိုသည့်အတွက်ပါ။

သတင်းဆောင်းပါးများ၏ အနှစ်သာရများ၊ ပြဿနာရပ်များသည် နိုင်ငံတော်အစိုးရအဖွဲ့အပါအဝင် သက်ဆိုင်သူများအားလုံးက မဖြေရှင်းပေးနိုင်သေးသရွေ့၊ မပြင်ဆင်နိုင်သေးသရွေ့၊ အလေးတယူမပြုမူသေးသရွေ့တော့ ဆောင်းပါးပါ အကြောင်းအရာများသည် လတ်ဆတ်နေဦးမည်ဟု ယုံကြည်သောကြောင့်ပါ။

ယခုစာအုပ်တွင် မြို့ပြနေပြည်သူများ၏ ကျောတစ်ခင်းစာနေရေးပြဿနာ၊ အစိုးရမဟုတ်သောအရပ်ဘက်အဖွဲ့အစည်းများ၏နောက်ကွယ်၊ အကျင့်ပျက်ခြစားမှုပြဿနာ၊ လက်ရှိနိုင်ငံရေးအခင်းအကျင်း၊ ဒေါ်အောင်ဆန်းစုကြည်၏အခန်းကဏ္ဍ၊ ကာကွယ်ရေးဦးစီးချုပ်၏အနာဂတ်၊ စီးပွားရေးလောကဖြစ်ပျက်နေသမျှ၊ အမေရိကန်ဆန်ရှင်၏ အသုံးမတည့်ပုံစသည့်အပြင် သုံးနှစ်သားအစိုးရသစ်၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဆိုသော မဏ္ဍိုင်ကြီးသုံးရပ်အပေါ် သုံးသပ်ထားသည့်အကြောင်းအရာများ ပါဝင်သည်။ လတ်တလော အလှုပ်ရှားဆုံးဖြစ်ရပ်တစ်ခုဖြစ်သော ၂၀၀၈

www.burmeseclassic.com



ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း (၁၂)ပုဒ်မ–၄၃၆ ပြင်ဆင်ရေး ဆောင်ရွက်ချက်များနှင့် ပြင်ဆင်နိုင်ဖွယ်ရှိမရှိ၊ ၅၉(စ)နှင့် အနာဂတ်မြန်မာ့နိုင်ရေး၊ အယူအဆယုံကြည်ချက်ကင်းမဲ့နေသော ဒီမိုရေစီရေးကြွေးကြော်နေသူများ အကြောင်း သုံးသပ်ချက်ဆောင်းပါးလည်းပါဝင်သည်။

သတင်းဆောင်းပါးပါ အကြောင်းအရာများသည် စာဖတ်သူများ အတွက် လက်ခံနိုင်သည်များရှိသလို အလိုမကျသော အယူအဆများလည်း တွေ့ကောင်းတွေ့ နိုင်ပါသည်။ သေချာသည်က အကြောင်းအရာအားလုံးသည် စာရေးသူ၏ အာဘော်နှင့် သုံးသပ်ချက်များမဟုတ်ဘဲ စုံစမ်းထောက်လှမ်းခဲ့သော သတင်းအရင်းအမြစ်များ၏ သဘောထားနှင့် သုံးသပ်ချက်များသာ ဖြစ်သည်။

နောက်ထပ် စာဖတ်သူများကို အသိပေးလိုသည်ကတော့ ယခု သတင်းဆောင်းပါးတစ်ပုဒ်ချင်းစီကို ရေးသားနိုင်ဖို့အတွက် သတင်းထောက်လှမ်းခွင့်ရသည့်အချိန်သည် နာရီအားဖြင့်ဆိုရင် နာရီ(၃၀) ပတ်ဝန်းကျင်သာ ရ ရှိပါသည်။ သို့အတွက် ပြီးပြည့်စုံသော သတင်းဆောင်းပါးများဖြစ်သည်ဟု မည်သို့မျှမဆိုနိုင်ပါ။ လိုအပ်ချက်များရှိနေပါဦးမည်။ ဆောင်းပါးများကို လည်း ရန်ကုန်တိုင်းမ်ဂျာနယ်တွင် ဖော်ပြထားခဲ့သည့် မူရင်းအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။

*ဆက်ကြိုးစားပါမည်*

*လေးစားစွာဖြင့်*
*နှင်းကို*
*၂၂၊၇၊၂၀၁၄*

www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးစကား

မိဘနှစ်ပါးကို ဦးစွာဂါရဝပြုပါသည်။

စာအုပ်ပါသတင်းဆောင်းပါးများအတွက် သတင်းစိတ်ကူး (Story Idea) စဉ်းစားပေးသော ရန်ကုန်မီဒီယာဂရု(ပ်)လီမိတက်၏ ဥက္ကဋ္ဌဖြစ်သူ၊ စာရေးသူ၏ဆရာအရင်းလည်းဖြစ်သူ ဦးကိုကို(စက်မှုတက္ကသိုလ်)ကိုကျေးဇူးတင်စကားဆိုချင်ပါသည်။ သတင်းဆောင်းပါးများအတွက် ဝိုင်းဝန်းကူညီသုံးသပ်ပေးခဲ့ကြသည့် စာရေးသူ၏သတင်းအရင်းအမြစ်များကို ကျေးဇူးတင်ပါသည်။ သတင်းအရင်းအမြစ်များကြောင့်သာ ယခုလို သတင်းဆောင်းပါးများ ရေးသားနိုင်ခဲ့ခြင်းဖြစ်သည်။

(ဘ)ခြောက်လုံးကို အခြေပြုပြီး သတင်းတွေကို ရေးသားနိုင်ဖို့ အတွက် ရန်ကုန်မီဒီယာဂရု(ပ်)ကို အလုပ်ဝင်ချိန်မှစပြီး သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများဖြစ်ကြသော အယ်ဒီတာအဖွဲ့ဝင်များနှင့် လုပ်ဖော်ကိုင်ဖက်သတင်းထောက်များ အားလုံးကိုလည်း ကျေးဇူးတင်မိပါသည်။ အထူးသဖြင့် ဦးကျော်စွာမင်း(ဒီမင်း) ဦးဆောင်သော ဖလားဝါးနယူးစ်ဝိုင်းတော်သားများ၏ ကျေးဇူးကို အစဉ်သတိရနေမည်သာ။

သတင်းထောက်တစ်ယောက်၊ သတင်းလောကသားတစ်ဦးအတွက် အရေးပါသော သတင်းကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှစကာ သတင်းရေးသားပုံ၊ သတင်းဆောင်းပါးရေးသားပုံတို့ကို သင်ကြားပေးခဲ့သော Yangon Journalism Schoolကိုတည်ထောင်သူ သင်တန်းဆရာ၊ သတင်းစာဆရာ ဦးရဲနိုင်မိုးကိုလည်းအစဉ်လေးစားသည်။ အမြဲ ကျေးဇူးတင်နေမိပါသည်။ ဆရာရဲသည် ယခုစာအုပ်အတွက်လည်း အမှာစာ ချီးမြှင့်ခဲ့ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် Myanmar Observer Media Group ၏ လစဉ်ထုတ် မော်ကွန်းမဂ္ဂဇင်းတွင်လည်း သတင်းထောက်ချုပ်အဖြစ် ဝင်ရောက်လုပ်ကိုင်ခွင့်ရခဲ့ပါသည်။ မော်ကွန်းမဂ္ဂဇင်း၏အယ်ဒီတာအဖွဲ့နှင့် ဝိုင်းတော်သားများ၏ကျေးဇူးကြောင့်လည်း ယခုလိုသတင်းဆောင်းပါးများကို ထောက်လှမ်းရေးသားနိုင်ခဲ့ခြင်းဖြစ်သည်။ မော်ကွန်းမဂ္ဂဇင်းဝိုင်းတော်သားများကို ကျေးဇူးတင်ပါသည်။

အထူးသဖြင့် သတင်းဆောင်းပါးများကို ရန်ကုန်တိုင်းမ်ဂျာနယ်၏ မျက်နှာဖုံးဆောင်းပါးအဖြစ်ဖော်ပြခွင့်ပြုခဲ့သည့်အပြင် စာအုပ်တစ်အုပ်အဖြစ်ပါ ထုတ်ဝေဖြန့်ချိခွင့်ပြုခဲ့သည့် ဆရာဦးကိုကို(စက်မှုတက္ကသိုလ်)နှင့် ရန်ကုန်မီဒီယာဂရု(ပ်)လီမိတက်ဝိုင်းတော်သားများ အားလုံးကို အထူးကျေးဇူးတင်ပါသည်။


ယခုစာအုပ်မျက်နှာဖုံးအတွက် ကူညီဖန်တီးပုံဖော်ပေးပါသော ဒီဇိုင်းနှင့် အလွတ်တန်းစာတ်ပုံဆရာဦးစိုးဝင်းငြိမ်းကိုလည်း အထူးကျေးဇူးတင်ကြောင်းပြောလိုသည်။ ဆရာဦးစိုးဝင်းငြိမ်းသည် ရွှေကလျောင် အမှတ်တံဆိပ်ကိုပါသီးသန့်ပုံဖော်ပေးထားပါသည်။ စာအုပ်၏အတွင်းပိုင်း အပြင်အဆင်များကိုကူညီပေးသည့် ဒီဇိုင်းဆရာ ကိုတင်မင်းအောင် ကိုလည်း ကျေးဇူးတင်ပါသည်။ စာအုပ်ရိုက်နှိပ်ပေးပါသော ဖူဂျီယာမမီဒီယာနှင့် ပုံနှိပ်လုပ်ငန်း(မိသားစု)အားလည်း အထူးကျေးဇူးတင်မိပါသည်။ အထူးသဖြင့် ယခုစာအုပ်ဖြစ်မြောက်ရေးစီစဉ်သူကိုလည်း ကျေးဇူးတင်ပါသည်။

ယခုစာအုပ်ဖြစ်မြောက်ရေးအတွက် ငွေကြေးအားဖြင့်သော် လည်းကောင်း၊ လုပ်အားဖြင့်သော်လည်းကောင်း ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သူများအားလုံးနှင့် ယခုစာအုပ်ကို ဝယ်ယူဖတ်ရှုသော စာဖတ်သူများကိုလည်း အလေးအနက်ကျေးဇူးတင်ပါသည်။

*ထာဝရလေးစားလျက်*
*နှင်းကို*
*၂၂၊၇၊၂၀၁၄*

www.burmeseclassic.com

www.burmeseclassic.com



# ကျောတစ်ခင်းစာ
# နေရာပေးပါ

www.burmeseclassic.com

www.burmeseclassic.com

## ကျောတစ်ခင်းစာ နေရာပေးပါ

အုတ်ခဲသယ်သူက သယ်။ သရိုးဗန်းရွက်သူက ရွက်။ သဲ၊ ကျောက်၊ ထုံး၊ ဘိလပ်မြေတို့ကို ပေါက်တူး၊ ဂေါ်ပြားဖြင့် အချိုးကျ ရောစပ်သူက ရောစပ်။ ငယ်ရွယ်ပျိုမျစ်သည့်အရွယ် အမျိုးသမီး၊ အမျိုးသား၊ လူငယ်မောင်မယ်များက လှုပ်လှုပ်ရှားရှား။ ထိုအထဲ ဝမ်းရေးအတွက် ဝါသနာကို ဘေးမှာထားကာဖြေရှင်း နေရှာသည့် အသက်၂၀ကျော်အရွယ် လူငယ်တစ်ဦး။အရပ်မြင့်သည်။ အသားညိုသည်။ ထိုဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် သူက အငယ်တန်းကြီး ကြပ်ရေးမှူး။ နာမည်က ကိုဂျက်ကြီး။ ဆောက်လုပ်ရေးလုပ်ငန်းထဲတွင် ကြီးကြပ်ရေးမှူး တာဝန်ယူထား လင့်ကစား နယ်မှတက်လာသည့်သူ့အတွက် အိမ်တစ်လုံးမပိုင်သေး။ တိုက်ခန်းပင်ငှားမနေနိုင်သေး။ ပရိဗောက်ကားမျိုးပင် မဆံ့လောက်အောင် ကျဉ်းကျုတ်သည့်အဆောင်ဟုခေါ်သော အခန်းငယ်လေးတစ်ခုကို သူငှား နေရသည်။

မကြာမီ အသက် ၂၉နှစ်ပြည့်တော့မည့် ဒီဇိုင်နာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ကိုမင်းအောင်တစ်ယောက်ကတော့ ခပ်မြင့် မြင့်ဆောက်လက်စတိုက်တန်းကြီးတွေမြင်တိုင်း တောက်တစ်ချက်ခေါက်သည်။

"ဆောက်လိုက်တဲ့တိုက်တွေကွာ၊ ကိုယ်တွေမှာတော့ တချုပ်ကုန် ခါနီးတိုင်း နေဖို့ကိုတွေးပူနေရတယ်။ ကိုယ်တွေနဲ့မဆိုင်သလိုဘဲ တိုက်ခန်း တွေက"ဟု ကိုမင်းအောင်က ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လွန်ခဲ့သောသုံးနှစ်လောက်ကမှ တရားဝင် လက်ထပ်ခဲ့ကြသည့် ကိုမင်းအောင်တို့ဇနီးမောင်နှံက လှိုင်မြို့နယ် ပြည်ရိပ်မွန် အိမ်ရာတွင်နှစ်ချုပ်အငှားဖြင့်တိုက်ခန်းငှားနေထိုင်ကြသည်။ ကိုမင်းအောင်က ပဲခူးဇာတိဖြစ်သည်။ ရေကြည်ရာမြက်နုရာ စီးပွားရှာရင်း သူ့ဝါသနာပါသော ဒီဇိုင်နာ၊ စန္ဒရားတီး စတဲ့အလုပ်တွေကို လုပ်ကိုင်ရင်း ရန်ကုန်မြို့ပြစားဝတ်နေရေးအတွက် ရုန်းကန်နေရသူဖြစ်သည်။ ကိုမင်းအောင်၏တစ်လပျမ်းမျှ အသားတင်ဝင်ငွေသည် ကျပ်နှစ်သိန်းအောက်တွင်ရှိနေသည်။

ကိုဂျက်ကြီးတို့ ကိုမင်းအောင်တို့လိုမျိုး ရန်ကုန်မြို့ပြအိမ်ရာစနစ်တွင်အိမ်ပိုင်အိုးပိုင်ဖြင့်မနေနိုင်ဘဲဖြစ်နေသူများသည် ရန်ကုန်မြို့ရှိ အိမ်ထောင်စုများ၏ ၇၆ ရာခိုင်နှုန်းခန့်ရှိသည်ဟု မြို့ပြစီမံကိန်းပညာရှင် တစ်ဦးလည်းဖြစ်၊ ရန်ကုန် နည်းပညာတက္ကသိုလ်ပါမောက္ခဟောင်းလည်း ဖြစ်သူ ဒေါက်တာကျော်လတ်က တွက်ဆပြသည်။

မြန်မာပြည်၏ ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများ၏ တိုက်ခန်းများ၊ ကွန်ဒိုများနှင့် အစိုးရမှ အကောင်အထည်ဖော်ရောင်းချပေးနေသည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်တင့်ဟူသော အိမ်ရာများ၊ တိုက်ခန်းဈေးများက ထိုသူတို့နှင့်အလှမ်းဝေးနေဆဲပင်။ အစိုးရမှအကောင်အထည်ဖော် တည်ဆောက်ပြီး ရောင်းချပေးနေသည့် တန်ဖိုးနည်း၊ တန်ဖိုးသင့်တင့် တိုက်ခန်းဈေးနှုန်းများသည် ကျပ်သိန်း ၂၀၀မှ ကျပ် သိန်း ၃၀၀အကြားရှိနေပြီး ပုဂ္ဂလိက လုပ်ငန်းရှင်များ ရောင်းချသည့် တိုက်ခန်းဈေးများသည် ရန်ကုန်မြို့၏ မြို့ပြနေရာအလိုက် မြေညီထပ်ဆိုလျှင် ကျပ်သိန်း ၈၀၀မှ ၁၀၀၀ အကြားရှိနေသည်။ အထပ်မြင့်တိုက်ခန်းဈေးများကလည်း အစိုးရ၏ တန်ဖိုးသင့်တင့် တိုက်ခန်းဈေးထက် မနိမ့်ဘဲရှိနေသည်ဟု ဒေါက်တာကျော်လတ်က ထောက်ပြသည်။

မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်၏ လေ့လာတွေ့ရှိချက်အရတော့ ရန်ကုန်မြို့ပြတွင်နေထိုင်သော အိမ်ထောင်စုများ၏ ၇၆ ရာခိုင်နှုန်းသည် တစ်လအသားတင်ဝင်ငွေ နှစ်သိန်းအောက်တွင် သာရှိနေသောကြောင့် ထိုမျှရှိသောတိုက်ခန်းဈေးများအတွက် အိမ်ပိုင်အိုးပိုင်နေထိုင်နိုင်ဖို့မဖြစ်နိုင်ဟု ဆိုပါသည်။

"အဲဒီ ၇၆ ရာခိုင်နှုန်းအတွက် တိုက်ခန်းဈေးက များနေသေးတယ်။ သို့သော် ဘယ်လိုလုပ်ကြမလဲဆိုတဲ့အဖြေကိုပဲ မေးစရာဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေရဲ့ ဝင်ငွေကနည်းနေတယ်။ သူတို့တတ်နိုင်အောင် ဘယ်လိုလုပ်ကြမလဲဆိုပြီးစဉ်းစားလာကြတယ်”ဟု ၎င်းကပြောသည်။ မြန်မာပြည်သူများ၏ဝင်ငွေနည်းပါးနေခြင်းသည် ပြဿနာ၏ အဓိက အကြောင်းရင်းဟု ဒေါက်တာကျော်လတ်က ဆိုပါသည်။

## ဘာကြောင့် တိုက်ခန်းဈေးတွေကြီးနေတာလဲ

မြန်မာပြည်ဆောက်လုပ်ရေးလုပ်ငန်းများ၏ အဓိကကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းကြီးမြင့်နေခြင်းကြောင့် တိုက်ခန်းတစ်ခန်းကို ကျပ်သိန်းနှစ်ရာအောက် မလျှော့နိုင်ဘဲဖြစ်နေကာ ရေ၊ မီး၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးမပါဘဲ တိုက်ခန်းတစ်ခန်းအတွက် ကုန်ကျစရိတ်သည် ကျပ်သိန်း ၁၅၀မှ ၁၆၀အကြား ရှိနေသည်ဟု ကိုယ်တိုင်က အစိုးရ၏ တန်ဖိုးသင့်တင့်စီမံကိန်းများတွင် အကြံပေးလုပ်နေသူ ဒေါက်တာကျော်လတ်က ပြောပါသည်။

ဒေါက်တာကျော်လတ်က “ဒီထက်ဈေးလျှော့အောင် လုပ်လို့မရဘူးလားဆိုတော့ တို့မှာက အုတ်ရယ်၊ သဲရယ်၊ ကျောက်ရယ်ကလွဲပြီး ကျန်တဲ့ပစ္စည်း အကုန်လုံး ပြည်ပကသွင်းနေရတာလေ။ ဘန်ကောက်မှာဆိုရင် ဘိလပ်မြေတစ်အိတ်ကို လက်လီဝယ်တာသုံးဒေါ်လာပဲရှိတယ်။ မြန်မာပြည်မှာ ခြောက်ဒေါ်လာရှိတယ်။ ဘာလို့လဲ သူများဆီက တင်သွင်းရတာကိုး”ဟု ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးမှုကို အနှစ် ၂၀ကျော်လောက်ကြာအောင် လျစ်လျူရှုထားသလို ဖြစ်ခဲ့သည်။ စက်မှုကဏ္ဍမဖွံ့ဖြိုးမှုကြောင့် တိုင်းသူပြည်သားများ အလုပ်အကိုင်မဲ့ခဲ့ရသည်။ ဝင်ငွေနည်းခဲ့ရသည်။ စက်မှုထုတ်ကုန်ပစ္စည်းများလည်း ပြည်ပက အဆမတန်တင်သွင်းခဲ့ရသည်။ ထို့ကြောင့် စက်မှုထုတ်ကုန်ပစ္စည်းများထဲမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကလည်း အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် နှစ်ဆခန့်ဈေးမြင့်နေသည်ဟု ဒေါက်တာကျော်လတ်က ယူဆသည်။

“ဆိုတော့ စက်မှုကဏ္ဍမှာလုပ်တဲ့သူဆိုတာလဲ အင်မတန်မှကို နည်းတယ်။ ရန်ကုန်မြို့မှာရှိတဲ့သူတွေရဲ့ ၁၅ရာခိုင်နှုန်းပဲ စက်မှုကဏ္ဍမှာအလုပ်ရတာတွေ့ရတယ်။ ဒီတော့တို့လူတွေ ဘာလုပ်ကြသလဲဆိုတော့ သတင်း

www.burmeseclassic.com

www.burmeseclassic.com



စာ ရောင်းတဲ့သူရှိမယ်။ ဆိုက်ကားနင်းတဲ့သူရှိမယ်။ ဆံပင်ညှပ်တဲ့သူရှိမယ်။ ပြောရရင် တိုင်းပြည်ရဲ့ ရေရှည်အကျိုးဖြစ်စေတဲ့ ထုတ်လုပ်မှုကဏ္ဍမှာက ဘယ်သူကမှမလုပ်ကြဘူးလေ”ဟု ၎င်းကဆိုသည်။

မြန်မာပြည်ဖွား ချမ်းသာသောသူဌေးကြီးများကလည်း ဘိလပ်မြေစက်ရုံကြီးများ၊ ကြွေပြားစက်ရုံကြီးများ၊ ရေပိုက်စက်ရုံကြီးများစသည်ဖြင့် ရင်းနှီးမြှုပ်နှံကြပြီး အကြီးစားစက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်ပါက စက်မှုထုတ်ကုန်ဈေးနှုန်းများ အဆမတန်လျော့ကျသွားနိုင်ကြောင်း ၎င်းက ထင်မြင်သည်။

ဒေါက်တာကျော်လတ်က “တို့ဆီကသူဌေးတွေ ဘာလုပ်လဲ။ သစ်တောတွေခုတ်ရောင်းစားတယ်။ ရွှေတူးစားတယ်။ ကျောက်စိမ်းတွေ လုပ်တယ်။ ရတဲ့ပိုက်ဆံနဲ့ စက်ရုံလဲမတည်ဘူး။ စက်ရုံတည်ရင် အများပြည်သူ အလုပ်ရမယ်မဟုတ်လား”ဟု ရန်ကုန်တိုင်းမ်သို့ ပြောသည်။

ရန်ကုန်မြို့ပြတိုက်ခန်း၊ ကွန်ဒို၊ အိမ်ရာစသဖြင့် လူနေအဆောက်အအုံဈေးနှုန်းများမြင့်တက်နေရခြင်းသည် အဆိုပါဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဈေးကြီးပေးနေရခြင်းအပြင် လူမနေဘဲဝယ်ယူကာ ရင်းနှီးမြှုပ်နှံနေသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ပယောဂ ကြောင့်လည်းပါသည်ဟု အေအက်စ်အမ်ဆောက်လုပ်ရေးကန်ထရိုက်တာ ဦးကျော်မင်းဦးက ရန်ကုန်တိုင်းမ်သို့ပြောပါသည်။

သူ့သုံးသပ်ချက်အရဆိုရင် တကယ်တမ်း အရောင်းအဝယ်ဖြစ်နေသည့် တိုက်ခန်းများတွင် အမှန်တကယ်နေထိုင်ဖို့ဝယ်ယူသူသည် ရာခိုင်နှုန်း၄ဝခန့်သာရှိပြီး အမှန်တကယ်မနေထိုင်ဘဲ ဈေးကောင်းရရင်ပြန်ရောင်းဖို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံသည့်သဘောဖြင့် ဝယ်ယူသူက ရာခိုင်နှုန်း၆ဝကျော် ရှိသည်ဟု ဆိုသည်။

“တစ်လပဲကြာတဲ့အချိန်မှာတောင် အခြေခံလူတန်းစားက ဝယ်ဖို့ကြိုးစားနေတုန်း စီးပွားရေးသမားက ဝယ်ပြီးပြန်ရောင်း။ ဒီလိုတွေဖြစ်နေတော့ အစိုးရအနေနဲ့ဖြေရှင်းဖို့က အတော်လေးခက်ခဲမယ်”ဟု ဦးကျော်မင်းဦးက မှတ်ချက်ပေးသည်။

ဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် အိမ်ခြံမြေလုပ်ငန်းရှင်လောကတွင် ဆောက်လုပ်ရေးကန်ထရိုက်တာများကိုယ်တိုင် စီးပွားရေးလုပ်ငန်းရှင်

www.burmeseclassic.com

www.burmeseclassic.com



များ၏ ပစ်မှတ်တစ်ခုသဖွယ်ဖြစ်လာနေသည်ဟု ၎င်းကဆိုသည်။

အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုအတွက် မပါမဖြစ် အကြောင်းအရာတစ်ခုဖြစ်သည့် မြေကွက်ဈေးနှုန်းများတွင်လည်း စီးပွားရေး လုပ်ငန်းရှင်ကြီးများ၏ မြေဈေးကစားမှုကို အကြီးအကျယ် ရင်ဆိုင်နေ ရသည်ဟု ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်အေးက ပြောသည်။ မြေဈေးနှုန်းနိမ့်မှသာ ဆောက်လုပ်စရိတ်သက်သာပြီး တိုက်ခန်း ဈေးလျှော့ကျနိုင်မည်ဟု ၎င်းကယူဆသည်။

"ဒါမှ အောက်ခြေလူတန်းစားတွေနေနိုင်မယ်။ ကျူးကျော်တွေလဲ မဖြစ်နိုင်တော့ဘူး။ နေစရာမြေဈေးကြီးလို့ လွတ်တဲ့အကွက်ကို ဝင်ဆောက်နေ ရင်းနဲ့ ကျူးကျော်တွေဖြစ်လာတာ" ဟု ၎င်းကဆိုသည်။

အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံတွင် မြေကွက်တစ်ကွက် ကို သိန်းတစ်ထောင်ခန့်ရှိလျှင် မြန်မာပြည်တွင် သိန်း၂၀၀၀ခန့် ရှိမည် ဖြစ်သည်။ မြန်မာပြည်တွင် မြေဈေးကြီးမြင့်နေခြင်းက ရင်းနှီးမြှုပ်နှံမှုပြုသော ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲတစ်ခုဖြစ်စေသည်။ နှစ်ရှည်လ များကြာအောင် အိမ်ခြံမြေ၊ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် အကျွမ်း တဝင်ဖြစ်နေသည့် ဦးခင်မောင်အေးက "မြန်မာပြည်ကမြေက နှစ်ကြာလာတာနဲ့အမျှ တန်ဖိုးတက်လာတယ်။ ဟို(နိုင်ငံခြား)ကမြေတွေက ကြာလာလေ ဈေးမရှိတော့လေပဲ။ ကွန်ဒိုတိုက်ခန်းတွေလဲ ဒီအတိုင်းပဲ။ ဒီမှာက တစ်နှစ်ထက် တစ်နှစ် ဈေးတွေက တက်လာတာ"ဟု ဆိုပါသည်။

အိမ်ခန်း၊ တိုက်ခန်းဈေးနှုန်းများကြီးမြင့်လာသည့် တရားခံ တစ်ဦးသဖွယ် ယူဆထားသည့် ငွေကြေးကိုအရင်းပြုပြီး ဈေးကစားကြသည့် စီးပွားရေးလုပ်ငန်းရှင်များအပေါ် ဥပဒေအရ ဖြေရှင်းပေးဖို့အတွက် ဦးခင် မောင်အေးက ယခုလိုတောင်းဆိုပါသည်။

"ဥပဒေကလဲ ကိုယ်တိုင်မနေဘဲနဲ့ မဝယ်ဖို့အတွက် ကာကွယ်မှုတွေ လုပ်ပေးရမယ်။ ဒါမှ တကယ်နေတဲ့လူတွေအတွက် အမှန်တကယ်လိုအပ်တာ ကို ဖြည့်ပေးနိုင်လိမ့်မယ်"။

စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အိမ်ခြံမြေဈေးကွက်အတွင်း ဝင်ရောက်ဈေးကစားမှုနှင့် တခြားသော နိုင်ငံရေးပဋိပက္ခများကြောင့် အောက်ခြေလူတန်းစားနှင့် လူလတ်တန်းစားများ နေရေးထိုင်ရေး အခက်

www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့နေရခြင်းသည် "နောင်တစ်ချိန် မြန်မာ့နိုင်ငံရေးအတွက် အင်မတန် ကြောက်စရာ ကောင်းနိုင်တယ်"ဟု ဦးခင်မောင်အေးက ဆိုသည်။ လက်ရှိမြန်မာ့နိုင်ငံရေးအ ခြေအနေအရ နေထိုင်စရာအခက် အခဲကတစ်ဆင့် ဆူပူမှု ဆန္ဒပြမှုတွေဖြစ်လာနိုင်ခြေရှိသည်ဟု ၄င်းက ယူဆသည်။

## အိုးမဲ့အိမ်မဲ့တို့၏ ကျောချစရာ

မြေဈေးနှုန်းကအစပြုပြီး အိမ်ရာတိုက်ခန်းဈေးနှုန်းများ အဆမတန် ကြီးမြင့်လာမှုကြောင့် မြို့ပြအိမ်ရာ၊ တိုက်ခန်းများကို ကိုယ်နှင့်မဆိုင်သလို ငေးမျှော်ကြည့်နေရသည့် အောက်ခြေဆင်းရဲသားနှင့် လူတန်းစားအလွှာများက သူတို့၏ ကျောတစ်ခင်းစာနေရာကို မည်သို့တိုက်ပွဲဝင်နေကြသနည်း။ မည်မျှရုန်းကန်နေကြရသနည်း။

ထိုအမေးပုဒ်စာအတွက် ယခုနောက်ပိုင်း အစိုးရအာဏာပိုင်များနှင့် မကြာခဏဆိုသလို ထိပ်တိုက်တွေ့နေကြရသည့် ကျူးကျော်နေထိုင်သူများက အဖြေတစ်ခုသဖွယ်။ သို့သော် သူတစ်ပါးမြေကွက်၊ ပြည်သူပိုင်မြေကွက်၊ အစိုးရမြေကွက်စသည်ဖြင့် မိမိကိုယ်ပိုင်မြေကွက်မဟုတ်ဘဲ ဝင်ရောက် အခြေချနေထိုင်သူသည် ကျူးကျော်နေထိုင်သူပင်ဖြစ်သည်။ ထိုသူတို့ ကျောချဖို့နေရာအတွက် အဖြေညှိ၍မရပါ။

အိမ်ခြေရာမဲ့၊ အိုးမရှိ၊ အိမ်မရှိဖြင့် ကျောခင်းစရာနေရာတစ်ခုအတွက် တိုက်ပွဲဝင်သူများအတွက် လှိုင်သာယာမြို့နယ် အမှတ်(၁၅)ရပ်ကွက်နားက ရွှေလင်ပန်းရိုးတစ်လျှောက်သည် ခေတ္တခဏနားခိုစရာဖြစ်လာသည်။ အလားတူ လှိုင်သာယာမြို့နယ်ထဲက ပန်းလှိုင်မြစ်ကမ်းနံဘေးတို့ကလည်း နားခိုရာဖြစ်ခဲ့သည်။ ရွှေလင်ပန်းချောင်းနံဘေးဆိုရင် ကျူးကျော်နေထိုင် သည့်အိမ်ထောင်စုပေါင်း ၁၀၀၀ကျော် အထိရှိသည်ဟု ရန်ကုန်တိုင်းမ် သတင်းထောက်က ဆိုပါသည်။

သူတို့အားလုံးသည် နောက်ကျိနေသည့် ရွှေလင်ပန်းချောင်းရေကို အမှီပြုရသည်။ သမိုင်းဝင် နာဂစ်မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဧရာဝတီတိုင်း ဒေသကြီးမှ ပြည်သူများ၊ ရွှေလင်ပန်းစက်မှုဇုန်တည်ဆောက်ရေး စီမံကိန်း လုပ်သားများနှင့် ဆက်နွှယ်သောမိသားစုဝင်များ၊ သာမန် လက်လုပ်လက် စား ကျပန်းအလုပ်သမားများ စသည်ဖြင့် လူတန်းစားစုံတို့ နေထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်အလုပ်ပုံမှန်လုပ်ရသော်လည်း ရရှိသည့်ဝင်ငွေနှင့် အသုံးစရိတ်က မမျှတ။ ကာလတစ်ခုကြာအောင် အိမ်ငှားဘဝဖြင့်ရပ်တည်လာခဲ့သည့် အသက် ၃၃ နှစ်အရွယ် မမိုးခိုင်အတွက် သားသမီးများ၏ပညာရေးစရိတ်၊ မိသားစုကျန်းမာရေးနှင့် ဝမ်းရေးပြဿနာတို့က ငှားထားသည့် အိမ်ကလေးပေါ်က ဆွဲချခဲ့သည်။

အိမ်ငှားခပင်မတတ်နိုင်တော့သည့် မမိုးခိုင်အတွက် နေရေးထိုင်ရေးသာ အဆင်ပြေမည်ဆိုရင် ဘာလုပ်ရ၊ လုပ်ရဆိုသည့်အခြေအနေရောက်နေသည်။ ရောဝတီတိုင်းဒေသကြီး အမာမြို့နယ် ချောင်းဝကျေးရွာက မမိုးခိုင်သည် နာဂစ်မုန်တိုင်းဒဏ်ပင် ခံခဲ့ရသည်မဟုတ်ပါလား။ ရွှေလင်ပန်းချောင်းနံဘေးတွင်သာ ကျူးကျော်ဘဝဖြင့် ရှန်းကန်ခဲ့သည်။ မကြာသေးခင်က သူတို့နေထိုင်ရာ အိမ်ခြေ ၁၀၀၀ ခန့်ရှိမိသားစုအစုအဝေးကို စီမံချက်ဖြင့် အာဏာပိုင်တို့က ဝင်ရှင်းခဲ့သည်။

ကံဆိုးမသွားရာ မိုးလိုက်ရွာဆိုသလိုကြုံနေရသည့် မမိုးခိုင်က "ဒီနေရာလေးသာရမယ်ဆိုရင် ကျွန်မတို့ဘာမှမပူတော့ဘူး"ဟု သူ့တဲအိမ်လေးကိုကြည့်ရင်း ပြောပါသည်။

နိုင်ငံရေးသမားတို့က မဲပြားတစ်ပြားအတွက် အသုံးချသည်ပဲဖြစ်စေ၊ မည်သည့် အကျိုးကိုမျှော်ကိုး၍ပဲဖြစ်စေ အိမ်ခြေရာမဲ့ကျူးကျော်များ၏ဘဝကို ကယ်တင်ဖြေရှင်းဖို့အတွက် အစိုးရအနေဖြင့် စနစ်တကျစီမံသင့်သည်။ လွှတ်တော်များတွင်ဆွေးနွေးသင့်သည်ဟု ၈၈မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ လယ်ယာစီးပွားအရေးဆောင်ရွက်သူ ကိုမျိုးသန့်က ဆိုပါသည်။

ကျေးလက်ဒေသအပါအဝင် မြန်မာပြည်၏ အလုပ်အကိုင်ရှားပါးမှုကိုအကြောင်းပြုရင်း ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းလုပ်ကိုင်လာကြရာမှ ယခုလို အိမ်မဲ့ရာမဲ့၊ ကျူးကျော်ဘဝသို့ရောက်ခဲ့ရသည်ဟု ကိုမျိုးသန့်က သုံးသပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျူးကျော်နေထိုင်သူများကို အိမ်ထောင်စုစာရင်းဇယားများဖြင့် စနစ်တကျစိစစ်ကာ အမှန်တကယ်ခိုလှုံရာမဲ့ဘဝများအတွက် မြို့သစ်ရပ်ကွက်များကိုဖော်ဆောင်ပေးသင့်ပြီး ယင်းသို့ဆောင်ရွက်ရာတွင်လည်း လုပ်စားခရိုနီများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ

www.burmeseclassic.com

www.burmeseclassic.com



၏ မလိမ့်တပတ်၊ ကွက်ကျော် ရိုက်မှုများကို အထူး စောင့်ကြပ်သင့်ကြောင်း ကိုမျိုးသန့်က တိုက်တွန်းသည်။

"လူဦးရေတိုးပွားလာတာနဲ့အမျှ အိမ်ခြံမြေဈေးတွေလဲ အဆမတန် မြင့်လာတယ်။ သူတို့ရတဲ့ဝင်ငွေနဲ့ အိမ်ငှားအိမ်ဆောက်နေနိုင်မလားဆိုတာ အစိုးရက အသေအချာစီမံခန့်ခွဲဖို့လိုတယ်။ သူတို့ဝင်ငွေ ဘယ်လောက်ရ သလဲဆိုတာတွေကိုပါ ထည့်တွက်ဖို့လိုတယ်"ဟု ၎င်းကဆိုသည်။

မကြာသေးခင်က ရေဒီယိုမှပြောကြားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏မိန့်ခွန်းတွင်လည်း အိမ်ခြေရာမဲ့ကျူးကျော်ဝင်ရောက် အခြေ ချနေထိုင်သူများနှင့်ပတ်သက်ပြီး မြေယာပြဿနာတစ်ခုအဖြစ် အရေး တယူ ထည့်သွင်းပြောကြားခဲ့သည်။

"မြေယာကိစ္စဟာ ပြုပြင်ပြောင်းလဲရေးကိုကျော်ဖြတ်ရတဲ့နိုင်ငံတိုင်း ကြုံတွေ့ရတဲ့စိန်ခေါ်မှုတစ်ခုဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ် တွေနဲ့ဆက်နွယ်နေတဲ့အတွက် အခက်ခဲဆုံးနဲ့အကျပ်တည်းဆုံး စီမံဆောင် ရွက်ရတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်"ဟု နိုင်ငံတော်သမ္မတက ဆိုသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း မြေယာမဲ့အိမ်ထောင်စုများကို စာရင်းပြုစုပြီး သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးမှုစီမံကိန်းနှင့်အညီ နေရာချထားဖို့ အတွက်တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့်အတူ ပူးပေါင်းဆောင်ရွက် နေကြောင်း ထည့်ပြောခဲ့သည်။ သို့သော် ဥပဒေမဲ့တရားမဝင်ကျူးကျော် ဝင်ရောက်အခြေချ နေထိုင်သူများကိုမူ သေချာစိစစ်ကိုင်တွယ်သွားမည်ဟု သမ္မတက ဆိုသည်။

မည်သို့ဆိုစေ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်ကတော့ ယခုပြုလုပ်နေသော နဝမအကြိမ် မြောက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အိမ်ခြေရာမဲ့နှင့် နေမှုထိုင်မှု ပြဿနာများကို သက်ဆိုင်ရာဌာနများသို့မေးခွန်းထုတ်၊ အဆိုပြုချက်တင်ဖို့ ပြင်ဆင်နေသည်ဟု ဆိုပါသည်။

ဦးသိန်းညွန့်က "အိမ်ခြေရာမဲ့နဲ့ကျူးကျော်ပြဿနာတွေဟာ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီးကြီးလာတာကိုတွေ့ရတယ်။ ပြဿနာကို ကြီး လာမှ ဖြေရှင်းရ၊ ဆွေးနွေးရတာ ပိုခက်တယ်။ ဒီပြဿနာက တစ်ဦးချင်း တစ်ယောက်ချင်းနဲ့သာ ဆိုင်တဲ့ပြဿနာမဟုတ်တော့ဘူး။ တစ်နိုင်ငံလုံးဆိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာကြီးတစ်ခုဖြစ်နေတယ်။ ဒါကို အစိုးရအနေနဲ့မဖြေရှင်းလို့ကိုမရတော့ဘူး”ဟု ရန်ကုန်တိုင်းမ်သို့ ဖုန်းဖြင့်ပြောပါသည်။

လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုကျော်လောက်ကလည်း ယင်းသို့ ကျူးကျော်နေထိုင်သူများကို ဖြေရှင်းဖို့အတွက် အစိုးရက စီမံဆောင်ရွက်ခဲ့ဖူးသည်။ ပေ၂၀၊ ပေ၄၀အကွက်များရိုက်ကာ ၎င်းတို့ကိုယ်တိုင် နှစ်သက်သလို အိမ်ရာတည်ဆောက်နိုင်ရေးအတွက် အကွက်ချပေးခဲ့သည်။ ထိုအချိန်က ရန်ကုန်မြို့၏ အကျယ်အဝန်းသည် စကွဲယားမိုင် (Square Mile) ၈၀ဝန်းသာရှိခဲ့သော်လည်း ယခုအခါ ရန်ကုန်မြို့၏ အကျယ်အဝန်းသည် စကွဲယားမိုင်(Square Mile) ၃၀၀ကျော်အထိ အဆမတန်ကျယ်ဝန်းလာသောကြောင့် မြို့ပြနေပြည်သူများအတွက် သွားရေးလာရေး အခက်အခဲများပိုမိုများပြားလာကာ ကျူးကျော်ပြဿနာကတော့ မပြီးဆုံးနိုင်သေးဘဲ အဖြေမထွက်ခဲ့ဟု ထိုအချိန်တုန်းက အဖြစ်အပျက်ကို ပြန်တွေးရင်း မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က ပြောပြသည်။

“လှိုင်သာယာတို့ ရွှေပြည်သာတို့လိုနေရာတွေမှာ နေတဲ့သူတွေအတွက်က ခရီးစရိတ်(အသွား၃၀၀၊ အပြန် ၃၀၀)တွေသာတက်လာတယ်”ဟု ၎င်းကဆိုသည်။

ယင်းသို့စီမံဆောင်ရွက်ခြင်းသည် ပေ၂၀၊ ပေ၄၀ အကွက်ရိုက်ပေးသည့်အတွက် မြေတစ်ကွေကို မိသားစုရှစ်စုလောက်သာ နေထိုင်နိုင်ပြီး အထပ်မြင့်တိုက်ခန်းများဆောက်လုပ်ပြီး စီမံပေးခြင်းကသာ မြေတစ်ကွေကို မိသားစု ၅၀မှ၇၀အထိ နေထိုင်နိုင်မည်ဖြစ်သောကြောင့် အထပ်မြင့် တိုက်ခန်းများ ဆောက်လုပ်စီမံခြင်းကိုသာ ဒေါက်တာကျော်လတ်က အားပေးသည်။

## လူမှုစီးပွား အဆင်မပြေမှုမှသည် နိုင်ငံရေးပြဿနာတစ်ရပ်ဆီသို့

“ဆောက်လုပ်ရေးလုပ်ငန်းတွေလဲ အများကြီးပဲ။ ဆောက်လိုက်ကြတာလဲ တိုက်ခန်းတွေ၊ ကွန်ဒိုတွေမှ ဆောက်လိုက်ကြတာ မနည်းမနော။ ဒါပေမဲ့ တိုက်ခန်းဈေးတွေက မိုးထိနေတယ်။ (ဝင်ငွေနှစ်သိန်းအောက်ရှိသူ၊ စသဖြင့်) ဘယ်သူမှတက်မနေနိုင်ဘူး။ အငှားနဲ့တောင် နေထိုင်နိုင်ဖို့ခက်တယ်။ ဝယ်ပြီးနေဖို့မဆိုထားနဲ့။ တချို့တိုက်ခန်းတွေဆိုရင် ဝယ်မယ့်သူကိုမရှိဘူး၊ ပိုက်ဆံမတတ်နိုင်လို့”ဟု ဦးသိန်းညွန့်က ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ဝင်ငွေနည်းသူ၊ ဆင်းရဲသားနှင့် အောက်ခြေအလွှာများမှပြည်သူတို့အတွက်နေမှုထိုင်မှုပြဿနာအပေါ် ဦးသိန်းညွန့်က "နောက်ပိုင်းနေမှုထိုင်မှုကစတဲ့ လူမှုစီးပွားရေးပြဿနာကနေ နိုင်ငံရေးပြဿနာကြီးတစ်ခုလိုဖြေရှင်းရမယ့်ကိန်းဆိုက်တော့မယ်"ဟု မှတ်ချက်ပေးသည်။

ရန်ကုန်မြို့ပြတွင်နေထိုင်ကြသော မိသားစုဝင်များ၏ ၇၆ ရာခိုင်နှုန်းသည် နေမှုထိုင်မှုပြဿနာကြောင့် နောင်တစ်ချိန်တွင် လမ်းပေါ်ထွက်လာပြီး အော်ဟစ်တောင်းဆိုကြမလား ဆိုတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်က"ကြီးမားတဲ့ နိုင်ငံရေးဆိုင်ရာပြဿနာတစ်ခုလိုမျိုးဖြစ်လာနိုင်မလားဆိုတော့ အစိုးရကိုင်တွယ် ဖြေရှင်းတဲ့မှုအပေါ်မှာပဲမူတည်ပါတယ်"ဟု ဖြေဆိုခဲ့သည်။

ဒေါက်တာကျော်လတ်သည် အစိုးရသစ်တက်ခါစကတည်းကပင် အစိုးရအနေဖြင့် ရန်ကုန်မြို့ဖွံ့ဖြိုးမှုတစ်ခုတည်းကိုပဲမကြည့်ဖို့ ပညာရှင်တစ်ယောက်အနေဖြင့် အကြိမ်ကြိမ်တိုက်တွန်းခဲ့သည်ဟုဆိုသည်။ အစိုးရအနေဖြင့် ရန်ကုန်မြို့ဖွံ့ဖြိုးမှုတစ်ခုတည်းကိုသာ အာရုံစိုက်နေမည်ဆိုပါက တခြားသောပြည်နယ်နှင့်တိုင်းဒေသကြီးတို့ရှိပြည်သူများကလည်း ကျေနပ်နိုင်ကြမည်မဟုတ်ဟု ဒေါက်တာကျော်လတ်က ရန်ကုန်တိုင်းမ်သို့ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စသည်ဖြင့် တစ်တိုင်းပြည်လုံး၏ဖွံ့ဖြိုးမှုကို အာရုံစိုက်နိုင်မှသာ စီးပွားရေးဖွံ့ဖြိုးမှုကိုအခြေတည်ပြီး နေမှုထိုင်မှုအခက်အခဲ၊ အကျပ်အတည်းမှ လွတ်မြောက်နိုင်မည်ဟု သူက ယုံကြည်နေသည်။

"ဆိုတော့ အဲဒီမြို့တွေမှာအလုပ်အကိုင်ပေးနိုင်တယ်၊ ဖွံ့ဖြိုးတိုးတက်တယ်၊ သာယာတယ်ဆိုရင် သူတို့တွေအားလုံး ရန်ကုန်မြို့ကို လာလည်ရုံပဲရှိမှာပေါ့။ ဘာဖြစ်လို့နေစရာတစ်ခုအတွက် အတင်းဝင်တိုးနေပါဦးမလဲ။ အခုဟာက ရန်ကုန်မြို့သာလျှင်အဆင့်မြင့်တဲ့ မြို့ကြီးဖြစ်နေတာကိုး" ဟု ဒေါက်တာကျော်လတ်က ပြောပါသည်။

"တို့တိုင်းပြည်ကြီးညီညွတ်ချင်ရင်၊ တို့တိုင်းပြည်ကြီး ငြိမ်းချမ်းရေးအမြဲရချင်ရင်၊ တို့တိုင်းပြည်မှာ ပြည်တွင်းစစ်ရပ်ချင်ရင် သက်ဆိုင်ရာပြည်နယ်တွေက မြို့တွေကိုလဲ ဖွံ့ဖြိုးအောင်လုပ်ရမယ်။ အဲလိုမလုပ်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်တွေ တိုးလာမယ်။ ပြဿနာတွေဖြစ်နေမှာပဲ"ဟုရှင်းက ဆက်ပြောသည်။

လွန်ခဲ့သော၂၅နှစ်ကျော်ကာလကတည်းက မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးမှုကိုဦးတည်မည်ဟု ကြွေးကြော်ခဲ့သော်လည်း ယခုအချိန်အထိ စိုက်ပျိုးရေးကိုအခြေခံသည့် တိုင်းပြည်အဆင့်မှာသာရှိနေသေးသည်။ စက်မှုထုတ်ကုန်များ ထိုက်သင့်သလောက်မထုတ်လုပ်နိုင်ခြင်းနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးမှုကို အားမပေးခဲ့သောကြောင့် ယခုလိုပြဿနာများဖြစ်ပေါ်လာရသည်ဟု ဒေါက်တာကျော်လတ်က အပြစ်ဆိုသည်။

## တန်ဖိုးနည်း၊ သင့်တင့်အိမ်ရာ အိပ်မက်

အစိုးရ၏တန်ဖိုးနည်း သို့မဟုတ်တန်ဖိုးသင့်တင့်မျှတသောအိမ်ရာများ၏ဈေးနှုန်းများကပင် အောက်ခြေပြည်သူများနှင့် တစ်လ အသားတင်ဝင်ငွေနှစ်သိန်းအောက်ရှိသူများအတွက် လက်လှမ်းမမီနိုင်သေးဘဲ ဖြစ်နေသည်။

တရားဝင်ဖော်ပြပြီးဖြစ်သောသတင်းများအရ လှိုင်သာယာမြို့နယ်အတွင်းရှိ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာစီမံကိန်းနှင့် ကျန်စစ်မင်းအိမ်ရာစီမံကိန်းတို့ကို အခန်းပေါင်း ၅၀၀ ကျော်အထိ ၂၀၁၄–၂၀၁၅ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ပေါ်လာဖွယ်ရှိပြီး တိုက်ခန်းတစ်ခန်းလျှင် ကျပ်သိန်း၁၀၀ခန့်ဖြင့်ရောင်းချသွားမည်ဟုဆိုသည်။ အဆိုပါအခန်းများကို နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ပင်စင်စားများနှင့်စုဆောင်းငွေ အသင့်အတင့်ရှိသည့် ဝင်ငွေနည်းပြည်သူများအတွက် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဟု ဆိုပါသည်။

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရေဝဏ်အိမ်ရာစီမံကိန်းနှင့် ရတနာအိမ်ရာစီမံကိန်းများမှ အိမ်ရာတိုက်ခန်းများကိုလည်း နှစ်၃၀ အရစ်ကျပေးသွင်းသည့်ပုံစံဖြင့် ရောင်းချပေးသွားမည်ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ပြောဆိုခဲ့ကြောင်း ပြည်တွင်းသတင်းများက ဆိုသည်။

ဧက၁၀၀ကျော်အကျယ်ရှိသည့် ရေဝဏ်စီမံကိန်းတွင် ရှစ်ခန်းတွဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုးထပ်တိုက် အလုံးရေ ၄၃လုံး၊ ခြောက်ခန်းတွဲ ကိုးထပ်တိုက် အလုံးရေ ၂၁ လုံးနှင့် လေးခန်းတွဲ ၁၂ထပ်တိုက် အလုံးရေ၁၀လုံးတည်ဆောက်ကာ တိုက်ခန်းပေါင်း ၄၇၁၀ ထွက်ပေါ်လာမည့်အပြင် အလားတူ ရတနာ အိမ်ရာစီမံကိန်းတွင်လည်း ရှစ်ခန်းတွဲ ကိုးထပ်တိုက် ၄၆လုံး၊ ခြောက်ခန်း တွဲ ကိုးထပ်တိုက် ၃၃လုံးနှင့် လေးခန်းတွဲ ၁၂ ထပ်တိုက် ၁၃လုံး တည် ဆောက်ပြီး အကျယ်အဝန်းမတူညီသည့် တိုက်ခန်းပေါင်း ၅၇၁၈ ခန်း ထွက်ပေါ်လာမည်ဟု အဆိုပါသတင်းများကဆိုပါသည်။ ၎င်းအိမ်ရာ စီမံကိန်း နှစ်ခုကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၊ IGE ကုမ္ပဏီလီမိတက်တို့ နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်းပြီး စီမံကိန်း ကာလနှင့် တည်ဆောက်ရေးကာလကို သုံးနှစ်သတ်မှတ်ဆောင်ရွက်သွားမည်ဟု သိ ရသည်။

မကြာသေးမီက မြောက်ဒဂုံရှိ ဗိုလ်မှူးဗထူးအိမ်ရာစီမံကိန်းအတွက် ဝယ်ယူခွင့်လျှောက်လွှာများခေါ်ယူခဲ့ရာ အဆိုပါအိမ်ခန်းများ၏ဈေးနှုန်း သည် ကျပ်သိန်း ၃၀၀ ဝန်းကျင်ခန့်အထိရှိခဲ့ကြောင်း၊ တန်ဖိုးနည်းအိမ်ရာ ဟုပင်မဆိုသင့်ကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များနှင့် ကိုယ်တိုင်နေထိုင်မည့် သူများက ဝေဖန်ထောက်ပြခဲ့သည်။

မြို့ပြစီမံကိန်းပညာရှင် ဒေါက်တာကျော်လတ်ကတော့ တန်ဖိုး နည်းအိမ်ရာဖြစ်စေ၊ တန်ဖိုးသင့်တင့်အိမ်ရာဖြစ်စေ၊ မြို့ပြနေလူဦးရေ အဆမတန် တိုးပွားလာခြင်းကြောင့် အိမ်ရာတိုက်ခန်းများကို များနိုင်သမျှ များများဆောက်ဖို့တိုက်တွန်းသည်။ ဈေးကွက်စီးပွားရေး သဘောတရား အတိုင်း တိုက်ခန်းတွေ များပြားလာခြင်းကြောင့် တိုက်ခန်းဈေးနှုန်းများအများ ကြီးမကျတောင် တဖြည်းဖြည်းကျဆင်းသွားလိမ့်မည်ဟု သူကယူဆသည်။

တစ်ဆက်တည်းတွင် အစိုးရကရောင်းချပေးနေသည့် တန်ဖိုး သင့်တင့်အိမ်များ၏ ဈေးနှုန်းများအပေါ် ၎င်းက ယခုလိုမှတ်ချက်ပေးပါသည်။

"အခုစည်ပင်က ဆောက်ပြီးရောင်းနေတဲ့ တန်ဖိုးသင့်တင့်အိမ်ရာက တော့ အများပြည်သူမတတ်နိုင်ဘူး။ သိန်း၂၇၀ကို လူတိုင်းမတတ်နိုင်ဘူး။ တော်တော်ခက်တဲ့ကိစ္စပဲ။ ဒါမြန်မာပြည်တစ်ပြည်လုံးရဲ့ပြဿနာပဲ"။

အစိုးရတန်ဖိုးနည်းအိမ်ရာဆိုသည်မှာ လူတန်စားတစ်ရပ်၊ အလွှာ တစ်ခုအတွက် နေထိုင်နိုင်ဖို့ တည်ဆောက်ပေးသလိုဖြစ်နေသည်ဟု ဝါရင့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြံမြေအကျိုးဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်အေးက ရန်ကုန်တိုင်းမ်သို့ ပြောပါသည်။

"သိန်း၂၀၀ဆိုတာ တန်ဖိုးမနည်းဘူး။ အောက်ခြေလူတန်းစား တစ်ယောက်အနေနဲ့မနေနိုင်ဘူး။ မြေဈေးနည်းတဲ့ မြို့စွန်ကမြေကွက်တွေကို အစိုးရကိုယ်တိုင်ဝယ်ပြီး တကယ်မနေနိုင်တဲ့လူတွေကိုပေးသင့်တာ"ဟု ဦးခင်မောင်အေးက ဆိုသည်။

အစိုးရ၏ တန်ဖိုးနည်းအိမ်ရာများ၏ အားသာချက်နှင့် အားနည်းချက်များအပေါ် ကိုယ်တိုင်လျှောက်လွှာတင်ခဲ့သည့် ဒေါပုံမြို့နယ်က အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးက ယခုလိုမှတ်ချက်ပေးပါသည်။

"ဘာကွဲသလဲဆိုတော့ ငွေခွဲပြီးတော့သွင်းလို့ရတယ်။ စည်းကမ်းချက်တွေကတော့ အရမ်းများလွန်းတယ်လို့ထင်တယ်။ ပြန်မရောင်းရဘူး။ တကယ်တမ်းငွေကြေးမတတ်နိုင်တဲ့လူတွေအတွက် အခွင့်အရေးတော့ နည်းတယ်။ ဘယ်လိုပဲ တန်ဖိုးမျှအောင်ဆောက်ပေးဆောက်ပေး တကယ်တမ်း လက်ဝါးကြီးအုပ်သွားတာက ငွေရှင်ပဲ။ ကျွန်တော်ထင်တာမမှားဘူးဆိုရင် ကျိန်းသေတယ်။ (ဝယ်ယူခွင့်ရတဲ့သူတွေရဲ့)ရာခိုင်နှုန်း ၆၀ လောက်က ငွေရှင်နဲ့ ပတ်သက်ရာပတ်သက်ကြောင်းတွေပဲ"။

အစိုးရအနေဖြင့်တန်ဖိုးနည်းအိမ်ရာဆိုရင်လည်း အမှန်တကယ် ထိထိရောက်ရောက်ရှိသင့်ပြီး မြို့ပြလူနေမှု၏ လိုအပ်နေသည့် အိမ်ရာ တိုက်ခန်းများကို ပြည့်မီအောင်မဆောင်ရွက်ပါက တင်းကျပ်သည့်မူဝါဒ များဖြင့် မဆောင်ရွက်ပါက ဝယ်လိုအားနှင့်ရောင်းလိုအားမျှတမှုမရှိဘဲ တန်ဖိုးမျှတဟု မည်သို့ပင်ခေါင်းစဉ်တပ်စေကာမူ အပြင်လောကတွင် အမြတ်ပေးရောင်းချမှုများဖြင့် တိုက်ခန်းဈေးနှုန်းများကိုသာ ကမောက်ကမ ဖြစ်စေလိမ့်မည်ဟု ဆောက် လုပ်ရေးကန်ထရိုက်တာ ဦးကျော်မင်းဦးက ဆိုပါသည်။

## နိဂုံး

မည်သို့ဆိုစေ အစိုးရ၏ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများသည် ယခု ဆောင်းပါးတွင်ပါဝင်သော ကိုဂျက်ကြီး၊ ကိုမင်းအောင်နှင့် မမိုးနိုင် တို့အပါအဝင် မြို့ပြရန်ကုန်တွင်မှီခိုနေထိုင်ကြရသည့်မိသားစုများ၏ ၇၆

www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်းအတွက်တော့ အလှမ်းဝေးလှသည်။ အိပ်မက်တစ်ခုသဖွယ် ဖြစ်နေသည်။

ထိုသူတို့အတွက် ကျောတစ်ခင်းစာနေရာတစ်ခုသည် ခက်ခဲနေသေးသည်။ ၎င်းတို့၏ အကြောင်းအရင်းခံများအဖြစ် အစိုးရ၏ စက်မှုကဏ္ဍဖွံ့ဖြိုးမှုအပေါ် လျစ်လျူရှုထားမှု၊ အလုပ်အကိုင် မဖန်တီးပေးနိုင်မှုကတစ်ဆင့် ဝင်ငွေနည်းပါးမှု၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုတစ်ခုတည်းကိုသာ အားရုံစိုက်ထားမှုတို့ကြောင့်ဖြစ်သည်ဟု မြို့စီမံကိန်းပညာရှင်ဒေါက်တာကျော်လတ်က သုံးသပ်ထားသည်။

တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင် သူဌေးကြီးများကိုယ်တိုင်က အိမ်ခြံမြေလုပ်ငန်းအသိုင်းအဝိုင်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံကာ ဈေးကစားမှုများရှိနေခြင်းကြောင့်လည်းဖြစ်သည်ဟု အိမ်ခြံမြေအကျိုးဆောင်နှင့် ဆောက် လုပ်ရေးလုပ်ငန်းရှင်များကိုယ်တိုင် ဖွင့်ဟခဲ့သည်။

အထူးသဖြင့် မြန်မာငွေကြေးအသုံးအစွဲမခံခြင်း သို့မဟုတ် ငွေကြေးဖောင်းပွနေခြင်းသည်လည်း အိမ်ခန်း၊ တိုက်ခန်းဈေးများကို မြင့်တက်စေသည်ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးကျော်မင်းဦးက ယခုလို ပြောဆိုပါသည်။

"ငွေကြေးဖောင်းပွမှုကိုမထိန်းချုပ်နိုင်ရင်တော့ လူတိုင်းအိမ်ရာပိုင်ဆိုင်မှုတို့ တိုက်ခန်းပိုင်ဆိုင်မှုတို့ကတော့ အိပ်မက်အနေနဲ့ပဲ ရှိနေဦးမှာပဲ။ လက်ရှိ တိုက်ခန်းဈေးတွေက အခြေခံလူတန်းစားနဲ့ ပုံမှန်ဝင်ငွေရှိတဲ့ လူတွေက ဝယ်နိုင်ဖို့ဆိုတာ ပိုပြီးတော့ အလှမ်းဝေးဝေးသွားမယ်"။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၇)* .

www.burmeseclassic.com

www.burmeseclassic.com




# မင်းသားခေါင်းကို လှန်ကြည့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## မင်းသားခေါင်းကို လှန်ကြည့်ခြင်း

Get Out သည့် အနီရောင်စာလုံးကြီးများက အဝေးကကြည့်ရုံဖြင့် ပေါ်လွင်နေသည်။ စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက်အတွင်းက နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF) ရုံးရှေ့တွင် ရခိုင်ဒေသခံတို့ ဆန္ဒ ထုတ်ဖော်နေကြခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၂ရက်က စပြီးဆန္ဒပြခဲ့သည့် ရခိုင်ဒေသခံလူအုပ်ကြီးသည် ၂၃ရက်တွင် လိုက်ပါအားပေးဆန္ဒပြသူများ ဖြင့် စုစုပေါင်းလူဦးရေ ၆ဝဝ လောက်ရှိနေသည်။ အရပ်ဘက်အဖွဲ့အစည်းများစု ပေါင်းထားသည့် ရခိုင်ပြည်နယ်လူမှုကွန်ရက်၊ မြို့မိမြို့ဖများအဖွဲ့၊ စည်း ကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့တို့က ဦးဆောင်ဆန္ဒပြနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရခိုင်ပြည်နယ်ရှိဘင်္ဂါလီများကို ဒရိုဟင်ဂျာ'ဟုဆိုကာ မြန်မာနိုင်ငံသားဖြစ်ရေးဆောင်ရွက်နေခြင်း၊ 'ဘင်္ဂါလီများအပေါ်' လူ့အခွင့်အရေးချိုးဖောက်ပါတယ်'ဟုဆိုကာ နိုင်ငံတကာမီဒီယာများသို့ တင်ပြနေခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေက 'မမှန်သတင်း'ပေးဖို့ စနစ်တကျသင်ပေးနေခြင်း၊'ဘင်္ဂါလီများလုံခြုံရေးအတွက်'ဟုဆိုကာ အစောင့်အကြပ်များ ပြုလုပ်နေခြင်း စသည့်အကြောင်းအရင်းများကို အခြေခံကာ ထိုဆန္ဒထုတ်ဖော်မှုကြီးကို ဖြစ်ပေါ်စေခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ဒုချီးရားတန်း ကျေးရွာကိစ္စတွင် အဖြစ်အမှန်မဟုတ်ဘဲ ကမ္ဘာ့မီဒီယာအပေါ်တင်ပြပေးခဲ့ခြင်းကဒေသခံရခိုင်ပြည်သူများအတွက် "အဓိက သည်းမခံနိုင်တော့တဲ့အကြောင်းရင်းပဲ"ဟု ဆန္ဒပြပွဲမှ အမျိုးသမီးခေါင်းဆောင် ဒေါ်ညိုအေးက ရန်ကုန်တိုင်းမ်သို့ ပြောသည်။

၁၉၉၀ပြည့်နှစ် ပတ်ဝန်းကျင်လောက်ကတည်းက ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အစိုးရကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ နယ်စည်းမထားဆရာဝန်များအဖွဲ့(MSF)သည် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ သားဆက်ခြားဆေးဝါးများ အခမဲ့ပေးခြင်း၊ HIV ပိုးတား ဆီးကာကွယ်ရေး၊ ငှက်ဖျားရောဂါကာကွယ်ရေးနှင့် တီဘီရောဂါတိုက်ဖျက်ရေးတို့အတွက် ဘက်လိုက်မှုမရှိဘဲ အကူအညီပေးသွားမည်ဟုကတိပြုကာ ထိုအဖွဲ့ကဝင်ရောက်လာခြင်းဖြစ်သည်ဟု ဒေါ်ညိုအေးကဆိုသည်။ သို့သော် အစကတည်းက ရခိုင်လူထုနှင့် ဘင်္ဂါလီလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှုများ၊ ဘက်လိုက်ဦးစားပေးမှုများရှိခဲ့သည်ဟု ၄င်းက ဆိုသည်။

"ဘက်လိုက်တာကို သည်းခံနိုင်တဲ့အတိုင်းအတာက ကုန်သွားပြီ" ဟု ၁၉၈၈လူထုအုံကြွမှုကတည်းက ပါဝင်ဆောင်ရွက်ခဲ့သူ ရခိုင်ပြည်နယ် အမျိုးသမီးကွန်ရက်ဥက္ကဋ္ဌ ဒေါ်ညိုအေးကပြောသည်။ ဒေါ်ညိုအေး အပါအဝင် ရခိုင်လူထုကြီးသည် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာ အဖွဲ့အစည်းများကို ပြည်နယ်အတွင်းမှထွက်ခွာပေးဖို့၊ ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာသော်မတ်ကင်တားနားအား ရခိုင်ပြည်နယ်အတွင်း မလာရောက်ဖို့၊ အစ္စလာမ္မစ်နိုင်ငံများဖြင့် ဖွဲ့စည်းထားသော အိုအိုင်စီရုံးကို ရခိုင်ပြည်နယ်တွင် ဖွင့်ခွင့်မပေးဖို့စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုများကို မြန်မာနိုင်ငံ၏မြို့ကြီးတချို့တွင် ဆောင်ရွက်ခဲ့ကြသည်။

မစ္စတာကင်တားနားကို ဆန္ဒပြရသည့်အကြောင်းရင်းသည်လည်း ခွဲခြားဆက်ဆံမှုကြောင့်ဖြစ်သည်ဟု ဒေါ်ညိုအေးက ယခုလို ပြောပါသည်။

"ရခိုင်ပြည်နယ်ကိုရောက်လာတာ အခုတစ်ကြိမ်ပါဆိုရင် ကိုးကြိမ်ရှိပြီ။ ဘင်္ဂါလီတွေဆီကိုပဲသွားတွေ့တယ်။ ရခိုင်လူမျိုးတစ်ယောက်ကိုတော့ စတိသဘောမျိုးနဲ့တောင်တွေ့ဖို့ စကားသံတောင် အခုချိန်ထိ ကျွန်မမကြားမိသေးဘူး။ တကယ်တမ်းကျတော့ ကင်တားနားက လူ့အခွင့်အရေး မြှင့်တင်တဲ့သူမဟုတ်ဘူး။ လူ့အခွင့်အရေးချိုးဖောက်တဲ့သူပဲ"။

ယခုလို ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ဒေသခံပြည်သူများ၏ယုံကြည်မှုလျော့ပါးလာခြင်းသည် နှစ်ဦးနှစ်ဖက်အကြား နားလည်မှုလွဲမှားနေခြင်းကြောင့်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် သတိပြုကိုင်တွယ်ဖို့လိုအပ်ကြောင်း တစ်ချိန်က ကုလသမဂ္ဂတွင် အကြီးတန်းအကြံပေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသော နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်က ရန်ကုန်တိုင်းမ်သို့ ပြောသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် အိုင်အင်န်ဂျီအိုများသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ စံချိန်စံနှုန်းများနှင့် လုပ်ကိုင်ဆောင်ရွက်လေ့၊ ပြောဆိုသုံးနှုန်းလေ့ရှိသော်လည်း တစ်ခါတစ်ရံတွင် ဒေသခံပြည်သူများနှင့် အဆင်မပြေမှုများ၊ မပြေလည်မှုများရှိတတ်သည်ဟု ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကဆိုသည်။ အိုင်အင်န်ဂျီအိုများအနေဖြင့် ဒေသခံပြည်သူများ၏ ခံစားချက်များကို နားလည်သိရှိဖို့လိုအပ်သလို အိုင်အင်န်ဂျီအိုများ၏ အခန်းကဏ္ဍကိုလည်း ပြည်သူများကသိရှိနားလည်ဖို့လိုအပ်သည်ဟု ၎င်းကဆိုသည်။

"နှစ်ဦးနှစ်ဖက် နားလည်မှုရှိကြဖို့ အရေးကြီးပါတယ်။ အပြန်အလှန်နားလည်မှုမရှိရင် ဝေဖန်မှုတွေပိုမိုပြင်းထန်လာပြီး ဆန္ဒပြပေါက်ကွဲမှုတွေ ဖြစ်ပေါ်တော့တာပဲ"။

သို့သော် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် အခြားလူသားချင်းစာနာထောက် ထားမှုအလုပ်တွေကို လုပ်ကိုင်သူများ၏ အခြေခံအကျဆုံး မူဝါဒသည် ကိုယ့်လုပ်ငန်းတွင် "ကျားမ၊ လူမျိုး၊ ဘာသာ၊ အသား

www.burmeseclassic.com

www.burmeseclassic.com



အရောင်ခွဲခြားပြီး ကိုးကွယ်ခွင့်မရှိရ"ဆိုတာ ဦးထိပ်ပန်ဆင်ရမည့် အိုင်အင်န်ဂျီအိုၢ အင်န်ဂျီအိုများ၏မူဝါဒဖြစ်သည်ဟု မြန်မာနိုင်ငံလူ့အခွင့်အရေး ပညာပေးရေးဌာန ညွှန်ကြားရေးမှူးဦးအောင်မျိုးမင်းက ပြောသည်။

၄င်းက "မခွဲခြားဘဲလုပ်ဆောင်ဖို့လိုအပ်သလို တကယ်လို့ အစောကလိုစွပ်စွဲချက်တွေဖြစ်လာခဲ့ရင်လဲ မဟုတ်ပါဘူးဆိုတဲ့အကြောင်းကို ပြန်လည်ဖြေရှင်းပြီး နှုတ်နဲ့ရောအလုပ်နဲ့ရော သက်သေဖြစ်ဖို့လိုပါတယ်"ဟု နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ထောက်ပြသည်။

ယင်းသို့ အိုင်အင်န်ဂျီအိုများအပေါ် ဒေသခံပြည်သူများက လက်မခံသောကြောင့် အကူအညီပေးခွင့်ပိတ်ပင်ပစ်ခဲ့သည့် သာဓကတချို့ရှိသည်။ ၂၀၀၄ခုနှစ် အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဆူနာမီဖြစ်ပြီးစကဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းကြီးများစွာ အကူအညီများပေးခဲ့ကြသည်။ ဘာသာရေးအမည်ခံအဖွဲ့တချို့လည်း ပါခဲ့သည်ဟု ထိုစဉ်က ကိုယ်တိုင်ကြုံတွေ့ခဲ့သူတစ်ဦးက ပြောသည်။

"ဘာသာရေးအရကူညီတာ၊ လုပ်ဆောင်တာဟာ ပြဿနာတော့မရှိဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ ဘာပြဿနာရှိလဲဆိုတော့ တချို့အဖွဲ့တွေက သူတို့ကိုးကွယ်တဲ့ဘာသာနဲ့ သက်ဆိုင်တဲ့သူတွေကိုပဲလက်ခံတယ်။ သူတို့ရဲ့အကူအညီလိုချင်ရင်တော့ သူတို့ရဲ့ဘာသာကိုပြောင်းအောင် တဖြည်းဖြည်းနဲ့ ဖိအားပေးတာတွေရှိတယ်။ ဒီကျောင်းမှာ ဒီကလေးထားချင်ရင် ဒီဘာသာကိုပြောင်းရမယ်ဆိုတာမျိုးပေါ့။ အဲဒီကလေးကို ဒီဘာသာပဲ ကိုးကွယ်ခွင့်ပေးရမယ်။ မဟုတ်ရင် အကူအညီတွေရပ်ပစ်တယ်။ ဆိုတော့ တဖြည်းဖြည်း ဘာသာသွတ်သွင်းမှုတွေဖြစ်လာတယ်"ဟုထိုသူကဆိုသည်။

နောက်ပိုင်းတွင် သူတို့အကူအညီများပေးရာနေရာအဖြစ်မှ ဘုရားကျောင်းကြီးတစ်ခုဖြစ်သွားတော့သည်။ ထိုဘုရားကျောင်းထဲမှ သူတွေကလည်း သူတို့ဘာသာကိုဝင်ဖို့စည်းရုံးကြသည်။ "ဒေသတွင်းမှာ တစ်သက်လုံးကျင့်သုံးလာတဲ့ဘာသာကို တိုက်ခိုက်ပြီးတော့ သူ့ဘာသာကို ဝင်ရမယ်ဆိုတဲ့ဟောပြောမှုတွေဖြစ်လာတယ်။ ဒါကြောင့် အဲဒီလိုအဖွဲ့အစည်းတွေကို အကူအညီပေးခွင့် ပိတ်ပင်ပစ်လိုက်တဲ့သာဓကတွေတော့ရှိပါတယ်"ဟု ၄င်းက ပြောသည်။

လူသားချင်းစာနာမှုကို လုပ်ဆောင်ကြသည့်သူများဖြစ်သော အိုင်

www.burmeseclassic.com

www.burmeseclassic.com



အင်န်ဂျီအိုများ၊ အင်န်ဂျီအိုများ၏ကျင့်စဉ်တွင် ပထမဆုံးအချက်သည် 'ခွဲခြားမှုမရှိစေရ' ဖြစ်သည်။ နောက်ထပ်အရေးကြီးဆုံးသည် 'ကိုယ်ကျိုးအတွက် လာဘ်စားမှုမရှိစေရ' ဖြစ်သည်။ ထို့ပြင်'လိုအပ်သည့် အခြေအနေတွင်အမြန်ဆုံးပေးဆောင်နိုင်ရမယ်'ဟု ကိုယ်တိုင်က အီကွဲလတီးမြန်မာအဖွဲ့ကို ထူထောင်ထားသူ ဦးအောင်မျိုးမင်းကဆိုသည်။ ယင်းသို့ကျင့်စဉ်တွင် အခြားသော အချက်ပေါင်းများစွာပါဝင်သော်လည်း ယင်းတို့ကို စောင့်ကြည့်မည့် အစိုးရ၏ယန္တရားများလိုအပ်သည်ဟု ၄င်းက ထောက်ပြသည်။

## အိုင်အင်န်ဂျီအိုများ၏ အားနည်းချက်၊ အားသာချက်

အဓိကတော့ အိုင်အင်န်ဂျီအိုသည် ပြည်တွင်းအင်န်ဂျီအိုများကို အားဖြည့်ပေးဖို့ဟု ဒေါက်တာအောင်ထွန်းသက်က ယူဆသည်။ ဥပမာ–ရခိုင်ပြည်နယ်ရှိ နယ်စည်းမခြားဆရာဝန်များအဖွဲ့ဆိုလျှင် မြန်မာနိုင်ငံတင်မကဘဲ ကမ္ဘာ့နိုင်ငံအတော်များများတွင် ကျန်းမာရေးစောင့်ရှောက်မှုများပေးနေသောကြောင့် သူတို့၏အတွေ့အကြုံသည် ပြည်တွင်းရှိ အင်န်ဂျီအိုများထက် ပိုများသော်လည်း ပြည်တွင်းရေးရာကိစ္စရပ်များအပေါ်တွင်တော့ ပြည်တွင်းအင်န်ဂျီအိုများက ပိုမိုသိရှိနားလည်ခံစားတတ်သည်ဟု ၄င်းက ဆိုသည်။

မြန်မာနိုင်ငံအတွင်းသို့ အိုင်အင်န်ဂျီအိုများဝင်ရောက်လာခြင်းသည် ယခင်စစ်အစိုးရလက်ထက်ကထက် ပိုများသည်ဟု နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများအကြား ချိတ်ဆက်ပေးနေသော ပေါင်းကူးအဖွဲ့မှ ဒေါက်တာကျော်သူကပြောသည်။ ယင်းသို့ အိုင်အင်န်ဂျီအိုများဝင်ရောက်လာခြင်းကြောင့် တိုင်းပြည်အတွင်း ဒီမိုကရက်တစ်အယူအဆများ၊ အတွေးအခေါ်များ၊ ဒီမိုကရေစီနည်းအရ အများဆန္ဒဖြင့်ဆုံးဖြတ်သည့်အလေ့အထများ ပိုမိုအားကောင်းလာသည်ဟု ၄င်းကဆိုသည်။

"အဓိကတော့ အကြောင်းအရာတစ်ခုကို အဆုံးအဖြတ်ပြုတော့မယ်ဆိုရင် တကယ့်သက်ဆိုင်တဲ့သူတွေ ပါဝင်ဆုံးဖြတ်လာနိုင်တာတွေ ရှိလာတယ်။ ဒါကြောင့် အများကြီးဝင်လာတဲ့အတွက် ကောင်းတယ်" သို့သော် အကောင်းဘက်မရောက်ဘဲ အဆိုးဘက်ဖြစ်လာနိုင်သည့် အကြောင်းရင်းတစ်ခုကိုလည်း ဒေါက်တာကျော်သူက ယခုလို မှတ်ချက်ပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလိုအပြောင်းအလဲမှာ အခြား နိုင်ငံတကာအဖွဲ့အစည်းတွေ အနေနဲ့ ရုတ်တရက်ဝင်လာကြရင်ဖြင့် တိုင်းပြည်ရဲ့ပကတိအခြေအနေကို မသိဘဲနဲ့ ဘာဖြစ်သင့်တယ်ဆိုတဲ့ အယူအဆမျိုးနဲ့ဝင်လာခဲ့မယ်ဆိုရင်၊ ပြည်တွင်းကအဖွဲ့အစည်းတွေနဲ့မတိုင်ပင်ဘဲ ခွတ်လုပ်ရင်တော့ မကောင်းတာတွေ ဖြစ်လာနိုင်တယ်"။

ယခင်စစ်အစိုးရလက်ထက်တွင် အိုင်အင်န်ဂျီအိုများအတွက် ပြည်တွင်းတွင်အကန့်အသတ်ဖြင့်သာ သက်ဆိုင်ရာကဏ္ဍအလိုက် လှုပ်ရှားခွင့်ရခဲ့သည်။ ယခုဦးသိန်းစိန်အစိုးရလက်ထက်တွင်မှ အိုင်အင်န်ဂျီအိုများအတွက် လွတ်လပ်မှုပိုလာသည်။ လှုပ်ရှားဆောင်ရွက်မှုများ ပိုအားကောင်းလာသည်။ ယင်းသို့အိုင်အင်န်ဂျီအိုများ ပိုမိုခြေသွက်လာသည်နှင့်အမျှ အစိုးရများအနေဖြင့် သတိကြီးကြီးထားဖို့လိုအပ်ကြောင်း ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။

မိမိတို့ရန်ကုန်တိုင်းမှ တွေ့ဆုံမေးမြန်းခဲ့သော ကျွမ်းကျင်သူများ၏ အဆိုအရတော့ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် အိုင်အင်န်ဂျီအိုများ အနေဖြင့်သက်ဆိုင်ရာအစိုးရများအပါအဝင 'ပြည်တွင်းမှ လူထုအခြေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်ကြောင်း' ထောက်ပြကြပါသည်။

အိုင်အင်န်ဂျီအိုတစ်ခုသည် ဒေသတစ်ခုကိုသွားမည်ဆိုပါက ထိုဒေသတွင်းမှာ ဘာတွေဖြစ်နေလဲဆိုတာကို အရင်သုံးသပ်ဖို့လိုပါသည်။ ယင်းသို့သုံးသပ်ရာတွင်လည်း ဒေသခံ များ၏ဆန္ဒတွေ၊ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ လိုအပ်ချက်၊ တင်ပြချက်စသည်တို့ကို အခြေခံရမည်ဟု ဦးအောင်မျိုးမင်းက ဆိုပါသည်။

"ကိုယ်ကတော့ ကိုယ့်အယူအဆနဲ့ကိုယ်လုပ်ချင်တဲ့ အစီအစဉ်နဲ့ သွားတယ်ဆိုပေမယ့် အဲဒီဒေသမှာ ကိုယ့်ရဲ့အယူအဆက အမှားကြီးဖြစ်နေရင် ဒေသခံတွေရဲ့ဆန့်ကျင်မှုကို ကြုံတွေ့ရနိုင်တယ်။ ဒုက္ခရောက်လာရင် ဘယ်သူ့ကိုမဆိုကူညီပေးရမယ်။ ဒုက္ခရောက်တဲ့သူကို ဒုက္ခရောက်တဲ့သူ အဖြစ်ပဲ မြင်ပေးရမယ်၊ ကူညီရမယ်။ ဒါမှဒေသခံတွေရဲ့ ထောက်ခံမှုကိုရမှာ ဖြစ်တယ်"ဟု ၎င်းကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိုင်အင်န်ဂျီအိုတွေ ပြည်တွင်းရေးကို ဝင်စွက်သလား

အကြောင်းအရာအမျိုးမျိုးဖြင့် အိုင်အင်န်ဂျီအိုများ ရပ်တည်ကြသည်။ တချို့ကဆေးကုပေးခြင်း၊ စာသင်ပေးခြင်းစသည်ဖြင့် ဝန်ဆောင်မှုကို ပေးကြသည်။ တချို့က လူ့အခွင့်အရေးအတွက် လှုပ်ရှားကြသည်။ တချို့ကလူမှုဖူလုံရေးလုပ်ငန်းတွေကိုလုပ်ကြသည်။ တချို့က လိုအပ်သည့် နည်းပညာပိုင်းအထောက်အပံ့ပေးကြသည်။ တချို့ကျတော့ ဝန်ဆောင်မှုပေးရင်း တစ်ဖက်ကလည်း အစိုးရ၏မူဝါဒပြောင်းလဲရေးကို တင်ပြလေ့ရှိသည်။ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းဟုဆိုသော အိုင်အင်န်ဂျီအိုများ၊ အင်န်ဂျီအိုများသည် ခက်ခဲသည့်အရာများ၊ အစိုးရပိုင်းမှ မလုပ်နိုင်သော အရာများကို ဝင်ရောက်ဖြည့်စွက်လုပ်ကိုင်ကြရသည်။ သို့သော် အမြဲတမ်း ဖြည့်ဆည်းပေးနေဖို့မဟုတ်ဘဲ တစ်ဖက်တွင်လည်း အစိုးရ၏လိုအပ်ချက်များကိုဝေဖန်ရသည်၊ ထောက်ပြရသည်ဟု ပေါင်းကူးမှ ဒေါက်တာကျော်သူက ဆိုသည်။

ပြီးခဲ့သည့် ရခိုင်ပြည်နယ်က ဒုချီးရားတန်းအဖြစ်အပျက်တွင် နိုင်ငံတကာအဖွဲ့အစည်းများက ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဖို့ နိုင်ငံတော်အစိုးရပိုင်းက တရားဝင်သတိပေးမှုများရှိခဲ့သည်။ နိုင်ငံတကာတွင်တော့ အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများတွင် လွတ်လပ်စွာပြောရေးဆိုခွင့်ရှိရမည်ဟု ဆိုထားသည်။

“အစိုးရရဲ့မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်ချက်များကို လွတ်လပ်စွာ ဝေဖန်တဲ့အဖွဲ့အစည်းများဖြစ်ရမယ်။ အစိုးရရဲ့မူဝါဒတွေကိုဝေဖန်မှသာ အစိုးရကပြင်မှာ”ဟု ဦးကျော်သူက ပြောသည်။

ကမ္ဘာ့နိုင်ငံများလက်ခံထားသော ပုံသေနည်းအတိုင်းပြောရလျှင် “အစိုးရတိုင်းသည် သူမှန်တယ်ထင်သည့် မူဝါဒများကို လုပ်လေ့ရှိသည်။ မူဝါဒတိုင်းတွင် ချို့ယွင်းချက်ရှိသည်။ အဲဒါကို ထောက်ပြတာသည် အရပ်ဘက်အဖွဲ့အစည်း”ဟု ဦးကျော်သူက ရန်ကုန်တိုင်းမ်သို့ ရှုတ်ပြသည်။ ၎င်းက ယခုလိုလည်းပြောသေးသည်။

“နိုင်ငံတကာအဖွဲ့အစည်းတွေဟာ အစိုးရကို ဝင်ရောက်စွက်ဖက်တာတော့မဟုတ်ဘူး။ ဒါပေမဲ့ မူဝါဒရေးရာမှာတော့ ဝေဖန်ပါလိမ့်မယ်။ မှားခြင်း၊ မှန်ခြင်းကိုခဏထား။ အခြေအနေပေါ်မူတည်ပြီးတော့ အများ

www.burmeseclassic.com

www.burmeseclassic.com



သဘောမတူတာလဲ ရှိကောင်းရှိမှာပေါ့။ အစိုးရဆိုတာကလဲ ဒီမိုကရေစီဆိုပြီး ဝေဖန်ပါပြောပေမယ့် ဝေဖန်တာကိုခံနိုင်ရည်ရှိချင်မှရှိမှာ"။

အိုင်အင်န်ဂျီအိုများဖြစ်စေ၊ လူထုအခြေပြုအဖွဲ့အစည်းများဖြစ်စေ ကိုယ့်တိုင်းပြည်တွင် အစိုးရ၏မှားယွင်းမှုကို ထောက်ပြခြင်းသည် 'နိုင်ငံရေးအခွင့်အရေး'သာဖြစ်သည်ဟု မြန်မာနိုင်ငံလူ့အခွင့် အရေးပညာပေးရေးဌာနမှ ညွှန်ကြားရေးမှူးကဆိုပါသည်။ ထိုသို့ယုံကြည် မှုတူညီသည့် အဖွဲ့အစည်းများ ပေါင်းစည်းကာ ပိုကောင်းသည့်မူဝါဒများဖြစ်ဖို့အတွက် အစိုးရကိုတွန်းအားပေးခြင်းသည်လည်း နိုင်ငံရေးအခွင့်အရေး "Political Right" ဖြစ်သည်ဟု ဆိုသည်။

"ဒါက ပြည်တွင်းရေးစွက်ဖက်တာမဟုတ်ပါဘူး။ အဲဒီလိုပြောလိုက်တိုင်းလဲ အစိုးရကို ပုတ်ခတ်တာ၊ အစိုးရကို ဂုဏ်သိက္ခာကျစေတယ်ဆိုတဲ့ အစွဲရှိနေသမျှတော့ ဘာပဲလုပ်လုပ် အစိုးရက ပြည်တွင်းရေး စွက်ဖက်တယ်လို့ပဲပြောမှာပဲ"ဟု ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းက ပြောသည်။

သို့သော် တိုင်းပြည်တစ်ပြည်ပျက်စီးဖို့အတွက် ဘာသာရေးပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခအပါအဝင် ပဋိပက္ခမျိုးစုံကို ဖန်တီးသည့်သွေးထိုးလှုံ့ဆော်မှုများကတော့ တိုင်းပြည်အတွက် မကောင်းသောလက္ခဏာများဖြစ်သည့်အတွက် မည်သည့်အိုင်အင်န်ဂျီအို၊ အင်န်ဂျီအိုမှ နောက်ကွယ်မှ မလုပ်သင့်၊ မနေသင့်ကြောင်း ၎င်းကသတိပေးသည်။

## အိုင်အင်န်ဂျီအိုတွေကို ဘယ်လိုကိုင်တွယ်မလဲ

တချို့အိုင်အင်န်ဂျီအိုများသည် ဒေသတွင်းအခြေအနေတွေကို သေချာနားမလည်ဘဲ ကိုယ်လုပ်ချင်တာတစ်ခုတည်းကိုပဲသိသည့်အတွက် ရည်ရွယ်ချက်ကောင်းသော်လည်း 'Do not harm' (နစ်နာမှုမရှိအောင်လုပ်သည်)အစား 'Do More Harm '(နစ်နာမှုပိုဖြစ် အောင်လုပ်သည်)သို့ ဖြစ်သွားကြသည်ဟု ဦးအောင်မျိုးမင်းကဆိုသည်။ ထို့ကြောင့် အိုင်အင်န်ဂျီအိုများအနေဖြင့် ဒေသခံပြည်သူများ၏အသံများ၊ ဆန္ဒများအပြင် အစိုးရခွင့်ပြုမှု၊ အစိုးရ၏ပူးပေါင်းဆောင်ရွက်မှုကိုပါရယူမှသာအကျိုးများစေမည်ဟု ၎င်းက သုံးသပ်သည်။

ထို့ပြင် အစိုးရအနေဖြင့် အိုင်အင်န်ဂျီအိုများအပေါ် အကိုင်အတွယ်

www.burmeseclassic.com

www.burmeseclassic.com



မပါးနပ်လျှင်လည်း တကယ်တမ်းအကျိုးရှိမည့်လုပ်ငန်းများ၊ အစီအစဉ်များကို ထိထိရောက်ရောက်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ဖြစ်တတ်သည်။ အစိုးရအနေဖြင့် အိုင်အင်န်ဂျီအိုများအပေါ် ချုပ်ကိုင်ဖို့မကြိုးစားဘဲ ဘယ်လိုမျိုးပူးပေါင်းလုပ်ဆောင်မလဲဆိုသည့် အတွေးမျိုးဖြင့် ကိုင်တွယ်ထိန်းကျောင်းသင့်သည်ဟု ဆိုပါသည်။

အာဆီယံလူထုညီလာခံ ဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးကတော့ အစိုးရအနေဖြင့် အိုင်အင်န်ဂျီအိုများအပေါ်ကိုင်တွယ်နိုင်မည့် နည်းလမ်းနှစ်ခုကို ချပြသည်။ မဖြစ်မနေမှတ်ပုံတင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ပြီးလုပ်ကိုင်ခွင့်ပြုခြင်းဖြစ်ပါသည်။ အိုင်အင်န်ဂျီအိုများ၏တာဝန်တွင် သူဘာလုပ်သလဲဆိုတာကို အစိုးရအား ပုံမှန်အစီရင်ခံစာတင်ရသည်။

ရရှိလာသည့်ငွေကြေးနှင့် သုံးစွဲသည့်ငွေကြေးကို အမှန်အတိုင်းတင်ပြရသည်။ အစိုးရနှင့် အိုင်အင်န်ဂျီအိုအကြားတွင် သံသယမရှိစေရ။ ပွင့်လင်းမြင်သာမှုရှိရမည်။ ထိုသို့ပူးပေါင်းလုပ်ဆောင်မှသာ အလုပ်ဖြစ်မည်ဟု အဆိုပါကော်မတီဝင်က ဆိုပါသည်။

"အစိုးရအနေနဲ့ အိုင်အင်န်ဂျီအိုတွေကို စောင့်ကြည့်ဖို့ဆိုတာထက် ဘယ်လိုမျိုးပူး ပေါင်းလုပ်ဆောင်နိုင်မလဲဆိုတဲ့ ပူးပေါင်းကော်မတီတစ်ရပ် အစိုးရအဖွဲ့ထဲမှာ လိုအပ်နေပါတယ်" ဟု ၎င်းကထောက်ပြသည်။

ပေါင်းကူးမှ ဒေါက်တာကျော်သူကမူ "ဗမာပြည်ဒုက္ခရောက်တာ အပြင်ကြောင့်ဖြစ်တာလား၊ ကိုယ့်ကြောင့် ရောက်တာလားဆိုတာ စဉ်းစားကြည့်ပါ။ ဗမာပြည်ချွတ်ခြုံကျတာသည် စီမံအုပ်ချုပ်ပုံညံ့ဖျင်းလို့ပဲ။ ဗမာပြည်အကျိုးယုတ်ရတာ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုညံ့ဖျင်းခဲ့လို့ ဖြစ်ရတာပါ။ စီးပွားရေးစီမံခန့်ခွဲမှုကမောက်ကမကြောင့်ဖြစ်နေတာ" ဟု ဆိုကာ သူ့အတွေ့အကြုံအရတော့ အိုင်အင်န်ဂျီအိုများကြောင့် အကောင်းလက္ခဏာသာတွေ့ရသည်ဟု သုံးသပ်သည်။

အိုင်အင်န်ဂျီအို၊ အင်န်ဂျီအိုများသည် အစိုးရမလုပ်နိုင်သော အလုပ်ကိုသာ ဦးတည်လုပ်ကိုင်သည်။ ထို့ကြောင့် အစိုးရတိုင်းက အိုင်အင်န်ဂျီအိုများအပေါ် ဘယ်လိုမြင်သလဲဆိုတော့ 'သူ့ရဲ့အားနည်းချက်ကို ဖော်တဲ့အဖွဲ့အစည်း'အဖြစ် မြင်လေ့ရှိသည်။ သူတို့၏မှဝါဒချို့ယွင်းချက်တွေကို ဖော်ထုတ်သည့်အတွက် အစိုးရများက အင်န်ဂျီအို၊ အိုင်အင်န်ဂျီအို

www.burmeseclassic.com

www.burmeseclassic.com



များအပေါ် သိပ်မကြိုက်လှဟု ၎င်းကပြောသည်။ ဦးကျော်သူအတွက် Principle ကောင်းသည့် နိုင်ငံတကာ အဖွဲ့အစည်းတွေဝင်လာသည်ကို အားပေးသည်၊ ကြိုဆိုသည်ဟု ဆိုပါသည်။

## အိုင်အင်န်ဂျီအိုများနှင့် ငွေကြေးအလွဲသုံးစားပြုမှု

"ဒီကောင်တွေက ဒုက္ခရောက်တဲ့သူနဲ့ အလှူရှင်တွေကြားမှာ အသိုက်အမြုံတစ်ခုအနေနဲ့၊အလွှာတစ်ခုအနေနဲ့လုပ်စားနေတဲ့သူတွေပဲ"ဟု အိုင်အင်န်ဂျီအိုတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသော အသက်၅၀ ကျော် အရွယ် ဦးအောင်မျိုးရှိန်ကပြောသည်။ သို့သော် အိုင်အင်န်ဂျီအို အများစု ကတော့ သူတို့၏ စီမံအုပ်ချုပ်ပုံစနစ်တကျရှိသည်ဟု ၎င်းကဆိုသည်။

"သူတို့ရတဲ့အလှူငွေနဲ့ သူတို့သုံးတဲ့ပမာဏကို တိတိကျကျမှန်မှန် တင်ပြတဲ့ အဖွဲ့အစည်း ဘယ်နှစ်ဖွဲ့ရှိလို့လဲ" ဟု ၎င်းကမေးခွန်းထုတ်သည်။ အစိုးရအနေဖြင့် အိုင်အင်န်ဂျီအို၊ အင်န်ဂျီအိုများအပေါ် ငွေရေးကြေးရေးနှင့် ပတ်သက်ပြီးအထူးသတိပြုဖို့လိုအပ်နေသည်၊ သေချာစောင့်ကြည့်သင့်သည် ဟု ၎င်းက အကြံပြုသည်။

ဦးအောင်မျိုးရှိန်သည် သူအလုပ်လုပ်နေသော အင်န်ဂျီအိုတစ်ခုမှ မတရားအလုပ်ထုတ်ခဲ့သည်ဟုဆိုကာ ပြီးခဲ့သည့်နှစ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုပြုလုပ်ခဲ့သူဖြစ်သည်။ "အိုင်အင်န်ဂျီအို၊ အင်န်ဂျီအိုမှာလုပ်နေတဲ့သူတွေဟာ မြန်မာတွေအပေါ် တကယ်စေတနာရှိလို့လုပ်ပေးနေတဲ့သူတွေ က လက်ချိုးရေလို့ရပါတယ်"ဟု အဆိုပါအသိုင်းအဝိုင်းတွင် နှစ်၂၀ ကျော် ကျင်လည်ခဲ့သူ ဦးအောင်မျိုးရှိန်က ပြောပါသည်။

ရန်ကုန်တိုင်းမှ မေးမြန်းခဲ့သော အိုင်အင်န်ဂျီအို၊ အင်န်ဂျီအိုလောကတွင် ကျင်လည်ခဲ့သူများကတော့ နိုင်ငံတကာအလှူရှင်များအနေဖြင့် အလှူပေး ကတည်းက လုပ်ငန်းအသုံးပြုမည့် ငွေပမာဏ၏ ၁၅ ရာခိုင်နှုန်းမှ ရာခိုင် နှုန်း၂၀အထိ လုပ်ငန်းလုပ်ကိုင်သူများကို ငွေကြေးအကျိုးခံစား ခွင့်ပြုထား သည်ဟုဆိုကြသည်။ ကျန်သည့် ရာခိုင်နှုန်း ၈၀ကျော်သည်လည်း အမှန် တကယ်လုပ်ငန်းတွင် အသုံးပြုသလား၊ စာရင်းရှင်းတမ်းသာရှိနေသည့် သဘောလားဆိုသည်ကို ဆန်းစစ်နိုင်မည့်စောင့်ကြည့်စနစ်၊ စောင့်ကြပ်အဖွဲ့ အစည်းများမရှိလျှင်လည်း အဆိုပါ ငွေကြေးများသည် အဆိုပါလုပ်ငန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေသူများ၏ အိတ်ကပ်ထဲသို့ ရောက်ရှိသွားတတ်သည်ဟု အိက်ခွဲ လတီးမြန်မာမှ ဦးအောင်မျိုးမင်းက ထောက်ပြသည်။

"ကိုယ်လုပ်တဲ့လုပ်ငန်းက လူထုအတွက်လား၊ ကိုယ့်အတွက်လားဆို တာကို အိုင်အင်န်ဂျီအိုတွေ၊ အင်န်ဂျီအိုတွေ သိဖို့လိုအပ်တယ်။ ဒါကို စနစ် တကျ စောင့်ကြည့်နိုင်တဲ့ အဖွဲ့အနေနဲ့လိုအပ်တယ်။ ပိုက်ဆံရဖို့အတွက် အင်န်ဂျီအိုထောင်တာမဟုတ်ပါဘူး။ ပြည်သူ့အတွက် အလုပ်လုပ်ဖို့ အင်န်ဂျီအို ထောင်တာပါ"ဟု ၎င်းက ထပ်ပြောသည်။

ယင်းသို့ လူထုက အလွဲသုံးစားမှုရှိလာပြီလို့ပြောလာရင်လည်း မရှိတဲ့အကြောင်း ပွင့်လင်းမြင်သာမှုရှိရှိရှင်းပြဖို့၊ သံသယကင်းကင်းဖြင့် ဖြေရှင်းနိုင်ဖို့ လိုအပ်သည်ဟု ဆိုပါသည်။

## အိုင်အင်န်ဂျီအိုတွေအပေါ် ယုံကြည်မှု လျော့နည်းလာ

"ဘာက်မလိုက်ပါဘူး"ဟု ကတိကဝတ်ပြုပြီးဝင်ရောက်လာသည့် ရခိုင်ပြည်နယ်အတွင်းက နယ်စည်းမခြားဆရာဝန်များအဖွဲ့သည် သူတို့ လုပ်ငန်းများအတွက် ဝန်ထမ်းခန့်အပ်ရာ၌ပင် ဘင်္ဂါလီစာတတ်မှခန့်အပ် သည်ဟု ရခိုင်ပြည်နယ်အမျိုးသမီးကွန်ရက်မှ ဒေါ်ညိုအေးက ပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင်လည်း ခွဲခြားဆက်ဆံမှု များရှိခဲ့သည်ဟု သူမကဆိုသည်။ ထို့အပြင် အဆိုပါအဖွဲ့ဝင်လာကတည်းက သူမကိုယ်တိုင် သုံးစွဲခဲ့သည့် သားဆက်ခြားဆေးများအပေါ် ယခုအခါ သံသယဖြစ်လာသည့်အကြောင်းကို ဒေါ်ညိုအေးက ယခုလိုပြောပါသည်။

"လစဉ်သုံး သားဆက်ခြားဆေးတွေကို နှစ် ၂၀လုံးလုံး သုံးခဲ့ရ တာပါ။ ဘင်္ဂါလီတွေကျတော့ သူတို့မော်လဝီတွေက ဘာသာရေးနဲ့ မကိုက်ညီဘူးဆိုပြီး မသုံးဖို့တားမြစ်ခဲ့တယ်။ ဘင်္ဂါလီတွေအတွက် ပေး ထားတဲ့သားဆက်ခြားဆေးတွေ စစ်တွေမြို့အနှံ့ ဘယ်နားသွားဝယ်ဝယ်ရ တယ်။ အထောက်အထားရှိပါတယ်။ ကျွန်မတို့ရခိုင်တွေကို လူမျိုးတုံးအောင် များ လုပ်နေသလား"။

လက်ရှိအချိန်ထိ သူတို့တောင်းဆိုထားသော 'နိုင်ငံတကာအဖွဲ့ အစည်းများ ရခိုင်ပြည်နယ်အတွင်းမှ ထွက်သွားရေး'ဆန္ဒပြမှုအပေါ် ရခိုင် ပြည်နယ်အစိုးရအနေဖြင့် ကိုင်တွယ်ဖြေရှင်းသည်ကို မတွေ့ရသေးသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ချိန်ချိန်တွင်ကိုင်တွယ်ဖြေရှင်းလာဖွယ်ရှိသည်ဟုသူမကဆိုပါသည်။

"သူတို့တွေဒီမှာဆက်ရှိနေရင်၊ ဒီလိုသာဆက်လုပ်နေရင် ရခိုင်ပြည်နယ်ကြီး ဘယ်လိုတည်ငြိမ်အေးချမ်းနိုင်ပါမလဲဆိုတာ သံသယဝင်တယ်လေ။ ဆက်ရှိနေရင်ပဋိပက္ခတွေဆက်ဖြစ်နေမှာပဲ။ ရခိုင်ပြည်နယ် လုံခြုံရေးအတွက်လဲစိုးရိမ်တယ်။ ဒါကြောင့်ပြည်သူတွေစုပေါင်းပြီး သူတို့ ဒီကထွက်သွားဖို့ တွန်းလှန်ဆန္ဒပြနေကြတာ"ဟု ဒေါ်ညိုအေးက ပြောသည်။

နိုင်ငံသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည့် အိုင်အင်န်ဂျီအိုများအတွက် နိုင်ငံသားများ၏အယုံအကြည်ခံရမှုသည် အဓိက လိုအပ်သည်ဟု ပါမောက္ခဒေါက်တာ အောင်ထွန်းသက်က ထောက်ပြသည်။

"ယုံကြည်မှုက အခြေခံပဲ။ ယုံကြည်မှုပျက်ပြားရင် နှစ်ဦးနှစ်ဖက် ရှေ့ဆက်လို့မရတော့ဘူး"ဟု ဒေါက်တာအောင်ထွန်းသက်က ဆိုသည်။ ယခုလိုရခိုင်ပြည်နယ်တွင်ဖြစ်သည့်ကိစ္စဆိုရင် နှစ်ဦးနှစ်ဖက်ပွင့်လင်း မြင်သာမှုရှိရှိ ဆွေးနွေးဖို့လိုသည်။ ယခုပြဿနာကိုဖြေရှင်းပြီး အနာဂတ်အတွက် သင်ခန်းစာယူသင့်သည်ဟု ၎င်းကပြောသည်။ အဘယ်ကြောင့်ဆိုသော် အိုင်အင်န်ဂျီအိုများ၊ အင်န်ဂျီအိုများ၊ နိုင်ငံသားများသည် ကမ္ဘာတည်သရွေ့ ရှိနေမှာမို့ဖြစ်သည်။

တစ်ဖက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အကန့်အသတ်များကို အထိုက်အလျောက် ဖွင့်ပေးလိုက်သလို အိုင်အင်န်ဂျီအိုများအနေဖြင့်လည်း လွတ်လပ်မှုနှင့်အတူ တာဝန်ယူမှုကိုပါ လိုက်နာဆောင်ရွက်ဖို့လိုသည်ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

"ကိုယ်လုပ်ချင်တာကို လုပ်လို့မရဘူး။ နိုင်ငံတော်အစိုးရက လုပ်ခွင့်ပေးတာကို လေးစားရမယ်။ လေးစားမှုမရှိဘဲ လုပ်ချင်ရာလုပ်မယ်ဆိုရင် သူတို့အတွက် လုပ်ရကိုင်ရတာ ပိုခက်ခဲမယ့်အခြေအနေတွေ ဖြစ်လာနိုင်တယ်"ဟု ၎င်းက ဆိုသည်။

မည်သည့်အစိုးရမဆို ပြည်တွင်းမှာရှိသည့် ရပ်တည်မှုကိုတော့ အထိ ခိုက်ခံလေ့မရှိကြောင်း၊ မထိခိုက်အောင်လည်း ဆောင်ရွက်တတ်ကြကြောင်း၊ တချို့နိုင်ငံများဆိုရင် အိုင်အင်န်ဂျီအိုများကို ဝင်ခွင့်မပြုသည့် အဆင့်ထိတောင်ရှိခဲ့ကြောင်း သူ့အတွေ့အကြုံများနှင့်ယှဉ်ကာ ဒေါက်တာ အောင်ထွန်းသက်က ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်စည်းမထားဆရာဝန်များအဖွဲ့ဆိုရင် မြန်မာပြည်ကျပ်တည်းစဉ် အခါက မည်သူမျှမလုပ်နိုင်သည့် အလုပ်များကို ပြည်တွင်းတွင်လုပ်ခဲ့သည်။ နယ်စုံပယ်စုံမှ လူတန်းစားတွေအတွက် ကျန်းမာရေးဝန်ဆောင်မှုပေးခဲ့သည်။ တစ်ချိန်တည်းတွင် အစိုးရကိုလည်း ဘယ်သူမှမပြောရဲသည့် ဝေဖန်မှုများကို ပြည်တွင်းမှာနေပြီး ပြုလုပ်ခဲ့သည်။ အလားတူ ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ သောမတ် ကင်တားနားဆိုရင်လည်း မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေများကို ထောက်ပြပြောဆိုခဲ့သူဖြစ်သည်။

ယခုလည်း သူတို့၏ပြောပုံပြောနည်း၊ ကြည့်ပုံကြည့်နည်းဖြင့်သာ ဆက်လုပ်သည်။ သို့သော် တစ်ဖက်နှင့်တစ်ဖက် အမြင်မတူဘဲကွဲလွဲမှုများ ကနေ ယခုလိုဆန္ဒပြခံရသည့် အဆင့်တွေဖြစ်ကုန်သည်ဟု ဒေါက်တာ ကျော်သူက ယူဆသည်။

"အလုပ်တစ်ခုလုပ်တဲ့အခါ ဒေသခံတွေ၊ ပြည်သူတွေရဲ့ပါဝင်မှုသည် အရေးအကြီးဆုံးလို့ပြောခဲ့ပါတယ်။ ဘယ်နေရာမှာပဲလုပ်လုပ်၊ နိုင်ငံတကာ အဖွဲ့အစည်းပဲဖြစ်ဖြစ်၊ ပြည်တွင်းက အရပ်ဘက်အဖွဲ့အစည်းပဲဖြစ်ဖြစ် သူတို့ရဲ့ နဂိုမူလအခြေခံအကြောင်းတရားကိုသိဖို့လိုအပ်ပါတယ်။ ဒေသခံ ရခိုင်တွေ အမြင်မကြည်တဲ့အပေါ်မှာတော့ အကြောင်းအမျိုးရှိလိမ့်ဦးမယ်"ဟု ဒေါက်တာကျော်သူက သူ့ထင်မြင်ချက်ကိုပြောပြသည်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်တို့၊ ဦးအောင်မျိုးမင်းတို့က တော့ ယခုလိုကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြည်တွင်းပြည်ပမီဒီယာများ အနေဖြင့် အခြေအနေမှန်ကိုသာ ဖော်ထုတ်ရေးသားပေးဖို့ တောင်းဆိုကြ သည်။ "အစိုးရရဲ့ အားနည်းချက်ကိုလဲ ထုတ်ဖော်ဖွင့်ချဖို့လိုသလို အိုင် အင်န်ဂျီအိုတွေမှာ အားနည်းနေရင်လဲ ထုတ်ဖော်ပြောဖို့လိုပါတယ်။ အစိုးရ ရဲ့လုပ်ငန်းတွေမှာ ပြည်သူတွေကစောင့်ကြပ်သလို အိုင်အင်န်ဂျီအိုတွေမှာ လွဲမှားနေတာတွေရှိရင်လဲ မီဒီယာအပါအဝင် ပြည်သူတစ်ရပ်လုံးက စောင့် ကြပ်ဖို့၊ ထုတ်ဖော်ဖို့လိုအပ်ပါတယ်"ဟု ဦးအောင်မျိုးမင်းက ဆိုသည်။

မီဒီယာများအနေဖြင့် ကိုယ့်သတင်းရောင်းရရေးအတွက် အခြေ အမြစ်မရှိသည့်စွပ်စွဲချက်များကို ရေးသားနေကြမည်ဆိုရင် အားလုံးကိုထိခိုက် စေမည်ဟု ၎င်းက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com




မည်သို့ဆိုစေ နိုင်ငံတကာအဖွဲ့အစည်းများကို ရခိုင်ပြည်နယ်အတွင်းမှ ထွက်သွားဖို့ အလိုရှိနေကြသော စစ်တွေမြို့မှာဆန္ဒပြသူ လူအုပ်ကြီးများကြားက ဆန္ဒပြခေါင်းဆောင်ဒေါ်ညိုအေးကတော့ ယခုလိုသန္နိဋ္ဌာန်ချထားသည်။

"သူတို့ထွက်မသွားရင် ရခိုင်တစ်ပြည်နယ်လုံး မြို့အနှံ့ ဆန္ဒထုတ်ဖော်ဖို့အဖွဲ့တွေချိတ်ဆက်ထားတယ်။
မထွက်၊ထွက်အောင်ဆန္ဒပြဖို့"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၉)*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ အလွန် ကာချုပ်ကြီး ဘယ်ရွေ့မလဲ

ကနေဦးအနေဖြင့် "လက်ရှိမြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၅ခုနှစ်အလွန် မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် သမ္မတသို့မဟုတ်ဒုတိယသမ္မတဖြစ်လာနိုင်ပါသလား" ဟု မေးခွန်းထုတ်မည်ဆိုပါက နှင်းမှုန်ကြားတွင် ပျံသန်းနေသည့် လင်းယုန်ငှက်တစ်ကောင်ကို မျှော်ကြည့်ရသလိုဖြစ်ပေလိမ့်မည်။ မှုန်မှုန်ဝါးဝါးနှင့် မသဲမကွဲနိုင်လှသည်။ သို့သော် အမေးရှိလျှင်အဖြေရှိပါသည်။

ထိုမေးခွန်းအပေါ် မြန်မာ့အရေးကျွမ်းကျင်သူ ဆွီဒင်နိုင်ငံသား သတင်းစာဆရာ ဘာတေးလင်တ်နာက ယခုလိုသုံးသပ်ဖြေဆိုပါသည်။

"ကာချုပ်မင်းအောင်လှိုင် ရာထူးကအနားယူပြီး နောက်ပိုင်းကာလအတွက်ပြင်ဆင်နေတယ်ဆိုတာ ရှင်းပါတယ်။ အရင်ကထက်လူထုရှေ့ကို မကြာခဏထွက်ပြလာတယ်။ တချို့လူတွေက ဒုတိယသမ္မတဆိုတာထက်ပိုပြီးတော့ ၂၀၁၅နောက်ပိုင်းမှာ သမ္မတဖြစ်လာမယ်လို့ ခန့်မှန်းတာတွေ ရှိလာတယ်။ ဒါပေမယ့် ဦးသိန်းစိန်၊ သမ္မတဆက်ဖြစ်ပြီး ကာချုပ် မင်းအောင်လှိုင်က ဒုတိယသမ္မတဖြစ်လာနိုင်ဖွယ်လဲရှိပါတယ်။ ဦးသိန်းစိန်ဟာ နိုင်ငံတကာအထိထင်ရှားပြီးစစ်မှုထမ်းခဲ့ဖူးတဲ့သူ့ကို တပ်မတော်အနေနဲ့ လွှမ်းမိုးထားနိုင်တာကလဲ ကာချုပ်မင်းအောင်လှိုင်အတွက် အရေးပါတဲ့အချက်ပါ"။

မျှော်လင့်မထားသည့်အရာများကို ဖန်တီးတတ်သောအနာဂတ်ကို ဟောကိန်းထုတ်ရသည်က အင်မတန်ခက်ခဲသည်မို့ လာမည့်အပြောင်းအလဲအတွက် "ဘာတွေဖြစ်လာမယ်ဆိုတာတိတိကျကျပြောဖို့ခက်ပါတယ်"ဟု ဘာတေးက ပြောသည်။

အလားတူနိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးရဲအောင်က

www.burmeseclassic.com



လည်း ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်သည် တပ်မတော်သားကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သော ဒုတိယသမ္မတတစ်ယောက်အနေဖြင့် မြန်မာနိုင်ငံရေးအခင်းအကျင်းတွင်ပါဝင်လာလိမ့်မည်ဟု ထင်ကြေးပေးသည်။

"ဘာလို့လဲဆိုတော့ လက်ရှိသူဟာ တပ်မတော်ရဲ့အနီးကပ်အကြံ အကဲတစ်ယောက်ဖြစ်နေတာကိုး။ အခုလက်ရှိလဲ တပ်မတော်ကို ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ကောင်းကောင်းထိန်းကျောင်းနေနိုင်တယ်လို့ ကျွန်တော်တို့မြင်နေရတယ်။ ဒါကြောင့်မို့ သူဟာ ဒီနိုင်ငံရေးဖြစ်စဉ်ပေါ်မှာ ဆက်ပြီး ပါဝင်လာလိမ့်မယ်"ဟု ဦးရဲအောင်က ဆိုပါသည်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့သည် တပ်မတော်သားဒုသမ္မတတစ်ယောက်ကို သေချာပေါက်ရွေးချယ်ခွင့်ရှိနေသည်။ "ဆိုတော့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပဲဖြစ်ဖြစ်၊ အခြားတပ်မတော်သားတစ်ယောက်ပဲဖြစ်ဖြစ် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ကသာတင်မယ်ဆိုရင် တပ်မတော်က ဒုသမ္မတတစ်ယောက်တော့ရမှာ အသေအချာပဲ"ဟု စစမျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ၊ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးက ရန်ကုန်တိုင်းမ်သို့ပြောသည်။

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း–၃၊ ပုဒ်မ–၆၀ပါ ပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်မြို့နယ်များကို အခြေခံကာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့နှစ်ဖွဲ့နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ ဒုတိယသမ္မတတစ်ဦးစီကို လွှတ်တော်ကိုယ်စားလှယ်ထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့်ထဲမှဖြစ်စေ ရွေးချယ်ပေးရမည်ဖြစ်သည်။ အဆိုပါနိုင်ငံတော်သမ္မတလောင်းများဖြစ် သည့် ဒုတိယသမ္မတသုံးဦးအနက် ကြိုက်နှစ်သက်ရာဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည်ဟု ဆိုထားသည်။

လက်ရှိအခြေအနေများအရ ကာချုပ်မင်းအောင်လှိုင်တစ်ယောက် သမ္မတဖြစ်ရေး၊ မဖြစ်ရေးကို Focus ဖြတ်လို့ရသည်ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌဦးခင်စိုးက ပြောသည်။

"မင်းအောင်လှိုင်က ဒီနေ့အထိ လုပ်တာကိုင်တာ ယုံသည်တည်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်ပဲ၊ အမှားကို ထောက်ပြစရာမရှိသလောက်ပဲ။ ဦးရွှေမန်းမှာ အမှားရှိတယ်။ ဒေါ်စုမှာကလဲ၅၉(စ)ရှိနေတယ်။ ဦးသိန်းစိန်ကျတော့လဲ ကျန်းမာရေးရှိနေတယ်။(မင်းအောင်လှိုင်က)အသက်ကလဲ အငယ်ဆုံး၊ နောက်မှာကလဲ ၂၅ရာခိုင်နှုန်းရှိနေတယ်။ တပ်မတော်အားမပါဘဲနဲ့ သမ္မတလုပ်ဖို့ ဆိုတာ မလွယ်ဘူး။ ဒီတော့ မင်းအောင်လှိုင်ထက် အခြေအနေကောင်းတဲ့လူ မရှိနိုင်ဘူး"ဟု ဦးခင်စိုးကဆိုသည်။ ထို့ပြင် တိုင်းပြည်၏ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုကြည့်လျှင်လည်းပြည်ထဲရေး၊ နယ်စပ်ရေးရာနှင့်နိုင်ငံခြားရေးစသည်ဖြင့် တန်းစီဇယားတွင်လည်း ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်သည် ထိပ်ဆုံးတွင်ရှိနေသည်ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလတတိယအပတ်က ပြည်ထောင်စု လွှတ်တော်နာယက သူရဦးရွှေမန်းအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီသို့ပေးပို့သော လုပ်ငန်းစဉ်ငါးချက်အနက် အချက်တစ်ချက်သည် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် သမ္မတဖြစ်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်စေသည်ဟု ပြည်တွင်းပြည်ပ နိုင်ငံရေးလေ့လာသူများ၊ နိုင်ငံလုပ်ငန်းဆောင်ရွက်နေသူများအကြား ဝေဖန်မှုများရှိခဲ့သည်။ အဆိုပါအချက်မှာ "နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးအဆင့် အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များအဖြစ် ခန့်အပ်ပေးရာ၌ ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်များကိုသာ ခန့်အပ်ခြင်းဖြင့် ဒီမိုကရေစီဖော်ဆောင်မှုနှင့် ညီညွတ်စေရေး"ဟု ဆိုပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတ သို့မဟုတ် ဒုသမ္မတဖြစ်ဖို့အတွက် အတားအဆီးမရှိသော်လည်း အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အတွက် မြန်မာနိုင်ငံသားမဟုတ်သော သားနှစ်ယောက်ကြောင့် အတားအဆီးခံနေရသည်။ သို့သော် သူရဦးရွှေမန်းသည် ကာကွယ်ရေးဦးစီးချုပ်ကို သမ္မတသို့မဟုတ် ဒုသမ္မတဖြစ်ဖို့ အတားအဆီးဖြစ်လာနိုင်သည်ဟု ဘာဝေးလင်တ်နာက ယူဆသည်။ "စစ်တပ်က မင်းအောင်လှိုင်ကို ဒုတိယသမ္မတအနေနဲ့ရွေးချယ်ကြလိမ့်မယ်။ သူရဦးရွှေမန်းကလဲ ကာချုပ်မင်းအောင်လှိုင်ကို တပ်မတော်သားတွေက သူတို့ရဲ့ဒုတိယသမ္မတအနေနဲ့ရွေးချယ်နိုင်တယ်လို့ ယုံကြည်နေတယ်"ဟု ရင်ဘုန်တိုင်းမ်ကို အီးမေးလ်ဖြင့်ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်သည် ယေဘုယျအားဖြင့်ကြည့်လျှင် တကယ့်ကို ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ထောက်ခံမှုများရှိသော်လည်း နိုင်ငံတော်အတွက် အကျပ်အတည်းဖြစ်သည့် ကာလမျိုးတွင် ရွေးကောက်ခံကိုယ်စားလှယ်ထဲက ရွေးချယ်ဖို့မလုံလောက်တော့ဘဲ အခြားပညာရပ်ဆိုင်ရာကျွမ်းကျင်သူများဖြစ်စေ၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်အသီးသီးမှ လူရိုသေရှင်ရိုသေကျွမ်းကျင်သူများဖြစ်စေ၊ ခေါ်ယူတာဝန်ပေးရာတွင် အခက်အခဲများဖြစ်ပေါ်နိုင်သည်ဟု ဦးကိုကိုကြီးက ထောက်ပြသည်။ ထိုအချက်ကြောင့် တိုင်းပြည်အတွက် အရေးပေါ်လိုအပ်သည့်အခါ ကျင့်သုံးနိုင်သောအခွင့်အလမ်းများဆုံးရှုံးသွားမည်ကို စိုးရိမ်ကြောင်း သူကယခုလိုပြောသည်။

"စစ်တပ်က နိုင်ငံရေးထဲမှာပါဝင်ပတ်သက်နေတာကို ဖယ်ရှားဖို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပါတဲ့ စစ်တပ်ပါဝင်ပတ်သက်မှုနဲ့ဆိုင်တဲ့ အခန်းတွေကို တဖြည်းဖြည်းချင်း ပြင်ဆင်သွားရမယ့်အပိုင်း၊ တစ်ဖက်ကတော့ ရွေးကောက်ခံမှသာ အစိုးရအဖွဲ့ရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရှိတယ်ဆိုတာမျိုးကတော့ အစောကလို လိုအပ်လို့ပညာရှင်တွေကို ဖိတ်ခေါ်တာဝန်ပေးရတဲ့ အခွင့်အရေးတွေဆုံးရှုံးသွားနိုင်တယ်"။

ထိုအချက်သည်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အတွက် သမ္မတ သို့မဟုတ် ဒုသမ္မတဖြစ်လာနိုင်သည်ဆိုသော ယူဆချက်များကိုအားကောင်းစေခဲ့သည်။ အသက်အရွယ်အားဖြင့် ဖဝပြည့်တော့ မည့်ကာကွယ်ရေးဦးစီးချုပ်သည် လာမည့် ၂၀၁၅ ခုနှစ် အကုန်ကာလတွင် ရာထူးမှ အနားယူလိမ့်မည်ဟု ပြည်တွင်းမီဒီယာတချို့တွင် ဖော်ပြခဲ့ကြသည်။ ထိုသတင်းကို လက်ရှိတပ်မတော်သားကိုယ်စားလှယ်တချို့က အတည်ပြုပေးထားသည်။

## ကာချုပ်အပေါ် နိုင်ငံရေးသမားတွေဘယ်လိုမြင်လဲ

နဂိုကတည်းက ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်သည် စစ်သားတစ်ယောက် ဖြစ်သည်ဆိုခြင်းထက် ပိုသောအမြင်များပေးရန် သိပ်မရှိလှ။ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အပေါ်တွင်လည်း မည်မည်ရရ စကားဝင်မပြောခဲ့၊ အမြဲတမ်းနှုတ်ဆိတ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှဝင်မပြောသလို ဘာတွေကိုပြောင်းလဲစေခဲ့သလဲဟု ဆိုပြန်လျှင်လည်းဘာတစ်ခုမှ သိပ်ပြောင်းလဲတာကို မတွေ့ရဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးရဲအောင်က ဆိုပါသည်။

"သူ့သွားဖို့အတွက် ချပေးထားတဲ့လမ်းကြောင်းအတိုင်းပဲ ဆက်သွားမယ်လို့ ကျွန်တော်မြင်တယ်။ တကယ့်နိုင်ငံရေးအပြောင်းအလဲအပေါ် ထဲထဲဝင်ဝင်လုပ်ချင်တဲ့ ဆန္ဒရှိပုံမရပါဘူး။ သူလုပ်ချင်တာက တပ်မတော်ကိုပဲပရော်ဖက်ရှင်နယ်တပ်မတော်ဖြစ်အောင်လုပ်ချင်တဲ့ ဆန္ဒမျိုးကိုပဲ တွေ့ရပါတယ်"ဟု ဦးရဲအောင်က ဆိုသည်။

မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင်လည်း တပ်မတော်၏အခန်းကဏ္ဍကို ထိုမျှအတိုင်းအတာထိသာဖွင့်ပေးကာ အနောက်နိုင်ငံများနှင့် ဆက်ဆံသည့် သဘောမျိုးရှိနေပြီး အခြားသော ထူးခြားသည့် ပြောင်းလဲမှုမျိုးကို ကာချုပ်ကြီး မင်းအောင်လှိုင်တွင် မတွေ့ရဟုဆိုပါသည်။ ကာချုပ်ကြီး၏ သဘောထားကိုကြည့်ခြင်းအားဖြင့် စစ်တပ်သည် သီးခြားအခန်းကဏ္ဍတစ်ရပ်ကနေ မြန်မာ့နိုင်ငံရေးကိုထိန်းကျောင်းမည်ဆိုသည့် အယူအဆမျိုးကို မြင်တွေ့နေရသည်ဟုဆိုသည်။ "သီးခြားအခန်းကဏ္ဍဆိုတာ ထိုင်းနိုင်ငံလိုပုံစံမျိုးတော့မဟုတ်ဘူး။ အုပ်ချုပ်ရေးပုံစံမျိုးနဲ့မဟုတ်ဘဲနဲ့ မြန်မာ့နိုင်ငံရေးကို သီးခြားအခန်းကဏ္ဍကနေ ထိန်းကျောင်းသွားမယ့်ပုံစံမျိုးဖြစ်ပါတယ်"ဟု ဦးရဲအောင်က ပြောသည်။

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နဲ့ပတ်သက်ပြီးတော့ "ပုဂ္ဂိုလ်ရေး ထိတွေ့မှုက ကျွန်တော်တို့မှာဘာမှမရှိသေးဘူး"ဟု စစမျိုးဆက်ကျောင်းသားခေါင်းဆောင်ဦးကိုကိုကြီးကပြောသည်။ သို့သော် တပ်မတော်နှင့် နိုင်ငံရေးသည် ကင်းရှိနေဖို့လိုသည်ဟု သူကဆိုသည်။

## တပ်မတော်အယူအဆနှင့် နိုင်ငံရေးအမြင်ကွဲလွဲနေ

"လောလောဆယ်အခြေအနေမှာ စစ်တပ်က နိုင်ငံရေးလုပ်နေတယ်။ အဲဒါကို နာမည်အမျိုးမျိုးနဲ့ အမျိုးသားနိုင်ငံရေးတို့၊ ပါတီနိုင်ငံရေးတို့ လျှောက်ပြောနေပေမယ့် နိုင်ငံရေးလုပ်နေတာပါပဲ" ဟု လက်ရှိစစ်တပ်၏ နိုင်ငံရေးအပေါ် ပါဝင်ပတ်သက်နေမှုအပေါ် ဦးကိုကိုကြီးက ရှင်းပြသည်။ နိုင်ငံရေးလုပ်လျှင် နိုင်ငံရေးအင်အားစုများနှင့်ထိတွေ့မှု၊ ဆွေးနွေးမှုများ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်သည်ဟု သူကအကြံပြုသည်။

ဆိုလိုသည်က ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အနေဖြင့် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့ကြောင့် မြန်မာ့နိုင်ငံရေးအခင်းအကျင်းထဲသို့ ရောက်လာသည်ဖြစ်စေ၊ တခြားတပ်မတော်ခေါင်းဆောင်တစ်ဦး ရောက်လာသည်ဖြစ်စေ ထိုသူတို့သည် အရပ်ဘက်နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့် ရင်းရင်းနှီးနှီးထိတွေ့ဆက်ဆံတာတွေ၊ ဆွေးနွေးမှုတွေ ပြုလုပ်သင့်သည်ဟု ဦးကိုကိုကြီးက ဆိုသည်။

"ဒါမှအပြန်အလှန်နားလည်မှုတည်ဆောက်နိုင်မယ်။ အဲတော့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ တပ်မတော်သားအစုအဖွဲ့ကနေ တင်မြှောက်တဲ့ ဒုသမ္မတဖြစ်လာမယ်ဆိုရင်လဲ ဒုသမ္မတတာဝန်အပြင် အရပ်သားနိုင်ငံရေးအင်အားစုတွေ၊ တိုင်းရင်းသားနိုင်ငံရေးအင်အားစုတွေနဲ့ ထိတွေ့ဆက်ဆံမှုတွေကိုပိုပြီးတော့ အာရုံစိုက်သင့်တယ်"ဟု သူက ဆက်ပြောသည်။

လတ်တလောအခြေအနေတွင် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်အပေါ် အုပ်ချုပ်မှုအပိုင်းရော၊ တပ်မတော်သားကိုယ်စားလှယ်များ လွှတ်တော်ထဲတွင် ရပ်တည်ရေးစသဖြင့် ထိစပ်နေပြီးသားမို့ အတွေ့အကြုံရှိပြီးသား ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ပါသည်။ သို့သော်သူ့အနေဖြင့် အရပ်ဘက်နိုင်ငံရေးကို မှန်မှန်ကန်ကန်နားလည်နိုင်ဖို့ သုံးသပ်နိုင်ဖို့ လိုအပ်သည်ဟု ဦးကိုကိုကြီးက ယခုလိုပြောဆိုသည်။

"စိုးရိမ်တာက လုံခြုံရေးအဖွဲ့အစည်းတော်တော်များများဟာ ကျွန်တော်တို့ကိုဆက်ဆံတဲ့အခါ အောက်ခြေမှာရှိတဲ့သတင်းထောက်လှမ်းတဲ့၊ စုဆောင်းတဲ့ပုဂ္ဂိုလ်တွေဆီက စားပွဲပေါ်တက်လာတဲ့အချက်အလက်တွေ၊ စာရွက်စာတမ်းတွေအပေါ်မှာမူတည်ပြီး ဆုံးဖြတ်လေ့ရှိတယ်။ ဒါလုံခြုံရေးတပ်ဖွဲ့အကြီးအကဲတွေအားလုံးပဲ။ သဘောကတော့ မျက်လုံးချင်းဆုံပြီး ဆွေးနွေးပြောဆိုပြီး အကဲခတ်ရတဲ့အချက်အလက်နဲ့စာရွက်ပေါ်မှာ 'ဒီလူက ဘယ်တုံးက ဘယ်လိုပြောခဲ့တယ်၊ ဒီလူက သဘောထားပြင်းထန်တဲ့သူ၊ ပျော့ပျောင်းတဲ့သူ စသဖြင့်' သူတို့ဘာသာသူတို့ စာရွက်ပေါ်မှာ သုံးသပ်ပြီး အုပ်စုတွေခွဲပြီးဆုံးဖြတ်နေတာဟာ တကယ့်နိုင်ငံရေးအတွက် တော်တော်ကို ကွဲလွဲမှုတွေကို ဖြစ်စေတယ်"။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအချိန်တွင် စစ်တပ်သည် မြန်မာ့နိုင်ငံရေးထဲတွင် ပါဝင်ပတ်သက်နေသောကြောင့် နိုင်ငံရေးဆန်ဖို့တော့ လိုအပ်သည်ဟု ၎င်းက သတိပေးသည်။ အရပ်ဘက်နိုင်ငံရေးအင်အားစုများသည် ကိုယ့်အမြင်၊ ကိုယ့်အယူအဆများကို လူထုနှင့်ထိတွေ့ကာ ပြောဆိုဆက်ဆံမှုတွေ အမြဲတမ်းလုပ်လေ့ရှိသော် လည်း စစ်ဘက်ဆိုင်ရာများသည် အမြဲတမ်းလိုလို လုံခြုံရေးရှုထောင့်မှကြည့်ကာ တစ်ဖက်လူများ၏ ဆန္ဒသဘောထားများကိုသာ သိရှိဖို့ကြိုးစားကြသည်။

"တတ်နိုင်သလောက် သူတို့ရဲ့ဆုံးဖြတ်ချက်၊ သူတို့ရဲ့ သဘောထားဆိုရင် လျှို့ဝှက်ထားရမယ်၊ ထိန်းချုပ်ထားရမယ်ဆိုတာ သူတို့ရဲ့ လေ့ကျင့်သင်ကြားမှုကလာတာ။ သူက ရန်သူနဲ့ထိတွေ့တဲ့၊ တိုက်ခိုက်တဲ့ သဘာဝကိုပဲ လေ့ကျင့်ထားတဲ့အခါကျတော့ တကယ်လို့များ ကိုယ့်ဘက်က သတင်းထုတ်ပြန်တော့မယ်ဆိုရင်လဲ ရန်သူဘက်က သတင်းအမှားတွေရအောင်၊ ဝေဝါးသွားအောင်လုပ်ဖို့တို့အစရှိသဖြင့် စစ်ဘက်ဆိုင်ရာပရိယာယ်တွေ အများကြီးရှိတယ်"ဟု ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်က ပြောသည်။

"တပ်မတော်နဲ့ အရပ်ဘက်နိုင်ငံရေးအင်အားစုတို့ရဲ့ အဓိကကွာဟတဲ့ ပြဿနာပဲ။ ဘာလို့လဲဆိုတော့ တစ်ချိန်လုံးသူက ရန်သူကိုလှည့်စားဖို့၊ လက်ဦးမှုယူဖို့၊ တိုက်ဖို့ဆိုပြီး လေ့ကျင့်သင်ကြားထားတဲ့ပုဂ္ဂိုလ်တွေဟာ နိုင်ငံရေးမှာ ပါဝင်ပတ်သက်လာတဲ့အခါကျတော့ သူတို့ရဲ့နိုင်ငံရေးသဘောထား၊ အယူအဆ၊ ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်သိဖို့ဆိုတာ ထိတွေ့ဆက်ဆံမှုများလာမှသာ အကဲခတ်နိုင်လိမ့်မယ်"ဟု ဆိုသည်။

## ကာချုပ်အရွေ့သည် မြန်မာ့နိုင်ငံရေးနှင့် စစ်တပ်အတွင်း ဘယ်လိုပြောင်းလဲစေမလဲ

၂၀၁၅ခုနှစ်လွန် မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ်တွင် ကာချုပ်ကြီးပဲဖြစ်စေ၊ အခြားမည်သူပင်ပါဝင်သည်ဖြစ်စေ၊ နံပါတ်(၁)နေရာမှ အရေးပါနေသော ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မလုပ်နိုင်သေးသရွေ့ ကောင်းမွန်သောနိုင်ငံရေးအခင်းအကျင်းသစ်တစ်ခု ဖြစ်လာဖွယ်မရှိဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှဦးရဲအောင်က ဆိုသည်။

"ဒါကိုလုပ်နိုင်မှ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းကို ဖြစ်စေမှာပါ။

www.burmeseclassic.com



မပြောင်းလဲနိုင်ဘူးဆိုရင်တော့ ဘယ်သူပဲပါဝင်လာ၊ ပါဝင်လာ၊ ဒီဘောင်ထဲကနေ လှုပ်ရှားနေရတာဖြစ်လို့ ဒီမူဘောင်အတိုင်းပဲ သွားနေဦးမှာပဲ။ ဘာမှအပြောင်းအလဲ သိပ်ရှိမှာမဟုတ်ပါဘူး"ဟု ဦးရဲအောင်က ယူဆသည်။ ဦးကိုကိုကြီးကလည်း ထိုကဲ့သို့ပဲမြင်ပါသည်။

"သူတာဝန်ယူပြီးတဲ့အချိန်မှပဲသိမှာဗျ။ ပြောကြစတမ်းဆိုရင်တော့ ဒုတိယသမ္မတတစ်ယောက်အနေနဲ့တစ်ခုလုံးကိုပြောင်းလဲပြစ်ဖို့ သိပ်မလွယ်ဘူးထင်တယ်"ဟု မြန်မာ့နိုင်ငံရေးလေ့လာသူ စာရေးဆရာဦးကျော်ဝင်းက ရန်ကုန်တိုင်းမ်ကို ဖုန်းဖြင့်ပြောသည်။

ကာချုပ်ကြီးမင်းအောင်လှိုင်အနေဖြင့် တပ်မတော်မှ အငြိမ်းစားယူသွားရင်ဖြင့် တပ်မတော်အတွင်း အပြောင်းအလဲများ များစွာဖြစ်လာနိုင်မည့်အကြောင်းကို အမျိုးမျိုးတွက်ဆမှုတွေရှိနေပါသည်။ သို့သော် ဦးရဲအောင်၏သဘောအရတော့ မြန်မာ့တပ်မတော်သည် သိပ်ပြီးပြောင်းလဲသွားမည်ကို မမြင်မိဟုဆိုပါသည်။ "မြန်မာ့တပ်မတော်ဟာ တပ်ထဲမှာ သဘောထားကွဲလွဲမှုတွေရှိတယ်ဆိုပေမယ့် တစ်ဦးချင်းအနေနဲ့ကွဲလွဲချင်ကွဲလွဲမယ်။ ဥပမာ– ဦးခင်ညွန့်ကိစ္စမျိုး။ ဒါပေမဲ့ တပ်မတော်တစ်ခုလုံးက ဘက်တစ်ဖက်မှာရှိပြီး ကွဲလွဲတာမျိုးတော့ မတွေ့ရဘူး"ဟု ဦးရဲအောင်က မှတ်ချက်ပေးသည်။

တပ်မတော်၏ ယေဘုယျသဘောကတော့ တပ်ခွဲမှူးကျရင် ဒုတပ်ခွဲမှူးတက်လာမည်၊ အထက်အောက် သူ့ဘာသာစီစဉ်ထားပြီးသားဖြစ်သည်။ အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပြောင်းရင်လည်း နောက်ထပ်တစ်ယောက်က လျာထားပြီးသားဖြစ်ပါလိမ့်မည်။ သို့သော် နောက်တက်လာမည့် ပုဂ္ဂိုလ်သည် သဘောထားပျော့ပျောင်းသူ၊ စိတ်ရှည်သူမျိုးဖြစ်လျှင် ပုံစံတစ်မျိုးဖြစ်သည်။ ထိုနှင့် ဆန့်ကျင်ဘက် စိတ်လိုက်မာန်ပါလုပ်တတ်၊ ဒေါသကြီးသူမျိုး တက်လာရင်တော့ ထစ်ခနဲရှိ လက်ပါတတ်ပြီး တားဆီးရခက်ခဲနိုင်သည်။

ထိုသို့လူကိုအခြေခံသော ပြောင်းလဲမှုအပြင် မူဝါဒပိုင်းဆိုင်ရာတွင်လည်း ပြဿနာသည်။ "ဘယ်သူတက်တက်၊ ဘယ်လောက်သဘောကောင်းတဲ့သူပဲဖြစ်ဖြစ်ရှိနေ တဲ့မူဘောင်ထဲကကိုတော့ ကျော်လို့မရဘူး"ဟု ဦးကိုကိုကြီးက ယူဆသည်။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးအတွက်၊ နိုင်ငံတော်တည်ငြိမ်

www.burmeseclassic.com



ရေးအတွက် စစ်တပ်သာအဓိကပင်မကျောရိုးဖြစ်ရမည်ဆိုပြီးတော့ စစ်တပ်သာအဓိက၊ စစ်တပ်သာအခြေခံဆိုသော အယူအဆမျိုးဖြင့် တည်ဆောက်ထားသည်။

"အဲဒါကြီးကို တော်တော်ပြောင်းယူရလိမ့်မယ်။ နိုင်ငံတော်လုံခြုံရေးဟာ စစ်တပ်တစ်ခုတည်းတာဝန်ရှိတာမဟုတ်ဘူး။ နိုင်ငံသားတိုင်းတစ်ဦးချင်းစီမှာ တာဝန်ရှိတယ်။ တကယ်လို့စစ်တပ်နဲ့မလုံလောက်လို့ လိုအပ်လာပြီဆိုရင် နိုင်ငံသားတွေအားလုံးက လုံခြုံရေးတာဝန်ကို ဝင်ယူကြမှာပဲ"ဟု ဦးကိုကိုကြီးက ပြောသည်။

"စစ်တပ်မှစစ်တပ်ဆိုတဲ့ အယူအဆကြီး၊ တိုင်းပြည်ချောက်ထဲကျဖို့ လက်တစ်လုံးအလိုမှာ အမြဲတမ်းကယ်တင်ခဲ့ရတဲ့ စစ်တပ်ကြီးဆိုတာမျိုး အယူအဆကြီးနဲ့ စစ်တပ်ကို တည်ဆောက်ထားတာကတော့ ရေရှည်မှာ ဆွေးနွေးယူရမယ့်ကိစ္စတစ်ခုပဲ"ဟု ၎င်းက ဆက်ပြောသည်။ ထိုအချက်ကို အမှန်ဟု လက်ခံနေသရွေ့တော့ တပ်မတော်တွင်လည်း မည်သူတက်လာသည်ဖြစ်စေ အဆိုပါမူ ဘောင်တွင်ပိတ်မိနေဦးမည်ဟု ဦးကိုကိုကြီးက ဆိုသည်။

လက်ရှိဖြစ်ပေါ်နေသော အပြောင်းအလဲအားလုံးသည် ယခင်စစ်အစိုးရကနေစနစ်တကျချထားပေးခဲ့သည့် ပုံစံခွက်ဖြင့်သာ သွားနေခြင်းဖြစ်သည်ဟု ဦးကိုကိုကြီးက သူ့ယုံကြည်ချက်ကို ယခုလိုပဲပြောပါသည်။

"ဘယ်သူက သမ္မတအဖြစ်၊ ဘယ်သူက လွှတ်တော်ဥက္ကဋ္ဌအဖြစ်၊ ဘယ်သူက ကာကွယ်ရေးဦးစီးချုပ်အဖြစ်၊ ဘယ်သူက ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် အစရှိသဖြင့် အားလုံးကို ဖြန့်ပြီးစီမံခဲ့တာ"။

ဆိုတော့ လက်ရှိပုဂ္ဂိုလ်များအနေဖြင့် ဘယ်လောက်ပင် ပြုပြင်ပြောင်းလဲချင်သည်ဟု ပြောသည်ဖြစ်စေ အကန့်အသတ်များရှိသည်။ အထူးသဖြင့် စစ်တပ်ကနေ အရပ်ဘက်ကို ပြောင်းလိုက်သည်ဆိုသော်လည်း သူတို့၏အထက် အောက်စီးဆင်းမှုပုံစံများ၊ တစ်ယောက်ကို တစ်ယောက် ငဲ့ကွက်ရသည့် ပုံစံများသည် ယခင်စစ်အစိုးရ၏ ပုံစံအတိုင်းပဲဖြစ်သည်။ ယင်းသို့ ပြောင်းလဲမှု များရှိခဲ့သော်လည်း ယခင်စစ်အစိုးရ၏ပုံစံခွက်သည် အရေးပါသောနိုင်ငံရေး ခေါင်းဆောင်များ၊ အင်အားစုများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၏ သဘောဆန္ဒကိုတော့ မထင်ဟပ်ခဲ့ဟု ဦးကိုကိုကြီးက

www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်သည်။

"ပြည်သူတွေယုံကြည်ကိုးစားတဲ့၊ ပြည်သူတွေနဲ့ တစ်သားတည်းဖြစ်တဲ့ တပ်မတော် ဖြစ်ဖို့ဆိုရင် အရင်က တစ်ဖက်သတ်လုပ်ထားတဲ့ကိစ္စကို တဖြည်းဖြည်းနဲ့ ပြောင်းယူရမယ်။ ပြည်သူတွေနဲ့ ပူးပေါင်းလာတဲ့ဘက်ကို တဖြည်းဖြည်းချင်းပြောင်းယူမှသာ သူတို့ရည်မှန်းတဲ့ ပြည်သူ့တပ်မတော်ဆိုတာဖြစ်လာမှာပါ"ဟု ဦးကိုကိုကြီးက ဆိုသည်။

ဘယ်သူတွေ အကြီးအကဲလုပ်ကြမလဲ

ပြည်သူလူထုဆန္ဒရှိလျှင် သမ္မတဦးသိန်းစိန်က ဆက်လုပ်ဖို့စဉ်းစားမည်ဟု ဆိုသည်။ အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်းတိုင်းပြည်ကို အမှန်တကယ်ပြောင်းဖို့ဆိုရင် အာဏာရှိဖို့လိုအပ်သည်။

သူကိုယ်တိုင်လည်း သမ္မတဖြစ်ချင်သည်ဟု အတိအလင်းထုတ်ပြောခဲ့ပြီးဖြစ်သည်။ လက်ရှိပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်းသမ္မတဖြစ်ချင်ကြောင်း ပြောထားပြီးဖြစ်သည်။ ယခုအခါ ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်သည်လည်း သမ္မတသို့မဟုတ် ဒုသမ္မတတစ်ယောက်ဖြစ်လာနိုင်သည်ဟု နိုင်ငံရေးလောကအသိုင်းအဝိုင်းတွင် ထင်ကြေးပေးမှုများရှိလာသည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ တရားဝင်ထုတ်ပြောခြင်း မရှိသေးပါ။

သူရဦးရွှေမန်းကတော့ လွှတ်တော်ထဲတွင် အားကောင်းမောင်းသန်ပြုပြင်ပြောင်းလဲ ချင်သည့်ပုံစံမျိုးကို အပေါ်ယံကြည့်လျှင် မြင်တွေ့ရသည်။ သို့သော် အတွင်းပိုင်းအနှစ်သာရကို ကြည့်ရင်တော့ "သူလဲ မပြောင်းသေးပါဘူး။ တကယ်ကို အရေးကြီးတဲ့ဥပဒေမျိုးတွေကိုတော့ သူလဲ မပြဋ္ဌာန်းနိုင်သေးဘူး။ ဥပဒေပြဋ္ဌာန်းရတာက လွှတ်တော်ကပြဋ္ဌာန်းရတာလေ။ အခြေခံဥပဒေနဲ့ မညီတဲ့ဥပဒေတွေပြဋ္ဌာန်းခဲ့ရင်လဲ လွှတ်တော်က ကန့်ကွက်တာမျိုး၊ ဆွေးနွေးတာမျိုး မမြင်တွေ့ရဘူး"ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးရဲအောင်ကပြောသည်။ လက်ရှိနိုင်ငံတကာ၏မြင်ကွင်းတွင်မူ ဦးသိန်းစိန်အစိုးရဖြင့်ပြသနေခြင်းသည်ကောင်းမွန်သည့်အနေအထားတွင် ရှိနေသည်။ ၂၀၁၅ခု နှစ် ရွေးကောက်ပွဲကာလလွန်တွင် ဦးသိန်းစိန်ဆက်ရှိဖို့ မရှိဖို့ဆိုတာကတော့ သူ့ကျန်းမာရေးအခြေအနေပေါ်တွင် မူတည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့အားလုံးကမြင်နေကြတာတော့ ဦးသိန်းစိန်ပဲ သမ္မတဖြစ်လိမ့်မယ်လို့မြင်နေကြပါတယ်။ နီးလဲနီးစပ်ပါတယ်။ အခြေခံဥပဒေပြောင်းလဲသွားရင်တော့ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်ပါသေးတယ်"ဟု ဦးရဲအောင်က ဆိုသည်။

အထက်တွင် သတင်းစာဆရာဘာဝေးလင်တ်နာဆိုထားသည့်အတိုင်း သူ့ရဦးရွေ့မှန်း ကိုယ်တိုင်က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဒုသမ္မတတစ်ဦးဖြစ်လာလိမ့်မည်ဟု ယုံကြည်နေခြင်းသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အတွက် သမ္မတသို့မဟုတ် ဒုသမ္မတဖြစ်နိုင်သည်ဆိုသော သတင်းများကို ပိုပြီးအသက်ဝင်စေပါသည်။

## ကာချုပ်နှင့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်

လက်ရှိတပ်မတော်၏ အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တစ်ယောက် မြန်မာ့နိုင်ငံရေးအခင်းအကျင်းထဲသို့ ဝင်ရောက်ခဲ့ရင်တောင် အစိုးရဖော်ဆောင်နေသည့် ပြည်တွင်းငြိမ်းချမ်းရေးအခြေအနေကို ပြောင်းလဲစေမည့်သက်ရောက်မှုများမရှိနိုင်ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးရဲအောင်က ဆိုသည်။

"အပေါ်စီးက ကစားနေတဲ့သူတွေဟာ ငြိမ်းချမ်းရေးကို ဘယ်လောက်အထိလိုချင်လဲဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ တိုင်းရင်းသားတွေအတွက် ဘယ်လောက်အထိ အခွင့်အရေးပေးမလဲ၊ သူတို့ကိုယ်သူတို့ တိုင်းရင်းသားတွေယုံကြည်အောင် ဘယ်လောက်အထိပြောင်းလဲပေးမလဲဆိုတဲ့အချက်တွေပေါ်မှာပဲ မူတည်နေပါလိမ့်မယ်"ဟု ၎င်းကဟောကိန်းထုတ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး တစ်ဖက်နှင့်တစ်ဖက် ပွင့်ပွင့်လင်းလင်းဖြင့် အနိမ့်ဆုံးတူညီမှုများကို ရှာဖွေသင့်ကြောင်းကို စစ်မျိုးဆက်ကျောင်းသားခေါင်းဆောင်ဦးကိုကိုကြီးက ယခုလို တိုက်တွန်းသည်။

"ဘာကိုစိုးရိမ်သလဲ ပွင့်ပွင့်လင်းလင်းပြော၊ စစ်တပ်ဘက်က ဘာကိုစိုးရိမ်လို့ ထိန်းချုပ်ထားရတာဖြစ်တယ်။ ဘာကိုစိုးရိမ်လို့ ဒါကတော့ မလိုက်လျော နိုင်ဘူးဆိုတာကို မျှဝေဖို့လိုတယ်"။

သို့မှသာ သဘောမတူခြင်းသည်ပြဿနာမဟုတ်တော့ဘဲ "ခြေဘိ...

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူမလိုက်လျောနိုင်တာပဲဆိုပြီး တစ်ယောက်ကိုတစ်ယောက် နားလည်မှုတွေ ပထမအဆင့်မှာရလာလိမ့်မယ်”ဟု သူကယူဆသည်။ ထို့ကြောင့် တိုင်းရင်းသားနှင့် ပြဿနာများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နှစ်ဖက်စလုံးသည် ယခင်တွေးပုံခေါ်ပုံများကို ပြန်လည်သုံးသပ်ဖို့လိုသည်ဟု ဦးကိုကိုကြီးက တိုက်တွန်းသည်။

## ၂၀၁၅လွန်ကာလ မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ် ဘာဖြစ်မလဲ

အဆိုပါမေးခွန်းသည် ၂၀၁၅ခုနှစ်မတိုင်ခင် ၂၀၁၄ နှင့်၂၀၁၅ အကြား ရွေးကောက်ပွဲမတိုင်ခင်မှာ ဘာတွေဖြစ်မလဲဆိုတဲ့အပေါ်တွင် မူတည်နေသည်ဟု မြန်မာ့နိုင်ငံရေးလေ့လာသူ စာရေးဆရာဦးကျော်ဝင်းက ဆိုသည်။ “ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့တိုင်းပြည်မှာ ယဉ်ကျေးမှုနှစ်ခုက ထိပ်တိုက်ဖြစ်နေတယ်။ တစ်ခုကတော့ အခုမှမွေးမြူယူရတဲ့ ယဉ်ကျေးမှုအသစ်။ ဆန့်ကျင်ဘက်အရာတွေကြားထဲမှာ စေ့စပ်ညှိနှိုင်း အဖြေရှာတဲ့ယဉ်ကျေးမှုအသစ်ပေါ့။ အစဉ်အလာစွဲကိုင်နေတဲ့ ယဉ်ကျေးမှုကျတော့ ဆန့်ကျင်ဘက်ဆိုရင် ထိပ်တိုက်ရင်ဆိုင်ပြီး အပြန်အလှန် ဖယ်ထုတ်ဖို့ကြိုးစားတဲ့ယဉ်ကျေးမှုတစ်ခု။ ဒီနှစ်ခု ဘယ်ဟာ အပေါ်စီးရသွားမလဲဆိုတာပဲ။ ထိပ်တိုက်ရင်ဆိုင်မှုက အပေါ်စီးရသွားရင် ကျွန်တော်တို့က ၂၀၁၅ရွေးကောက်ပွဲမတိုင်မီ ဖြစ်ချင်သလိုဖြစ်သွားနိုင်တယ်။ စောစောက ပြောတဲ့စေ့စပ်ညှိနှိုင်းမှု၊ ဒီမိုကရေစီ၊ ဒီမိုကရက်တစ်ယဉ်ကျေးမှုက အပေါ်စီးရသွားရင်တော့ အခြေအနေကောင်းမှာပဲ”ဟု ဆရာကျော်ဝင်းက ရွေးကောက်ပွဲမတိုင်မီကာလကို ဟောကိန်းထုတ်သည်။

“အစဉ်အလာစွဲကိုင်နေတဲ့ ယဉ်ကျေးမှုကြီးအပေါ်စီးရနေသရွေ့ မြန်မာ ပြည်ဘယ်တော့မှ အဆင်ပြေမှာမဟုတ်ဘူး။ ကောင်းမှာမဟုတ်ဘူး။ အပြန်အလှန်စေ့စပ်ညှိ နှိုင်းတဲ့ယဉ်ကျေးမှုထွန်းကားမှ အနာဂတ်ကတော့ ကောင်းမှာ”ဟု သူက ယုံကြည်နေသည်။

၂၀၁၅ခုနှစ်အလွန် နိုင်ငံရေးအခင်းအကျင်းသည် ယေဘုယျအားဖြင့် ၂၀၁၀ ရွေးကောက်ပွဲထက်တော့ အပြောင်းအလဲရှိနိုင်သည်ဟု ဦးကိုကိုကြီးကတွက်ဆသည်။ “ကြံ့ခိုင်ရေးအနေနဲ့ အရင်က ၂၀၁၀ရလဒ်မျိုး မျှော်လင့်လို့မရနိုင်ဘူး။ အင်န်အယ်လ်ဒီလဲ ရာခိုင်နှုန်းတော်တော်များများ

www.burmeseclassic.com

www.burmeseclassic.com



နေရာရနိုင်တယ်လို့မြင်တယ်။ နောက်တိုင်းရင်းသားခေသတွေက တိုင်းရင်းသား ပါတီတွေရဲ့ အခန်းကဏ္ဍကလဲ ဒီထက်ပိုပြီးတက်လာလိမ့်မယ်။ ဒါက သမားရိုးကျစနစ်နဲ့မှန်းတဲ့ပုံစံပဲ"ဟု သူကဆိုသည်။

သို့သော်ရွေးကောက်ပွဲမတိုင်ခင်ကာလများတွင် အန္တရာယ်ရှိသော ထောင်ချောက်များကို စနစ်တကျလုပ်နေသည့် အရိပ်အယောင်များကို သူကမြင်တွေ့နေရသည်။ ပြီးခဲ့သည့်လူမျိုးရေး၊ ဘာသာရေး ပုံသဏ္ဍာန်ဆန်သည့် အဓိကရုဏ်းများ၊ လူပ်ရှားမှုများတွင် လုံခြုံရေးရဲဝန်ထမ်းများ ရှိနေပါလျက်နှင့် အထက်အမိန့်မရဟုဆိုကာ လက်ပိုက်ကြည့်နေသည့်အဖြစ်မျိုးသည် တရားဥပဒေစိုးမိုးရေးအရ ထိထိရောက်ရောက်ကိုင်တွယ်သင့်သည်ဟု ဦးကိုကိုကြီးက ယခုလိုထောက်ပြသည်။

"ဆန္ဒပြတာတို့၊ သပိတ်ဖြိုခွဲတဲ့အချိန်တွေတုန်းကဆိုရင် သိပ်မြန်တာပဲ။ ဒီကိစ္စတွေကျမှ ဘာဖြစ်လို့မထိန်းနိုင်ရတာလဲ။ ဒါဟာပုံသဏ္ဍာန်မမှန်ဘူး။ ဘယ်သူပဲလုပ်လုပ်၊ ရာဇဝတ်မှုသည်ရာဇဝတ်မှုပဲ"။ ဆိုလိုသည်က လာမည့်ရွေးကောက်ပွဲကိုချောချောမောမောမဖြစ်အောင်လို့ ယင်းသို့အဓိကရုဏ်းများ၊ လူပ်ရှားမှုများကိုတော့သတိပြုရှောင်ရှားဖို့လိုသည်ဟုဆိုသည်။ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ကူးပြောင်းလိုသော နိုင်ငံများတွင် အပြန်အလှန်ယုံကြည်မှုသည် အရေးကြီးလာသည်။

## ယုံကြည်မှုတည်ဆောက်ယူဖို့ အတိတ်ကအစွဲတွေမှ ဖောက်ထွက်ဖို့

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအခင်းအကျင်းအသစ်အတွက်ဆိုရင် ရွေးကောက်ပွဲတစ်ခုတည်းဖြင့် မလုံလောက်တော့ဘဲ အပြန်အလှန်ယုံကြည်မှုမျိုး လိုအပ်သည်။ "ရွေးကောက်ပွဲသည် ကိုးဆယ့်ခြောက်ပါးဆေးမဟုတ်ဘူး။ ရွေးကောက်ပွဲတစ်ခုတည်းနဲ့ မလုံလောက်ဘူး။ အရေးပါတဲ့ခေါင်းဆောင်တွေကြားထဲမှာ ယုံကြည်မှုရအောင် ကြိုးစားတာသည် အဖြေပဲ"ဟု ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း၏ ခေါင်းဆောင်လည်းဖြစ်သူ ဦးကိုကိုကြီးက ဆိုပါသည်။ တစ်ချိန်တည်းတွင် တိုင်းပြည်၏ အရေးပါသော ခေါင်းဆောင်များ အချင်းချင်းထိတွေ့၊ ဆွေးနွေးမှုများလိုအပ်လာသည်။

တစ်ချိန်တည်းတွင် အချိန်၏ရွေ့လျားမှုအရ မျိုးဆက်များပြောင်းလဲနေသည်။ ယခင်တုန်းက ပစ်ခဲ့၊ သတ်ခဲ့၊ ဖမ်းခဲ့၊ ဆီးခဲ့သော တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



၏ ထိပ်ပိုင်းခေါင်းဆောင်များသည် တပ်မတော်တွင်မရှိတော့။ နောက်မျိုးဆက်များ တက်လာနေသည်။

"ဒီမျိုးဆက်ဟာ သူကိုယ်တိုင်မကျူးလွန်ခဲ့ရသော သမိုင်းကြွေးတွေ၊ သမိုင်းအမွေတွေကို ဆက်ခံနေရတယ်။ ဆက်ခံနေရတဲ့အခြေအနေမှာ ပုံမှန်အခြေအနေကို ရောက်ဖို့အတွက် တပ်မတော်နဲ့ ပြည်သူတွေရဲ့ကြားထဲမှာ နွေးထွေးတဲ့၊ လေးစားတဲ့ယုံကြည်မှုမျိုးရဖို့၊ တိုင်းရင်းသားတွေနဲ့ တပ်မတော်နဲ့၊ တိုင်းရင်းသားတွေနဲ့ လူများစုဗမာတွေနဲ့ယုံကြည်မှု လေးစားမှုပြန်ရဖို့ဆိုရင် ကိုယ်မကျူးလွန်ခဲ့ရတဲ့အမွေတွေအားလုံးကို ကျွန်တော်တို့မျိုးဆက်တွေကဆက်ခံနေရတယ်။ ဒါကိုဖောက်ထွက်ဖို့လိုပြီ"ဟု ဦးကိုကိုကြီးက ထောက်ပြသည်။ မည်သို့ဆိုစေ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်အတွက် အာဏာကိုအပြည့်အဝအာမခံပေးထားသည်ဟု ဆွီဒင်နိုင်ငံသားမြန်မာအရေးကျွမ်းကျင်သူကယူဆသည်။ လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီအနေ ဖြင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီထက် လွှတ်တော်အမတ်နေရာပိုရခဲ့ရင်ပင် အရေးပါတဲ့ပြောင်းလဲမှုမျိုးကို မြင်တွေ့ရမည်မဟုတ်ဟု သူက ကောက်ချက်ချသည်။

"အစိုးရကို စစ်တပ်ကလူတွေကပဲ လွှမ်းမိုးမြဲဆက်ပြီး ချုပ်ကိုင်ထားပါလိမ့်မယ်။ ယနေ့ဝန်ကြီးအများစုကလဲ စစ်တပ်အရာရှိတွေပါပဲ။ ၂၀၁၅နောက် ပိုင်းလဲ ဒီလိုပဲ ဆက်ဖြစ်နေပါလိမ့်မယ်"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၁၀)*

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာဝံနှင့် အမျိုးသားရေး ဝံအကြား ချောင်ပိတ်မိနေသော ဒေါ်အောင်ဆန်းစုကြည်



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတကာစံနှင့် အမျိုးသားရေးစံများအကြား ချောင်ပိတ်မိနေသော ဒေါ်အောင်ဆန်းစုကြည်

"ဒီမိုကရေစီရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရင်ဘာမဆိုဖြစ်နိုင်ပါတယ်။ မညီညွတ်ရင် ဘာမှမတတ်နိုင်ဘူး"။

ထိုစကားကို ၁၉၈၈ခုနှစ်၊ ဩဂုတ်လ ၂၆ရက်က ရွှေတိဂုံဘုရားအနောက်ဘက်မုခ်တွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ ထိုအချိန်က သူမ၏အသက်အရွယ်က ၄၃နှစ်ဝန်းကျင်သာ ရှိသေးသည်။

နိုင်ငံရေးလောကနှင့် ဝေးဝေးကင်းကင်းနေချင်သည်ဟုဆိုလာသော ဒေါ်အောင်ဆန်းစုကြည်ကို ထိုအချိန်က ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံလှုပ်ရှားမှုကြီးက နိုင်ငံရေးနယ်မြေထဲသို့ ခြေကျွံစေခဲ့သည်။ ထိုအချိန်မှစ၍ တပ်မတော်အစိုးရ၏ဖမ်းဆီးမှု၊ ထောင်တွင်းအကျဉ်းချမှု၊ နေအိမ်အကျယ်ချုပ်စသဖြင့် ဟန့်တားမှုအမျိုးမျိုးကို ဒေါ်အောင်ဆန်းစုကြည် ကြုံတွေ့ခဲ့ရသလို နိုင်ငံတကာမှရှီးမြှောက်သည့် ဂုဏ်ပြုဆုတံဆိပ်များကလည်း အမည်နာမမျိုးစုံဖြင့် ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်စေရန်ဟုဆိုကာ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုစတင်ဖွဲ့စည်းခဲ့သည်။ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုကိုဗဟိုပြုသည်။ ထို့ကြောင့် "ပြည်သူလူထု ပူးပေါင်းပါဝင်မှသာ အောင်မြင်မယ်။ ပြည်သူလူထုကိုပဲအားကိုးတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က အမြဲပြောလေ့ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းမြင့်ကပြောသည်။ ၎င်းတို့အဖွဲ့ချုပ်၏မူဝါဒကလည်း "ပြည်သူသာအမိ၊ ပြည်သူသာအဖ" ဖြစ်သည်ဟု ဆိုသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေးကို ကြွေးကြော်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်အတွက် ပြီးခဲ့သည့်စစ်အစိုးရခေတ်တစ်လျှောက်လုံးတွင် ပြည်သူလူထု၏ထောက်ခံမှုကို ရရှိခဲ့သည်။ အဆိုပါကာလတစ်လျှောက်လုံးတွင် "အမေစု..သက်တော်ရာကျော်ရှည်ပါစေ"ဆိုသည့် ဆုတောင်းသံများ၊ ဆန္ဒပြသံများ စည်ကားခဲ့သည်။ ယခုအခါ စစ်ဗိုလ်ချုပ်ကြီးတစ်ဖြစ်လဲဦးသိန်းစိန်အစိုးရတက်လာပြီးနောက်ပိုင်းတွင် မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည် စစ်အစိုးရခေတ်နှင့်ယှဉ်လျှင် သိသိသာသာပွင့်လင်းလာခဲ့သည်။ ရရှိထားသည့်သမ္မတရာထူးနှင့်အတူ ဦးသိန်းစိန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုတချို့အပေါ် ပြည်သူလူထုက သဘောတွေ့လာသည်။

တစ်ချိန်တည်းတွင်၂၀၁၂ခုနှစ်ဧပြီလ၏ ကြားဖြတ်ရွေးကောက်ပွဲကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်နှင့် လွှတ်တော်တွင်းသို့ရောက်ရှိသည်။ လွှတ်တော်တွင်းတရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်ခွင့်ရခဲ့သည်။

အကျိုးစီးပွားတစ်ခုအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းကမုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်ပြီး အကြမ်းဖက်ဖြိုခွင်းမှုနှင့် အကျိုးအမြတ်လုပ္ပွဲကြီးဖြစ်ပွားခဲ့ရာ အဆိုပါစီမံကိန်းကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး ဖြေရှင်းခွင့်ရခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်တို့၏ ကော်မရှင်အဖွဲ့အနေဖြင့် အစီရင်ခံစာတစ်စောင်ထုတ်ပြန်လိုက်ရာ အဆိုပါလက်ပံတောင်းတောင်ရှိ ဒေသခံများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် မကျေနပ်မှုများဖြစ်ပေါ်စေခဲ့သည်။

စစ်အစိုးရခေတ်တစ်လျှောက်လုံး ထောက်ခံလာခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ တတိယမြောက်သမီး ဖြစ်သည့်သူမကို မုံရွာတွင် ဒေသခံတချို့က ဆန္ဒပြခဲ့ကြသည်။

"လက်ပံတောင်းတောင်အစီရင်ခံစာကတော့ ကျွန်တော်တို့ဥက္ကဋ္ဌ အနေနဲ့အကောင်းဆုံးအဖြေရှာထားတာပဲ"ဟု ဦးဝင်းမြင့်က ရန်ကုန်တိုင်းမ်သို့ ပြောသည်။ ပြည်သူလူထုနစ်နာမှုမရှိစေရေးအတွက်၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများအတွက် နိုင်ငံတကာဆက်ဆံရေးအတွက်စသဖြင့် ချိန်ညှိပြီး အဖြေရှာထားခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ မည်သို့ဆိုစေ ထိုအစီရင်ခံစာကြောင့် ဒေါ်အောင်ဆန်းစုကြည်အတွက်ပထမဆုံးလူထု၏ငြီးငြင်မှုကိုခံခဲ့ရသည်။ ပြီးခဲ့သည့်နှစ်မေလက ထွက်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိဘင်္ဂါလီများအပေါ် ကလေးမွေးဖွားနှုန်းကန့်သတ်မည့် သတင်းများနှင့်ပတ်သက်ပြီး လူ့အခွင့်အရေးအရကိုက်ညီမှုမရှိဟုဆိုသော ဒေါ်အောင်ဆန်းစုကြည်၏မှတ်ချက်စကားအပေါ် ရခိုင်ဒေသခံတချို့ အမြင်မကြည်မှုများရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ဒီမိုကရေစီရရှိရေးနှင့် လူ့အခွင့်အရေးရရှိရေးအတွက် ရပ်တည်နေသည်မဟုတ်ပါလား။

အလားတူ ပြီးခဲ့သည့်နှစ်ကတည်းက အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကမကထပြုလာသော မျိုးစောင့်ဥပဒေ ဖြစ်မြောက်ရေးလှုပ်ရှားမှုသည်လည်း ဒေါ်အောင်ဆန်းစုကြည်ကိုင်စွဲထားသော လူ့အခွင့်အရေးစံနှုန်းများနှင့် သွေဖည်နေသည်ဟု ယူဆချက်များ ရှိခဲ့သည်။

၂၀၁၄ခုနှစ် မတ်၂ရက်တွင်ကျရောက်သော အင်းစိန်ရွာမဆရာတော်ကြီး၏ (၇၅)နှစ်မြောက်မွေးနေ့ပွဲသို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့သည်။ အမျိုး၊ ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(မဟဘ)၏ ဥက္ကဋ္ဌဖြစ်သော ရွာမဆရာတော်ကြီးကမွေးနေ့လက်ဆောင်အဖြစ် မျိုးစောင့်ဥပဒေပြဋ္ဌာန်းပေးဖို့ ဒေါ်အောင်ဆန်းစုကြည်ကို မိန့်ကြားခဲ့သည်။

မတ်လ ၃ရက်နေ့ထုတ် သတင်းစာများတွင်တော့ မွေးနေ့ပွဲတက်ရောက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံကိုဖော်ပြရာတွင် ဘက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကြား ဝေခွဲရခက်ခဲနေသည့်လက္ခဏာများ အထင်းသားပေါ်နေတော့သည်။

ထိုလက္ခဏာများကိုကြည့်ကာ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာစံနှုန်းများနှင့် အမျိုးသားရေးစံနှုန်းများအကြား ပိတ်မိနေပြီလား ဆိုသည့်မေးခွန်းထုတ်မှုများက နိုင်ငံရေးလှုပ်ရှားသူများနှင့် နိုင်ငံရေးကျွမ်းကျင်သူများအတွက် သံသယဝင်စေခဲ့သည်။

အစဉ်တစိုက်စွဲကိုင်လာခဲ့သော နိုင်ငံတကာစံနှုန်းများ၊ လူ့အခွင့်အရေးစံနှုန်းများနှင့် အမျိုးသားရေးစံနှုန်းများ၊ အယူအဆများအကြားတွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မည်သို့ဖြေရှင်းသွားမည်ကို သူတို့က စိတ်ဝင်စားနေကြသည်။

## နိုင်ငံတကာစံနှုန်းများနှင့် အမျိုးသားရေးစံနှုန်းများ ထိပ်တိုက်တွေ့ဆုံရာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြောင်းလဲမှုများဖော်ဆောင်လာသည်နှင့် အမျှ အခက်အခဲပေါင်းများစွာ ကြုံတွေ့ရတတ်စမြဲဖြစ်သည်။

ထိုအခါ နိုင်ငံခေါင်းဆောင်များအနေဖြင့် မိမိလုပ်ကိုင်နေသည့်၊ မိမိရပ်တည်နေသည့် အချက်အလက်များကို ထည့်တွက်ဖို့လိုသလို တစ်ဖက်တွင်လည်း "ဘာကိုလွတ်မြောက်ဖို့၊ ဘာကိုရရှိဖို့လုပ်ခဲ့သလဲ"ဆိုသည့်အချက်ကို စဉ်းစားဖို့လိုသည်ဟု စစမျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးပြုံးချိုကဆိုသည်။ တချို့နိုင်ငံများတွင် ပြုပြင်ပြောင်းလဲမှုများကို လုပ်ကိုင်နေရင်းနှင့်ပင် ဘာသာရေးအရအစွန်းရောက်သည့် ဆုံးဖြတ်ချက်များ၊ ပါဝင်စွက်ဖက်မှုများဝင်လာသည့်အခါ တိုင်းပြည်တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဆုတ်ယုတ်ခဲ့သည့်သာဓကများရှိခဲ့ဖူးသည်ဟု ၄င်းက သုံးသပ်သည်။

"အဲလိုမျိုး ဘာသာရေးခေါင်းပေးပြီး ဘာသာရေးနယ်ပယ်က ကြီးစိုးတဲ့အနေအထားရောက်သွားတဲ့အခါမှာ တိုင်းပြည်ဟာ ဒီမိုကရေစီနဲ့ ကိုက်ညီအောင်လုပ်လို့မရတာတွေရှိတယ်။ ဥပမာ– အယ်လ်ဂျီးရီးယားလို နိုင်ငံမျိုးတွေ ရှိခဲ့ဖူးတယ်"ဟု ဦးပြုံးချိုကဆိုသည်။ "ဘယ်ကိုဦးတည်မလဲ၊ ဘယ်ဘဝကလွတ်မြောက်အောင်လုပ်ခဲ့ကြလဲ၊ ကနဦးသတ်မှတ်ချက်တွေ ယုံကြည်ချက်တွေ၊ ချုပ်ချယ်မှုတွေ တစ်စိတ်တစ်ပိုင်း အမိန့်ပေးတဲ့ယန္တရားထဲက

www.burmeseclassic.com

www.burmeseclassic.com



ရှန်းထွက်သွားရမှာဖြစ်တယ်။ ဒါကြောင့်ကိုယ်လိုချင်တဲ့ ဒီမိုကရေစီ ရည်မှန်းချက်ကို ဦးတည်သလို ဟန့်တားမှုတွေ၊ ကန့်သတ်မှုတွေ ဖြစ်လာနိုင်တဲ့ တခြားတွေးခေါ်မှုတွေကို လျှော့ချသင့်တယ်"ဟု ဦးပြုံးချိုကယူဆသည်။

နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် အရေးပါသည့်ဆုံးဖြတ်ချက်များချရာတွင် နိုင်ငံတကာစံနှုန်းနှင့် လူ့အခွင့်အရေးစံနှုန်းများကို ဦးစားပေးရသည့် ကိစ္စရပ်များရှိသလို တချို့ကိစ္စများတွင်လည်း အမျိုးသားအကျိုးစီးပွားကို ဦးစားပေးရသည့်အခါမျိုးတွေရှိသည်ဟု နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်ခင်မမမျိုးက ပြောသည်။

ဥပမာအားဖြင့်"ယူကေ(United Kingdom)တွင် အကြမ်းဖက်လှုပ်ရှားသူလို့ သံသယဖြစ်သူတွေကို ဘယ်လိုမျိုးကိုင်တွယ်မလဲဆိုတာမျိုး၊ လူ့အခွင့်အရေးရှုထောင့်ကကြည့်လျှင် သူဟာ တိုင်းပြည်တွင်းမှာ လာရောက်ခိုလှုံသော နိုင်ငံရေးဒုက္ခသည်တစ်ယောက်ဖြစ်နေတယ်။ ဒါပေမဲ့ အမျိုးသားရေးကိစ္စကကြည့်ရင်တော့ သူဟာ အချိန်မရွေးဘဲ တိုင်းပြည်ထဲမှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုကိုလုပ်လိုက်နိုင်သူဖြစ်တယ်။ သူ့ကိုသူ့နိုင်ငံကိုပို့မယ်ဆိုရင်လည်း ဒါဟာ လူ့အခွင့်အရေးစံချိန်စံညွှန်းနဲ့မကိုက်ဘူး။ သို့သော် ဆက်ပြီးထားပြန်ရင်လဲ တိုင်းပြည်ထဲမှာ အကြမ်းဖက်တိုက်ခိုက်မယ်။ ဒီအချိန်မျိုးမှာခေါင်းဆောင်တစ်ယောက်အနေနဲ့ ရွေးချယ်မှုတွေလုပ်ရတယ်"။

"ဘာလုပ်ရမယ်ဆိုတာမျိုးတွေထက် ခေါင်းဆောင်ရဲ့ ဆုံးဖြတ်ချက်ဟာ ဘယ်အခြေအနေဘက်ကရပ်တည်မလဲ။ ဘယ်အယူအဆကို ကိုင်စွဲမလဲဆိုတာတွေက အဓိကကျလာပါတယ်"ဟု ဒေါ်ခင်မမမျိုးက ယူဆသည်။

ယင်းသို့ အမျိုးသားရေးအယူအဆများ၊ အမျိုးသားရေးစံနှုန်းများ၊ အမျိုးသားရေးဝါဒများကို ရှေ့တန်းတင်ခြင်းသည် ဒီမိုကရေစီလမ်းကြောင်းအတွက် အဟန့်အတားမဖြစ်နိုင်ကြောင်း နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်ကပြောသည်။

"တစ်ခုသတိထားဖို့က ကိုယ့်ဒေသ၊ ကိုယ့်အခြေအနေနဲ့ ကိုက်ညီတဲ့အရာကို ဘယ်တော့မှပစ်ပယ်လို့မရဘူး။ ဆိုတော့ နိုင်ငံတကာ စံချိန်စံညွှန်းဆိုတာကြီးကလဲ တထစ်ချကြီးသယ်လာပြီးတော့ သုံးလို့မရပါဘူး။ အဲဒီနှစ်ခုကြားမှာ နိုင်ငံရေးသမားတွေ၊ လှုပ်ရှားတက်ကြွတဲ့သူတွေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကို မျှလုပ်ဖို့လိုတယ်”ဟု ၄င်းကဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံရေးသမား တစ်ယောက်အဖြစ် လွှတ်တော်ထဲတွင်ရှိနေပြီဖြစ်ရာ အဆိုပါစံနှုန်းနှစ်ခုအကြားတွင် ဆုံးဖြတ်ပေးရမည့်သူဖြစ်နေသောကြောင့် ယခင်တုန်းကလို နိုင်ငံတကာစံနှုန်းများကိုသာ ကိုင်စွဲထားဦးမည်ဆိုလျှင် သူ့အတွက် အမှားတစ်ခုဖြစ်လိမ့်မည်ဟု ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က တွက်ဆသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကတော့ ယင်းသို့နိုင်ငံတကာနှင့် အမျိုးသားရေးစံနှုန်းများ၊ အယူအဆများ ထိပ်တိုက်တွေ့ဆုံနေမှုအပေါ်တွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မည်သို့ဖြေရှင်းနိုင်မည်ကို ယခုလိုပဲပြောပါသည်။

“ပြည်သူလူထုမထိခိုက်မနစ်နာအောင်၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကိုလဲ မထိခိုက်မနစ်နာအောင်၊ တိုင်းပြည်ရဲ့ ရေရှည်အမျိုးသား အကျိုးစီးပွားအတွက်လဲ ဆုံးရှုံးနစ်နာမှုမရှိအောင် ဉာဏ်ပညာအမြော်အမြင်ရှိရှိနဲ့ ကိုင်တွယ်ဖြေရှင်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်”။

နိုင်ငံရေးအသွင်ကူးပြောင်းသည့်ကာလများတွင် အမျိုးသားရေးဝါဒသည် ခေါင်းထောင်လာတတ်သည်။ ထို့ကြောင့် အမျိုးသားရေးဝါဒတစ်ခုတည်းတင်မဟုတ်ဘဲ လူသားဝါဒနှင့်ပါ ဆောင်ရွက်ရမည့်အပိုင်းများရှိလာသည်ဟု ဒေါ်ခင်မမမျိုးက ဆိုပါသည်။

“ဘယ်နေရာကျရင် အမျိုးသားရေးဝါဒကို လက်ကိုင်ထားမလဲ။ အမျိုးသားအကျိုးစီးပွားကို လက်ကိုင်ထားမလဲ။ ဘယ်နေရာကျရင်တော့ နိုင်ငံတကာစံနှုန်းတွေကို လက်ကိုင်ထားမလဲဆိုတာက အသွင်ကူးပြောင်းကာလတွေမှာ ခေါင်းဆောင်တွေရဲ့ဆုံးဖြတ်ချက်နဲ့ရွေးချယ်မှုတွေက အလွန်အရေးကြီးပါတယ်”။ လူသားဝါဒတွင်မူ နိုင်ငံဆိုတာမရှိ။ လူမျိုးဆိုတာမရှိ။ လူတစ်ယောက်ကို လူသားအမြင်နှင့်သာ ရှုမြင်ခြင်းဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံတွင် မြူနီစီပယ်ရွေးကောက်ပွဲလုပ်ရာ ဘာသာရေးခေါင်းဆောင်များက နေရာရလာသည်။ ပြုပြင်ပြောင်းလဲရေးသမားများက ထိတ်လန့်သွားကြသည်။ နောက်ပိုင်းရွေးကောက်ပွဲလုပ်ရင်လည်း အလားတူဘာသာရေးအရ လွှမ်းမိုးမှုရှိသည့် ထည့်သွင်းစဉ်းစားသည့်

www.burmeseclassic.com

www.burmeseclassic.com



လူများသာ နေရာရလာကြပါက တိုင်းပြည်ပြောင်းလဲရေးတွင် ပုံသဏ္ဌာန် မကျမည်ကိုစိုးရိမ်သည့်အတွက် တချို့ရွေးကောက်ပွဲများကို ရပ်ဆိုင်းလိုက် ရသည်အထိ သာဓကများရှိသည်ဟု စစမျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးပြုံးချို က ပြောသည်။

"တစ်ဖက်ကနေ အရပ်သားကိုယ်စားပြုရွေးချယ်ရေးကို အဟန့် အတားဖြစ်လာခဲ့တာရှိတယ်။ တိုင်းပြည်တစ်ခုက ဒုက္ခသုက္ခတွေနဲ့ ကြုံတွေ့ရပြီ၊ ဖရိုဖရဲဖြစ်လာပြီ၊ တကယ့်မတည်ငြိမ်မှုတွေဖြစ်လာပြီဆိုရင် လူထု အကြိုက် လတ်တလောလူထုကိုအစာကျွေးနိုင်မယ့်သူတွေဟာ ကြွေးကြော်သံ အမျိုးမျိုးနဲ့တက်လာတာတွေရှိတယ်။ အဲဒီအချိန်မှာ ကယ်တင်ရှင်အနေနဲ့ လူထုအမြင်မှာရပ်တည်နိုင်ပြီးတော့ တိုင်းပြည်ရဲ့ချုပ်ကိုင်နိုင်မှု ပါဝါတစ်ခု ကိုရသွားနိုင်တယ်။ ဒီလိုမျိုး ရှုရှားမှာဖြစ်ခဲ့ဖူးတယ်"ဟု ၎င်းကဆိုသည်။

ထိုကဲ့သို့သော အဖြစ်အပျက်များသည် ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကို အထောက်အပံ့မဖြစ်နိုင်သည့်အပြင် ကြန့်ကြာမှုများသာဖြစ်ခဲ့သည် ဟု သူကဆိုသည်။

"နိုင်ငံတစ်ခုရဲ့ဘာသာအရ၊ အချုပ်အခြာအရ၊ လူတွေရဲ့ယဉ်ကျေးမှု အရ၊ နေထိုင်မှုပုံသဏ္ဌာန်တွေအရ ထည့်သွင်းစဉ်းစားစရာတွေရှိတယ်။ ဒါဟာ ဒီမိုကရေစီအရေးလှုပ်ရှားသူတွေအတွက် မေ့လျော့ထားရမယ့် အရာတွေမဟုတ်ဘူး။ လူအများစုဆန္ဒနဲ့ကိုက်ညီတဲ့စနစ်ကြီးကို တည် ဆောက်မယ်။ ခေါင်းဆောင်ကောင်းတွေ ရွေးချယ်ရမယ့်စနစ်ကိုသွားပြီ ဆိုရင် အခုလိုကိုင်တွယ်ရခက်တဲ့ပြဿနာမျိုးတွေမဖြစ်လာဖို့ သတိထားပြီး ထိန်းသိမ်းရမယ်"ဟု ဦးပြုံးချိုက သုံးသပ်သည်။

## လူထုခေါင်းဆောင် သို့မဟုတ် ဩဇာတိက္ကမကြီးမားသူ

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်တော့မည်ဆိုလျှင် ပြည်သူလူထု ကြိုက်နှစ်သက်သော၊ ပြည်သူလူထု၏ အကျိုးစီးပွားကို ဆောင်ရွက်ပေးသည့် လူထုခေါင်းဆောင်၊ တိုင်းပြည်ခေါင်းဆောင်များကို ရွေးချယ်ကြရမည်ဖြစ် သည်။ ၁၉၈၈ ခုနှစ်ကာလများတွင် ဒီမိုကရေစီတောင်းဆိုပွဲများကို လူထုက လုပ်ခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ်ကို တောင့်တခဲ့ကြသည်။ ထိုအချိန် တွင် လူထုကကြိုက်နှစ်သက်သည့် လူထုကို ဦးဆောင်နိုင်သည့် လူထုက

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ထားသည့် လူထုခေါင်းဆောင်တစ်ဦးပေါ်ထွက်လာခဲ့သည်။ ထိုသူသည် 'ဒေါ်အောင်ဆန်းစုကြည်'ဟု ဦးပြုံးချိုက ဆိုသည်။

"ပြည်သူလူထုဟာ သူတို့ရဲ့ အကျိုးစီးပွားဖော်ဆောင်ပေးနိုင်မယ့်သူ၊ စာနာမှုရှိမယ့်သူ၊ ငြိမ်းချမ်းစွာပြုပြင်ပြောင်းလဲရေးတွေကို ဖော်ဆောင်နိုင်မယ့်လူ၊ ဩဇာတိက္ကမရှိမယ့်လူ၊ တကယ်ပဲ မှန်မှန်ကန်ကန်နဲ့ လူထုရှေ့ကမားမားရပ်မယ့်သူကို ရွေးချယ်ရာမှာ လူထုအနှစ်သက်ဆုံးခေါင်းဆောင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို ရွေးချယ်ကြတယ်"။

ချင်းတိုင်းရင်းသားတစ်ဦးဖြစ်သူ နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်ကမူ ဒေါ်အောင်ဆန်းစုကြည်သည် လူထုခေါင်းဆောင်ဆိုသည်ထက် ပိုမိုမြင့်မားသောဩဇာတိက္ကမနှင့် ပြည့်စုံတဲ့ အမျိုးသမီးတစ်ဦးဖြစ်သည်ဟုခံယူသည်။ အဘယ်ကြောင့်ဆိုသော် လူထုခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းများကို တရုတ်တွေးခေါ်ပညာရှင်ကြီးလော်ရိုးက ယခုလိုသင်ကြားဖူးသည်ဟု သူကဆိုသည်။

"လူထုခေါင်းဆောင်တွေဟာ ပြည်သူနဲ့နေတယ်။ ပြည်သူ့ရဲ့အတွေးအခေါ်ကို သူတို့ကသိတယ်။ ပြည်သူ့မှာ ဘာရှိတယ်ဆိုတာကို သူတို့ကသိတယ်။ အဲဒီရှိတဲ့ဟာကို အသုံးချပြီးတော့ ပြည်သူလိုလားတဲ့ပန်းတိုင်ကို အရယူနိုင်တယ်။ ပြည်သူတွေရဲ့အရည်အချင်းကို အသုံးချပြီးတော့ အလုပ်စလုပ်တယ်။ ပြည်သူတွေမှာရှိတဲ့ အရင်းအမြစ်တွေကို အသုံးပြုပြီးတော့ အဲဒီအရင်းအမြစ်နဲ့ လုပ်သင့်လုပ်ထိုက်တာကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်တယ်"။

ယခုလိုလော်ရိုး၏သင်ကြားမှုကို တင်ပြခြင်းသည် ဒေါ်အောင်ဆန်းစုကြည်တွင် အဆိုပါအရည်အချင်းများမရှိဟု စွပ်စွဲနေခြင်းမဟုတ်ဘဲ သူခံယူထားသည့် လူထုခေါင်းဆောင် အပေါ်အမြင်သာဖြစ်သည်ဟု ၎င်းကဆိုသည်။

"ငါတို့လုပ်နိုင်ပြီ၊ ငါတို့လုပ်လိုက်နိုင်ပြီလို့ ပြောနိုင်ဆိုနိုင်တဲ့ အရည်အချင်းရှိတဲ့သူဟာ ပြည်သူ့ခေါင်းဆောင်ပဲ။ တကယ့်စစ်မှန်တဲ့ခေါင်းဆောင်ပဲ။ ငါဦးဆောင်လို့၊ ငါစပြီးတော့ ရှေ့တန်းထွက်လို့၊ ငါဒီလိုလမ်းညွှန်ပေးလို့ဆိုတာကတော့ လူထုခေါင်းဆောင်မဟုတ်ဘူး"ဟု ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်လို ဩဇာတိက္ကမကြီးမားသူများသည် သူတို့၏လုပ်ရည်ကိုင်ရည်ထက် သူတို့၏ကိုယ်ရေးကိုယ်တာ ထင်ပေါ်ကျော်ကြားမှုဖြင့် လူထုကိုလွှမ်းမိုးတတ်သည်။ တက်ကြွလှုပ်ရှားပြီး အခြားသူများကို ရှေ့သို့သွားနိုင်ဖို့အတွက် တွန်းအားပေးနိုင်သည်။ သူတို့၏စိတ်အားထက်သန်မှုဖြင့် လူထုကိုရှေ့သို့တွန်းပို့နိုင်သည်။ သူတို့ကိုယ်သူတို့ယုံကြည်စိတ်ချမှုသည် အသင်းအဖွဲ့အပေါ်တွင် ယုံကြည်စိတ်ချမှုထက်ပိုကြီးသည်ဟု ၎င်းကပြောသည်။

အဓိကကတော့ ဩဇာတိက္ကမနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်များသည် နိုင်ငံရေးလောကကို ဖြတ်သန်းတော့မည်ဆိုလျှင်၊ အများပြည်သူအကျိုးကို လုပ်ပြီဆိုလျှင် အသင်းအဖွဲ့နှင့်၊ ပါတီနှင့် လုပ်ကိုင်သည့်အခါ သူ့တို့၏ပုဂ္ဂိုလ်ရေးယုံကြည်ချက်ကြောင့် အသင်းအဖွဲ့ကိုကွဲစေသည်။ ထို့ပြင် သူတို့၏ဩဇာတိက္ကမသည် သိပ်ကြီးမားသည့်အတွက် အသင်းအဖွဲ့ဝင်များက ပြန်မလှန်ရဲတော့ဘဲ အသင်းအဖွဲ့ကို အားနည်းစေသည်။ ဩဇာတိက္ကမကြီးသူတွေဦးဆောင်သည့် အသင်းအဖွဲ့သည် လုပ်ရည်ကိုင်ရည်ကောင်းလို့ အသင်းအဖွဲ့အောင်မြင်လာရာတွင်လည်း အဖွဲ့ဝင်များအနေဖြင့် အောင်မြင်မှုသည် သူတို့နှင့်မဆိုင်သလိုခံစားရလေ့ရှိသည်ဟု ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က ဆိုသည်။

"ဆိုတော့ အသင်းအဖွဲ့အတွက် သူတို့ရဲ့ဩဇာတိက္ကမကြီးခြင်းဟာ အန္တရာယ်ဖြစ်တယ်။ ဒီအချက်သုံးချက်ကို သတိထားဖို့လိုပါတယ်"။

လူထုခေါင်းဆောင်ဟုဆိုရာတွင် Conventional Politics နှင့် Contentious Politics မည်သော အပိုင်းနှစ်ပိုင်းရှိသည်။ Conventional Politics တွင် လူထုခေါင်းဆောင်များအနေဖြင့် လွှတ်တော်တွင် ဝင်ရောက်အရွေးခံကြသည်။ လွှတ်တော်ထဲတွင် ဝင်ထိုင်ကြသည်။ နောက်ပိုင်းအစိုးရအဖွဲ့တွင် ပါဝင်လာသည်။ ထိုလူထုခေါင်းဆောင် အမျိုးအစားသည် နိုင်ငံရေးပါတီကိုအခြေခံသည်။ နောက်ဆုံးအဆင့် သမ္မတဖြစ်သွားလျှင် တစ်တိုင်းပြည်လုံးနှင့်ဆိုင်သည့် State Leader (နိုင်ငံ့ခေါင်းဆောင်)အဖြစ်သို့ ရောက်သွားသည်။

"ဒါပေမဲ့ State Leader တိုင်းကလဲ အများပြည်သူ့လူထုရဲ့ လူထုခေါင်းဆောင်အဖြစ် ဖြစ်ချင်မှလဲဖြစ်ပါတယ်။ များသောအားဖြင့် လူထု

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဆိုတာက State Leader လဲ ဖြစ်ချင်မှဖြစ်မယ်။ ဒါပေမဲ့ အများပြည်သူက သူတို့ရဲ့ခေါင်းဆောင်လို့လက်ခံထားကြတယ်”ဟု နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်ခင်မမမျိုးက ပြောသည်။

အထူးသဖြင့် လွတ်လပ်ရေးအတွက် လှုပ်ရှားမှုမျိုး၊ ဒီမိုကရေစီအရေးအတွက် လှုပ်ရှားမှုမျိုးစသဖြင့် လှုပ်ရှားမှုများကို အခြေခံကာ မွေးဖွားပေးလိုက်တဲ့ခေါင်းဆောင်တွေကို လူထုခေါင်းဆောင်အဖြစ် ညွှန်းဆိုလေ့ရှိသည်ဟု ဒေါ်ခင်မမမျိုးက ပြောသည်။

## ရှေ့ဆောင်လမ်းပြ ခေါင်းဆောင်လား၊ နောက်ကွယ်ကြိုးကိုင် ခေါင်းဆောင်လား

နိုင်ငံရေးသမိုင်းဖြစ်စဉ်များတွင် လူထုကိုဦးဆောင်မှုပြုတိုင်း လူထုခေါင်းဆောင်များအနေဖြင့် သေနတ်ကိုကိုင်စွဲပြီး ခေါင်းဆောင်မှုပြုခဲ့သလို ဘာသာရေးအကြောင်းပြကာ စိပ်ပုတီးကိုကိုင်စွဲပြီး လူထုကိုဦးဆောင်မှုမျိုးလည်းရှိခဲ့သည်။ အများအားဖြင့် လူထုကရှေ့ကနေတက်ပြီး လိုလားချက်များကို ပုံစံတစ်မျိုးဖြင့် ဖော်ဆောင်ကြပြီဆိုရင် မူလရည်ရွယ်ထားသည့် လမ်းကြောင်းနှင့် ဝေးကွာသွားတတ်သောသဘောရှိသည်။

ထိုအချိန်မျိုးတွင် အမျိုးသားရေးပုံသဏ္ဍာန်ဆောင်သော ခေါင်းစဉ်များကိုတပ်ကာ ကြွေးကြော်သံများဖြင့် လတ်တလောလူကြိုက်များသည့် ခေါင်းဆောင်များပေါ်ထွက်လာတတ်သည်။

“အဲဒါတွေက ရေရှည်တည်တံ့ခိုင်မြဲနေမှာမဟုတ်ဘူး။ အဲဒီသာဓကက ရုရှားမှာဖြစ်ခဲ့ဖူးတယ်။ ရုရှားတိုင်း ပြည်ကွဲထွက်သွားပြီးတဲ့အချိန်မှာ အမျိုးသားရေးဝါဒီကို ရှေ့တန်းတင်တဲ့အခါ မှန်မှန်ကန်ကန်ဦးမဆောင်နိုင်တဲ့သူတွေတက်လာခဲ့တယ်။ တကယ့်ကို ကြီးကြီးမားမားခေါင်းစဉ်ကြီးနဲ့ကို လှုပ်ရှားခဲ့တယ်။ ဒါပေမဲ့ တကယ်တမ်းတိုင်းပြည်ကို အကျိုးပြုနိုင်တာမဟုတ်တော့ ပြန်ပြီးပြုတ်ကျသွားခဲ့တယ်”ဟု စစမျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးပြုံးချိုက နိုင်ငံတကာအဖြစ်အပျက်တစ်ခုနှင့် နှိုင်းယှဉ်ပြသည်။

ပြည်သူလူထု၏လိုအပ်ချက်နှင့် တိုင်းပြည်၏တကယ့်လိုအပ်ချက်အတွက် ပြုပြင်ပြောင်းလဲသင့်သည့်အချက်များကို ချိန်ညှိဖို့လိုသည်။ သဟဇာတဖြစ်ရန် ထိန်းကျောင်းနိုင်မည့်အတတ်ပညာလိုသည်ဟု၎င်းကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမဟုတ်ဘဲ မိမိနေရာရရှိရေးအတွက် လူထုနောက်က လိုက်မယ်။ လူထုကိုရှေ့ကိုတွန်းတင်ပြီး နောက်ကနေလိုက်မယ်ဆိုရင်အန္တရာယ်တွေ အများကြီးရှိတယ်။ဒါဟာစစ်မှန်တဲ့ ပြုပြင်ပြောင်းလဲရေးတွေကို မတည်ဆောက်နိုင်တဲ့အပြင် ရေရှည်တိုင်းပြည်တည်ဆောက်ရေးမှာလဲ အခက်အခဲတွေ အများကြီးဖြစ်သွားနိုင်တယ်"။

ဦးပြုံးချို၏ ယူဆချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်သည် လူထုကို နောက်ကွယ်မှ တွန်းအားပေးပြီး ရည်ရွယ်ချက်ကို ဖော်ဆောင်သည့် ခေါင်းဆောင်မျိုးမဟုတ်ဟုဆိုသည်။ "ဒေါ်စုအပေါ်မှာ ကျွန်မမြင်တွေ့ရသလောက်တော့ လူထုရဲ့ရှေ့ကနေ ဦးဆောင်လမ်းပြတဲ့ခေါင်းဆောင်တစ်ယောက်ရဲ့ သွင်ပြင်လက္ခဏာတွေကများပါတယ်"ဟု နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်ခင်မမမျိုးက ကောက်ချက်ချသည်။

## လမ်းပြခေါင်းဆောင်စိတ်ထား

၁၉၈၈ခုနှစ် မတ် ၃၀ရက်တွင် မိခင်ကြီးဒေါ်ခင်ကြည်တစ်ယောက် နာမကျန်းဖြစ်မှုကြောင့် ပြုစုစောင့်ရှောက်ရန်အတွက် ရန်ကုန်မြို့သို့ရောက်ရှိလာရာမှ မမျှော်လင့်ဘဲ ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် နိုင်ငံရေးသမား ဖြစ်ခဲ့ရသည်။

သမိုင်းကိုပြန်ကြည့်လျှင် ဒေါ်အောင်ဆန်းစုကြည်သည် ရှားပါးခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မှတ်ချက်ပေးသည်။

သူမနှုတ်ဖျားက ထွက်ကျသည့်စကားများသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးတို့နှင့်သာ အများစုပတ်သက်သည်။ ပြည်သူလူထုအပေါ်တွင် မေတ္တာထုအင်မတန်ကြီးမားသည်။ "ဘယ်လောက်ပဲ ခရီးပန်းပန်း၊ ဘယ်လောက်ပဲပင်ပန်းနွမ်းနယ်နေနေ ပြည်သူလူထုနဲ့တွေ့လိုက်ရင် တက်ကြွလန်းဆန်းပြီး တိုင်းပြည်အတွက် တကယ့်ကိုစိတ်ရှင်လန်းနေတဲ့ပုံမျိုး"ဟု ၎င်းက ဆိုသည်။

ဘယ်သူ့ဘယ်သူ့အပေါ်မှ နစ်နာစေလိုတဲ့စိတ်၊ ရန်းတီးစိတ်၊ အာဃာတစိတ်မရှိဘူး၊ သည်းခံခွင့်လွှတ်နိုင်တယ်။ ကိုယ့်ကိုဒုက္ခမျိုးစုံပေးပြီး အသက်အန္တရာယ်ရန်ရှာတဲ့ ပုဂ္ဂိုလ်တွေကိုပင်လျှင် သည်းခံခွင့်လွှတ်နိုင်တယ်"

www.burmeseclassic.com



ဟု ဒေါ်အောင် ဆန်းစုကြည်အပေါ် သူသတိထားမိသမျှထဲမှ ဦးဝင်းမြင့်က ထုတ်ပြောသည်။

နိုင်ငံရေးစင်မြင့်ပေါ်သို့မရောက်ခင် ပထမဆုံးအကြိမ် ကြုံတွေ့စဉ်က အဖြစ်အပျက်သည် စစမျိုးဆက်ကျောင်းသားဦးပြုံးချိုအတွက် ယခုအချိန်ထိအမှတ်ရစရာဖြစ်ခဲ့သည်။ "သူ့အခန်းနံရံဘေးက ရင်ထိုးတွေ တပ်ထားတဲ့ပိတ်စမှာ ကျောင်းသားလှုပ်ရှားမှု ကိုယ်စားပြုတံဆိပ်တွေကို ရင်ထိုးတွေရဲ့အမြင့်ဆုံးမှာသူကိုယ်တိုင်သွားထိုးတာ။ အဲဒါကိုမြင်တော့ ကျွန်တော်တို့ တော်တော်ကိုဝမ်းသာခဲ့တာ"ဟု သူကပြန်ပြောပြသည်။

နားထောင်တာနည်းပြီး ပြောတာကများသည်ဟု ဝေဖန်မှုများခံနေရသော ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး သူက ယခုလိုတုံ့ပြန်သည်။

"ကျောင်းသားတွေရဲ့ တင်ပြချက်တွေကို သေချာအာရုံစိုက်ပြီး နားထောင်တာတွေ့ရတယ်။ ချက်ချင်းဆိုသလိုပဲ ဘာအလုပ်ကိုလုပ်ရမလဲ၊ ဘာလုပ်သင့်လဲဆိုပြီးတော့ အကြံပေးတာ၊ ပူးပေါင်းဆောင်ရွက်မှုတွေရှိခဲ့တာကိုတော့ ကျွန်တော်သတိထားမိပါတယ်"။

ဒေါ်အောင်ဆန်းစုကြည်တွင် ဖြူစင်သောစိတ်ထားရှိသည်။ ဖြောင့်မတ်သောသဘောထားရှိသည်။ မှန်ကန်သော စိတ်စေတနာရှိသည်။ နှလုံးသားတွင် တရားဓမ္မတို့သာကိန်းအောင်းနေသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ကဆိုသည်။ ထိုအရာများကပင် လက်ရှိကြုံတွေ့နေရသော ပြည်သူတချို့၏အမြင်မကြည်မှုများနှင့် ရင်ဆိုင်နေရသော အခက်အခဲများကိုဖြေရှင်းနိုင်လိမ့်မည်ဟု သူကယူဆသည်။

"တိုင်းပြည်နဲ့လူမျိုးအတွက် ပေးဆပ်နိုင်တဲ့နှလုံးသားကြီးတယ်။ တရားဓမ္မစိတ်က သူ့ရင်ထဲမှာကိန်းအောင်းတာအမှန်ပဲ။ ဘယ်အကျပ်အတည်းအခက်အခဲမဆို၊ ဘယ်ပြဿနာမဆို ဖြူစင်တဲ့စိတ်ထားရှိမယ်။ ဖြောင့်မတ်တဲ့သဘောထားရှိမယ်။ မှန်ကန်တဲ့စေတနာရှိမယ်၊ တရားဓမ္မသာ နှလုံးသားမှာ ကိန်းအောင်မယ်ဆိုရင် အဖြေရှာလို့ရပါတယ်"။

## နိုင်ငံရေးအမြင့်ဆုံးပန်းတိုင်နှင့် လက်ရှိအနေအထား

ယခုနောက်ဆုံးအခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည် ကြုံတွေ့နေရသောပြဿနာသည် အစောကပြောခဲ့သလို နိုင်ငံတကာစံနှုန်းများနှင့်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရေးစံနှုန်းများအကြား ပိတ်မိနေသည့်ပုံစံမျိုးဖြစ်သည်။ လူ့အခွင့်အရေးအရ အမျိုးသမီးများ၏ လွတ်လပ်စွာလက်ထပ်ထိမ်းမြားခွင့်ကို အတားအဆီးတစ်ခုဖြစ်စေသည့် မျိုးစောင့်ဥပဒေပြဋ္ဌာန်းပေးရေးကိစ္စဖြစ်သည်။

မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေးနှင့်ပတ်သက်ပြီး နံပါတ်တစ်–တစ်သီးပုဂ္ဂလအခွင့်အရေး၊ နံပါတ်နှစ်–အစုအဖွဲ့အလိုက်အခွင့်အရေးနှင့် နံပါတ်သုံး–အမျိုးသားအကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဖို့လိုသည်ဟု နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က ဆိုသည်။

"လူတစ်ဦးချင်းစီရဲ့ အခွင့်အရေးတွေ၊ အစုအဖွဲ့အလိုက်အခွင့်အရေးတွေကိုမစဉ်းစားဘဲနဲ့ အမျိုးသားအကျိုးစီးပွားတစ်ခုတည်းကိုပဲ ကြည့်မယ်ဆရင်လမ်းမမှန်ဘူး။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လဲ ဒီအချက်သုံးချက်ကိုထည့်စဉ်းစားရင် ဘာမှအငြင်းပွားစရာရှိမှာမဟုတ်ပါဘူး။ အဲဒီ အချက်သုံးချက်နဲ့ ဥပဒေလုပ်တယ်ဆိုရင် နိုင်ငံတကာဘယ်စံတွေနဲ့ပဲတိုင်းတိုင်း ဒါဟာမြန်မာ့စံပဲဖြစ်လိမ့်မယ်"။

ဒီမိုကရေစီစနစ်အရ အတွေးအမြင်မတူညီမှုများ၊ ကွဲပြားခြားနားမှုများ၊ ထောက်ခံသူများ၊ မထောက်ခံသူများသည် အလွှာအလိုက်နယ်ပယ်အလိုက်ရှိနေရကြခြင်းသည်ဖြစ်လေ့ဖြစ်ထရှိသည့်ထုံးစံတစ်ခုဟု ဒေါ်ခင်မမမျိုးက ဆိုသည်။

"အမြင်မတူရင်တော့ မထောက်ခံကြဘူးပေါ့။ လူထုဆိုတာကလဲ ကွဲပြားမှုအပေါ်မှာ အခြေခံထားတာပါ"။

လွတ်လပ်မှုနှင့်စံနှုန်းများကို တွက်ချက်ကြပြီဆိုလျှင် လူ့အခွင့်အရေးတောင်းဆိုမှုများ၊ နိုင်ငံသားအခွင့်အရေး တောင်းဆိုမှုများရှိလာသည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံရေးစီးကြောင်းထဲကို ဝင်ရောက်လာသည်နှင့်အညီ၊ ခေတ်နှင့် သဟဇာတဖြစ်မည့်အချက်တွေကို အသုံးချရမည်ဖြစ်သည်ဟု ဦးပြုံးချိုက လက်ခံထားသည်။

"အာမခံချက်ရှိတဲ့ အခွင့်အရေးတွေဖော်ဆောင်နိုင်ဖို့ပဲ။ ဥပဒေစိုးမိုးရေးနဲ့ချိန်မျှပြီးတဲ့အခါ ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေကို အများမထိခိုက်အောင် ချိန်ညှိရမယ်။ ဒါမှစောစောကအငြင်းပွားနေတဲ့ အမျိုးသားရေးကိစ္စတွေ နိုင်ငံတကာစံနှုန်းကိစ္စတွေကို ကျော်လွှားနိုင်မယ်"ဟု ဦးပြုံးချိုက ယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားရေးအယူအဆများ၊ ဘာသာတရားနှင့် ယဉ်ကျေးမှုအခြေခံများစသည့် အမျိုးသားရေးစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုသော နိုင်ငံတကာစံနှုန်းများအကြား ထိတိုက်တွေ့ဆုံမှုများ၊ ပွန်းတိုက်မှုလေးများသည် စစ်အစိုးရခေတ်တစ်လျှောက်လုံး လူထုခေါင်းဆောင်အဖြစ် ယုံကြည်ကိုးစားခံခဲ့ရသူ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အတွက် ပြည်သူတချို့၏အမြင်မကြည်မှုအပြင် ဆန့်ကျင်မှုပင်ကြုံတွေ့ခဲ့ရသည်က အမှန်တရားတစ်ခုဖြစ်သည်။ ထိုသို့ အမြင်မတူညီမှုများက ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအမြင့်ဆုံး မျှော်မှန်းချက်ဖြစ်သည့် သမ္မတဖြစ်ရေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ၅၉(စ)ထက် ပိုမိုအဟန့်အတားဖြစ်စေသလားဆိုသည်က ထည့်သွင်းစဉ်းစားစရာဖြစ်လာသည်။

ထိုမေးခွန်းအပေါ် နိုင်ငံရေးကျွမ်းကျင်သူဒေါ်ခင်မမျိုးက "ရွေးကောက်ပွဲဖြစ်လာတဲ့ အချိန်ကျမှပဲ သိရမယ်။ ၂၀၁၅ ရယ်လို့မဟုတ်ဘဲ ၂၀၂၀၊၂၀၂၅ စသဖြင့် ရွေးကောက်ပွဲတွေကပဲ လူထုခေါင်းဆောင်ကို ဆုံးဖြတ်သွားပါလိမ့်မယ်"ဟု ဖြေဆိုပါသည်။

ဒေါ်အောင်ဆန်းစုကြည်သာ သမ္မတဖြစ်လာရင် လက်ရှိခေါင်းဆောင်တွေထက်ပိုကောင်းသည့်ခေါင်းဆောင်ဖြစ်လာမည်မှာ အသေအချာပဲဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ဦးပြုံးချိုကယုံကြည်နေသည်။

ထိုအခြေအနေမျိုးတွင် လွန်ခဲ့သော၂၅နှစ်ကျော်အချိန်က ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ဆီက ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းစကားသံတချို့ကို ပြန်သတိရမိစေသည်။

"ကျွန်မစိတ်ထဲမှာရှိသလို မှန်မှန်ကန်ကန်ပြောသွားမှာပဲ။ ကြိုက်ရင်လဲထောက်ခံကြပါ။ မကြိုက်ရင်လဲ ကျွန်မကတော့ မှန်တဲ့အတိုင်းလုပ်တာပဲ။ မကြိုက်တာတော့ ကျွန်မဘယ်လိုမှ မတတ်နိုင်ဘူး"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၁၁)*

www.burmeseclassic.com

www.burmeseclassic.com



# မြို့တော်ဝန် ရွေးကောက်ပွဲများ အလိုရှိသည်

www.burmeseclassic.com

www.burmeseclassic.com

## မြို့တော်ဝန်ရွေးကောက်ပွဲများ အလိုရှိသည်

နံနက် ၇နာရီခွဲ၊ ၈နာရီဆိုရင် သူနေ့စဉ်စီးနေကျမြို့ပတ်ရထားက ဥဩဆွဲနေကျ။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များဖြင့် ရထားပေါ်တွင် တိုးတိုးကြိတ်ကြိတ်၊ ပြွတ်ပြွတ်သိပ်သိပ်။ နေ့စားအလုပ်သမား၊ ရုံးဝန်ထမ်း၊ ကုန်စိမ်းသည်စသဖြင့် အခြေခံလူတန်းစားအလွှာများကြားတွင် အသက် ၈၂ နှစ်အရွယ် ဝါရင့်နိုင်ငံရေးသမားကြီးဦးသုဝေကလည်း လှုပ်လှုပ်ရှားရှား။ ထိုသို့သော နေ့ရက်ပေါင်းများစွာကြာကြာ သူကနေ့စဉ်ဖြတ်သန်းခဲ့ပြီးပြီ။

မြို့ပတ်ရထားလက်မှတ်တစ်လစာကို ကျပ် ၁၇၀၀ နှုန်းဖြင့် ဝယ်ထားသည်။ ရန်ကုန်မြို့၏ ဆင်ခြေဖုံးမြို့နယ်လေးတစ်ခုဖြစ်သော စက်ရုံအလုပ်များထူထပ်သည့် ရွှေပြည်သာမြို့နယ်နေအိမ်မှ ရန်ကုန်မြို့လယ်ကောင်မကျတကျရှိ မင်္ဂလာတောင်ညွန့်မြို့နယ်ရုံးခန်းသို့ မြို့ပတ်ရထားဖြင့်သွားသည်။ သူစီးနေကျရထားသည် ရွှေပြည်သာမှရန်ကုန်ဘူတာကြီးကိုရောက်ဖို့ တစ်နာရီခွဲကြာအောင် ခုတ်မောင်းရသည်။ ထိုသို့ သူ၏နိစ္စဓူဝ ဖြန်းကန်ရသောလက်တွေ့ဘဝတွင်ကြုံတွေ့ခဲ့သမျှ၊ မြင်မိခဲ့သမျှတို့သည် ဒီမိုကရေစီဆိုသည့် လွတ်လပ်သောလူထုစနစ်ကို ပြောင်းကာစပေမို့ မြေရာတကာတွင် လိုအပ်ချက်များရှိနေသည်ဟု ဦးသုဝေက ဆိုသည်။

www.burmeseclassic.com



"လမ်းတွေပေါ်မှာ ကားတွေကပိတ်၊ အမှိုက်တွေကများ၊ ပတ်ဝန်း ကျင်မှာက စည်းကမ်းတွေပျက်နေတာ။ ရထားတွေပေါ်မှာလဲ စည်းကမ်းမကျ တာတွေ အများကြီးပဲ"။

ရုံးချိန်၊ ကျောင်းတက်ချိန်များတွင် ဈေးသည်များ၊ အထုပ်အပိုးနှင့် လူများကို ရထားပေါ်မတင်ရဘူးဆိုသည့် စည်းကမ်းချက်များရှိသော်ငြား လည်း ရသည့်အချိန်ကို လုယက်ပြီး လုပ်ကိုင်စားသောက်ရသောဘဝများက လက်မှတ်စစ်၊ ဂတ်မိုလ်စသဖြင့် အစိုးရဝန်ထမ်းတို့ကို ပိုက်ဆံပေးပြီး ရထားပေါ်ကို အတင်းတိုးတက်တော့သည်။

"အဓိကတော့ သီးခြားတွဲဆိုင်းတွေ တိုးမပေးနိုင်တဲ့ အခြေအနေမို့ ပေါ့။ အစိုးရဝန်ထမ်းတွေလဲ စည်းကမ်းပျက်တယ်၊ ဈေးသည်တွေလဲ စည်းကမ်းပျက်ကြတယ်။ မြို့တော်ကို တာဝန်ယူရတဲ့အုပ်ချုပ်ရေးအဖွဲ့ အနေနဲ့ သူတို့ရဲ့တာဝန်တွေကို မကျေပွန်ဘူး"ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ဥက္ကဋ္ဌဖြစ်သူဦးသုဝေက ကောက်ချက်ချသည်။

ဦးသုဝေလိုမျိုး အသက်၂၀ကျော်အရွယ် ပုဂ္ဂလိက ကုမ္ပဏီဝန်ထမ်း တစ်ဦးဖြစ်သူ မမီးမီးသည်လည်းသူနေထိုင်ရာတောင်ဒဂုံမြို့နယ်မှ ကုမ္ပဏီ ရှိရာ ဗဟန်းမြို့နယ်ထဲသို့ရောက်ဖို့ နေ့စဉ်ဘတ်စ်ကားစီးရသည့်အချိန်သည် တစ်နာရီခွဲအထက်တွင် ရှိနေသည်။

"မနက်၇နာရီကျော်လောက်ကတည်းက ရုံးသွားဖို့ပြင်ဆင်နေတာ။ အိမ်ကထွက်ရင် ၈နာရီ၊ ရုံးကို ၉နာရီခွဲရောက်ဖို့ မနည်းဆုတောင်းရတယ်။ ယာဉ်ကြောပိတ်တာနဲ့ကြုံရင် ရုံးမမီတော့ဘူး"ဟု မမီးမီးက ဆိုသည်။

တကယ်တော့ အဘဦးသုဝေတို့၊ မမီးမီးတို့ကြုံတွေ့နေရသည့် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ရေပေး ဝေရေး၊ အမှိုက်၊ မိလ္လာ၊ ရေဆိုးစွန့်ပစ်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတာဝန်တို့ မြို့တော်ဝန်ဦးဆောင်သော မြို့တော်စည်ပင်သာယာရေးကော်မတီက တာ ဝန်ယူဖြေရှင်းပေးရမည်ဖြစ်သည်။ ထို့ပြင်မြို့တစ်မြို့၏အိမ်ရာကဏ္ဍ၊ လျှပ် စစ်ကဏ္ဍနှင့် အပန်းဖြေစိမ်းလန်းဇုန်ကအစ ၄င်းကော်မတီက တာဝန်ယူ ရသည်။

ယခင်က မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ခဲ့ဖူးသော မြို့တော်ရန်ကုန် အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ၂၀၁၃ ခုနှစ် စက်

www.burmeseclassic.com

www.burmeseclassic.com



တင်ဘာတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းခဲ့သည်။ ထို ဥပဒေအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စည်ပင် သာယာရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အဖွဲ့ ဝင် ကိုးဦးပါဝင်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရမည်။ ကော်မတီတွင် နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်သည့် မြို့တော်ဝန်(စည်ပင်သာယာရေးဝန်ကြီး)၊အစိုးရအဖွဲ့မှ တိုက်ရိုက် ခန့်အပ် ခံရသူ ကော်မတီဝင်လေးဦးနှင့် မြို့တော်နယ်နိမိတ်အတွင်း ခရိုင်လေးခုမှ ပြည်သူရွေးကောက်တင်မြှောက်သည့် ကော်မတီဝင်လေးဦးပါဝင်သည်။

သို့သော် ယခုအချိန်အထိ အဆိုပါဥပဒေ၏နည်းဥပဒေမထွက်နိုင် သေးသောကြောင့် ပြည်သူရွေးကောက်တင်မြှောက်ရမည့် ခရိုင်လေးခုမှ ကော်မတီဝင်လေးဦးကိုတောင် ရွေးကောက်နိုင်ခြင်းမရှိသေးဟု ရန်ကုန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ရန်ကုန် တိုင်းမ်သို့ ပြောသည်။

ဒီမိုကရေစီစနစ်ဆီသို့ဦးတည်သွားနေသော ဦးသိန်းစိန်အစိုးရ၏ လက်ရှိအသုံးပြုနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ၎င်းတို့မှတင်ပြလာသည့် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများကို နိုင်ငံတော်သမ္မတက တိုက်ရိုက် ခန့်အပ်နိုင်သည်ဟုဆိုထားရာ ဒေသန္တရအုပ်ချုပ်ရေးမှုးများဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များကို ပြည်သူလူထုမှရွေးချယ် တင်မြှောက်ရေးဆိုသည့် ဒီမိုကရေစီစနစ်၏ အခြေခံအနှစ်သာရသည် လက်ရှိဦးသိန်းစိန်အစိုးရ၏မှအရ ပျောက်ဆုံးနေသည်။

ပြည်သူလူထုကရွေးကောက်တင်မြှောက်သည့် မြို့တော်ဝန်ဖြစ်မှ သာလျှင် မြို့တော်ဝန်သည် ပြည်သူလူထု၏အရေးအရာများကို ပိုမိုစိတ် ဝင်စားမည်။ ဝန်ကြီးချုပ် သို့မဟုတ် နိုင်ငံတော်သမ္မတက တိုက်ရိုက်ရွေး ချယ်ထားသည့် မြို့တော်ဝန်ဖြစ်နေခြင်းကြောင့် ပြည်သူ့မျက်နှာကြည့်စရာ မလိုတော့ဘဲ သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်မျက်နှာကိုသာ မြို့တော်ဝန်က ကြည့်နေရမည့်သဘောဖြစ်နေသည်ဟု လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ညိုညိုသင်းက ပြောသည်။

"ဒါကြောင့် သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်ကိုပဲ သစ္စာခံနေလိမ့်

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ပြည်သူလူထုရဲ့အကျိုးစီးပွားက ဒုတိယဖြစ်နေလိမ့်မယ်။ ဒါဟာ ဒီမိုကရေစီစံနှုန်းနဲ့လွဲချော်နေတာပဲ။ မအပ်စပ်ဘူး။ တကယ့်ဒီမိုကရေစီစံနှုန်း နဲ့ညီချင်ရင် မြို့တော်ဝန်တွေကအစ လူထုက ရွေးချယ်ရတာပဲ"ဟု သူက ဆက်ပြောသည်။ တကယ့်ဒီမိုကရေစီစနစ်၏ အခြေခံအကျဆုံးအနှစ်သာရ တစ်ခုဖြစ်သော ပြည်သူလူထု၏ မြို့တော်ဝန်ရွေးကောက်တင်မြှောက်ပွဲများ ပျောက်ဆုံးနေသည်။ အိပ်မက်တစ်ခုလိုဖြစ်နေသည်ဟု ဒေါက်တာညီညွှန့်သင်းက ထောက်ပြသည်။

ထိုအိပ်မက်ကို အကောင်အထည်ဖော်ပေးဖို့ နိုင်ငံတော် သမ္မတ အနေဖြင့် အလေးထားဆောင်ရွက်သင့်သလို လွှတ်တော်ကိုယ်စားလှယ်များ ကလည်း အဆက်မပြတ်မေးခွန်းထုတ်သင့်သည်ဟု သူမကတိုက်တွန်းသည်။

၁၉၉၇ခုနှစ်ကတည်းက မြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုကို သုတေသနပြုနေသူ ခရိုအေးရှားနှင့်ချဒ်နိုင်ငံသား မစ္စတာအိဂေါ်ဗလဖီဗစ် ကလည်း မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ဆီသို့ အမှန်တကယ် ဦး တည်မည်ဆိုရင် မြို့တော်ဝန်များကို လူထုကရွေးကောက်တင်မြှောက်ခြင်း သည် ကောင်းမွန်သောအခြေခံဖြစ်သည်ဟု မှတ်ချက်ပေးသည်။

## ဒီမိုကရေစီနှင့် မြို့တော်ဝန်ရွေးကောက်ပွဲ

အခြားသော ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံများတွင် မြို့တော်ဝန် ရွေးကောက်ပွဲကို ပုံစံနှစ်မျိုးဖြင့်ပြုလုပ်ကြသည်။ မြို့တော်ဝန်ကို လူထုက တိုက်ရိုက် ရွေးချယ်တင်မြှောက်သည့်စနစ်နှင့် လူထုရွေးချယ်ထားသော မြို့တော်စည်ပင် သာယာရေးကောင်စီကိုဖွဲ့စည်းကာ ၎င်းအဖွဲ့မှတစ်ဆင့် မြို့တော်ဝန်ကို ပြန်ခန့်အပ်သည့် စနစ်ဖြစ်သည်။ မစ္စတာအိဂေါကတော့ ဒုတိယနည်းစနစ်ကို ပိုကြိုက်သည်ဟုဆိုသည်။

ဥပမာ– မြို့တော်ဝန်သက်တမ်းက လေးနှစ်ဆိုပါစို့။ ထိုသက်တမ်း တစ်လျှောက်တွင် လုပ်ဆောင်သွားသည့် မြို့တော်ဝန်၏လုပ်ရပ်များအပေါ် စောင့်ကြည့်လေ့လာဖို့ဆိုတာ ပြည်သူလူထုအတွက် ခက်ခဲသည့်အခြေအနေ ဖြစ်သည်။ အလုပ်ကိုယ်စီဖြင့် ပြည်သူလူထုအတွက် မြို့တော်ဝန်၏လုပ် ဆောင်ချက်များသည် မှန်ကန်မှုရှိမရှိကို ခန့်မှန်းနိုင်ကြမည်မဟုတ်ပါ။ မကြိုက်လျှင်လည်း နောက်လေးနှစ်ကြာမှပြုလုပ်မည့် ရွေးကောက်ပွဲတွင်သာ

www.burmeseclassic.com

www.burmeseclassic.com



ငှင်းမြို့တော်ဝန်ကို ဖြုတ်ချနိုင်မည်ဖြစ်သောကြောင့် ပထမမြို့တော်ဝန်ရွေးကောက်ပွဲပုံစံသည် အကောင်းလုကြီးမဟုတ်ဟု မစ္စတာအီဂေါက သုံးသပ်သည်။

"ဖြစ်သင့်တာက ပြည်သူလူထုက Municiple ကောင်စီ လူကြီးတွေကို ရွေးလိုက်မယ်။ အဲဒီထဲမှာလဲ တကယ့်သမ္မတရွေးကောက်ပွဲလိုမျိုး ပါတီခေါင်းဆောင်တွေဝင်ပြိုင်ကြတယ်။ ဆိုတော့ အတိုက်အခံအုပ်စုတွေရှိလာမယ်။ ပါလီမန်လိုပဲ အများစုအာဏာရတဲ့သူရှိလိမ့်မယ်။ သူတို့ရွေးပြီးတင်မြှောက်ထားတဲ့ မြို့တော်ဝန်ရဲ့လုပ်ဆောင်ချက်တွေဟာ မှန်ကန်မှုရှိရဲ့လားဆိုတာကို သူတို့က စောင့်ကြည့်လေ့ရှိတယ်။ မြို့တော်ဝန်မကောင်းရင် သူတို့ခေါင်းပေါ်ပဲတာဝန်ကျမှာကိုး"ဟု ၎င်းက ရှင်းပြသည်။ သို့သော် အဆိုပါရွေးကောက်ပွဲစနစ်နှစ်မျိုးစလုံးသည် လူထုကရွေးကောက်တင်မြှောက်သည့်အတွက် ဒီမိုကရေစီစနစ်သာဖြစ်သည်ဟု သူက ဆိုသည်။

ထိုကဲ့သို့ မြို့တော်ဝန်ရွေးချယ်တင်မြှောက်သည့်ပုံစံကို နေရာတိုင်း၊ နေရာတိုင်း၊ တိုင်းနှင့် ပြည်နယ်အလိုက် ခွင့်ပြုပေးထားမည်ဆိုလျှင် နိုင်ငံရေးသမားများအတွက် သူတို့၏အစွမ်းအစများကို ထုတ်ပြခွင့်ရကြမည်ဖြစ်သည်။ နိုင်ငံတကာတွင်မူ အုပ်ချုပ်ရေးအပိုင်းတွင် ဝါနုသေးသော နိုင်ငံရေးသမားများသည် ယခုလို Municiple တာဝန်ကို စတင်ထမ်းဆောင်လေ့ရှိသည်။ နယ်နိမိတ်အသီးသီးတွင်လည်း နိုင်ငံရေးပါတီအသီးသီးမှ နိုင်ငံရေးသမားများကမြို့တော်ဝန်များဖြစ်ကြမည်ဆိုလျှင် "သူတို့ရဲ့အုပ်ချုပ်ရေးအရည်အချင်း၊ သူတို့ရဲ့အစွမ်းကို ပြခွင့်ရတယ်။ လူထုကလဲ မြို့တော်ဝန်တွေရဲ့အစွမ်းအစကို ကြည့်နေတယ်။ နောင်တစ်ချိန် တိုင်းပြည်နဲ့ဆိုင်တဲ့ ရွေးကောက်ပွဲကြီးကို ကျင်းပရတော့မယ်၊ သမ္မတရွေးချယ်တော့မယ်ဆိုရင် ဒီမြို့တော်ဝန်တွေကပဲ နောက်တစ်ဆင့်တက်ရမှာ။ မြို့တော်ဝန်အဆင့်မှာတင် သူတို့ရဲ့အရည်အချင်းကို အကဲခတ်လို့ရနေပြီ။ ဒါကြောင့် နိုင်ငံရေးသမားတွေအတွက် အောက်ခြေမှာ စာမေးပွဲ ဖြေရတဲ့ပုံစံမျိုးပဲ"ဟု မစ္စတာအီဂေါက ပြောသည်။

မကြာမီကာလတွင် ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တော့မည်ဆိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်နိုင်သည်ဆိုသည့် အချက်များကို လည်းပြင်ဆင်ဖျက်သိမ်းရန် မဖြစ်မနေထည့်သွင်းစဉ်းစားရမည်ဟု ရန်ကုန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ဆိုသည်။

"အခုဥပဒေအတိုင်းဆိုရင် မြို့တော်ဝန်ဟာ ဘယ်လိုမှကို လူထုက ရွေးချယ်တင်မြှောက်နိုင်တဲ့ အခြေအနေမှာမရှိဘူး။ နိုင်ငံတော်သမ္မတက ဝန်ကြီးချုပ်ကို ခန့်အပ်တာတောင်မှပြည်သူလူထုကလက်မခံတာ"ဟု ဒေါက်တာ ညိုညိုသင်းက ပြောသည်။

အခြားသောဒီမိုကရေစီနိုင်ငံများလို မြို့တော်ဝန်ဆိုတာကို မြို့ခံ ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်သင့်သည်ဆိုသော်လည်း လတ်တလောကာလတွင်တော့ "လူထုလှုပ်ရှားမှုတွေမရှိဘဲ လူထုရဲ့တစ်ခဲ နက်တောင်းဆိုတဲ့ဖိအားတွေမရှိဘဲနဲ့တော့ လွယ်လွယ်ကူကူနဲ့ အစိုးရဘက် က ဒီဥပဒေ (၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ)ကို ပြင်ပေးမယ်လို့မထင်ဘူး"ဟု ၎င်းက ယူဆသည်။

## အာဏာခွဲဝေသုံးစွဲခြင်းနှင့် မြို့တော်ဝန်များ၏ အခန်းကဏ္ဍ

ဒီမိုကရေစီအစိုးရများအနေဖြင့် အာဏာခွဲဝေဖြန့်ကြက်မှုများကို လုပ်လေ့ရှိသည်။ ထိုသို့ပြုရာတွင်ဖြန့်ဝေမှုပုံစံသုံးမျိုးရှိသည်။ ပထမတစ်မျိုး သည် အပေါ်မှအောက်သို့အာဏာခွဲဝေပေးမှုပုံစံဖြစ်သည်။ နယ်ပယ်အားလုံး၊ ကဏ္ဍအားလုံးကိုမဟုတ်သော်လည်း ဒေသနှင့်သင့်တော်သော နယ်ပယ်များ တွင် ဒေသဖွံ့ဖြိုးဖို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ကို လုပ်ကိုင်ခွင့် အာဏာခွဲပေးခြင်းဖြစ်သည်။

ဒုတိယအဆင့်တွင် ဒေသခံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ကြီးချုပ်ဖြစ်စေ၊ မြို့တော်ဝန်ဖြစ်စေ ဒေသဖွံ့ဖြိုးရေးအတွက်လုပ်ပိုင်ခွင့်အာဏာအပြင် ဗဟို အစိုးရကနေ စနစ်တကျထည့်သွင်းရေးဆွဲထားသော အခွင့်အရေးအရ ပိုက်ဆံကိုလည်း ခွဲဝေပေးရသည်။ ထို့ပြင် သက်ဆိုင်ရာအစိုးရအဖွဲ့အနေဖြင့် အခွန်ကောက်ပြီး သူတို့၏လုပ်ငန်းဆောင်တာများကို လုပ်ကိုင်နိုင်ခွင့်ပေး ရသည်။

တတိယအချက်ကတော့ ဆုံးဖြတ်ချက်အာဏာရှိပြီး ပိုက်ဆံ သုံး စွဲမည့်သူ၊ခေါင်းဆောင်များကိုလည်းထိုဒေသရှိပြည်သူလူထုကနေ သီးခြား

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲဖြင့် ရွေးချယ်တင်မြှောက်သည့် စနစ်ရှိရမည်။

"ဒီလိုမျိုးစနစ်သုံးခုရှိမှသာ အဲဒီနိုင်ငံရဲ့အုပ်ချုပ်ရေးစနစ်က ကောင်းမွန်တဲ့ဒီမိုကရေစီနဲ့ အုပ်ချုပ်တယ်လို့ ပြောလို့ရမယ်"ဟု နိုင်ငံရေး အသွင် ကူးပြောင်းမှုသုတေသနပညာရှင် မစ္စတာအီဂေါက ဆိုသည်။

"ဒေသခံတွေ ပြည်နယ်သားတွေက သူတို့ကိုအုပ်ချုပ်မယ့် မြို့တော်ဝန်နဲ့ အုပ်ချုပ်ရေးမှူးကို ရွေးကောက်တင်မြှောက်တဲ့စနစ်တော့ရှိတယ်။ တက်လာတဲ့ သူက တကယ်လုပ်ပိုင်ခွင့်မရှိဘူး။ တကယ်ပိုက်ဆံသုံးစွဲခွင့် မရှိဘူးဆိုရင် ရွေးကောက်ပွဲဆိုတာ အလကားပဲဖြစ်သွားမယ်"ဟု သူက ထောက်ပြသည်။

ထို့ပြင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ရှိဝန်ကြီးချုပ် သို့မဟုတ် မြို့တော်ဝန်တွင် ပိုက်ဆံလည်းရှိ၊ လုပ်ပိုင်ခွင့်လည်းရှိသော်လည်း ဗဟိုမှ ခန့်အပ်သည့် စနစ်ဆိုရင် ဒီမိုကရေစီနှင့် မကိုက်ညီဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ဆူဟာဒိုတက်လာပြီးနောက်ပိုင်း နိုင်ငံရေး စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီကိုပြုပြင်ပြောင်းလဲဖို့ဆောင်ရွက်ကြသည်။ ဒီမို ကရေစီကိုသွားနိုင်ဖို့ အရေးအကြီးဆုံးဥပဒေငါးခုကို အရေးပေါ်ပြဋ္ဌာန်းပေးခဲ့ သည်။ ထိုငါးခုအနက်တစ်ခုသည် အာဏာကို အပေါ်မှာတင်စုမထားတော့ဘဲ အောက်ခြေကိုခွဲဝေပေးတဲ့ 'အာဏာခွဲဝေဖြန့်ကျက်ရေးဥပဒေ' ဖြစ်သည်။ နောက်ပိုင်း အင်ဒိုနီးရှားနိုင်ငံအဖြစ် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ချော မွေ့သည့် ထိုအာဏာခွဲဝေဖြန့်ကျက်ရေးဥပဒေကြောင့်သာဖြစ်ခဲ့သည်။ ထို ဥပဒေသည် အင်ဒိုနီးရှားနိုင်ငံအတွက် အရေးအကြီးဆုံးဥပဒေဖြစ်ခဲ့သည်ဆို တာကို နိုင်ငံရေးပညာရှင်များအား လုံးဝိုင်းပြီး ထောက်ပြကုန်ကြပါပြီဟု မစ္စတာအီဂေါက အိမ်နီးချင်းအင်ဒိုနီးရှားနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်း လဲပုံကို ပြောပြသည်။

## မြို့တော်ဝန်တစ်ယောက် ဖြစ်ပေါ်လာပုံ

မြို့တစ်မြို့လုံးကို ဖွံ့ဖြိုးဖို့၊ သာယာဖို့၊ လုံခြုံဖို့၊ နေချင့်စဖွယ်ဖြစ်ဖို့ ကဏ္ဍစုံစီမံခန့်ခွဲရသည့် မြို့တော်ဝန်များကို မြန်မာနိုင်ငံတွင် အင်္ဂလိပ် အစိုးရလက်ထက်ကတည်းက အပေါ်မှခန့်အပ်သည့်ပုံစံကို ကျင့်သုံးခဲ့သည်။ လွတ်လပ်ရေးရပြီးစအချိန်များကလည်း ထိုစနစ်ကို ဆက်လက်ကျင့်သုံးခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ၁၉၆၀ခုနှစ်ဝန်းကျင်က ဖဆပလခေတ်တွင်တော့ မြန်မာနိုင်ငံ၏ အချက်အချာအကျဆုံး မြို့ကြီးနှစ်မြို့ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် မြို့တော်ဝန်ရွေးကောက်ပွဲများကို စမ်းသပ်ကျင်းပခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင်တော့ ခန့်အပ်သည့်ပုံစံကို ဆက်ကျင့်သုံးသည်။

"အဲဒီတုန်းကတော့ ဖဆပလကလူအကြိုက်ဆုံးကာလပဲ။ အများအားဖြင့်တော့ နာမည်ကြီးတဲ့သူကိုရွေးတာပဲ။အတိုက်အခံတွေလဲပါတယ်" ဟု ထိုခေတ်ကရွေးကောက်ပွဲပုံစံကို အသက် ၈၂ နှစ်အရွယ် ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေကပြန်ပြောပြသည်။ Municiple ရွေးကောက်ပွဲဖြစ်စေ၊ အထွေထွေရွေးကောက်ပွဲဖြစ်စေမည်သည့်ရွေးကောက်ပွဲမဆို အစိုးရနှင့် အတိုက်အခံရှိရင် ပိုကောင်းသည်ဟု ဦးသုဝေကယူဆသည်။

"အတိုက်အခံကထိန်းပေးနိုင်တယ်။ အတိုက်အခံရှိနေတဲ့ အခါကျတော့ အစိုးရကလဲမဟုတ်တာမလုပ်ရဲဘူး။ မဟုတ်တာလုပ်ရင် အတိုက်အခံက ထောက်ပြ၊ ဒါဆိုကောင်းတဲ့ဘက်ကို ပြောင်းရတာပဲ။ အတိုက်အခံမရှိဘူးဆိုရင်တော့ လုပ်ချင်ရာလုပ်သွားနိုင်တယ်"။

ထိုအချိန်က မြို့တော်ဝန်ရွေးကောက်ပွဲများတွင် တစ်မြို့နယ်ကိုတစ်ယောက်နှုန်းဝင် ပြိုင်ကြသည်ဟု ဦးသုဝေက ရှင်းပြသည်။

"ဖဆပလပြိုကွဲပြီးတဲ့နောက်ပိုင်းမှာတော့ မြို့တော်ဝန်ရွေးကောက်ပွဲတွေလဲယနေ့အချိန်အထိ မရှိတော့ဘူး"။ ထိုအချိန်က မြို့တော်ဝန်ရွေးကောက်ပွဲများကို အထွေထွေရွေးကောက်ပွဲကြီးမတိုင်မီ တစ်နှစ်အလိုလောက်တွင် ကျင်းပခဲ့ကြသည်။

ပြီးခဲ့သည့် စစ်အစိုးရလက်ထက်တွင်လည်း မြို့တော်ဝန်များကို ခန့်အပ်သည့်စနစ်ကိုပဲ ကျင့်သုံးခဲ့သည်။ အနီးစပ်ဆုံးဖြစ်သော ၂၀၀၃ခုနှစ် မှ ဦးသိန်းစိန်အစိုးရမတက်မီအချိန်အထိ ရန်ကုန်မြို့တော်ဝန် တာဝန်ထမ်းဆောင်ခဲ့သော ဦးအောင်သိန်းလင်းက သူကိုယ်တိုင် မြို့တော်ဝန်ဘဝရောက်ရှိခဲ့ပုံကို ရန်ကုန်တိုင်းမ်သို့ ယခုလိုပြန်ပြောပြသည်။

"ကျွန်တော့်တုန်းကတော့ ဗိုလ်ချုပ်မှူးကြီးရဲ့အမိန့်အရ ဗိုလ်ချုပ်မှူးကြီးမောင်အေးကခေါ်ပြီး အကြီးအကဲတွေနဲ့တိုင်ပင်ပြီးတော့ ကျွန်တော့်ကို မြို့တော်ဝန်ခန့်အပ်လိုက်တယ်။ ကျွန်တော့်အတွက်ကတော့ ဒီတာဝန်ဟာ အစိမ်းသက်သက်ဖြစ်ပါတယ်။ တပ်မတော်ထဲမှာနေတုန်းကလဲ မြို့တော်ဝန်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ပတ်သက်လို့လေ့လာခဲ့တာမရှိဘူး။ အမှတ်တမဲ့ပဲနေခဲ့တယ်။ ကျွန်တော်က ရန်ကုန်မြို့မှာမနေရဘူး။ ရှေ့တန်းစစ်ဆင်ရေးမှာပဲနေခဲ့ရတာကိုး။ ကိုယ့်ကိုမြို့တော်ဝန်တာဝန်ပေးတဲ့အခါကျတော့ လုံးဝကိုအစိမ်းသက်သက်ဖြစ်ခဲ့ပါတယ်"။

သူ့ကိုမြို့တော်ဝန်တာဝန်ခန့်အပ်စဉ်က အကြီးအကဲတွေက မှာကြားခဲ့သည့် စကားတစ်ခွန်းသည် "အခြေခံလူတန်းစားတွေ မင်းတတ်နိုင်သမျှစောင့်ရှောက်ပါ"ဟူ၍သာဖြစ်ကြောင်း ဦးအောင်သိန်းလင်းက ပြန်ပြောပြသည်။ ထိုမှာကြားချက်ကို ယခုအချိန်အထိ စိတ်ထဲစွဲနေသည်ဟု ၎င်းကပြောသည်။ အလားတူပဲ ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း "မင်းသည် အခြေခံလူတန်းစားတွေကို စောင့်ရှောက်ဖို့တာဝန်ရှိတယ်"လို့ သူ့ကိုပြောခဲ့သည်။

ဆိုတော့အစိမ်းသက်သက်ဖြင့် မြို့တော်ဝန်ဖြစ်လာသည့်သူ့အတွက် အခြေခံလူတန်းစားတွေကို ဘယ်လိုစောင့်ရှောက်ရမလဲဆိုသည်က စဉ်းစားစရာဖြစ်လာခဲ့သည်။ အဓိကမြို့တော်ဝန်၏တာဝန်သည် ဖွံ့ဖြိုးတိုးတက်ပြီးတော့ နိုင်ငံတကာမြို့ကြီးများကို ယှဉ်ပြိုင်နိုင်ဖို့ပဲဖြစ်သည်ဟု ဆိုသည်။

"သန့်ရှင်းရမယ်၊ စိမ်းလန်းစိုပြည်ရမယ်၊ နေချင့်စဖွယ်ဖြစ်ရမယ်ဆိုတဲ့တာဝန်ပေါ့။ အခြေခံလူတန်းစားတွေရဲ့လူနေမှုဘဝတွေကိုလဲ မြှင့်တင်ပေးဖို့တာဝန်ရှိတယ်။ ဆိုတော့ အခြေခံလူတန်းစားတွေနေတဲ့ရပ်ကွက်တွေ၊ လမ်းတွေကောင်းအောင်လုပ်ပေးရမယ်။ ကျွန်တော်မြို့ တော်ဝန်သက်တမ်းတစ်လျှောက်မှာတော့ အခြေခံလူတန်းစားတွေရဲ့ဘဝတွေကိုပဲ အခြေပြုဆောင်ရွက်ခဲ့ပါတယ်"ဟု ဦးအောင်သိန်းလင်းက ရန်ကုန်တိုင်းမ်သို့ပြောသည်။

မြို့တော်ဝန်များကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်သင့်၊ မတင် မြှောက်သင့်ဆိုသည်ကိုတော့ ဦးအောင်သိန်းလင်းက ယခုလိုပြောပါသည်။ "ဖွံ့စည်းပုံအခြေခံဥပဒေနဲ့သွားရမယ့်အနေအထားက ရှိနေတယ်။ နောက်တစ်ချက်က အတွေ့အကြုံတွေကျင့်သားတွေလိုပါသေးတယ်။ ကျွန်တော့်အမြင်ကတော့ မြို့တော်ဝန်ကိုပြည်သူကရွေးချယ်တင်မြှောက်ဖို့ဆိုတာ နည်းနည်းစောနေသေး တယ်လို့မြင်ပါတယ်"။

www.burmeseclassic.com



## မြို့တော်ဝန်ရွေးကောက်ပွဲ အလိုရှိသည်

ပြီးခဲ့သည့် ၂၀၁၂ခုနှစ် ဩဂုတ် ၁၃ရက်က နေပြည်တော်၌ ပြုလုပ်သည့် ဒုတိယအကြိမ်စီမံကိန်း ကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတပြောကြားသည့်မိန့်ခွန်းတွင် မြို့ပြများဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများဖွဲ့စည်းကာ မြို့ပြအင်္ဂါရပ်နှင့်ညီအောင် ဒေသခံအစိုးရနှင့် ပြည်သူလူထုအကြား ညှိနှိုင်းမှုပုံစံများဖြင့် မူဝါဒများချမှတ်ဆောင်ရွက်ရမည်ဟုဆိုသည်။ ထို့အပြင် ဒေသန္တရအုပ်ချုပ်မှုစနစ်အောက်မှာ မြို့တော်စည်ပင်သာယာရေးအဖွဲ့အစည်းကို ပြည်သူများရွေးချယ်ပေးသည့် ကိုယ်စားလှယ်အများစုဖြင့် စနစ်တကျအမြန်ဖွဲ့စည်းပြီးဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြို့တော်စည်ပင်သာယာရေးအက်ဥပဒေကိုသက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ရေးဆွဲရမည်ဟု ဆိုထားသည်။

"ဥပဒေရှိပါလျက် သမ္မတကလမ်းညွှန်ထားပါလျက် သူတို့ရရှိထားတဲ့နေရာကိုဖယ်မပေးဘဲ တပ်မက်စွာနဲ့ဖက်တွယ်ထားမယ်ဆိုရင် သမိုင်းမှာတာဝန်ရှိတဲ့သူတွေဖြစ်သွားမှာပဲ"ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ဆိုသည်။

၂၀၁၂ ခုနှစ် ဩဂုတ်လကတည်းက မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များကို ပြည်သူလူထုရွေးချယ်တင်မြှောက်သည့် ကိုယ်စားလှယ်များနှင့်သာ ထားသင့်သည်ဟု နိုင်ငံတော်သမ္မတက မိန့်ခွန်းခြွေခဲ့သော်လည်း ယနေ့အထိအကောင်အထည်မပေါ်သေးသည်ကို ကြည့်ခြင်းအားဖြင့် "လက်ရှိမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များသည် မိမိရဲ့ထိုင်ခုံနေရာကိုမက်မောစွာနဲ့ဖက်တွယ်ထားတယ်ဆိုတာ ရှင်းရှင်းလင်းလင်းမြင်နေရတယ်"ဟု ဒေါက်တာညိုညိုသင်းကအပြစ်တင်သည်။ ဒေါက်တာညိုညိုသင်းသည် ရန်ကုန်မြို့တော်ဝန်ဦးဆောင်သည့် စည်ပင်သာယာရေးကော်မတီကို ဦးတည် ပြောဆိုနေခြင်းဖြစ်သည်။

"ကော်မတီအဟောင်းကြီးသည် အရပ်သားအစိုးရအဖွဲ့အသစ်နဲ့တွဲပြီးအလုပ်လုပ်နေတာဟာ သိပ်ပြီးပုံစံမကျဘူးဖြစ်နေတယ်။ မင်္ဂလာဆောင်ကို ခုံဖိနပ်နဲ့လာတဲ့ဒီဇိုင်းဖြစ်နေတယ်။ ဒီလိုပြောနေတာ ကော်မတီဝင်တွေကို ပြောနေတာမဟုတ်ဘူး။ မူကိုပြောနေတာ။ ကော်မတီဝင်တွေအနေနဲ့

www.burmeseclassic.com



လူထုရဲ့ ရွေးချယ်တင်မြှောက်မှုကိုခံယူပါ။ သတ္တိရှိရှိနဲ့ရွေးကောက်ပွဲကို လုပ်ပေးပါ"ဟု ၄င်းက တောင်းဆိုသည်။

မြို့တော်ဝန်ကို အပေါ်ကတိုက်ရိုက်ခန့်နေခြင်းနှင့်ပတ်သက်ပြီး မစ္စတာအီဂေါက "ဒီမိုကရေစီနည်းနဲ့သာဆိုရင်တော့ ခွေးနဲ့ကြောင်ရှိတယ်။ ကြောင်မကောင်းရင်တောင် ခွေးကထိန်းထားလို့ရတဲ့သဘောရှိတယ်။ အခု ပုံစံကတော့ ကြောင်လဲသူတို့၊ ခွေးလဲသူတို့ဖြစ်နေတယ်"ဟု ဥပမာပေးသည်။

"တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အကြီးကြီးတွေကို ပြုပြင်ပြောင်းလဲတဲ့ အခါမှာ အခုလိုအောက် ခြေအဆင့်ပြုပြင်ပြောင်းလဲမှုမျိုးကလဲ တကယ့်ကို ထည့်သွင်း စဉ်းစားသင့်တဲ့အချက်ပဲ။ ဒါက ငြင်းမရတဲ့အချက်ပဲ"ဟု သူက မှတ်ချက်ပေးသည်။

ဒေါက်တာညိုညိုသင်း၏သဘောကတော့ လက်ရှိတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များကို နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်သည်ဆိုသော်လည်း မြို့တော်ဝန်ဦးဆောင်သော မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များကိုမူ ပြည်သူလူထုရွေးချယ်တင်မြှောက်သူများ ပါဝင်သော ကော်မတီအဖြစ် ဖန်တီးပေးနိုင်ခဲ့သည်ဆိုသော မှတ်ကျောက်ကို ယခုနှစ်မကုန် ခင်တင်စေလိုသည်။ ယခုလိုမြို့တော်ဝန်ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့်စနစ်ကျင့်သုံးမှသာ မြန်မာနိုင်ငံအနေဖြင့်ဒီမိုကရေစီစနစ်ဆီကို တကယ်သွားနေသည်ဟုကမ္ဘာ့နိုင်ငံများက ယုံကြည်ကြလိမ့်မည်ဟု သူကယူဆသည်။

"ပြောတော့ ဒီမိုကရေစီနိုင်ငံကိုချီတက်နေပါတယ်ပြောပြီး မြို့တော်ဝန်ကြီးကို သမ္မတကခန့်အပ်တယ်၊ ဝန်ကြီးချုပ်က ခန့်အပ်တယ်ဆိုရင် လူရယ်စရာကြီးဖြစ်မှာ"ဟု ဒေါက်တာ ညိုညိုသင်းက ဆိုသည်။

မြို့တော်ဝန်ရွေးကောက်ပွဲများနှင့်ပတ်သက်ပြီး ပြည်သူလူထုအနေဖြင့် သတိပြုသင့်ပြီဖြစ်ကြောင်းကို သူက ယခုလိုထပ်ပြောပါသည်။

"ကျွန်မသာ အမတ်မဟုတ်ဘူးဆိုရင်၊ တက်ကြွလှုပ်ရှားသူတွေ ယောက်ဆိုရင် အဲဒီလိုCampaign တွေကိုပဲ တောက်လျှောက်လုပ်နေမှာ"။

ဝါရင့်နိုင်ငံရေးသမားကြီးဦးသုဝေအတွက်တော့ မြို့တော်ဝန်အပါအဝင် အုပ်ချုပ်ရေးအဖွဲ့ကို ခန့်အပ်သည်ဖြစ်စေ၊ ပြည်သူကရွေးကောက်သည်ဖြစ်စေအုပ်ချုပ်ရေးအဖွဲ့ထဲတွင်ပါသောသူသည် တကယ်တော်သူဖြစ်ဖို့၊

www.burmeseclassic.com



လူထုရဲ့ကိုယ်စားလှယ်ပီသဖို့၊လူထုအပေါ်စေတနာထားဖို့လိုသည်ဟု ယူဆသည်။ မြို့တော်ဝန်ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခြင်းသည်မှုအားဖြင့် အလွန်ကောင်းသည်ဟု သူကလက်ခံခဲ့သည်။

သို့သော် ရွေးကောက်တင်မြှောက်သည့် လူတွေကိုယ်တိုင်က အရည်အချင်းရှိရှိ ရွေးချယ်တတ်မှသာ အရည်အချင်းရှိသည့် ကိုယ်စားလှယ်များပေါ်လာနိုင်ကြောင်းကို ဦးသုဝေက "တကယ့်တန်ဖိုးရှိတဲ့သူကိုရွေးချယ်ဖို့အသိတော့လိုတယ်"ဟုအကြံပြုသည်။ "မူအရတော့ရွေးကောက်တင်မြှောက်တဲ့နည်းဟာအကောင်းဆုံးနည်းပဲ။ သို့သော် အရွေးခံတဲ့သူတွေကရော လူတော်လူကောင်းတွေ ဟုတ်ပါ့မလား၊ ရွေးချယ်ကြတဲ့သူတွေကရော လူတော်လူကောင်းတွေကို ရွေးတတ်ကြပါ့မလားဆိုတာတော့ သံသယဖြစ်မိတယ်"ဟု ဦးသုဝေကဆိုသည်။

အသက်၈၂ နှစ်တင်းတင်းပြည့်ပြီဖြစ်သည့် ဝါရင့်နိုင်ငံရေးသမားကြီး ဦးသုဝေအတွက် "လမ်းတွေပေါ်မှာ ဘတ်စ်ကား၊ မော်တော်ကားတွေပိတ်ဆို့၊ ဆိုက်ကားတွေကလဲ သွားချင်သလိုသွား၊ မြို့ပတ်ရထားပေါ်က စည်းကမ်းမဲ့တိုးကြိတ်မှုများ"က မရှိးနိုင်၊ မအီနိုင်သော နိစ္စဓူဝ ဘဝသရုပ်ဖော်ပုံများဖြစ်ခဲ့သည်။ သူကယခုလိုပဲ မှတ်ချက်ပြုခဲ့သည်။

"ဒီခေတ်မှာ စည်းကမ်းကတော့ ပိုပျက်နေတယ်။ အစိုးရကလဲ မထိန်းနိုင်၊ လူတွေကလဲမကြောက်တော့ဘူး"။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၁၂)*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## အကျင့်ပျက်တောင်ပို့နှင့် အဂတိခြတောင်များကို တူးဆွကြည့်ခြင်း

အစိုးရဝန်ထမ်းယန္တရားကြီးကို ကြည့်ပါ။ စာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ အင်္ဂလိပ်စကားတစ်လုံးတော့ သူတို့တတ်သည်။ Outside (အောက်ဆိုက်–အပိုဝင်ငွေ)ဆိုသည့်စကားလုံးဖြစ်သည်။ ထိုစကားလုံးသည် အကျင့်ပျက်ခြင်း(Corruption) ဖြစ်နေသည်ကို သူတို့သတိမထားမိကြ။ အခွင့်အရေးတစ်ရပ်ဟု သူတို့ထင်နေသည်။ "ဒါဟာ မြန်မာလူမျိုးတွေမှာရှိနေတဲ့ Mindset (စိတ်ပိုင်းဆိုင်ရာ)ပြဿနာပဲ"ဟု စစမျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက ကောက်ချက်ချသည်။

နှစ်ပေါင်းများစွာကျင့်သားရနေသည့်အောက်ဆိုက်တို့၊ ဘေးပေါက်တို့ စသည်တို့သည် ရသင့်ရထိုက်သောအခွင့်အရေးတစ်ရပ်ဟု မြင်နေခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်းအတွက် "အတော်ဆိုးတဲ့ပြဿနာ"ဟု သူကယူဆသည်။ အခုတော့ ဒီပြဿနာသည် မဖြစ်မနေဖြေရှင်းရမည့် ပြဿနာတစ်ရပ် ဖြစ်လာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရလက်အောက်မှ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ဖြစ်သော်လည်း စစ်အာဏာရှင်အစိုးရများက အသက်မသွင်းခဲ့ဟု တရားလွှတ်တော်ရှေ့နေကြီး ဦးကြီးမြင့်က ဝေဖန်သည်။

ယခုဆောင်းပါးကို ရေးသားနိုင်ရန်အတွက် သူ့ကိုမေးတော့မှ ထိုဥပဒေကို ပြန်လည်လှန်လှောကြည့်မိသည်ဟု သူကဝန်ခံသည်။ ရှေ့နေလိုက်လာသည့် ၂၅ နှစ်ကျော်ကာလအတွင်းလာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုစသဖြင့်အမှုမျိုးကို တစ်မှုမျှပင်မလိုက်ခဲ့ရဖူးကြောင်း ဦးကြီးမြင့်က ယခုလိုပြောပါသည်။

"အဲဒီဥပဒေ မြန်မာပြည်မှာရှိတယ်ဆိုတာကို မေ့တောင်နေပြီ။ ဘယ်လောက်ကြာအောင်မေ့သွားလဲဆို ၂၅ နှစ်ကျော်လောက်ကြာအောင် မေ့သွားတာ။ စစ်အာဏာသိမ်းပြီး ၁၉၈၈ ကနေ ယနေ့အထိ နှစ်ပေါင်းအစိတ်လောက်ကြာအောင် လုံးဝအသက်ဝင်ခြင်းမရှိတော့ ဒီဥပဒေနဲ့အရေးယူတဲ့အမှုကလဲ တစ်မှုမှမရှိခဲ့ဘူး"။

တပ်မတော်သည် အာဏာသိမ်းပြီးနောက်ပိုင်း အာဏာတည်မြဲရေးကိုသာ ဖောင်းပေးနေရသည့်အတွက် "မင်းတို့လာဘ်စား၊ ငါတို့ခိုင်းတာကိုလုပ်၊ ငါတို့ခိုင်းတာမလုပ်ရင်တော့ မင်းတို့ပြုတ်မယ်၊ လာဘ်စားလို့တော့မပြုတ်ဘူး"ဟုဆိုကာ တိုင်းပြည်ကို အုပ်ချုပ်လေသလားဟု သူကမေးခွန်းထုတ်သည်။ စစ်ထောက်လှမ်းရေးများက တရားရုံးများအပေါ်လွှမ်းမိုးပြီး တရားရုံးများကို အမိန့်ပေးသည့်အချိန်မှစကာ အဂတိလိုက်စားမှုကိစ္စသည် တရားစီရင်ရေး၏ နောက်ဆုံးတန်းကို ရောက်ရှိသွားပြီး ဥပဒေသည်လည်း အသက်ဝင်ခြင်းမရှိတော့ဟု သူကသုံးသပ်သည်။

## အစိုးရ၏ အဂတိတိုက်ဖျက်ရေးခြေလှမ်း ခရီးရောက်၊ မရောက်

နှစ်ပေါင်းများစွာကြာအောင်အမြစ်တွယ်လာခဲ့သည့် အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုတို့ကို လက်ရှိဦးသိန်းစိန်အစိုးရက အလိုရှိပုံမရပါ။ စစ်ဗိုလ်ချုပ်ကြီးတစ်ဖြစ်လဲ အရပ်သားအစိုးရအဖွဲ့ ၏ သမ္မတဦးသိန်းစိန်က သူ့ရဲ့လတ်လတ်ဆတ်ဆတ် သမ္မတသက်တမ်းအစ ၂၀၁၁ ခုနှစ် မတ် ၃၀ရက် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းခြွေခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်သည့် သူ့သဘောထားကိုယခုလိုကတိပြု ပြောကြားခဲ့သည်။

"လာဘ်ပေးလာဘ်ယူမှုဟာ လူတစ်ဦးချင်းထိခိုက်စေသည်သာမက နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာကိုပါထိခိုက်စေတဲ့အတွက် ပြည်သူရဲ့အကူအညီကို ရယူပြီး ထိရောက်စွာတားဆီးသွားပါမယ်"။

ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ် လာစေဖို့ အစိုးရအဖွဲ့အစည်းများအတွင်း အဂတိတရားကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုများပပျောက်စေဖို့အတွက် 'လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီ'ကို ဖွဲ့စည်းလိုက်သည်။ အဖွဲ့ဝင်ကိုးဦး ပါဝင်သောကော်မတီကို ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းကို ဥက္ကဋ္ဌ အဖြစ် ဦးဆောင်စေသည်။

နောက်ပိုင်း ၂၀၁၃ခုနှစ် ဩဂုတ်၇ရက်တွင်တော့ 'အဂတိလိုက်စား မှုတိုက်ဖျက်ရေးဥပဒေ'ကိုပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအာဏာတည်သည့်ရက် ကို စက်တင်ဘာ ၁၇ ရက်တွင်သတ်မှတ်ခဲ့သည်။ ထိုဥပဒေနှင့်အညီ အဖွဲ့ဝင် ၁၅ဦး ပါဝင်သော 'လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်' ကိုထပ်ဖွဲ့ခဲ့သည်။

ထိုကော်မရှင်တွင် အငြိမ်းစား–စစ်မှုထမ်းဟောင်းကြီး ဦးမြဝင်းကို ဥက္ကဋ္ဌအဖြစ် တာဝန်ယူစေပြီး အဖွဲ့ဝင်များအဖြစ်နိုင်ငံခြားရေးဝန်ကြီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ပြည်ထောင်စု စာရင်းစစ် ချုပ်ရုံးအငြိမ်းစားဦးစိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အငြိမ်းစား ညွှန် ကြားရေးမှူး ဦးသန်းအောင်၊ အငြိမ်းစားစစ်မှုထမ်းဟောင်းဦးမောင်ရှိန်၊ တပ်မတော်နည်းပညာတက္ကသိုလ် အငြိမ်းစားပါမောက္ခဒေါက်တာတိုက်စံ၊ အငြိမ်းစားသံအမတ်ကြီး ဦးနေဝင်း၊ စီမံ/စီးပွားဌာန အငြိမ်းစားညွှန်ကြားရေး မှူးချုပ်ဒေါ်မြမြစိုး၊ စီမံ/စီး ပွားဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဦးသင်း မောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူး ဦးဆွန်ဒုတ်ကျင့်၊ မွေး/ရေဌာန အငြိမ်းစားတိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာညီညီထွန်း၊ အငြိမ်းစားစစ်မှုထမ်းဟောင်း ဦးကျော်မြင့်၊ ပြည် ထောင်စုရှေ့နေချုပ်ရုံး အငြိမ်းစားညွှန်ကြားရေးမှူး ဒေါ်သန်းသန်းရီနှင့် ဦးအောင်စိုးလှိုင်တို့ကို ထည့်သွင်းထားသည်။ ကော်မရှင်အတွင်းရေးမှူး

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အငြိမ်းစားသံအမတ်ကြီးဦးတင်ဦးကို တာဝန်ပေးခဲ့သည်။

ယင်းသို့ နိုင်ငံတော်သမ္မတ၏ တာဝန်ပေးအပ်မှုနှင့်ပတ်သက်ပြီး ဥပဒေသမားများ၊ အရပ်ဘက်ကျွမ်းကျင်သူများနှင့် နိုင်ငံရေးလေ့လာသူများ အကြား ဝေဖန်ထောက်ပြမှုများရှိခဲ့သည်။ ၎င်းကခန့်အပ်သည့် ကော်မတီဝင်များ၊ ကော်မရှင်ဝင်များအပေါ် ပြည်သူအပါအဝင်အားလုံးက ယုံကြည်မှု နည်းခဲ့သည်။ အခင်းအကျင်းတစ်ခုသဘောတွင် စပြီးတာထွက်ကတည်း ကထောက်ပြစရာဖြစ်နေပြီဆိုရင် ဘယ်လိုလုပ်ပြီး အောင်မြင်နိုင်ပါ့မလဲဆို သည်က အစိုးရအတွက် သတိထားရမည့်အချက်ဟု ဦးဂျင်မီကဆိုသည်။

"ကျွန်တော်တို့နိုင်ငံမှာ ယုံကြည်မှုပျောက်ဆုံးနေကြပါတယ်။ အစိုးရနဲ့ ပြည်သူကြားထဲမှာ နိုင်ငံရေးအရစိတ်ချယုံကြည်မှု ပျောက်နေတဲ့ အတွက် အစိုးရအလုပ်တစ်ခုစလိုက်တိုင်းပြည်သူလူထုကအကဲခတ်ရင် သံသယနဲ့ စပြီးအကဲခတ်ကြတယ်။ ဒါကို အစိုးရဘက်က စဉ်းစားထားဖို့လိုတယ်"ဟု ၎င်းကဆိုသည်။

'နောက်ကျရင် ပြီးသွားမှာပဲ၊ တို့လုပ်တာတွေကိုသိရင် ထောက်ခံ လာပါလိမ့်မယ်'ဟု စဉ်းစားသည်ထက် "စထွက်ကတည်းက လူထုက စိတ်ချယုံ ကြည်တယ်'ဆိုသည့်ပုံစံမျိုးနှင့် တာထွက်ခြင်းကပိုကောင်းသည်။ "အစိုးရ အနေနဲ့ ဘယ်ကော်မရှင်ပဲဖွဲ့ဖွဲ့၊ ဘာပဲလုပ်လုပ်စလုပ်ကတည်းက ပြည်သူ လူထုယုံကြည်လောက်တဲ့ အားကိုးလောက်တဲ့အဖွဲ့မျိုးဖြစ်ဖို့လိုပါတယ်။ စဖွင့်ကတည်းက ယုံကြည်မှုမရှိရင် နောက်ပိုင်းလုပ်ရတာသိပ်ခက်ခဲသွား မယ်"ဟု ဦးဂျင်မီက ထောက်ပြသည်။

အစိုးရကတာဝန်ပေးထားသည့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ကော်မတီများအနေဖြင့် အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်ပြီး မူဝါဒပိုင်းကို စီမံပေးရမည်။ မြန်မာနိုင်ငံ၏ အကျင့်ပျက်ခြစားမှုသည် ဘယ်လိုနေရာ၊ ဘယ်လိုအခြေအနေမျိုးများတွင်ဖြစ်နိုင်သည်ဆိုတာကို နားလည်နေဖို့ လို အပ်သည်ဟု ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့မှ ဒါရိုက်တာဦးအေးခိုင်က အကြံပြုသည်။ သူတို့ဆုံးဖြတ် ချက်တိုင်းသည် အစိုးရ၏သက်ဆိုင်ရာဌာနခွဲ တိုင်းအပေါ်တွင် တကယ့်ကို သက်ရောက်မှုရှိရမည်ဖြစ်ကာ ကော်မရှင်ဝင် များသည် ပြည်သူလူထု၏ ယုံကြည်ထိုက်သူများဖြစ်ရန်မှာ အရေးအကြီးဆုံး ဟု ဦးအေးခိုင်ကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့ပြောဆိုချက်၊ သူတို့ရဲ့ရပ်တည်မှုဟာ အစိုးရရဲ့အဖွဲ့အစည်းတွေကို အကူအညီပေးနိုင်မယ့် မောင်းနှင်မှုမျိုးဖြစ်ဖို့လိုတယ်"ဟု ၎င်းကဆိုသည်။

ပြီးခဲ့သည့် မတ်၉ရက်က မွန်ပြည်နယ် မော်လမြိုင်သို့ရောက်ရှိခဲ့သည့် လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ယခုလိုပြောကြားခဲ့သည်။

"ပညာရေးအဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု လျော့နည်းသွားအောင် လုံလောက်သောလစာထောက်ပံ့ပေးနိုင်မှုသည် တစ်ခုအပါအဝင်ဖြစ်ပြီး အာဆီယံနိုင်ငံထဲတွင်ပင် လစာအများဆုံးပေးနိုင်သောနိုင်ငံသည် အဂတိလိုက် စားမှုအနည်းဆုံးနိုင်ငံစာရင်းဝင်သည်"။

ထို့ပြင် အဂတိလိုက်စားမှုအတွက်တိုင်တန်းလိုပါက လမ်းဖွင့်ထားသည်။ ပုဂ္ဂိုလ်ရေးအရ တစ်ဦးတစ်ယောက်ကို စွပ်စွဲသည့်ပုံစံမျိုးမဟုတ်ဘဲ သက်သေအထောက်အထားဖြင့် တိုင်ကြားနိုင်သည်ဟုလည်း ဒုသမ္မတက ထည့်ပြောသည်။

"ခပ်ပြတ်ပြတ်ပဲပြောရင် ဒုသမ္မတဦးဆောင်တဲ့ကော်မရှင်က မအောင်မြင်ပါဘူး"ဟု စေမျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဂျင်မီကဝေဖန်သည်။ ကော်မတီဖွဲ့ထားရုံ၊ ကော်မရှင်ဖွဲ့ထားရုံလောက်နှင့်တော့ ဘယ်တော့မှအောင်မြင်မည်မဟုတ်ဟု ၎င်းကဆိုသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းကတည်းက ဖွဲ့စည်းခဲ့သည့် ဒုသမ္မတဦးဆောင်သည့် လာဘ်ပေးလာဘ်ယူမှုအရေးယူဆောင်ရွက်ရေးကော်မတီကို ယခုလိုလည်း ဦးဂျင်မီက ဆက်ပြောခဲ့သည်။

"လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရာမှာ တစ်နှစ်ကျော်အချိန်ဟာ တိုတောင်းတယ်လို့မပြောပါနဲ့။ တကယ်တမ်း အားတက်သရောလုပ်မယ်ဆိုရင် ခြောက်လအတွင်းမှာ အဖြေတစ်ခုထွက်လာနိုင်ပါတယ်။ အခုတော့ လုံးဝအားရကျေနပ်မှုမရှိပါဘူး။ အခုချိန်အထိစောင့်ကြည့်နေရတာပဲ"။

အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကိစ္စသည် နိုင်ငံရေးအားမကောင်းဘဲ စီးပွားရေးမတိုးတက်သလို စီးပွားရေးမတိုးတက်ဘဲနှင့်လည်း လာဘ်ပေးလာဘ်ယူမှုက ပပျောက်နိုင်မည်မဟုတ်ဟု ခေတ်သုံးခေတ်

www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်ငါးဆယ်ကျော်ဖြတ်သန်းခဲ့ရသည့် (၁၉၆၁ခုနှစ်မှာ အလုပ်စဝင်) အတွေ့အကြုံများကိုအခြေခံကာ မြန်မာနိုင်ငံရှေ့နေကွန်ရက်ဥက္ကဋ္ဌ ဦးကြီးမြင့်က တွက်ဆသည်။ "ပြည်သူတွေကျပ်တည်း ဆင်းရဲနေသမျှ ကာလပတ်လုံးအဲဒီအပေါ်မှာအခွင့်အရေးယူပြီး လာဘ်ပေးလာဘ်ယူမှုက ပေါ်လာမှာပဲ" ဟု အသက်၇၀နားနီးပြီဖြစ်သည့် ဦးကြီးမြင့်ကဆိုပါသည်။ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိစ္စတွင် အုပ်ချုပ်သူသာ တကယ့်အရေးအကြီးဆုံးဟု သူကယူဆသည်။

"ကိုယ့်ရဲ့ကိုယ်ပိုင်ဥစ္စာပစ္စည်းတွေကို မကြေညာရဲတဲ့အစိုးရ၊ ကိုယ့်ရဲ့ကိုယ်ပိုင်ဥစ္စာပစ္စည်းတွေကို မကြေညာရဲတဲ့လွှတ်တော်၊ အဲဒီသူတွေက ဘယ်လောက်များ လာဘ်ပေးလာဘ်ယူကိစ္စကို ပပျောက်အောင်လုပ်ပေးနိုင်မှာလဲ"ဟု တရားလွှတ်တော်ရှေ့နေကြီးဖြစ်သည့် ဦးကြီးမြင့်က မေးခွန်းထုတ်သည်။

"ကိုယ့်ပစ္စည်းကိုမကြေညာရဲတဲ့ အစိုးရနဲ့လွှတ်တော်က လာဘ်ပေးလာဘ်ယူကိစ္စကို ဘာများစွမ်းစွမ်းတမံပပျောက်အောင် လုပ်ပေးနိုင်မှာလဲ။ ဒါကြောင့် ကောင်းမွန်သောအစိုးရတစ်ရပ်မရဘဲနဲ့ဘယ်လိုနည်းနဲ့မှ လာဘ်ပေးလာဘ်ယူ မှုမပျောက်နိုင်ဘူး"။

## အဂတိလိုက်စားမှု ဖြေရှင်းရေးဥပဒေများ

တိုင်းပြည်တစ်ပြည်ပြန်လည်ထူထောင်သည့်အချိန်၊ ဈေးကွက်စနစ် စကျင့်သုံးသည့်အချိန်၊ အာဏာရှင်စနစ်ကျင့်သုံးသည့်အချိန်၊ တိုင်းပြည်ပျက်သည့်အချိန်မျိုးများတွင် ယခုလိုလာဘ်ပေးလာဘ်ယူမှုများသည် ထုနဲ့ထည်နဲ့ ပေါ်လာတတ်စမြဲဖြစ်သည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် အကျင့်ပျက်ခြစားမှု တားမြစ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်မဟုတ်ပါလား။

ယခုလည်း စစ်ဗိုလ်ချုပ်ကြီးတစ်ဖြစ်လဲ အရပ်သားဦးသိန်းစိန်အစိုးရက သူ၏နိုင်ငံအသွင်ကူးပြောင်းရေးကာလတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ(၂၀၁၃)ကို ထပ်ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေနှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် ထူးထူးခြားခြားကွာဟမှုမရှိဘဲ အကောင်းမွန်ဆုံးအခြေအနေတွင်ရှိနေသည်ဟု ရှေ့နေသက်တမ်း၂၅နှစ်ကျော်ရှိဦးကြီးမြင့်က သုံးသပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"၁၉၄၈ ဥပဒေအသက်ဝင်ခါစကဆိုရင် အဂတိလိုက်စားမှုဆိုတာ တော်တော်ကိုနည်းတယ်။ အရေးယူမှုတွေလဲရှိတယ်။ ဒါပေမဲ့လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅ နှစ်ကျော်ကာလမှ လုံးဝအသက်သွင်းခြင်းမရှိတဲ့အတွက်ကြောင့် အဂတိလိုက်စားမှုတွေများပြားလာခြင်းဖြစ်တယ်။ ခုလဲဥပဒေမှာ အားနည်းချက် ရှိလို့၊ မကောင်းလို့အသစ်ပြဋ္ဌာန်းရတာ မဟုတ်နိုင်ဘူး"။

ဦးသိန်းစိန်အစိုးရကပြဋ္ဌာန်းလိုက်သည့် ၂၀၁၃ခုနှစ် ဥပဒေသည် ၁၉၄၈ ဥပဒေထက် အဂတိလိုက်စားမှုအတွက် ပြစ်ဒဏ်ပေးမှုတွင် ပိုအား ကောင်းလာသည်။ ယခင်ဥပဒေက အမြင့်ဆုံးထောင်ဒဏ်ခုနှစ်နှစ်သာချမှတ် နိုင်သည်။ ယခုဥပဒေတွင်မူ ပြစ်ဒဏ်ပိုင်းကို တိုးရဲ့ပြဋ္ဌာန်းသည်။ ၄င်း ဥပဒေအရ နိုင်ငံရေးလမ်း ကြောင်းအားဖြင့် လာဘ်ပေးလာဘ်ယူမှုပြုရင်၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူက လာဘ်ပေးလာဘ်ယူမှုကျူးလွန်လျှင် ထောင်ဒဏ် ၁၅နှစ်အထိ၊ နိုင်ငံရေး လက်ရှိဖြစ်သူမှအပ အာဏာရှိသူ (အုပ်ချုပ်ရေးအဆင့်)မှကျူးလွန်လျှင် ထောင်ဒဏ်၁၀နှစ်အထိ၊ အထက်ပါ ပုဂ္ဂိုလ်များမှအပ လာဘ်ပေးလာဘ်ယူမှုကျူးလွန်ရင် မည်သူမဆို ခုနစ်နှစ် အထိ အသီးသီးချမှတ်အပြစ်ပေးနိုင်သည်။

"ဥပဒေတွေ ဘယ်လောက်ပဲပြဋ္ဌာန်းပြဋ္ဌာန်း၊ ဘယ်လောက်ပဲ ကောင်းအောင်လုပ်လုပ် အဲဒီဥပဒေကို အသက်မသွင်းရင် ဘာမှအဓိပ္ပာယ်မရှိ ဘူး"ဟု ဦးကြီးမြင့်က ထောက်ပြသည်။

## သုံးသိန်းတန် တံစိုးလက်ဆောင်

မတ် ၁၇ ရက်ထုတ် ပုဂ္ဂလိကနေ့စဉ်သတင်းစာအချို့၏ ဖော်ပြ ချက်များအရ 'ဝန်ကြီးဌာနတွေအနေဖြင့် လက်ဆောင်ပစ္စည်းလက်ခံရာတွင် ကျပ်သုံးသိန်းကျော်လွန်သည့်ပစ္စည်းများလက်ခံပါက လာဘ်ပေးလာဘ်ယူမှု အဖြစ်သတ်မှတ်မည်"ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဝန်ကြီးဌာနအား လုံးသို့ အကြောင်းကြားစာပေးပို့ထားသည်ဟု ဆိုသည်။

ယင်းသို့သမ္မတ၏ အကြောင်းကြားစာနှင့်ပတ်သက်ပြီး ၈၈ မျိုး ဆက်ကျောင်းသားခေါင်းဆောင် ဦးကျင်မီက ယခုလိုထောက်ပြဝေဖန်လိုက်သည်။

"တန်ဖိုးအားဖြင့် တစ်ပြားတစ်ချပ်မျှမရှိစေကာမူ တစ်ခုခုအကျိုး အတွက် အပေးအယူ လုပ်ရန်အလို့ငှာပေးတဲ့ပစ္စည်းသည် လာဘ်ထိုးတာပဲ"။

www.burmeseclassic.com

www.burmeseclassic.com



"သုံးသိန်းမပြောနဲ့၊ တစ်ပြားတစ်ချပ်မှ တန်ဖိုးမရှိလဲ အကျိုးတစ်ခု အတွက်ပေးတာဆိုရင် လာဘ်ပေးလာဘ်ယူမြောက်တယ်။ ငွေကြေးပါလာရင် တော့ လာဘ်ပေးလာဘ်ယူမြောက်တယ်ဆိုတာ သေချာသွားပြီ"ဟု ၎င်းကဆက် ပြောသည်။

မြန်မာနိုင်ငံတွင် "လာဘ်ပေးတာနဲ့ ကန်တော့တာနဲ့က ရောထွေးနေ တယ်။ တကယ်ရှင်းရှင်းလင်းလင်းဖြစ် အောင်လုပ်ဖို့လိုနေပြီ"ဟု ပွင့်လင်း မြန်မာ့ရှေ့ဆောင်အဖွဲ့မှ ဒါရိုက်တာဦးအေးနိုင်က ကောက်ချက်ချသည်။ မိမိလုပ်ငန်းအောင်မြင်ဖို့အတွက် သက်ဆိုင်ရာဌာနအကြီးအကဲများကို လက်ဆောင်ပေးရခြင်းသည် မြန်မာပြည်သူများအတွက် အကျင့်တစ်ခုလို ဖြစ်နေပြီဟု သူကဆိုသည်။ လာဘ်ပေးလာဘ်ယူမှုကို အော့နှလုံးနာနေသူ ဦးအေးနိုင်က ယခုလိုပဲ အကြံပြုပါသည်။

"ကိုယ့်တစ်ခုခုရလိုမှုအတွက်တော့ မကန်တော့ဖို့ပဲ ပြောချင်တယ်။ တစ်ကျပ်လဲမကန်တော့နဲ့၊ သုံးသိန်းလဲမကန်တော့နဲ့"။

လက်ရှိ ၂၀၁၃ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် "လာဘ်ပေးလာဘ်ယူမှုအလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသောငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ညှို့ခံပြုစုခြင်းနှင့် တရားမဝင်သော အခြား အကျိုးခံစားခွင့်များ"ဟု တံစိုးလက်ဆောင်ကို အဓိပ္ပာယ်ဖွင့်ထားသည်။

နိုင်ငံတော်သမ္မတအနေဖြင့် မည်သည့်သဘောဖြင့် တံစိုးလက် ဆောင်ကို 'ကျပ်သုံးသိန်းထက်မကျော်သော'ဟုထုတ်ပြန်လိုက်သည်ကို နားမလည်နိုင်သော်လည်း လက်ရှိဥပဒေအရတော့ မဖြစ်သင့်သည့်ကိစ္စဟု တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က ယူဆသည်။

"ဥပဒေအာနိသင်ရှိဖို့လိုတယ်၊ ဥပဒေအာနိသင်မရှိဘူးဖြစ်နေတယ်။ စိတ်မကောင်းစရာပဲ။ ဥပဒေကတော့ တစ်ကျပ်လဲခွင့်မပြုဘူး၊ အဂတိလိုက်စား တယ်ဆိုရင် အရေးယူရမှာပဲ"ဟု သူကဆိုသည်။

## အတိတ်က ခါးသီးသောအဂတိပုံရိပ်များ

ယခုလိုဥပဒေများရှိနှင့်သော်လည်း ပစ်ပယ်ထားခြင်း၊ အသက် မသွင်းခြင်း၊ သက်မဝင်ခြင်းစသည့်အကြောင်းအမျိုးမျိုးကြောင့် ရေစ်အာဏာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ခေတ်အဆက်ဆက်က တိုင်းပြည်ကို အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုများဖြင့်သာအုပ်ချုပ်ခဲ့သည့်ကိုယ်တွေ့သာဓကများက အသက် ၆၉ နှစ်ကျော်ဦးကြီးမြင့်အတွက် ဒုနှင့်ဒေးရှိနေပါသည်။

၁၉၆၀ ခုနှစ်မှ ၁၉၈၈ခုနှစ်မတိုင်ခင်အထိ အစိုးရဝန်ထမ်းလုပ်ခဲ့သည်မို့ ဦးကြီးမြင့်က ၁၉၆၂ခုနှစ် ဦးနေဝင်းအစိုးရ အာဏာမသိမ်းခင်ခေတ်နှင့် အာဏာသိမ်းပြီးကာလကို ဖြတ်သန်းခဲ့ရသည်။ ၁၉၈၈ ခုနှစ်မှ ဦးသိန်းစိန်အစိုးရမတက်ခင်ကာလများကိုလည်း ဦးကြီးမြင့်ကြုံတွေ့ခဲ့ပြီးပြီ။ ထိုကာလအတွင်း အလွန်ခါးသီးသည့်လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်မှုအတွေ့အကြုံပေါင်းမြောက်မြားစွာကို ဦးကြီးမြင့် ဖြတ်သန်းခဲ့ရသည်။

"ဒီကာလတစ်လျှောက်လုံးမှာ ကျွန်တော့်မျက်စိရှေ့မှာပဲ လာဘ်ပေးလာဘ်ယူနည်းနဲ့ပဲ အမှုတွေစီရင်တယ်။ လာဘ်ပေးလာဘ်ယူနည်းနဲ့ပဲ ရှေ့နေလိုက်ကြတယ်။ ၂၅ နှစ်လုံးလုံး တရားစီရင်ရေးစနစ်ကြီးတစ်ခုလုံးကို လာဘ်ပေးလာဘ်ယူနည်းနဲ့ပဲလုပ်ကြတယ်။ ဌာနဆိုင်ရာမှတ်ပုံတင်ကြေးတွေ၊ ရုံးကိစ္စတွေလဲ လာဘ်ပေးလာဘ်ယူနဲ့ပဲလုပ်ကြတယ်"ဟု ၎င်းက ပြန်ပြောပြသည်။ ဦးကြီးမြင့်က ယခုလိုလည်း ဆက်ပြောပါသည်။

"အဆိုးတကာ့ အဆိုးဆုံးကတော့ မြေစာရင်းပဲ။ မြေတိုင်းတာ၊ မြေတစ်ကွက်နဲ့ တစ်ကွက်အငြင်းပွားတာ၊ မြေပုံဖော်ထုတ်တာ၊ မြေပုံရာဇဝင်ကူးတာကအစ အားလုံးက တရားဝင်ကို လာဘ်ပေးလာဘ်ယူလုပ်တာ။ 'ကျွန်တော်တို့က သက်သာချောင်ချိရေးအတွက်ယူတာ၊ ဘောက်ချာယူချင်လဲပေးမယ်'တဲ့။ အဲဒီလောက်အထိတောင် အတင့်ရဲတယ်"။

ထိုခေတ်ထိုအခါက တစ်တိုင်းတစ်ပြည်လုံးရှိ ရုံးတွေ၊ ဌာနတွေ အကုန်လုံးလာဘ်စားကြသည်။ လာဘ်စားသည့်နေရာမှာ နောက်ဆုံးတောင့်မခံနိုင်တော့သည့်အဆုံး၊ နောက်ဆုံးပျက်တာကတော့ ပညာရေးဌာနဟု ဦးကြီးမြင့်က ဆိုသည်။

"နောက်ဆုံးဆရာက တပည့်ဆီကလာဘ်စားတဲ့အဆင့် ရောက်သွားတယ်။ အောင်ဖို့လိုလား၊ အမှတ်လိုလား၊ ဟိုအတန်းနဲ့ ဒီအတန်းပြောင်းချင်သလား၊ ဒါကစပြီး ကျောင်းဆရာလောကဖြစ်တဲ့ ရာထူးတိုးမြင့်ရေးတွေ၊ အပြောင်းအရွှေ့တွေအားလုံးက လာဘ်ပေးလာဘ်ယူနဲ့ပဲသွားကြတယ်။ ၂၅ နှစ်တာ အတွေ့အကြုံက စစ်အစိုးရ တစ်ရပ်လုံးက တိုင်းပြည်ကို လာဘ်ပေးလာဘ်ယူနည်းနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်သွားတာ"။

ထို့ပြင် နိုင်ငံရေးလှုပ်ရှားမှုများဖြင့် အကျဉ်းစံဘဝရောက်ခဲ့ဖူးသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးဂျင်မီအတွက်လည်း ထောင်တွင်း အကျင့်ပျက်ခြစားမှုများ၊ လာဘ်စားမှုများက ယနေ့တိုင်မမေ့နိုင်သေးပါ။

အကျဉ်းထောင်တွင်းအရာရှိများသည် ၂၀၀၅ခုနှစ် မတိုင်ခင်ကာလအထိ ဖြစ်စားဟောက်စားဖြင့် အကျဉ်းသားများကိုစီမံခဲ့သည်ဟု သူမှတ်မိသမျှကို ဦးဂျင်မီက ပြန်ပြောပြသည်။ မှတ်မှတ်ရရ ၂၀၀၅ ခုနှစ်တွင်တော့ သွေးသစ်လောင်းအုပ်စုဟုဆိုကာ အရာရှိအသစ်များကို ဖြစ်စားဟောက်စားအရာရှိဟောင်းကြီးများ၏နေရာတွင် အစားထိုးခဲ့သည်။

"သွေးသစ်လောင်းအုပ်စုက အစောကလို ဖြစ်စား၊ ခြောက်စား၊ ယစ်စား၊ ဂျစ်စားတွေ မလုပ်တော့ဘူး။ သူတို့က ပေးသလောက်ယူတယ်။ စကားကတော့'ခူးမစားဘူး၊ ကြွေသီးတော့စားတယ်'ပေါ့။ အရင်ကတော့ လှမ်းပြီးခူးစားတယ်။ ခူးလို့မရရင်ရိုက်ချတယ်။ အခုတော့ ကြွေသီးပဲစားဆိုတဲ့ ပုံစံမျိုးရှိတယ်။ စားတော့စားတာပဲ"ဟု ၄င်းက ပြောသည်။

လက်ရှိအစိုးရဌာန၊ ရုံးများတွင်လည်း 'ခူးမစားကြနဲ့၊ ကြွေသီးပဲစား' ဆိုတဲ့ပုံစံမျိုးတော့ ဆက်ရှိနေဦးမည်ဟုသူယူဆသည်။ "လုံးဝမစားနဲ့ ဆိုတဲ့ အမိန့်မျိုးတော့ မထွက်သေးဘူး။ ဘာလို့လဲဆိုတော့ သမ္မတက သုံးသိန်းကျော်မှ လာဘ်ပေးလာဘ်ယူမြောက်တယ်ဆိုတော့ သူကလဲ အပြတ်တော့မပြောသေးဘူး"ဟု ဦးဂျင်မီက ထောက်ပြသည်။

## မြန်မာ့အကျင့်ပျက်ခြစားမှု အခြေအနေ

နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော Transparancy International အဖွဲ့နှစ်စဉ်ထုတ်ပြန်လေ့ရှိသော နိုင်ငံပေါင်း ၁၇၇ နိုင်ငံ၏ အကျင့်ပျက်(ခြစား)မှု အညွှန်းကိန်းများအရ မြန်မာနိုင်ငံသည် အကျင့်ပျက်(ခြစား)မှု အမြင့်ဆုံး ၁၀ နိုင်ငံစာရင်းတွင် ၂၀၁၃ ခုနှစ်အထိ ပါဝင်နေဆဲဖြစ်သည်။

အီရတ်၊ လစ်ဗျား၊ ဆူဒန်၊ အာဖဂန်နစ္စတန်၊ မြောက်ကိုရီးယား၊ ဆိုမာလီယာစသော နိုင်ငံတို့ထက် အကျင့်ပျက်(ခြစား)မှုနိမ့်ပါးသော်လည်း ဒေသတွင်း အာဆီယံ ၁၀ နိုင်ငံတွင်တော့ ကမ္ဘောဒီးယားပြီးလျှင် ဒုတိယမြောက် အကျင့်ပျက်(ခြစား)မှုအများဆုံးနိုင်ငံအဖြစ်ရပ်တည်နေသည်။ စစ်

www.burmeseclassic.com

www.burmeseclassic.com



အာဏာရှင်စနစ်ဆိုးက ထိုအခြေအနေများကိုဖန်တီးပေးခဲ့သည်ဟု ယူဆရ မလိုဖြစ်နေသည်။

၁၉၆၁ခုနှစ်က အစိုးရဌာနများတွင် ဦးကြီးမြင့်အလုပ်ဝင်စဉ်က 'လာဘ်စားတာဆိုလို့ လုံးဝနီးပါးမရှိဘူး'ဟု ဆိုသည်။ ဘယ်သူစားလဲဆိုဟု မေးလျှင် "မြို့ပိုင်ရုံးမှာစာရေးကြီးစားတယ်၊ ဂတ်စာရေးစားတယ်၊ တရားရုံးက ရှေ့ပတ်စာရေးစားတယ်၊ ဒီသုံးယောက်ကတော့ လာဘ်မစားရင် နေမယ်လို့များသိထားသလားမသိဘူး။ သူတို့က ခေတ်အဆက်ဆက်စားတယ်။ စားတာကလဲ တစ်ကျပ်လောက်ပဲစားတာ။ လက်ဖက်ရည်ဖိုးပဲစားတာ"ဟု ၎င်းက ပြန်ပြောပြသည်။

၁၉၆၂ခုနှစ်၏ ဒီဘက်(၁၉၆၁၊၁၉၆၀)ပိုင်းတွင်လည်း လာဘ်ပေး လာဘ်ယူမှုမရှိသလောက် နည်းခဲ့သည်။ ရှိခဲ့လျှင်လည်း အရေးယူသည်။ အရေးယူခဲ့သည့် စီရင်ထုံးများလည်းရှိခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ လောက်အထိလည်း လာဘ်စားမှုနည်းသေးသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်ရောက်တော့ လာဘ်ပေးလာဘ်ယူမှုနည်းနည်းများလာသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ လုံးဝကိုမထိန်းတော့ဟု ဦးကြီးမြင့်က ပြန်ပြော ပြသည်။

"ပြောချင်တာက တို့နိုင်ငံကိုယ်တိုင်က နဂိုတုန်းက လာဘ်မစားဘူး။ ဒါက ကျွန်တော်ကိုယ်တိုင်မီခဲ့တာ၊ အတိအကျပဲ"။

## အကျင့်ပျက်ခြစားမှုကို ဘယ်လိုဖြေရှင်းမလဲ

တခြားသောနိုင်ငံများတွင် လာဘ်ပေးလာဘ်ယူမှုမလုပ်ဖို့၊ လာဘ် မစားဖို့အတွက် အစိုးရကိုယ်တိုင်က စီးပွားရေးတောင့်တင်းဖို့ကြိုးစားသည်။ အစိုးရဝန်ထမ်းများကိုလည်း မိမိဝင်ငွေနှင့်မိမိလောက်ငအောင် ထောက်ပံ့ ပေးထားသည့်အတွက် လာဘ်စားပြီး မိသားစုကို လုပ်ကျွေးစရာမလိုတော့။ ထို့အပြင်လာဘ်ပေးလာဘ်ယူမှုပပျောက်ဖို့ ကြိုးပမ်းရာတွင်လည်း လူ့ ပတ်ဝန်းကျင်ကောင်းတစ်ခုဖြင့် ထိန်းကျောင်းသည်ကိုတွေ့ရသည်။

"ပတ်ဝန်းကျင်က လာဘ်ပေးလာဘ်ယူမှုကို လုံးဝရှုတ်ချပြီးတော့ လူ့ပတ်ဝန်းကျင်မှာ လာဘ်စားတဲ့ကောင်ကိုမသုံးဘူး။ တို့နိုင်ငံက လာဘ် စားတဲ့ကောင်ကို ချီးမြှင့်တယ်။ တို့နိုင်ငံရဲ့ပတ်ဝန်းကျင်ကြီးက လာဘ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လာဘ်ယူမှုကိုမရှုတ်ချဘဲနဲ့ အားပေးနေတယ်”ဟု ဦးကြီးမြင့်က ဆိုသည်။

“လာဘ်ပေးလာဘ်ယူမှုဆိုတာ ဂုဏ်ယူစရာမဟုတ်၊ ရှက်စရာဖြစ်တယ်” ဆိုတာကို မီးမောင်းထိုးပြဖို့အချိန်တန်ပြီဟု ဓစမျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်း လူ့အဖွဲ့အစည်းမှဦးဂျင်မီကပြောသည်။ အစိုးရက သူ့ဝန်ထမ်းတွေကို လာဘ်မစားဖို့အတွက် လိုအပ်သည့်ပံ့ပိုးမှုတွေကိုပေးရင်ရော ကျေနပ်မလားဟု မေးခွန်းထုတ်စရာဖြစ်လာသည်။

“ဝန်ထမ်းတွေဟာ ချမ်းသာချင်လို့၊ အောက်ဆိုက်ရချင်လို့၊ ဝင်ငွေဖြောင့်ချင်လို့ ဝန်ထမ်းလုပ်မယ်ဆိုတဲ့ အယူအဆမျိုးတော့ ဖျောက်ပစ်လိုပါလိမ့်မယ်။ ဒါတင်မကဘူး၊ ပြည်သူတွေကလည်း ပြင်စရာတွေရှိသေးတယ်။ လက်ဖက်ရည် ဖိုးပေးတဲ့အကျင့်က ပြည်သူတွေမှာပါနေပြီ။ ‘ပိုက်ဆံပေးလိုက်ရင်ရပါတယ်ကွာ’ဆိုတဲ့အမြင်မျိုးကိုဖျောက်ပစ်ဖို့လိုတယ်”ဟု ဦးဂျင်မီက ထောက်ပြသည်။

ယင်းသို့ အစိုးရ၊ အစိုးရဝန်ထမ်းနှင့်ပြည်သူများက ပြုပြင်ပြောင်းလဲရုံဖြင့်လည်း လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကို နှိမ်နင်းနိုင်ဦးမည်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၏ ဝေဖန်ထောက်ပြမှုများကလည်း အရေးကြီးသည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံရှေ့နေကွန်ရက်ဥက္ကဋ္ဌကတော့ ကောင်းမွန်သော လွှတ်တော်၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ ကောင်းမွန်သောဥပဒေနှင့် ကောင်းမွန်သော တရားစီရင်ရေးစနစ်ရှိမှသာ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် ပိုမိုထိရောက် မည်ဟု လက်ခံထားသည်။ သူကယခုလိုလည်း ဆက်ပြောပါသည်။

“တရားစီရင်ရေးမှာလဲ လာဘ်စားတဲ့တရားသူကြီးတွေ၊ အုပ်ချုပ်ရေးမှာလဲ လာဘ်စားတဲ့လူတွေ၊ အပေါ်ကအုပ်ချုပ်တဲ့သူတွေကလဲ လာဘ်စားတဲ့သူတွေ၊ အစိုးရအဖွဲ့ကလဲ လာဘ်စားတဲ့သူတွေ၊ လွှတ်တော်ထဲမှာလဲ လာဘ်စားတဲ့သူတွေရှိနေသမျှ ကာလပတ်လုံး၊ ကိုယ့်ရဲ့ကိုယ်ပိုင်ဥစ္စာကို မကြေညာရဲတဲ့လွှတ်တော်မျိုး၊ အစိုးရမျိုးအောက်မှာ ဘယ်လိုနည်းနဲ့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးက မအောင်မြင်နိုင်ဘူး”။

အမိကတော့ “လူတွေကိုယ်တိုင်က အဂတိကိုကိုယ် တိုင်မကျူးလွန်မိဖို့”လိုသည်ဟု ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ဦးအေးခိုင်ကဆိုသည်။ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့်ဖြစ်စေ၊ အရပ်ဘက်အဖွဲ့ အစည်းများကဖြစ်စေ လာဘ်ပေးသူရော၊ လာဘ်ယူသူရော တိုင်တန်းသည့်အချင်းချင်း ဖော်ထုတ်နိုင်သည့် ပလက်ဖောင်းတစ်ခုလုပ်ပေးဖို့လိုနေသည်ဟု သူကယူဆသည်။

"အဓိကတော့ လူတွေအချင်းချင်းအသိပေးဖို့ပဲ။ မဖြေရှင်းနိုင်တာ ထက်စာရင် အချင်းချင်းအသိပေးပြီး ရှောင်ကြဉ်ကြတဲ့သဘောပဲ။ ဒါမှ လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ရှောင်ကြဉ်သွားနိုင်မှာ"ဟု ဦးအေးနိုင်က ဆိုသည်။

အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ၊ အထူးသဖြင့် ပြည်သူများအကြား ရေပန်းအစားဆုံးစကားလုံးဖြစ်နေသည့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်၏ အနှစ်ချုပ်ထဲတွင်ပင် အကျင့်ပျက်ခြစားမှုလည်း ပါဝင်သည်ကိုသတိပြုဖို့လိုသည်ဟု ဦးဂျင်မီက ထောက်ပြသည်။ အကျင့် ပျက်ခြစားမှုများရှိနေသရွေ့ တရားဥပဒေစိုးမိုးရေးကိုလည်း ထိခိုက်နေဦးမည်သာ။

အကျင့်ပျက်ခြစားမှုကိုဆိုရာတွင် အထူးသဖြင့် မြန်မာပြည်သူများတွင် အမြစ်တွယ်နေသည့် စိတ်ဓာတ်ရေးရာအကျင့်ပျက်ခြစားမှုကို အမြန်ဆုံး ကုသဖို့လိုအပ်နေသည်။ဥပဒေအရ တိတိကျကျအရေးယူဖို့၊ လိုအပ်သည့် ပံ့ပိုးမှုတွေပေးဖို့၊ ဝန်ထမ်းကောင်းစိတ်တွေသွင်းပေးဖို့စသဖြင့် လုပ်ငန်းစဉ်များကို အချိန်မီလုပ်ဆောင်နိုင်မှသာ အရိုးစွဲနေပြီဖြစ်သည့် အကျင့်ပျက်ခြစားမှု ဗက်တီးရီးယားကြီးကို အနိုင်တိုက်နိုင်လိမ့်မည်ဟု ဦးဂျင်မီက ဆိုသည်။

"ဗက်တီးရီးယားကို မနိုင်တဲ့ဆေးနဲ့သွားချရင် နောက်တစ်ခါဆို ဆေးမတိုးတော့ဘူး။ အသက်ပိုရှည်တယ်။ ဒါကြောင့် ဒီကောင်ကိုသတ်နိုင်တဲ့ ဆေးကိုရှာရမယ်။ ပြီးရင် အပြတ်သုတ်သင်ပစ်ရမယ်"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၁၃)*

www.burmeseclassic.com

www.burmeseclassic.com



# သုံးနှစ်သားအစိုးရ၏
# အကျိုး အမြစ် အသီး

www.burmeseclassic.com

www.burmeseclassic.com

## သုံးနှစ်သားအစိုးရ၏ အကျိုးအပြစ် အချိုး

နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို ကျွန်တော်တို့ဖော်ဆောင်နိုင်ခဲ့ပြီဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က သူ့ရဲ့သုံးနှစ်ပြည့် သမ္မတသက်တမ်းမိန့်ခွန်းတွင် ကြွေးကြော်ခဲ့ပါသည်။ စစ်ဗိုလ်ချုပ်ကြီးတစ်ဖြစ်လဲ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ခေါင်းဆောင်ကြီးဦးသိန်းစိန်တစ်ယောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတရာထူးတာဝန်ကိုထမ်းဆောင်ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပါပြီ။ သူစတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ် မတ် ၃၀ရက်တွင် သူဦးဆောင်မည့် ပြည်ထောင်စုအစိုးရသစ်၏ မူဝါဒသဘောထားလမ်းစဉ်ကို ချပြခဲ့သည်။ မိန့်ခွန်းမှာ နားထောင်ကောင်းခဲ့သည်။ ကြားနာရသူအဖို့အားတက်စရာကောင်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှစတင်ကာ ၂၀၁၄ခုနှစ် မတ် ၂၆ ရက်၊ သမ္မတသက်တမ်းသုံးနှစ်ပြည့်သည်အထိ သူ့မိန့်ခွန်းများကို ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို ဆက်တိုက်ချပြပြောဆိုခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်ကမိန့်ခွန်းပြောကြားသည့်အခါတိုင်း ပြည်တွင်းပြည်ပနိုင်ငံရေးလေ့လာသုံးသပ်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးပညာရှင်များ၊ လူမှုရေးလုပ်ငန်းလုပ်ဆောင်သူများ စသဖြင့် နိုင်ငံ့အရေးကိုစိတ်ပါဝင်စားသူတိုင်းက စောင့်ကြည့်လေ့လာကြစမြဲ။ သူ့ပြောစကားများ၏အသွားအလာကို ဝေဖန်ထောက်ရှုနေကြစမြဲဖြစ်သည်။

မိမိတို့ရန်ကုန်တိုင်းမ်မှတွေ့ဆုံမေးမြန်းခဲ့သော နိုင်ငံရေးလေ့လာသူများ၊ စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေးများ၊ အရပ်ဘက်အဖွဲ့အစည်းမှခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏အဆိုအရတော့ သမ္မတဦးသိန်းစိန်၏မိန့်ခွန်းများအားလုံးနီးပါး အကောင်းဘက်တွင်ရှိသည်ဟု ဆိုကြသည်။ သို့သော် အပြောနှင့်အလုပ်ကတော့ တစ်ထပ်တည်းမကျသေးဟု ဆိုပါသည်။

အပြောလွယ်သလောက် အလုပ်ခက်တယ်ဆိုသောစကားသည် အထူးသဖြင့် နိုင်ငံရေးတွင် ပိုပြီးထင်ဟပ်စေသည်ဟု မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးကျော်လင်းဦးက ယခုလိုပြောဆိုပါသည်။

"ဒီမိုကရေစီစနစ်အောက်မှာ ပြည်သူတွေကို ဘယ်လောက်အလုပ်အကျွေးပြုမယ်၊ ပြည်သူတွေအကျိုးကို ဘယ်လောက်အထိဖော်ဆောင်မယ်ဆိုတာ နိုင်ငံရေးသမားတိုင်း ပြောတတ်တဲ့လေလုံးတွေပဲ၊ ဒါကမထူးဆန်းဘူး။ ဘယ်သူမဆိုနိုင်ငံရေးသမားမှန်ရင်ပြောလာမှာပဲ။ တကယ့်အပိုင်းမှာကျတော့ အခက်အခဲတွေရှိတယ်"။

ဦးသိန်းစိန်အစိုးရအတွက် မူဝါဒပိုင်းဆိုင်ရာအခက်အခဲများ၊ မူဝါဒကို လက်တွေ့အကောင်အထည်ဖော်မှုပိုင်းဆိုင်ရာ အခက်အခဲများ၊ နိုင်ငံရေးအင်အားစုအချင်းချင်းညီညွတ်မှု၊ မညီညွတ်မှုပိုင်းဆိုင်ရာအခက်အခဲများ စသဖြင့်ရှိသည်ဟု ဦးကျော်လင်းဦးကဆိုသည်။

"ဦးသိန်းစိန်ရင်ဆိုင်နေရတဲ့ပြဿနာက သူ့အစိုးရသက်တမ်းအတွင်းမှာ သူ့ရဲ့အစိုးရယန္တရားကြီးတစ်ခုလုံးကို တစ်စုံလုံးပြုပြင်ပြောင်းလဲပစ်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စပဲ"။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းစိန်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အချိန်ယူမှု၊ လေ့ကျင့်ပေးမှု၊ သင်ကြားပေးမှု၊ မူဝါဒကောင်းများဖော်ဆောင်မှု၊ ထွက်ပေါ်လာသည့်မူဝါဒများ၏ အလုပ်ဖြစ်မဖြစ်ဆိုသည်ကို အချိန်ယူစောင့်ကြည့်မှုတို့ကို မလုပ်ဆောင်နိုင်ခဲ့သည့်အပြင် နောက်ထပ်နိုင်ငံရေးအင်အားစုတစ်ခုဖြစ်သည့် လွှတ်တော်နှင့်လည်း အပေးအယူမျှမျှ၊ ညှိနှိုင်းတိုင်ပင်ပူးပေါင်းလုပ်ကိုင်မှုများအားနည်းနေသည်ဟု သူကထောက်ပြသည်။ ထို့ကြောင့် ဦးသိန်းစိန်အစိုးရအတွက်တော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွင်း အခက်အခဲများစွာရှိနေဦးမှာပဲဟု ဦးကျော်လင်းဦးက ယူဆသည်။

၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြွေးကြွယ်ကလည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး "ရလဒ်ကိုပီပီပြင်ပြင်မမြင်တွေ့ရသေးပါဘူး"ဟု ကောက်ချက်ချပါသည်။

ပြီးခဲ့သည့်စစ်အစိုးရလက်ထက် စည်းမျဉ်းစည်းကမ်းနှင့်အမိန့်၊ ညွှန်ကြားချက်များက အစ ဦးသိန်းစိန်၏ ပြည်ထောင်စုအစိုးရသစ်အတွက်တော်တော်အခက်အခဲရှိနေသည်ကိုတွေ့ရသည်ဟု ဦးမြွေးကြွယ်ကဆိုသည်။

"အစိုးရအဖွဲ့အစည်းရဲ့ အင်စတီကျူးရှင်း၊ အရပ်သားအစိုးရအဖွဲ့တစ်ခုရဲ့လုပ်ပုံကိုင်ပုံတွေပြောင်းလဲတဲ့အခါမှာ အောက်ခြေပိုင်းက တကယ့်အကောင်အထည်ဖော်တဲ့ကိစ္စတွေမှာ အခက်အခဲတွေကြုံနေတုန်းပဲ"ဟု သူကပြောသည်။

ဆိုလိုသည်က ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေးကိုသွားနိုင်ဖို့အတွက် ပထမဆုံးဖြေလျှော့ခြင်းကိုသာစလုပ်နေပြီး ပြုပြင်ပြောင်းလဲရေးအဆင့်ထိတော့ သိသိသာသာ မရောက်သေးဟု ဦးမြွေးကြွယ်က ယူဆသည်။

သမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့အနေဖြင့် ယခင်စစ်အစိုးရလက်ထက်က အခြေအနေထက်တိုးတက်လာပါသည်ဟု ပြောဆိုနေသော်လည်း တကယ့်အနှစ်သာရပိုင်းက ပြောင်းလဲလာပြီလားဟု မေးခွန်းထုတ်ရင်တော့ ဖြေဖို့အင်မတန် ခက်ခဲလိမ့်မည်ဟု စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေးလုပ်ငန်းလုပ်ကိုင်သူ စီးပွားရေးပညာရှင် ဦးတင်သန်းဦးက ထွက်ဆပါသည်။

"စီးပွားရေးအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကိုကြည့်ရင် MoU

www.burmeseclassic.com



(နားလည်မှုစာချွန်လွှာ) ထိုးတဲ့အဆင့်ထက်ပိုပြီး ရှေ့ဆက်တိုးဖို့အတွက် နိုင်ငံရေးမတည်ငြိမ်မှုတွေကို အစိုးရဘက်က ဘာမှလုပ်ပေးနိုင်တာ မတွေ့ရဘူး"။

## နိုင်ငံရေးယဉ်ကျေးမှုသစ်

ပြီးခဲ့သည့် မတ် ၂၆ ရက်က နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ပြောဆိုခဲ့သော သူ၏သုံးနှစ်ပြည့်သမ္မတသက်တမ်း အထိမ်းအမှတ်မိန့်ခွန်းတွင် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ခုကိုမြင်တွေ့နေရပါပြီဟု ဦးသိန်းစိန်ကဆိုခဲ့ပေမယ့် ဘယ်အရာဖြစ်သည်ဟုတော့ တိတိကျကျ ပြောဆိုသွားခြင်းမရှိခဲ့ပါ။

မြန်မာနိုင်ငံသည် ပြည်သူလူထုရဲ့ထောက်ခံမှု၊ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားတွေနှင့် အုပ်ချုပ်သည့်အစိုးရပုံစံတစ်ရပ်ကို ကူးပြောင်းနေပြီ။ ထို့ကြောင့် အစိုးရတွေကို ဝေဖန်တာ၊ ကန့်ကွက်တာ၊ ရှုပ်ချတာတွေကို နားထောင်မည်၊ ပြည်သူလူထုရဲ့သဘောထားတွေကို သည်းခံနားထောင်ရမည်ဆိုသည့် ယဉ်ကျေးမှုပုံစံကိုရည်ညွှန်းပြောဆိုသည်ဟုထင်မြင်ကြောင်း မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးကျော်လင်းဦးက ယူဆသည်။

နှစ်ပေါင်းမြောက်မြားစွာ အာဏာရှင်စစ်အစိုးရလက်အောက်တွင်နေလာရတော့ အစိုးရများသည် ပြည်သူလူထုကဝေဖန်တာ၊ အတိုက်အခံတွေက ဝေဖန်တာ၊ နိုင်ငံရေးသမားတွေက ဝေဖန်တာတွေကို ဆတ်ဆတ်ထိမခံဖြစ်ခဲ့သည့် သာဓကများရှိခဲ့ပါပကော။ "ဝေဖန်တဲ့အခါတိုင်းလဲ အစိုးရတွေက ပြင်းထန်တဲ့တုံ့ပြန်မှုပုံစံတွေနဲ့ အပြစ်ပေးလေ့ရှိတယ်"ဟု ဦးကျော်လင်းဦးက ဆိုသည်။

အစိုးရအနေဖြင့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို ပုံဖော်နေတယ်လို့ပြောဆိုနေသော်လည်း တကယ့်နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ခုကိုဖန်တီးနိုင်မည့်ဥပဒေများရှိသလားဟု မေးခွန်းထုတ်လျှင် ရှိသည်ကို မတွေ့ရဟု ဥပဒေရေးရာအကြံပေး ဦးတင်သန်းဦးက ဆိုသည်။

ဒီမိုကရေစီကိုသွားနေသည့်နိုင်ငံမို့ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကိုပြဋ္ဌာန်းခဲ့သည်ဆိုပေမယ့် တကယ့်စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်သူတွေအတွက် တရားမျှတတဲ့ဥပဒေတစ်ရပ်မဟုတ်ခဲ့ဟု သူက

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြသည်။ ဆိုတော့ ဥပဒေပိုင်းအရ ဒီမိုကရေစီယဉ်ကျေးမှုသစ်၊ နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို မြင်နေရပြီလို့ပြောပေမယ့်တကယ်တမ်း လက်တွေ့တွင် မရှိသေးသည်ကို ဦးတင်သန်းဦးက ယခုလိုပြောသည်။

"ဆန္ဒထုတ်ဖော်တဲ့သူတွေကို သမ္မတလာမတွေ့ဘူး၊ သမ္မတက မြင့်လို့ထားလိုက်ဦး၊ သက်ဆိုင်ရာဝန်ကြီးလဲလာမတွေ့ဘူး၊ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းအစိုးရအဖွဲ့လဲလာမတွေ့ဘူး၊ ဒီမိုကရေစီယဉ်ကျေးမှုမှာက မှားတာ၊ မှန်တာနောက်မှာထား၊ ကိုယ့်ပြည်သူကို လာရှင်းပြရမယ့်တာဝန် အစိုးရမှာရှိတယ်။ မှန်ရင်ဖြေရှင်းပေးရမယ်၊ မှားရင် ဥပဒေအရ အရေးယူ ရမယ်။ နှုတ်ကတော့ လုပ်ပေးမယ်ပြောပြီး လက်တွေ့ကျတော့ မလုပ်ပေး တာ အကျင့်အဟောင်းကို ပြန်သုံးနေသလိုပဲ"။

ထိုသို့နိုင်ငံတော်သမ္မတမိန့်ခွန်းတစ်ခါပြောတိုင်း ထူးခြားသည့် စကားလုံးများ၊ ကတိပေးမှုများ၊ သတိပေးပြောဆိုမှုများသည် မကြာခဏကြုံ တွေ့ရလေ့ရှိပြီး အပြောနှင့်လုပ်ရပ်အမြဲ နှိုင်းယှဉ်ကြည့်ဖို့အရေးကြီးသည်ဟု ၎င်းကဆိုသည်။

## အင်အားသုံးရပ်နှင့် အစိုးရ၏ မူဝါဒလမ်းစဉ်များ

သမိုင်း၏သင်ခန်းစာများအရ "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်း ရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင် မြဲရေး"ဆိုသည့် တို့တာဝန်အရေးသုံးပါး အောင်မြင်စွာထမ်းဆောင်နိုင်ဖို့ အတွက် "နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော် ကာကွယ်ရေး အင်အား"အဖြစ် အင်အားသုံး ရပ်တောင့်တင်းဖို့လိုအပ်ကြောင်း ဦးသိန်းစိန်က သမ္မတဖြစ်စ ပထမဆုံးမိန့်ခွန်းတွင် ထည့်ပြောခဲ့သည်။

နိုင်ငံရေးအင်အားအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူး အလေးထားမည်ဟု သူက ကတိပြုခဲ့သည်။ အလားတူနိုင်ငံရေး၏ ကွင်းဆက်တစ်ခုဖြစ်သော စီးပွားရေးအင်အားမတောင့်တင်းရင်လည်း သူ တစ်ပါး၏ အထင်အမြင်သေးမှု၊ နိမ့်ချဆက်ဆံမှုတွေခံရနိုင်သည့်အတွက် စီးပွားရေးအင်အား တောင့်တင်းသောစက်မှုနိုင်ငံဖြစ်အောင် တည်ထောင်ရမည် ဟုတိုက်တွန်းသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက်တော့ နိုင်ငံသားတိုင်း တွင် တာဝန်ရှိသည်ဟု သူကဆိုသည်။ ထို့ပြင် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့အဆင့်မီတပ်မတော် တစ်ရပ်လည်းရှိဖို့လိုသည်ဟု ဦးသိန်းစိန်က သူ့ရဲ့ ပထမဆုံးမိန့်ခွန်းတွင် ပြောဆိုခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့်ကဏ္ဍအားလုံးတွင် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းကျကျ လုပ်ဆောင်ဖို့လိုအပ်ကြောင်း သူ့အစိုးရအနေဖြင့်သတိချပ်ခဲ့သည်။ အလား တူ သူပြောခဲ့သမျှသော မိန့်ခွန်းများထဲမှပြည်သူလူထုအပါအဝင် နိုင်ငံရေး လေ့လာသူများ၊ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများအကြား ရေ ပန်းအစားဆုံးစကားသည် "မိမိတို့အစိုးရအနေဖြင့် ကောင်းမွန်သော အုပ် ချုပ်မှုပုံစံဖြင့်သန့်ရှင်းသောအစိုးရအဖွဲ့ဖြစ်ရေး"ဆိုသော စကားသာဖြစ်သည်။ ထိုစကားသည် လူတိုင်း သည်းခြေကြိုက်ဖြစ်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်၊ လွှတ်တော် တွင်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ် ရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ ဦးရှိန်ကျော်ဝင်းကတော့ ယခုလို သုံးသပ်ပါသည်။

"ဦးသိန်းစိန်အစိုးရအနေနဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနဲ့ တရား စီရင်ရေးဆိုတဲ့မဏ္ဍိုင်ကြီးသုံးရပ်ကို အခြေခံဥပဒေသစ်နဲ့ဆောင်ရွက်ရတော့ အောင်မြင်မှုတွေရှိသလို အားနည်းချက်တွေလဲရှိတာပေါ့"။

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဒွေး ကြွယ်၏အဆိုအရတော့ လက်ရှိအစိုးရအနေဖြင့် မူပိုင်းချမှတ်မှုတွင် အောက်ခြေအဆင့်အထိ လိုက်နာနိုင်အောင်ချမှတ်နိုင်မှုအားနည်းနေပြီး အချို့အပိုင်းများတွင် အမိန့်ပေးစနစ်ဖြင့်သွားနေသည်ကိုတွေ့ရသည်။ ညွှန် ကြားချက်များကို ထိထိရောက်ရောက်လိုက်နာနိုင်ဖို့အတွက် ဒေသဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အထိ ပူးပေါင်းဆောင်ရွက်မှုအပိုင်းများ တွင် အားနည်းနေသည်ဟုဆိုသည်။

ထို့ပြင် အောက်ခြေတရားဥပဒေစိုးမိုးရေးကို ဖြည့်ဆည်းပေးရမည့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ (ဥပမာ–ရဲဌာန)၏ စွမ်းရည်တွေကလည်း အားနည်းနေသေးသည်ဟု ဦးဒွေးကြွယ်က ဆိုသည်။

"ပြည်သူလူထုကိုခြိမ်းခြောက်ဖို့မဟုတ်ဘဲနဲ့ ပြည်သူလူထုကို ကာ ကွယ်ပေးမယ်ဆိုတဲ့ အစိုးရတစ်ရပ်မျိုးအထိသွားနိုင်ဖို့ လိုအပ်ပါတယ်"။

www.burmeseclassic.com

www.burmeseclassic.com



## သမ္မတ၏ အားသာချက် (သို့) အကျိုး

မိမိတို့ရန်ကုန်တိုင်းမ်မှတွေ့ဆုံမေးမြန်းခဲ့သူများ၏ အဆိုအရတော့ ဦးသိန်းစိန်အစိုးရ၏ လုပ်ဆောင်ခဲ့သမျှထဲတွင် နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်လုပ်ရပ်သည် အအောင်မြင်ဆုံးဖြစ်သည်ဟု ဆိုသည်။

"လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စတွေဆိုရင် တော်တော်ထင်သာမြင်သာ ရှိတဲ့ လုပ်ဆောင်ချက်ကောင်းပါ"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်းက ပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ရာတွင် ပါဝင်သင့်သူ နိုင်ငံသားအားလုံးပါဝင်နိုင်စေရန်အတွက် နိုင်ငံရေး ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများအပါအဝင် ပြစ်ဒဏ်မှ လွတ် ငြိမ်းချမ်းသာခွင့် အကြိမ်ပေါင်း(၄၉)ကြိမ်ခွင့်ပြုခဲ့ရာ အကျဉ်းသားပေါင်း ၆၈၀၀၀ကျော် လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်ဟု ပြီးခဲ့သည့် မတ်၂၄ရက်တွင် ဦးသိန်းစိန်က ထုတ်ပြောခဲ့သည်။

ထို့ပြင်အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေ သော မြန်မာနိုင်ငံသားများအား မိခင်နိုင်ငံအတွင်းသို့ပြန်လာနိုင်ရေးအတွက် ဖြေလျှော့မှုများပြုလုပ်ခဲ့သည့်လုပ်ရပ်ကိုလည်း မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးကျော်လင်းဦးက ကြိုဆိုသည်။

အလားတူ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ရာတွင်လည်း ယခင်စစ်အစိုးရလက်ထက်က နိုင်ငံ ရေး ရန်ဘက်များဖြစ်ခဲ့သည့် နိုင်ငံရေးအင်အားစုများကို ပြေလည်အောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း ဦးသိန်းစိန်အစိုးရအတွက် အားသာချက် တစ်ခုဖြစ်သည်ဟု ဦးကျော်လင်းဦးက အသိအမှတ်ပြုသည်။

"ရလဒ်ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုရင် လွှတ်တော် ထဲတောင်ရောက်နေပြီ။ နိုင်ငံရေးဖြစ်စဉ်တွေထဲမှာပါနေပြီ"။

အထူးသဖြင့် သူ့အစိုးရအဖွဲ့လက်ထက်တွင်မှ တစ်ဖန်ကျော့ပြန် ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကိုရပ်တန့်ဖို့ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်း ရေးဖော်ဆောင်ရေးအဖွဲ့နှင့် တိုင်းရင်းသားခေါင်းဆောင်များအကြား တွေ့ ဆုံဆွေးနွေးမှုကို ပိုမိုအရှိန်မြှင့်လာသည်ကို စစ မျိုးသက် ငြိမ်းချမ်းရေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးပြုံးချိုက ထောက်ခံသည်။

ပြည်တွင်းငြိမ်းချမ်းရေးကိစ္စနှင့် အမျိုးသားစည်းလုံးညီညွတ်မှုဆိုသည်က သမိုင်းထဲတွင်ပဲမြင်တွေ့ရခဲ့သည်။ ထိုအချိန်က ကိုလိုနီခေတ်တို့၊ ဖက်ဆစ်လက်အောက်က လွတ်မြောက်ဖို့အတွက်ဆောင်ရွက်ရာမှာ စည်းစည်းလုံးလုံး လုပ်ခဲ့ကြတာမို့သာ၊ နောက်ပိုင်းတွင် စည်းလုံးမှုပြိုကွဲကုန်ပြီး ဟာကွက်ပျောက်ကွက်တွေပိုများလာသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်းက ပြောသည်။

"အစိုးရအနေနဲ့ ငြိမ်းချမ်းရေးကိုရဖို့ဆိုရင် အချိန်ယူရမယ်၊ ယုံကြည်မှုရအောင်ယူနေရတော့ ထင်တိုင်းမပေါက်ဘဲ အခြေအနေ ကောင်းမလိုလိုဖြစ်ခဲ့တယ်။ မျှော်လင့်ချက်တော့ရှိနေပြီ။ အခက်အခဲတော့ ရှိနေဦးမှာပဲ"ဟု ဦးရှိန်ကျော်ဝင်းက ယူဆသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင်အရေးကိုအကြောင်းပြကာ သူ့သက်တမ်းအတွင်းရပ်ဆိုင်းခဲ့သော မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီးလည်း ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ရေးရာပညာရှင်တို့၏ ထောက်ခံမှုကို သမ္မတဦးသိန်းစိန်ရရှိခဲ့သေးသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို အမေရိကန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထောက်ခံအားပေးခဲ့သည်။

ယင်းသို့ သမ္မတဦးသိန်းစိန်၏လုပ်ဆောင်ချက်များအနက် အသိအမှတ်ပြုဖွယ်ရာများမြင်တွေ့ရသလို မအောင်မြင်မှုများ၊ အားနည်းချက်များ၊ အပြောနှင့်အလုပ် ရှေ့နောက်မညီမှုများကလည်း ရှိနေသေးသည်။

## သမ္မတ၏ အားနည်းချက်(သို့) အပြစ်

သူပြောခဲ့တဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့ သန့်ရှင်းတဲ့အစိုးရ ပုံစံဖြစ်အောင်လုပ်မယ်ဆိုတဲ့ကိစ္စကတော့ ခုထက်ထိ ဖြစ်ဖို့ခဲယဉ်းနေသေးတယ်ဆိုတာပဲ" ဟု မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးကျော်လင်းဦးက ထောက်ပြသည်။

၁၉၆၂ ခုနှစ်ကစပြီး စစ်အာဏာသိမ်းအစိုးရလက်ထက်အဆက်ဆက်တွင် တိုင်းပြည်၏အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံးပျက်စီးသွားခဲ့ကော လပိုင်း၊ နှစ်ပိုင်းအတွင်း ပြုပြင်ဖို့မလွယ်ကူသည်ကို နားလည်သော်လည်း ဦးသိန်းစိန် အစိုးရအနေဖြင့် ဖြစ်နိုင်ခြေရှိမည့်ပုံစံကောင်းအချို့ရရှိအောင်သာ

www.burmeseclassic.com



ဆောင်ရွက်နိုင်မည်ဟု သူကယူဆသည်။

တစ်ချိန်တည်းတွင် သန့်ရှင်းသောအစိုးရတစ်ရပ်ဖြစ်ဖို့ဆိုရင်လည်း အစိုးရအဖွဲ့ဝန်ထမ်းတွေအားလုံးသည် အဂတိတရားကင်းရှင်းဖို့၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းဖို့လိုအပ်သည်။ သို့အတွက်ဝန်ထမ်းများကို နိုင်ငံတကာအဆင့် လုပ်ခလစာနှုန်းထားပေးနိုင်ဖို့သည် သမ္မတဦးသိန်းစိန်အတွက် မဟာ အခက်အခဲတစ်ရပ်ဖြစ်နေသည်ဟု ဦးကျော်လင်းဦးက သုံးသပ်သည်။

သူ့ရဲ့သမ္မတသက်တမ်းစကတည်းကပြောဆိုခဲ့သည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်သည်လည်း အကောင်အထည်မြင်တွေ့ရန် မှုန်ဝါးနေဆဲ ဖြစ်သည်ကို ၎င်းကယခုလိုပြောသည်။

“အချို့လဲပြောကြတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးက ထိပ်ပိုင်းမှာပဲရှိနေပြီး အောက်ခြေမှာဘာမှမပြောင်းလဲဘူးတဲ့။ အောက်ခြေ လူတန်းစားတစ်ရပ်လုံးမှာဆင်းရဲမွဲတေမှုမလျှော့ချနိုင်သေးဘူး၊ ဆင်းရဲနေတုန်းပဲ”။

ဆင်းရဲမွဲတေမှုလျှော့ချဖို့အတွက်ဟုဆိုကာ နိုင်ငံတကာအကူအညီများကို အသုံးပြုရာတွင်လည်း တကယ်တမ်းအချက်အလက်များဖြင့် ပွင့်လင်းမြင်သာမှုရှိရှိကိုင်တွယ်ဖြေရှင်းသည်ကိုမတွေ့ရဟု စီးပွားရေးပညာရှင် ဦးတင်သန်းဦး ကဆိုသည်။

“ဆိုလိုတာက နိုင်ငံတကာအကူအညီတွေကိုလိုချင်လို့ အမည်ခံလိုက်လုပ်ပေးနေရတဲ့ ပုံစံမျိုးဖြစ်နေတာ။ တကယ့်အတွင်းကျကျ ရည်ရွယ်ချက်နဲ့ ပြောင်းလဲစေတဲ့လုပ်ငန်းစဉ်နဲ့ ဆင်းရဲသားတွေခံစားရတာမရှိဘူး” ဟု ၎င်းကဆိုသည်။

ဦးသိန်းစိန်အစိုးရသည် ဆင်းရဲသားများဝင်ငွေတိုးတက်ဖို့ကို ဆောင်ရွက်နေသည်ဆိုသော်လည်း သိသာသော တိုးတက်ပြောင်းလဲမှုကို ယနေ့ထိမမြင်တွေ့ရသေးဟု ဦးဌေးကြွယ်ကဝေဖန်သည်။ အလားတူပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင်လည်း ပြုပြင်ပြောင်းလဲမှုမလုပ်နိုင်သေးဟု ၎င်းကဆိုသည်။

ကျေးလက်ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ ဆင်းရဲသားပပျောက်ရေး၊ မူလတန်းကျောင်းတွေ အဆင့်တိုးမြင့်ရေးစသဖြင့်ရည်မှန်းချက်များထားကာ ပြောဆိုလုပ်ကိုင်နေပေမယ့် သီးခြားရန်ပုံငွေသုံးစွဲနိုင်မှုနည်းပါတယ်၊ ပူးပေါင်းဆောင်ရွက်နိုင်မှုအားနည်းတာတွေကြောင့် ယခုချိန်အထိ ထိထိ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်လုပ်နိုင်သည်ကိုမတွေ့ရသေးဟု ဦးဌေးကြွယ်ကဆိုသည်။

"အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးတယ်ဆိုပြီး နောက်ထပ်နိုင်ငံရေးအကျဉ်းသားတွေဖြစ်လာအောင် ပိတ်ပင်ထားတဲ့၊ ဖွင့်ပြုပေးထားတဲ့ဥပဒေတွေကို ပြင်ဆင်ဖို့ကိစ္စတွေမှာအားနည်းနေတယ်။ မလိုအပ်တဲ့ဥပဒေတွေကို ဖျက်သိမ်းနိုင်ဖို့ဆိုတဲ့ကိစ္စတွေမှာ တော်တော်ကြီးကိုနှေးနေတယ်"ဟု ၎င်းက ဦးသိန်းစိန်အစိုးရ၏ အားနည်းချက်များကို ထောက်ပြသည်။

ယခုလိုဦးသိန်းစိန်အစိုးရ၏ အားနည်းချက်များအပြင် ၎င်းအစိုးရအဖွဲ့၏ကျန်ရှိနေသေးသော နှစ်နှစ်တာသက်တမ်းအတွက် အကြီးမားဆုံးဖြေရှင်းရမည့် စိန်ခေါ်မှုများလည်း ရှိသေးသည်။

## သမ္မတဖြေရှင်းရမည့် အကြီးမားဆုံးပြဿနာများ

မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူများ အခိုကကြုံတွေ့နေရသည့် လယ်ယာမြေသိမ်းဆည်းခံရမှုပြဿနာသည် ဦးသိန်းစိန်အစိုးရအတွက် စိန်ခေါ်မှုအရှိဆုံးပြဿနာဖြစ်သည်ဟု မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးကျော်လင်းဦးက ဟောကိန်းထုတ်သည်။

အဆိုပါပြဿနာများသည် ပြီးခဲ့သော စစ်အစိုးရလက်ထက်က မတရား အရမ်းကာရော၊ စွတ်လုပ်ခဲ့သည့်လုပ်ရပ်များ၏ရလဒ်ဖြစ်သည်။

"တိတိကျကျ အထောက်အထားနဲ့သိမ်းခဲ့တာမဟုတ်ဘဲ သိမ်းချင်တာလက်ညှိုးထိုးပြီးအတင်းလုပ်ခဲ့တာ။ အခုပွင့်လင်းလာတဲ့အစိုးရသစ်လက်ထက်မှာတော့ လယ်သမားတွေက ငုံ့မခံတော့ဘဲ ပြန်တောင်းဆိုကြတော့ ပြန်ပေးမယ်လုပ်တဲ့အခါ စာရင်းဇယားတွေကအများကြီး ရှုပ်ထွေးနေတယ်"ဟု ဦးကျော်လင်းဦးက ဆိုသည်။ ၎င်းက ယခုလိုလည်း ဥပမာပေးပြီး သုံးသပ်ပါသေးသည်။

"ဥပမာ– စစ်တပ်ဆိုရင် တပ်မြေအတွက်မြေသိမ်းရင် သူတို့လိုအပ်တာထက် ငါးဆလောက်ပိုသိမ်းထားတာမျိုးတွေရှိတယ်။ မြေယာပြဿနာဟာ ဦးသိန်းစိန်အစိုးရအတွက် တော်တော်ကိုကြီးတဲ့ ပြဿနာကြီးဖြစ်သလိုတော်တော်နဲ့ဖြေရှင်းဖို့မလွယ်တဲ့ ပြဿနာကြီးပဲ။ လာမယ့်ရွေးကောက်ပွဲမှာ ဦးသိန်းစိန်အနေနဲ့ပဲဖြစ်ဖြစ်၊ ကြံ့ခိုင်ရေးပါတီအနေနဲ့ပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲမှာမဲရှုံးရင် အဲဒီကိစ္စကြောင့် ရှုံးတာပဲဖြစ်လိမ့်မယ်"။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်ကျော်ဝင်းကလည်း ထို အယူအဆနှင့်ဥပမာကို လက်ခံသည်။ မြေသိမ်းယာသိမ်းကိစ္စရပ်များသည် တိုင်းပြည် လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်ရှိသော တောင်သူလယ်သမားများ၏ စီးပွားရေးကိစ္စဖြစ်သောကြောင့် ဦးသိန်းစိန်အစိုးရအနေဖြင့် ၎င်းပြဿနာကို မဖြေရှင်းနိုင်ပါက နိုင်ငံရေးအရစည်းရုံးရေးလုပ်ငန်းစဉ်များတွင် အခက် အခဲတစ်ရပ်ဖြစ်လာနိုင်သည်ဟု ဦးရှိန်ကျော်ဝင်းကယူဆသည်။

ယင်းသို့ မြေသိမ်းယာသိမ်းအမှုများတွင် မူလပိုင်ရှင်များကို ပြန် ပေးနိုင်ဖို့အတွက် ပီပြင်သည့်လယ်ယာမြေဥပဒေမရှိသေးဟု စစ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဌေးကြွယ်ကယူဆသည်။ လယ်လုပ်သူသည် တကယ်ပဲလယ်ပိုင်ခွင့်ရှိသလား၊ လယ်လုပ်ပိုင်ခွင့်ပဲရှိ တာလားဆိုသည်က ပီပြင်မှုမရှိသေးဘဲ ကြားအဖြေတစ်ခုဖြစ်သည့် မှတ်ပုံ တင်ခွင့်ပေးသည့် အဆင့်သာရှိသေးသည်ဟု ဦးဌေးကြွယ်ကဆိုသည်။

"အထူးသဖြင့် တကယ်နစ်နာတဲ့သူတွေကို ဖြည့်ဆည်းမှုပေးတဲ့ အပိုင်းတွေ၊ ညှိနှိုင်းမှု ပေးတဲ့အပိုင်းတွေမှာ အစိုးရအဖွဲ့ရဲ့ဖြေရှင်းနိုင်မှု အား နည်းနေပါတယ်"။

နောက်ထပ် ဦးသိန်းစိန်အစိုးရအတွက် ရင်ဆိုင်ဖြေရှင်းရမည့် အကြီးမားဆုံးသောပြဿနာသည် ပြည်တွင်းထိပ်ပိုင်းစီးပွားရေးလုပ်ငန်းရှင် ကြီးများက လက်ဝါးကြီးအုပ်ထားသော စီးပွားရေးပုံစံပင်ဖြစ်သည်ဟု ဦးကျော်လင်းဦးက ဆိုပါသည်။

သမ္မတဦးသိန်းစိန်ကတော့ မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒကို ဈေးကွက်စီးပွားရေးစနစ်ဟု ပြောဆိုခဲ့သော်လည်း လက်တွေ့တွင် ယခင် အစိုးရနှင့်ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းရှင်ကြီးများ၊ နီးစပ်သူများ ကသာ ငွေကြေးကိုအခြေခံ၊ တိုင်းပြည်၏ စီးပွားရေးလုပ်ငန်းလုပ်ကွက်ကြီး များတွင် လက်ဝါးကြီးအုပ်ထားသည်ဟု သူကဆိုသည်။

"အဲဒီလက်ဝါးကြီးအုပ်ထားတာကို ပြန်ပြီးထိန်းချုပ်ဖို့၊ ကန့်သတ် ဖို့က လက်ရှိအစိုး ရမှာအခက်အခဲတွေရှိနေတယ်"ဟု ဦးကျော်လင်းဦးက ယူဆသည်။

ထိုအရေးကိုဖြေရှင်းဖို့ ထွက်ပေါက်တစ်ခုအဖြစ် နိုင်ငံခြားသား

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးမြှုပ်နှံသူများကိုဖိတ်ခေါ်ကာ လွတ်လပ်သောရင်းနှီးမြှုပ်နှံမှု၊ ရောင်းဝယ် ဖောက်ကားမှုနှင့် စားသုံးသူတွေကို လွတ်လပ်စွာရွေးချယ်နိုင်သည့် ဈေးကွက်ပုံစံမျိုးကိုပုံဖော်ဖို့ ဦးသိန်းစိန်အစိုးရ ကြိုးပမ်းခဲ့သည်။ သို့သော် ထိုသို့သောတံခါးကျယ်ကျယ်ဖွင့်သည့် ဦးသိန်းစိန်၏အစိုးရအဖွဲ့ကို အခိုက ဆန့်ကျင်နေသည်က လွှတ်တော်ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်က "ကိုယ့်တိုင်းပြည်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက မတည်ငြိမ်သေးဘူး။ မအောင်မြင်သေးတဲ့အခြေအနေမှာ ဈေးကွက်ကိုတံခါးဖွင့်ပေးလိုက်ရင် နိုင်ငံခြားက လာမယ့်အရင်းအနှီးအလုံးအရင်းတွေကြောင့် ပြည်တွင်း လုပ်ငန်းရှင်တွေကို နစ်နာသွားမှာကို စိုးရိမ်တယ်"ဆိုသည့် သဘောမျိုးပြောလာတော့ ဈေးကွက်ဖော်ဆောင်ရေး လုပ်ငန်းစဉ်တွေအပေါ် အဟန့်အတားအများကြီးဖြစ်စေသည်ဟု ၎င်းကဆိုသည်။

"လက်ဝါးကြီးသာ အုပ်ထားတယ်၊ စားသုံးသူတွေအတွက် ကျေနပ်လောက်တဲ့ဝန်ဆောင်မှုတွေကို မပေးနိုင်ဘူး။ တယ်လီဖုန်း၊ အင်တာနက်နဲ့ တခြားလုပ်ငန်း တွေကအစဆိုတော့ ဈေးကွက်စီးပွားရေးပီပြင်တယ်လို့ကို ပြောလို့မရဘူး"။

ဈေးကွက်စီးပွားရေးဆိုသည်က ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ရမည်၊ လွတ်လပ်စွာယှဉ်ပြိုင်ခွင့်ကို အားပေးရမည်၊ လွတ်လပ်စွာ ယှဉ်ပြိုင်မှုအတွက် လိုအပ်သည့်ပံ့ပိုးမှုတွေကို အစိုးရနှင့်လွှတ်တော်က ပူးပေါင်းလုပ်ဆောင်ရမည့်သဘောရှိသည်။

လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းနယ်ပယ် အဝန်းအဝိုင်းထဲတွင် လုပ်ငန်းရှင်များကိုယ်တိုင်က လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်နေသည်။ အစိုးရအဖွဲ့တွင်လည်းလုပ်ငန်းရှင်ကြီးများကိုယ်တိုင်က ဝန်ကြီးအဆင့်၊ ဒုဝန်ကြီးအဆင့်များဖြစ်နေသည်။ သို့အတွက်လုပ်ငန်းရှင်ကြီးများ၏ လက်ဝါးကြီးအုပ်လိုမှုသည် လွှတ်တော်မှထွက်လာသည့် ဥပဒေများတွင်ရော၊ အစိုးရအဖွဲ့မှထွက်လာသည့်ဥပဒေများ၊ မူဝါဒများအပေါ်တွင်ပါ လွှမ်းမိုးမှုအများဆုံးရှိသည်ဟု ဦးကျော်လင်းဦးက ယူဆသည်။

"နိုင်ငံတကာလုပ်ငန်းရှင်တွေ မလာသရွေ့ကတော့ လုပ်ငန်းရှင်တွေရဲ့ လက်ဝါးကြီးအုပ်မှုကို ပြည်သူလူထုအနေနဲ့၊ စားသုံးသူတွေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ခါးစည်းပြီး ခံနေရဦးမှာပဲ"။

ထို့အပြင် တိုင်းပြည်အတွင်းဝင်ရောက် ရင်းနှီးမြှုပ်နှံဖို့အတွက် နိုင်ငံတကာလုပ်ငန်းရှင်ကြီးများကို ဖိတ်ခေါ်နေသည်ဆိုသော်လည်း တရုတ်လွှမ်းမိုးနေသည့် စီးပွားရေးစာချုပ်များရှိနေသဖြင့် နောက်ထပ်ဆန့်ကျင်ဘက်စီးပွားရေးလုပ်ငန်းများ၏ အခွင့်အလမ်းနည်းပါးမှုကိစ္စသည်လည်း အကြီးဆုံးပြဿနာတစ်ရပ်ဟု စီးပွားရေးပညာရှင် ဦးတင်သန်းဦးက ဆိုသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်ခု(တရုတ်၊ အိန္ဒိယ) အကြားတွင် ရှိနေသည့်အတွက် ကုန်ပစ္စည်းထုတ်ကုန်များကို အဓိကဖြန့်းတီးနိုင်မည့် ရောမဈေးကွက်ကြီးတစ်ခုဖြစ်ကြောင်း နိုင်ငံတကာလုပ်ငန်းရှင်ကြီးများကသိကြပါသည်။ သို့သော် ပြည်တွင်းရေးမတည်ငြိမ်၊ မငြိမ်းချမ်းမှု၊ စာရင်းဇယားမရှိဘဲ ဟိုလူ့ပေးရ၊ ဒီလူ့ပေးရသည့် ကုန်ကျစရိတ်တွေ ပိုများနေခြင်းကသူတို့(နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတို့)အတွက် ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ တွန့်ဆုတ်နေရခြင်းဖြစ်သည်ဟု ဦးတင်သန်းဦးက ယူဆသည်။

"နိုင်ငံတကာမှာမရှိတဲ့ တရားမဝင်ကုန်ကျစရိတ်က မြန်မာပြည်မှာ အကြီးမားဆုံးသောပြဿနာပဲ"။ ထို့ပြင် သမ္မတဦးသိန်းစိန်အတွက် တခြားသောပြဿနာရပ်များကလည်း ဒုန့်ဒေးရှိနှင့်နေသေးသည်ဟု ၎င်းကဆိုသည်။

## သမိုင်းလုအောင် ရေးမည်

သမ္မတဦးသိန်းစိန်ကတော့ သူတာဝန်ထမ်းဆောင်စဉ်အတွင်း တိုင်းပြုပြည်ပြု ဘယ်လောက်စွမ်းဆောင်နိုင်ခဲ့တယ်ဆိုတာကို သမိုင်းတင်ခဲ့မည်ဖြစ်ကြောင်း သူ့ရဲ့သမ္မတသုံးနှစ်ပြည့်သက်တမ်းတွင် ထည့်ပြောခဲ့သည်။ ညင်သာသော ဒီမိုကရေစီအပြောင်းအလဲကို တည်ငြိမ်အေးချမ်းစွာ ဖော်ဆောင်ခဲ့တယ်ဆိုတဲ့ လှပတဲ့သမိုင်းကိုရေးထိုးနိုင်ဖို့ သူ့တွင်ဆန္ဒရှိနေသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့်အပိုင်းသည် မြန်မာနိုင်ငံ၏သမိုင်းတွင် အဓိကဖြေရှင်းရမည့်ကိစ္စဟု စစ မျိုးဆက်ကျောင်းသားဟောင်း ဦးမြေကြွယ်ကပြောသည်။ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိဘဲ တိုင်းပြည်ဖွံ့ဖြိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



တက်ဖို့ဆိုသည်က ဘယ်လိုမှမဖြစ်နိုင်ဟု သူကယူဆသည်။

"ပြည်သူကနေ ရွေးချယ်တဲ့အရပ်သားအစိုးရတက်နိုင်ဖို့၊ ပြည်သူရဲ့ အဆုံးအဖြတ်ကိုခံနိုင်ဖို့၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ ချောမွေ့နိုင်ဖို့ဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဓိကဖြေရှင်းရမှာပါ"ဟု ဦးဗွေးကြွယ်က တိုက်တွန်းသည်။

မည်သို့ဆိုစေ လက်ရှိသမ္မတဦးသိန်းစိန်၏ အစိုးရအဖွဲ့ကြုံတွေ့နေရသောလုပ်ငန်းစဉ်များ၊ ပြဿနာများသည်ကားသူ၏ငါးနှစ်တာသက်တမ်းဖြင့် ဖြေရှင်းနိုင်ရန်မလွယ်ကူပါ။ သို့နှင့် ၂၀၁၅ ခုနှစ်အလွန်တွင် သူပဲအစိုးရဆက်ဖြစ်မလား၊ တခြားတစ်ယောက်ပဲ အစိုးရဖြစ်လာမလားဆိုသည်က ယခုထိဝေဝေဝါးဝါးရှိနေဆဲ။ အကယ်၍သာ သမ္မတဦးသိန်းစိန်က အစိုးရဆက်မဖြစ်ခဲ့လျှင် လက်ရှိသူလုပ်နေသည့် လုပ်ငန်းများကပုံစံပြောင်းသွားနိုင်မလားဆိုသည်က စောင့်ကြည့်ရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်ကိုသာကြည့်လျှင် လက်ရှိအခြေအနေအရ နီးနီးစပ်စပ်ဖြစ်နေပေသော်လည်း ဦးသိန်းစိန်အစိုးရဆက်မဖြစ်တော့ပါက ပြည်တွင်းငြိမ်းချမ်းရေးနောက်ကြောင်း ပြန်ဆုတ်သွားမလားဆိုသည်ကို ဘယ်သူမှ တပ်အပ်ပြောနိုင်မည်မဟုတ်ဟု မြန်မာ့နိုင်ငံရေးလေ့လာသူ ဦးကျော်လင်းဦးက ဆိုသည်။

"ဦးသိန်းစိန်က တိုင်းရင်းသားတွေအပေါ်မှာ ကတိကဝတ်တွေထားခဲ့ပေမယ့် နောက်တက်လာမယ့်အစိုးရက အဲဒီကတိကဝတ်တွေကို ဖျက်သွားလိုက်ရင် ပြည်တွင်းစစ်ကဆက်ဖြစ် တစ်ကျော့ပြန်လာနိုင်တဲ့ အနေအထားမျိုးတွေရှိနေတယ်"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၁၅)*

www.burmeseclassic.com

www.burmeseclassic.com




# သုံးနှစ်သား
# လွှတ်တော်
# ဥပဒေပြု တာဝန်
# ကျေခဲ့ပြီလား

www.burmeseclassic.com

www.burmeseclassic.com

## သုံးနှစ်သားလွှတ်တော် ဥပဒေပြုတာဝန် ကျေခဲ့ပြီလား

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြောင်းပြုပြီး ၂၀၁၀ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့ရာမှ ပြည်သူလူထု၏ ရွေးကောက်ခံကိုယ်စားလှယ် များပေါ်ထွက်လာခဲ့သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင်တော့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ကို ထိုသူတို့ဖြင့် ဖွဲ့စည်းခဲ့သည်။

လွှတ်တော်များသည် တိုင်းပြည်အတွက် ဥပဒေပြုရေးတာဝန်ကို ယူရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဦးဆောင်သော သမ္မတနှင့် ဒုတိယသမ္မတတို့ကို လွှတ်တော်တွင်းအမတ်များက ရွေးချယ်ပေးရသည်။ လွှတ်တော်များအတွင်း ပြည်သူ့ကိုယ်စားလှယ်အမတ်ပေါင်း ၆၀၀ကျော်ရှိနေသည်။ ထိုသူတွေအားလုံး သည် တိုင်းပြည်အတွက် လိုအပ်နေသောဥပဒေများကို ပြဋ္ဌာန်းပေးရသည်။ မလိုအပ်တော့သော ဥပဒေများကို ဖျက်သိမ်းပေးရသည်။ ပြင်ဆင်ဖို့လိုအပ်လျှင် ပြင်ဆင်ရသည်။ သူတို့လုပ်ကိုင်ဆောင်ရွက်ခွင့်ရသောကာလမှာ ငါးနှစ်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ် ဧပြီလ ၃၀ရက်နေ့ဆိုလျှင် သူတို့လွှတ်တော်များသက်တမ်း သုံးနှစ်၊ သုံးလပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သက်တမ်းသုံးနှစ်ကျော်ခဲ့ပြီ ဖြစ်သော သုံးနှစ်သားလွှတ်တော်အနေဖြင့် ဥပဒေပြုတာဝန်များ ကျေပွန်ခဲ့ ပြီးလားဆိုသည်ကို မေးခွန်းထုတ်ကြည့်မည်ဆိုပါက ပြည်ထောင်စု လွှတ်တော်နာယကကြီး သူရဦးရွှေမန်းကိုယ်တိုင်ပင် ယခုလို ဝန်ခံပြောဆိုခဲ့ ပါသည်။

"မိမိတို့သက်တမ်းအတွင်း ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက် ခြင်း၊ ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် တာဝန်ကျေမည်မဟုတ်"။

သူဦးဆောင်သော လွှတ်တော်သက်တမ်းအတွင်း ဥပဒေပေါင်း ၉၈ ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ၅၄ခုမှာ အတည်ပြုရန်အတွက် ဆွေးနွေးဆဲအဆင့် တွင်သာရှိသေးသည်။ ထို့ပြင် တည်ဆဲဥပဒေများ ပြင်ဆင်အတည်ပြုရန် အတွက် အစိုးရအဖွဲ့သို့ပေးပို့ထားသည့် ဥပဒေပေါင်း ၁၃၄ခု၊ ပြည်ထောင် စုတရားလွှတ်တော် ချုပ်သို့ပေးပို့ထားသည့် ဥပဒေက နှစ်ခု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ထားသည့် ဥပဒေကတစ်ခု၊ အကြမ်း အားဖြင့်၊ ဥပဒေပေါင်း ၂၀၀ခန့် ပြင်ဆင်၊ ပြဋ္ဌာန်းအတည်ပြုပေးရဦးမည်ဟု သူရဦးရွှေမန်းကဆိုသည်။

ပြီးခဲ့သည့် ၂၂ရက်က ရန်ကုန်မြို့ အင်းလျားလမ်းရှိ လွှတ်တော် ရုံးခွဲတွင်ပြုလုပ်သော "ဆောင်ရွက်ဆဲဥပဒေများနှင့်၊ ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ရေးဆွဲသင့်သောဥပဒေများဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး"ကို ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း က ယခုလိုပြောကြားခဲ့သည်။

"၂၀၁၅ ခုနှစ်၊ နိဝင်ဘာလမတိုင်မီ ဆောင်ရွက်နိုင်မှသာ အဆင်ပြေမယ်။ ဒီကာလအတွင်း ဥပဒေပေါင်း ၂၀၀ခန့်အတည်ပြုပေးရန်မှာ များပြားတဲ့ကိစ္စပဲ"။ မည်သို့ဆိုစေကျန်ရှိနေသေးသော လွှတ်တော်သက်တမ်း တစ်နှစ်ခွဲကျော်ကာလ အတွင်း အပြီးဆောင်ရွက်နိုင်ရန် သူရဦးရွှေမန်းတွင် ဆန္ဒရှိနေသည်။

သူတို့ပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့သော ဥပဒေပေါင်း ၉၈ခုတွင် အခွန်ဆိုင်ရာဥပဒေ ၉ခု၊ ကျန်းမာရေးနှင့် အခြေခံဥပဒေ/ ရွေးကောက်ပွဲ ဆိုင်ရာဥပဒေက ရှစ်ခုစီ၊ ပို့ဆောင်ရေး၊ ဘတ်ဂျက်/ရသုံး၊ အလုပ်သမားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေက ခြောက်ခုစီ၊ ကုန်သွယ်ရေး၊ ငွေရေးကြေးရေး၊ ဘဏ်နှင့်လွှတ်တော်ဆိုင် ရာဥပဒေက ငါးခုစီ၊ တရားစီရင်ရေးဆိုင်ရာဥပဒေက လေးခု၊ စီမံကိန်း၊ မြေယာနှင့်ရင်းနှီးမြှုပ်နှံ မှုဆိုင်ရာဥပဒေက သုံးခုစီပါဝင်သည်။ ထို့ပြင် စက်မှု၊ တပ်မတော်၊ ပတ်ဝန်းကျင်၊ သတင်းမီဒီယာ/ပြန်ကြားရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကလည်း နှစ်ခုစီပြဋ္ဌာန်းထားသည်။ စာရင်းစစ်၊ တောင်သူလယ်သမား၊ နိုင်ငံခြားရေး၊ ပညာရေး၊ လူဦးရေ သန်းခေါင်စာရင်း၊ လူ့အခွင့်အရေးနှင့် ဝန်ထမ်းရေးဆိုင်ရာဥပဒေကလည်း တစ်ခုစီပါဝင်သည်။

ယင်းသို့ ပြဋ္ဌာန်းခဲ့ပြီးသောဥပဒေများကိုကြည့်ပါက ကဏ္ဍအား ဖြင့် စုံစုံလင်လင်ရှိသော်လည်း တကယ့်လက်တွေ့မှာ ပြည်သူကိုအကျိုးပြု သလား၊ မပြုဘူးလားဆိုသည်မှာစဉ်းစားစရာဖြစ်လာသည်။ ပြည်သူ့လွှတ် တော်ဥပဒေကော်မရှင်အဖွဲ့ဝင် ဦးသန်းမောင်ကတော့ တိုင်းပြည်တိုးတက်သည်၊ မတိုးတက်သည်ဆိုရာတွင် ဥပဒေတစ်ခုပြုရုံဖြင့် တိုင်းတာလို့မရနိုင်ဟု ဆိုပါသည်။

"ဥပဒေကို လက်တွေ့ကျင့်သုံးတာနဲ့ဆိုင်ပါတယ်"ဟု ဦးသန်း မောင်က ရန်ကုန်တိုင်းမ်သို့ ပြောပါသည်။

## ဥပဒေတွေ ဘယ်သူ့အတွက်လဲ

ထိုမေးခွန်းကိုမေးမြန်းရာတွင် ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)က "ဥပဒေဆိုတာ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ဖို့ အဓိကပြဋ္ဌာန်းတာ။ လူတစ်စုရဲ့အကျိုး၊ အာဏာရှင်အဖွဲ့ရဲ့အကျိုးကို ကာကွယ်ဖို့ပြဋ္ဌာန်းတာ ဥပဒေမဟုတ်ဘူး"ဟုဖြေပါသည်။ အငြိမ်းစားတရားရေးဝန်ထမ်း၊ တရား လွှတ်တော်ရှေ့နေ ဦးအေးကျော်ကလည်း ဥပဒေသည် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်လို့၊ မပြဋ္ဌာန်းဘဲမဖြစ်လို့သာ ပြဋ္ဌာန်းရသည်ဟု ဆိုသည်။

ကိုယ်တိုင်က အစိုးရရှေ့နေချုပ်ရုံး၊ ဥပဒေရေးဆွဲဌာနတွင် အမှု ထမ်းခဲ့ဖူးသော Kelvin Chia Yangon Ltd. မှ ပြည်သူ့လွှတ်တော်ဥပဒေကော်မရှင် အဖွဲ့ဝင် ဦးသန်းမောင်က ယခုလိုပဲပြောသည်။

"ဥပဒေတစ်ခုဟာ ပြည်သူလူထုအတွက် တကယ်လိုအပ်သလား။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသလား။ ဝန်ထုပ်ဝန်ပိုး ဖြစ်စေသောဥပဒေသည် တကယ်ဖြစ်သင့်သော ဝန်ထုပ်ဝန်ပိုးလား၊ မဖြစ်သင့်သော ဝန်ထုပ်ဝန်ပိုးလားဆိုတာကို စဉ်စားရတယ်"။

ဥပဒေသည် အပြစ်မဲ့သူကို အကာအကွယ်ပေးသည်။ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးသည်။ ဥပဒေသည်မျှတရသည်။ ဥပဒေသည် ပြည်သူအတွက်အကျိုးဖြစ်ရမည်။ ထို့ကြောင့် "ပြည်သူတွေကိုဒုက္ခပေးမယ့် ဥပဒေမျိုးဆိုရင် ဘယ်သူမှလက်ခံမှာမဟုတ်ဘူး"ဟု ရှေ့နေဦးခင်ဇော်ကဆိုသည်။

အထူးသဖြင့် ပွင့်လင်းလာသည်နှင့်အမျှ ပြည်သူတို့၏ဆန္ဒများသည်လည်း လမ်းပေါ်သို့ပျံ့လွင့်လာကြသည်။ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်တိုင်း အငြင်းပွားမှုတွေဖြစ်စေခဲ့သည်။ မီဒီယာ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်/စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့၊ အလုပ်သမား၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ရေး၊ တောင်သူလယ်သမား အကျိုးစီးပွား၊ လယ်ယာမြေနှင့် မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေးစသဖြင့် သက်ဆိုင်ရာကအလိုက် ဥပဒေများတရားဝင် ပြဋ္ဌာန်းခဲ့သော်လည်း သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ကာယကံရှင်များက အလိုမရှိကြပါ။

အလုပ်သမားအဖွဲ့ ဖွဲ့စည်းခွင့်ဥပဒေမှာဆိုရင် အဖွဲ့ဖွဲ့စည်းခွင့်ကို ပေးထားသော်လည်း အလုပ်သမားတွေရဲ့စည်းရုံးခွင့်ကို အာမခံချက်မပေးထားသည့်အတွက် ထိုဥပဒေပြဋ္ဌာန်းလိုက်ကာမှ အလုပ်သမားများ ပိုမိုအလုပ်ပြုတ်ကုန်ကြသည်ဟု ဥပဒေအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ အထက်တန်းရှေ့နေဦးဖိုးဖြူကပြောပါသည်။

၂၀၁၂ လယ်ယာမြေဥပဒေတွင်လည်း တောင်သူလယ်သမားများအတွက် ရှေ့နေငှားရမ်းခွင့်ပေးမထားဘဲ မြေယာမှုခင်းဖြစ်ပြီဆိုရင် တောင်သူလယ်သမားများအနေဖြင့် မြေယာပိုင်ဆိုင်ခွင့်မရတော့ဘဲ အရှုံးဖြင့်သာ ကြုံတွေ့နေရသည်။ ထိုထက်ဆိုးသည်က တစ်ဖက်သတ်ပြဋ္ဌာန်းထားသော မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှုဥပဒေပင်ဖြစ်သည်။ ဓရိုနီနှင့် အာဏာပိုင်များ ရယူထားသည့်မြေကို မြေလွတ်မြေရိုင်းခေါင်းစဉ်ဖြင့် မှတ်ပုံတင်ရအောင် လုပ်ထားပေးသည့်ဥပဒေဟု ဦးဖိုးဖြူက ယူဆသည်။

"ဥပဒေတစ်ခုပြဋ္ဌာန်းပြီးတိုင်း ပြဿနာတွေကြုံတွေ့နေရတယ်။ အခု အစိုးရပြဋ္ဌာန်းလိုက်တဲ့ဥပဒေတွေထဲမှာ ပြဿနာဖြေရှင်းရေးဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



မျှတတဲ့ ပြဋ္ဌာန်းချက်တွေမပါဝင်ဘူး။ အရင်တုန်းက အာဏာပိုင်တွေရဲ့ ဥပဒေမျိုးဖောက်မှုအားလုံးကို တရားဝင်အောင်၊ ပြည်သူတွေအတွက်တော့ တရားမဝင်အောင် လုပ်နေတဲ့အစီပွာယ်ပဲ"။

ဆိုတော့ ပြည်ထောင်စုလွှတ်တော်အနေဖြင့် နောက်ထပ်ဥပဒေ ၂၀၀ ပြဋ္ဌာန်းဖို့အရေးထက် "ပြဋ္ဌာန်းပြီးသား ဇစခုထဲမှာကို ပြည်သူတွေ အတွက် မပြေလည်နိုင်ဘူး။ အငြင်းပွားမှုတွေက အတောမသတ်နိုင်ဘူး" ဟု ဦးဖိုးဖြူက ဆိုသည်။

မီဒီယာဟုဆိုရာတွင် ဝတ္ထု၊ ကဗျာ၊ ကာတွန်းဆရာများကအစ ပါဝင်ပြီး စိတ်ကူးစိတ်သန်းအပေါ်မှာ အခြေခံပြီးရေးသားသည့်သူများဖြစ်တဲ့ အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ထိန်းချုပ်သည်က သိပ်အဓိပ္ပာယ်မရှိလှဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။ "လူတစ်ယောက်ကို ကြောက် နေတာကို မကြောက်ရဘူးလို့ ဥပဒေပြဋ္ဌာန်းလို့မရဘူး။ လူ့ရဲ့စိတ်ခံစားမှုကို ဥပဒေထုတ် ပြန်ပြဋ္ဌာန်းတာ မသင့်တော်ဘူး"ဟု ဆိုပါသည်။

ဥပဒေရေးရာများကို သင်တန်းပို့ချလျက်ရှိသော တရားလွှတ်တော် ရှေ့နေ ဦးအေးကျော်ကတော့ ပြည်သူများမလိုက်နာနိုင်သည့် ဥပဒေများကို ရေးဆွဲရန်မသင့်သလို မလိုအပ်သေးသောဥပဒေများကိုလည်း ဦးစားပေးမပြ ဋ္ဌာန်းသင့်ဟု အကြံပြုသည်။

ဥပမာ- ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုဥပဒေပြဋ္ဌာန်းခဲ့ပေမယ့် ပြဋ္ဌာန်းပြီးတစ်နှစ်ကြာမှ အာဏာတည်တယ်။ ကျင့်သုံးတော့လည်း သိပ် ပြီး ထိရောက်မှုမရှိဘူး။ ၁၈ နှစ်အောက် ကလေးကို ဆေးလိပ်မရောင်းရဘူး ဆိုပြီး ရောင်းနေတာပဲ။ ဘယ်သူမှ အရေးယူမယ့်သူမရှိဘူး။

"ဒီဥပဒေမျိုးကျတော့ မပြဋ္ဌာန်းရင်လဲ သိပ်ပြဿနာမရှိဘူး။ ဥပဒေ ပြဋ္ဌာန်းပြီး လိုက်နာကျင့်သုံးမှုမရှိရင် မပြဋ္ဌာန်းတာကမှကောင်းသေးတယ်။ အရေးယူချင်ရင် လေထုညစ်ညမ်းတဲ့ဥပဒေနဲ့ အရေးယူလို့ရတာပဲ"ဟု ဦးအေးကျော်က ဆိုသည်။

ကိုယ်တိုင်က ပြည်သူ့လွှတ်တော်ဥပဒေကော်မရှင်အဖွဲ့ဝင်ဖြစ်နေ သော Kelvin Chia Yangon Ltd. မှ ရှေ့နေဦးသန်းမောင်က ဥပဒေတစ်ခုတွင် ပါဝင်သော အကြောင်းအရာအားလုံး၊ ပုဒ်မတိုင်းနီးပါးကိုပြဋ္ဌာန်းလိုက်သည့် ပုဂ္ဂိုလ်များအားလုံးက သဘောတူကြမှာမဟုတ်ဟု ယူဆသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်ပြီဆိုသည်နှင့် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လိုက်နာဖို့အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ၎င်းကဆိုသည်။

တစ်ချိန်တည်းတွင်လည်း "ကန့်ကွက်ပိုင်ခွင့်၊ ဝေဖန်ပိုင်ခွင့်တော့ ရှိတယ်။ အပြုသဘောနဲ့အချက်အလက်ကျကျတင်ပြရင် လွှတ်တော်ကလဲ ပြန်စဉ်းစားရတယ်။ တချို့ကိုယ့်အကျိုးစီးပွားအတွက်ပြောတာကိုတော့ လက်မခံဘူး"ဟု ဦးသန်းမောင်က ပြောသည်။

## အကောင်းအဆိုး ဒွန်တွဲ

လက်ရှိလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများကို ကြည့်လျှင် အကောင်းနှင့် အဆိုးဒွန်တွဲနေသည်ဟု ရှေ့နေဦးဖိုးဖြူက သုံးသပ်သည်။ လယ်ယာမြေဥပဒေကြောင့် အငြင်းမပွားသောမြေယာများ အားလုံးနီးပါး မှတ်ပုံတင်ခွင့်ရကြသည်။ တစ်ဖက်တွင် အငြင်းပွားနေသည့် မြေယာများ အတွက် ဖြေရှင်းဖို့တရားမျှတသောဥပဒေမူဝါဒများပါမလာခဲ့။ ထို့ကြောင့် တောင်သူများအားလုံး တန်းတူညီတူ ကောင်းသောရလဒ်ကို မခံစားခဲ့ရ။

နောက်လွှတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်တွေရလာသည် သို့သော် တစ်ဖက်က ခွင့်ပြုမိန့်ဖြင့်အကန့်အသတ်လုပ်ထားသည်၊ စသဖြင့် ထုတ်ပြန် အတည်ပြုခဲ့သမျှ လက်လှမ်းမီသလောက် ဥပဒေများတွင် အကောင်းအဆိုး ဒွန်တွဲနေသည်။

"မကောင်းတဲ့အချက်တွေကြောင့် ကောင်းတဲ့အချက်တွေပါ ယှိုယွင်းသွားတယ်"ဟု ဦးဖိုးဖြူက ဆိုသည်။

ဥပဒေပါဆိုးသောအချက်များသည် မျှတသည့်လုပ်ထုံးလုပ်နည်းနှင့် သင့်တင့်လျောက်ပတ်သော ကျင့်စဉ်များပါဝင်အောင် မပြဋ္ဌာန်းနိုင်ခြင်း ကြောင့် ကောင်းသောရည်ရွယ်ချက်၊ ကောင်းသောအနှစ်သာရများက ပြည်သူတွေထံမရောက်ရှိလာရခြင်းဖြစ်သည်ဟု ၎င်းကသုံးသပ်သည်။ နောက်ထပ်ဥပဒေများ၏ အားနည်းချက်ကတော့ ကောင်းသောအချက်များ ပါဝင်နေသည်ဆိုသော်ငြား ဥပဒေအနှစ်သာရပိုင်းတွင် အုပ်ချုပ်ရေးကဏ္ဍဖြစ်သည့် စီမံခန့်ခွဲရေးကို လုပ်ပိုင်ခွင့်များပေးလွန်းနေခြင်းဖြစ်သည်ဟု ဦးဖိုးဖြူက

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပြသည်။

သို့သော် စီမံခန့်ခွဲရေးအပိုင်းကို တရားစီရင်ရေးနည်းဖြင့် ပြန်လည်ထိန်းကျောင်းဖို့ အခွင့်အလမ်းကျတော့ ပိတ်ပင်ထားပြန်သည်။ နိုင်ငံတကာ ဒီမိုကရေစီကျင့်စဉ်များတွင်တော့ အုပ်ချုပ်ရေးကဏ္ဍဖြစ်သည့် စီမံခန့်ခွဲရေးကို လွတ်လပ်စွာလုပ်ပိုင်ခွင့်များပေးထားသည်။ သို့သော်ပြဋ္ဌာန်းထားသောဥပဒေအနှစ်သာရနှင့်ကွဲလွဲလာပြီ၊ သွေဖည်လာပြီဆိုလျှင် တရားရုံးတော်ရှေ့မှောက်တွင် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့်ပြုထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုပြီး "အာဏာခွဲဝေခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းဆိုတဲ့ အလုပ်ကို လုပ်ခွင့်မရအောင် လွှတ်တော်ကိုယ်တိုင်က ဥပဒေတွေပြဋ္ဌာန်းနေတယ်"ဟု ဦးဖိုးဖြူက နှိုင်းယှဉ်သုံးသပ်သည်။

ဥပဒေသည် နည်းဥပဒေထက်မြင့်သည်။ ဥပဒေကချမှတ်ထားသည့်မူဘောင်ကို နည်းဥပဒေက မကျော်လွန်ရ။ ဥပဒေနှင့်နည်းဥပဒေအကြား ပဋိပက္ခဖြစ်ရင်၊ အသွားအလာမတူလျှင် ဥပဒေကိုဦးစားပေးရသည်ဟု ပြည်သူ့လွှတ်တော်ဥပဒေကော်မရှင်အဖွဲ့ဝင် ဦးသန်းမောင်က ဆိုသည်။

"လွှတ်တော်က နည်းဥပဒေကိုစောင့်ကြည့်နေရတယ်။ လိုအပ်ရင် လွှတ်တော်ကဝင်ရောက်စွက်ဖက်ပြီး ပြင်ဆင်ခိုင်းလို့ရတယ်။ (စီမံခန့်ခွဲရေးက)အမိန့်ကြော်ငြာစာတွေဟာဥပဒေကိုကျော်လွန်နေရင်၊ ပြည်သူ့အတွက် အကျိုးမရှိရင် လွှတ်တော်ကပြင်ဆင်ခိုင်းနိုင်တယ်"ဟု ဦးသန်းမောင်က ယူဆသည်။ စာအရတော့ ထိုသို့လုပ်လို့ရသည်။ လက်တွေ့တွင်တော့ ဖြစ်ချင်မှဖြစ်နိုင်မည်ဟု သူကထပ်ပြောသည်။

## ခဏခဏ ပြင်နေရ

ဦးသန်းမောင်အတွက်တော့ ပြီးပြည့်စုံသောဥပဒေရယ်လို့မရှိဟု လက်ခံထားသည်။ ရန်ကုန်တိုင်းမ်မှမေးမြန်းခဲ့သော တခြားပုဂ္ဂိုလ်များက လည်း ထိုသို့အယူရှိပါသည်။

"ဥပဒေဆိုတာ လူကလုပ်တာပါ။ အမှားအမှန်တွေရှိမှာပဲ။ စေတနာနဲ့မှားတာလဲရှိမယ်။ အသိပညာ၊ အတတ်ပညာလိုလို့၊ တင်ပြချက်မှားလို့ဆိုတာရှိတယ်။ လုပ်ရင်းကိုင်ရင်းနဲ့မှမှားတာတွေ၊ လိုအပ်တာတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်”ဟု ဦးသန်းမောင်ကဆိုသည်။ ဥပဒေဆိုသည်က အမြဲတမ်းပြန်လည်သုံးသပ်နေဖို့လိုသည်။

“ဥပဒေကို ပြဌာန်းဖို့လဲမကြောက်နဲ့၊ ပြင်ဖို့လဲမကြောက်နဲ့၊ လိုအပ်ရင်တော့လုပ်ရမှာပဲ၊ ဒီနေ့ပြဌာန်းပြီး မနက်ဖြန်လဲ ပြင်ချင်ပြင်ရမှာပဲ။ လူဆိုတာမှားတယ်၊ လွှတ်တော်ဆိုတာမှားတယ်။ ဘယ်နိုင်ငံမှာမဆို ဥပဒေဆိုတာပြင်ရတာပဲ။ ပြင်ဆင်ရသည့်အချိန်အပိုင်းအခြားသာ ကွာတယ်”ဟု ၎င်းကဆိုသည်။

ပြီးပြည့်စုံသောဥပဒေရယ်လို့မရှိသည်ကို သူကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့်အမှတ်တရတစ်ခုကို ဦးသန်းမောင်က ယခုလိုဥပမာပေးသည်။

ဥပမာ–အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေပေါ့။ အလုပ်သမားဝန်ကြီးဌာနကရေးဆွဲပြီး ပြည်သူ့လွှတ်တော်ကို ဒုဝန်ကြီးနဲ့ညွှန်ချုပ်ကိုယ်တိုင်လာတင်တယ်။ အိုင်အယ်လ်အိုစံနှုန်းတွေနဲ့ရေးထားတာ၊ အိုင်အယ်လ်အိုကတောင် စံပြဥပဒေကြမ်းဖြစ်ပါတယ်လို့ ချီးကျူးထားတာ၊ သမ္မတအကြံပေးတွေကလည်း အရမ်းကိုသင့်တင့်ကောင်းမွန်တဲ့ဥပဒေတစ်ခုဖြစ်ပါတယ်။ အခြေခံဥပဒေခုံရုံးကလည်းကောင်းပါတယ်လို့ ထောက်ခံထားတယ်ဆိုပြီး ခင်ဗျားတို့လွှတ်တော်က ဘာမှပြင်စရာတောင် မလိုဘူးလို့ပြောပြီးတင်တာ။ ကြည့်ပါရစေဆိုပြီး ကြည့်လိုက်တော့မှ ဟာကွက်တွေ၊ ယိုကွက်တွေမြောက်မြားစွာတွေ့တယ်။ ထောက်ပြရင်း၊ ထောက်ပြရင်းနဲ့ ဒုဝန်ကြီးရော၊ ညွှန်ချုပ်ရော ချွေးတွေပါပြန်သွားတယ်။

ဒါက ဒီမှာတင်မပြီးသေးဘူး။ ဥပဒေဖြစ်လာတော့ အငြင်းပွားမှုဖြေရှင်းရေးခုံရုံးမှာ သမာဓိကောင်စီဝင်အဖြစ်အရွေးခံရတော့ ဒီဥပဒေကို ကိုယ်တိုင် ကျင့်သုံးရတယ်။

ဒီလောက်သေချာကြည့်ထားတဲ့ဥပဒေက လက်တွေ့ကျင့်သုံးတဲ့အခါမှာ ဟာကွက်တွေ၊ ယိုကွက်တွေ မြောက်မြားစွာထပ်တွေ့ရတယ်။ အဆိုးဆုံးကတော့ ခုံသမာဓိကောင်စီရဲ့ဆုံးဖြတ်ချက်ကို မလိုက်နာရင် အရေးယူရမယ့် ပုဒ်မမပါတာပဲ။ အခုပြန်ပြင်ဖို့ လုပ်ထားတယ်။

“ပြောချင်တာ သူမမြင်တာကို ကိုယ်မြင်တယ်၊ ကိုယ်မမြင်တာကိုသူမြင်တယ်။ ဘာမှပြင်စရာမလိုဘူးလို့တော့ လာမပြောနဲ့။ ဥပဒေက ရှေ့ကွင်းလို့ဆိုကြပေမယ့် တကယ့်တကယ်ကျတော့ ဥပဒေဆိုတာ လူလုပ်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ဟာကွက်တွေ၊ ချို့ယွင်းချက်တွေရှိနေမှာပဲ”ဟု ဦးသန်းမောင်ကဆိုသည်။

ဥပဒေတိုင်းသည် ပြီးပြည့်စုံမှုမရှိ၊ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ပေးရမည်ကိုလက်ခံသော်လည်း ဥပဒေတစ်ခု ပြဋ္ဌာန်းတော့မည်ဆိုလျှင် တကယ့်အောက်ခြေမှ ပကတိအခြေအနေများကို ကွင်းဆင်း၊ သုတေသနပြု၊ နိုင်ငံတကာအတွေ့အကြုံများကိုလေ့လာပြီးမှ အချိန်ယူရေးဆွဲသင့်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်၊ ပြည်သူ့လွှတ်တော် ဥပဒေကော်မရှင်အဖွဲ့ဝင်လည်းဖြစ်သူ ဒေါ်နန်းဝါနုက ယူဆသည်။

၁၈၆၁ ခုနှစ် မေလ ၁ ရက်ကပြဋ္ဌာန်းခဲ့သော နှစ်ပေါင်း ၁၅၃ နှစ်ရှိပြီဖြစ်သည့် ရာဇသတ်ကြီးဥပဒေဆိုရင် ပြီးပြည့်စုံလွန်းလို့ ယခုလွှတ်တော်တွင်မှ အချက်သုံးချက်မျှသာ ပြင်စရာရှိခဲ့သည်ဟု အငြိမ်းစားတရားရေးဝန်ထမ်း၊ တရားလွှတ်တော်ရှေ့နေဦးအေးကျော်က ထောက်ပြပါသည်။

“ပုဒ်မ ၂၈၅မီးပေါ့ဆမှုနဲ့ ၂၈၆ ပေါက်ကွဲစေတဲ့အရာ ပေါ့ဆမှုပဲပြင်တယ်။ နောက်ကိုယ်ဝန်ပျက်စေမှုမှာ ထပ်ဖြည့်တာလေးနည်းနည်းရှိတယ်။ ဖတ်ကြည့်တော့ ဥပဒေက အင်မတန်ကောင်းတာ”။

အခုဖြစ်နေတာက ရပ်ကွက်အုပ်ချုပ်ရေးမှူးဥပဒေဆိုလျှင် ပြဋ္ဌာန်းပြီး နှစ်လခန့်အကြာမှာ နောက်ထပ်ရပ် ကွက်အုပ်ချုပ်ရေးမှူးဥပဒေကို ပြင်ဆင်သည့်ဥပဒေဆိုပြီး ထွက်လာသည်ဟု ဦးအေးကျော်ကဆိုသည်။
“သေချာစဉ်းစားပြီး၊ ညှိနှိုင်းပြီးမှရေးဖို့ကောင်းတယ်။ ဥပဒေတစ်ခုအတွက် အနာဂတ်ကိုပြင် ဆင်ထားတာမရှိဘဲ အမြန်နည်းနဲ့ စက်ရုံကထုတ်သလို ဥပဒေတွေကို ထုတ်လိုက်ရင် ဥပဒေတွေဟာ ခဏခဏပြင်နေရမှာပဲ”ဟု ၎င်းက ဝေဖန်သည်။

## ပြည်သူ့အကျိုးပြုဥပဒေ

လွှတ်တော်သက်တမ်းငါးနှစ်အတွင်း နိုင်ငံတော်နှင့်၊ နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများပေါ်ထွက်လာရေးသည် တိုင်းပြည်၏ ဥပဒေပြုရေးမဏ္ဍိုင်ကို ဦးဆောင်သော သူ့ရဦးရွှေမန်း၏ မျှော်လင့်ချက်ဖြစ်သည်။

ဆိုတော့ ဥပဒေတစ်ခုကို လွယ်လွယ်ကူကူပြဋ္ဌာန်းရန်မှာ မသင့်လျော်၊ ပြဋ္ဌာန်းမည်ဆိုလည်း အခြေခံကျကျလေ့လာဖို့လိုအပ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေဦးခင်ဇော် (မရမ်းကုန်း)က အကြံပြုသည်။

"ပြီးပြီးရော မပြဋ္ဌာန်းသင့်ဘူး။ ပြင်လို့မဆုံးတဲ့ဥပဒေတွေမဖြစ်သင့်ဘူး။ ဥပဒေဟာပြဋ္ဌာန်းတိုင်းလဲမကောင်းဘူး။ ပယ်ဖျက်တိုင်းလဲ မကောင်းဘူး။ လိုရင်လိုသလို၊ မလိုရင်မလိုသလိုပြင်ရင် ဥပဒေနဲ့မတူတော့ဘူး"ဟု ၎င်းက ဆိုသည်။

ပြည်သူလူထု၏လိုအပ်ချက်၊ ပြည်သူလူထု၏ဘဝ၊ ပြည်သူလူထု၏ စားဝတ်နေရေးဆိုသည်များကို ပြည့်စုံနိုင်ဖို့ ဥပဒေကပံ့ပိုးပေးနိုင်ရမည်၊ ပြည်သူလူထု နေ့စဉ်ကြုံတွေ့နေရသည့်လူမှုပြဿနာများကို ဥပဒေက ဖြေရှင်းပေးနိုင်ဖို့လိုသည်ဟု ၎င်းကယူဆသည်။

"ပြဋ္ဌာန်းလိုက်တဲ့ဥပဒေတိုင်းဟာ ပြည်သူနဲ့အံဝင်ဖို့ အရေးအကြီးဆုံးပဲ။ ဥပဒေထက် မြက်ဖို့လိုတယ်၊ ထက်မြက်မှပြည်သူတွေဘဝလုံခြုံမယ်။ မထက်မြတ်တော့ မင်းမဲ့စရိုက်၊အုပ်စုဖွဲ့၊အနိုင်ကျင့်တာတွေပေါ်လာတယ်။ ဥပဒေက တိကျပြတ်သားရင် ဘယ်သူမှမလုပ်ရဲဘူး"။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုကတော့ လွှတ်တော်အတွင်းဥပဒေများအတည်ပြုပြဋ္ဌာန်းဖို့ ဆွေးနွေးရာတွင် မဲစနစ်ဖြင့်ဆုံးဖြတ်ခြင်းသည် ပြည်သူ့အကျိုးပြုဥပဒေဖြစ်ရေးအတွက် အခက်အခဲတစ်ရပ်ဖြစ်နေသည်။ ငြိမ်းချမ်းစွာစုဝေးခွင့်ဥပဒေဆိုရင် ခွင့်ပြုချက်တောင်းရေး၊ မတောင်းရေး၊ အယူခံဝင်ရေး၊ မဝင်ရေးစသဖြင့် အမျိုးမျိုးငြင်းခုံခဲ့ရသည်ဟု ဒေါ်နန်းဝါနုက ပြန်ပြောပြသည်။

"ကိုယ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေမဲစနစ်အရ ဥပဒေကအတည်ဖြစ်လာတယ်။ ကိုယ်မကြိုက်ပေမယ့် ထောက်ခံတဲ့သူများနေတော့ဥပဒေဖြစ်လာတာ။ ဥပဒေတစ်ခုအတွက် မဲပေးတဲ့နေရာမှာ ပြဿနာရှိတယ်"ဟု သူမက ဆိုသည်။

ယင်းသို့မဲပေးရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအပေါ် တစ်စုံတစ်ခု၏ လွှမ်းမိုးမှုများရှိတတ်ပြီး လွှတ်တော်တွင်း ပါတီကြီးတစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်များက သုံးပုံနှစ်ပုံခန့်ရှိနေသည်ကိုကြည့်ရင် မြင်သာနိုင်မည်ဟု သူမကထောက်ပြသည်။

လက်ရှိမြန်မာနိုင်ငံတွင် ဥပဒေတစ်ခုဖြစ်လာဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုက်ရိုက်ကိုယ်စားပြုမှုစနစ်ဖြင့်သွားသည်။ထိုတွင်

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ပြဿနာသည် ၂၀၁၀ရွေးကောက်ပွဲမှ တက်လာသောလွှတ်တော်တွင်းမှ ကိုယ်စားလှယ်အများစုသည် တကယ့်ပြည်သူ့ကိုယ်စားလှယ် အစစ်များမဟုတ်ခြင်းပင်ဖြစ်သည်ဟု ရှေ့နေဦးဖိုးဖြူက ဝေဖန်သည်။

“သူတို့ဟာ နိုင်ငံရေးသမားတွေလဲမဟုတ်။ ပြည်သူ့ရေးရာ၊ ပြည်သူ့ဘဝတွေထဲမှာ အစဉ်တစိုက်ပါဝင်ခဲ့တဲ့သူတွေမဟုတ်ကြတော့ ပြည်သူ့ပြဿနာတွေကို တိုက်ရိုက်ဖြေရှင်းဖို့အတွက် ဥပဒေတွေရေးဆွဲပြဋ္ဌာန်းနိုင်တဲ့ အခြေအနေအထိ ရောက်မသွားဘူး”ဟု ၎င်းကဆိုသည်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လွှတ်တော်အတွင်းသို့ ရောက်ရှိသွားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များကလည်း လွှတ်တော်တွင်း အင်းအင်းဖြင့်ယှဉ်လျှင် ညည်းသည်အဆင့်မျှသာရှိနေပြီး ပြည်သူကိုယ်စားပြုသည့်ဥပဒေပြုမှုအဆင့်တစ်ရပ်ကို ရောက်မလာဟု သူကသုံးသပ်သည်။

လက်ရှိပြဋ္ဌာန်းလိုက်သောဥပဒေအများစုသည် အငြင်းပွားပြဿနာရပ်များဖြေရှင်းရာတွင် ယခင်စစ်အစိုးရ၏ လုပ်ဆောင်ချက်များ၊ ပြဿနာရပ်များကိုပြေလည်အောင်ဖြေရှင်းရန်မဟုတ်ဘဲ အဆိုပါလုပ်ဆောင်ချက်များကို တရားဝင်ရန်အလို့ငှာ ဥပဒေပြဋ္ဌာန်းသည့်အဆင့်သာဖြစ်သည်ဟု ဦးဖိုးဖြူကဆိုသည်။

ဥပမာဆိုပါစို့။ မြေအငြင်းပွားမှုတွေကိုဖြေရှင်းဖို့ စုံစမ်းရေးကော်မရှင်ဖွဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေပဲပါတယ်။ အရပ်ဘက်ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေမပါဘူး။ ဒီကိစ္စရပ်တွေကို နားလည်တဲ့သူတွေ၊ လိုက်ပါဆောင်ရွက်နေတဲ့သူတွေမပါဘူး။ ပရော်ဖက်ရှင်နယ်မကျဘူး။ နိုင်ငံရေးစကားတွေ၊ အယူအဆစကားတွေ၊ အတွေးအခေါ်စကားတွေကိုပဲ ပြောနေကြတယ်။ ဥပဒေနည်းကျကျ ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို ရောက်အောင်ချပြတာမျိုးမရှိသေးဘူး။ ဒါကြောင့် အခုချိန်အထိမဖြေရှင်းနိုင်တာ။

## ဥပဒေများအသက်မဝင်ခြင်းနှင့် လုပ်ထုံးလုပ်နည်းချို့ယွင်းမှု

ပိုဆိုးသည်က ပြည်ထောင်စုလွှတ်တော်က ဥပဒေများပြဋ္ဌာန်းအတည်ပြုပြီးဖြစ်ပါလျက် နည်းဥပဒေမထုတ်ပြန်နိုင်သေးသဖြင့် ဥပဒေများ အသက်မဝင်ခြင်းဖြစ်သည်ဟု Kelvin Chia Yangon Ltd. မှရှေ့နေ

www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမောင်က ထောက်ပြသည်။

"နည်းဥပဒေနဲ့မှအသက်ဝင်မယ့် ဥပဒေမျိုးဆိုရင် နည်းဥပဒေမထွက်လို့ မော်တော်ကားကြီးဝယ်ပြီး ဆီမထည့်ရသေးသလိုဖြစ်နေတယ်။ ဒါကလဲ လွှတ်တော်မှာခေါင်းခဲနေကြတယ်။ အီးရော၊ အီးရောနဲ့ နည်းဥပဒေကိုနှစ်နှစ်လောက်ကြာသွားတဲ့ဥပဒေတွေလဲရှိတယ်"ဟု ဦးသန်းမောင်က ဆိုသည်။

အစိုးရအဖွဲ့ဝန်ကြီးဌာနများက နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ခဲ့သော်ငြား မူရင်းလွှတ်တော်မှပြဋ္ဌာန်းလိုက်သော ဥပဒေအနှစ်သာရနှင့် ကွဲလွဲမှုများကို တိုက်ဆိုင်မစစ်ဆေးနိုင်ခြင်းသည်လည်း သူရဦးရွှေမန်းဦးဆောင်သော သုံးနှစ်သားလွှတ်တော်၏ အားနည်းချက်တစ်ခုဖြစ်သည်ဟု ရှေ့နေဦးဖိုးဖြူကဆိုသည်။

ဥပမာ–မြေယာဥပဒေမှာဆိုရင် ဥပဒေအရ တောင်သူတွေအတွက် ရောင်း၊ ပေါင်၊ချေး၊ ငှားဆိုတဲ့ အခွင့်အရေးတွေပေးထားပေမယ့် နည်းဥပဒေမှာကျတော့ မှတ်ပုံတင်ရေးကိုပဲဖောင်းပေးတယ်။ မှတ်ပုံတင်ခွင့်ပေးတဲ့နေရာမှာလည်း သူတို့ပေးချင်တဲ့သူကိုပဲပေးတဲ့သဘောမျိုး။ တကယ်တမ်းကျတောင်သူတွေအတွက် တန်းတူညီမျှတဲ့အခွင့်အရေးတွေကို မတွေ့ရဘူး။

ထို့ကြောင့် "သူပြဋ္ဌာန်းတဲ့ဥပဒေတွေရဲ့ အနှစ်သာရနဲ့ကွဲလွဲနေတဲ့လုပ်ထုံးလုပ်နည်းနဲ့ နည်းဥပဒေတွေကို ပြန်လည်စစ်ဆေးကြပ်မတ်ခြင်းလုံးဝမရှိတာဟာ လွှတ်တော်သက်တမ်းသုံးနှစ်အတွင်းမှာ အကြီးအကျယ်အားနည်းတဲ့ကိစ္စပဲ"ဟု ဦးဖိုးဖြူက ထောက်ပြသည်။

အစိုးရ၏ အုပ်ချုပ်မှုယန္တရားဖြစ်သည့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်ကို အထောက်အကူပြုဖို့အတွက်ဥပဒေများပြဋ္ဌာန်းပေးနေသော်လည်း ထိုအချက်ကြောင့် ဒီမိုကရေစီကျင့်စဉ်ကို ယိုင်နဲ့သွားစေနိုင်သည်ဟု သူကဆိုသည်။

## ဘာကိုဦးစားပေးမလဲ

မည်သို့ဆိုစေ တစ်နှစ်ခွဲကျော်သာကျန်တော့သည့် လွှတ်တော်သက်တမ်းအတွင်း ဆွေးနွေးဆဲဥပဒေ ၅၄ခုနှင့် နောက်ထပ်အတည်ပြုရမည့် ဥပဒေ၂၀၀ခန့်ကို ပြဋ္ဌာန်းရမှာမည်သို့ မျှဖြစ်နိုင်မည်မဟုတ်ဟု သူရဦးရွှေမန်းအပါအဝင်ရှေ့နေများ၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေကော်မရှင်အဖွဲ့ဝင်တို့ကလက်ခံသည်။ သို့သော် ထိုဥပဒေများကို ပြင်ဆင်၊ ပယ်ဖျက်၊ ပြဋ္ဌာန်းနိုင်မှသာ ခေတ်ပြောင်းစနစ်ပြောင်းနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်မည်ဟု သူရဦးရွှေမန်းက သူ၏ဥပဒေပြုရေးအဖွဲ့ဝင်များကိုဆိုထားသည်။

သူရဦးရွှေမန်းရဲ့ဆန္ဒကတော့ ရှိသင့်ရှိထိုက်သောဥပဒေများကို ဦးစားပေးလုပ်ဖို့ရှိသည်ဟု ပြည်သူ့လွှတ်တော်ဥပဒေကော်မရှင်အဖွဲ့ဝင် ဦးသန်းမောင်က ဆိုသည်။

"၂၀၁၅ နဲ့တင်ပြီးသွားမှာမဟုတ်ဘူးလေ။ နိုင်ငံက ကမ္ဘာတည်သရွေ့ရှိမယ်ဆိုရင် ဒီအလုပ်တွေက လက်တွေ့ဆက်လုပ်ရမှာပဲ"။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုကလည်း အရေးအကြီးဆုံးဖြစ်သည့်၊ တကယ်လိုအပ်သည့် ဥပဒေတွေကို အရင် ဦးစားပေးလုပ်ဆောင်ခြင်းကို လက်ခံသည်။

"သိပ်မသုံးတဲ့ဥပဒေတွေကို အသာထားရမယ်။ ဖြစ်နိုင်မယ့်အရာကိုပဲစဉ်းစားသင့်တယ်။ ကျန်တဲ့သက်တမ်းအတွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်နိုင်ဖို့က အရေးအကြီးဆုံးပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲနိုင်မယ်ဆိုရင် အကောင်းဆုံးပဲ"ဟု ဒေါ်နန်းဝါနုက ဆိုသည်။

အခြေခံဥပဒေပြင်ဆင်ရေးသည် နိုင်ငံရေးပြင်ဆင်ရေးအရ ပြင်ဆင်မှုတစ်ရပ်ဖြစ်သည်။ နိုင်ငံရေးပိုဆန်သည်။ သူရဦးရွှေမန်းတို့ ဒေါ်အောင်ဆန်းစုကြည်တို့၏ အမြင်များကလည်း ၂၀၁၅ ခုနှစ်မတိုင်ခင်မှာ ဖွဲ့စည်းပုံ၏အဓိကအကျဆုံးအချက်လေးတွေကိုပြင်ရင် မကောင်းဘူးလားဆိုသည့် အတွေးမျိုးရှိနေ သည်ဟု ဦးသန်းမောင်က ယူဆသည်။

"အခြေခံဥပဒေက ခေါင်ကနေပိတ်ထားတော့ အချို့အချက်တွေက လုပ်မရတာတွေရှိတယ်။ ဆိုတော့ အခြေခံဥပဒေကြီးကို ဒီအတိုင်းထားလို့က မရဘူး။ ၂၀၁၅ မတိုင်ခင်မှာ ပြင်ကိုပြင်ရမှာ"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၁၆)*

www.burmeseclassic.com

www.burmeseclassic.com



တရားစီရင်ရေး
မဏ္ဍိုင်
သုံးနှစ်အတွင်း
ဘယ်လောက်
တည့်မတ်ခဲ့သလဲ

www.burmeseclassic.com

www.burmeseclassic.com

## တရားစီရင်ရေးမဏ္ဍိုင် သုံးနှစ်အတွင်း ဘယ်လောက် တည့်မတ်ခဲ့သလဲ

သမီးဖြစ်သူ လူ့လောကထဲက ထွက်ခွာသွားခဲ့တာ တစ်နှစ်ကျော် သွားပြီဆိုပေမယ့် မိခင်တစ်ယောက်အတွက် ဘယ်လိုမေ့လို့ရနိုင်ပါ့မလဲ။ လှိုင်မြစ်ထဲကပြန်တွေ့ခဲ့သည့် သမီးဖြစ်သူ၏ရုပ်အလောင်းကို မြို့နယ်၊ ခရိုင်တရားရုံးအဆင့်ဆင့်က ရေနစ်သေဆုံးခြင်းဖြစ်သည်ဟုသာ စီရင်ချက် ချခဲ့ခြင်းအပေါ် အသက် ၅၀ကျော် မိခင်ဒေါ်နော်မယ်စေးအတွက် မည်သို့ မျှလက်မခံနိုင်ခဲ့ပါ။ ထို့ကြောင့်လည်း ပြီးခဲ့သည့်မတ်လကုန်ပိုင်းက တိုင်းဒေသကြီးတရားရုံးကို အမှုမှန်ပေါ်ပေါက်ရေးအတွက် ပြန်လည်စိစစ်ပေးဖို့ အရေးဆိုတင်ပြထားသည် မဟုတ်ပါလား။

"သွေးရိုးသားရိုးသေဆုံးတာမဟုတ်ဘူးလို့ ယုံကြည်တယ်။ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်တယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး"ဟု ဒေါ်နော်မယ်စေးက ရန်ကုန်တိုင်းမ်သို့ပြောသည်။ မော်ဘီမြို့မှတစ်ဆင့် ဖုန်းဖြင့်ပြောသည်ဆိုသော်လည်း သူမ၏အသံမှာတုန်ရီနေသည်။

ရေထဲကပြန်တွေ့သည့်အလောင်းမှာ အဆုတ်ထဲရေဝင်သည်က တော့ရှိမှာပဲ၊ တစ်ယောက်ယောက်၏လုပ်ကြံမှုကြောင့်သာ သူ့သမီးရုပ်အလောင်းကို ရေထဲတွင်တွေ့ရသည်ဟု သူမကယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအရသိပ်အချမ်းသာကြီးထဲကမဟုတ်သော်လည်း သေဆုံးသွားသည့်သူ့သမီးကိုတော့ သေသည့်အချိန်ထိ စိတ်ချမ်းချမ်းသာသာထားနိုင်ခဲ့သည်ဟုသူမကဆိုသည်။ အမှုမှန်မပေါ်သေးသရွေ့တော့ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ကျေနပ်နိုင်မည်မဟုတ်ဟု ဒေါ်နော်မယ်စေးက ပြောပါသည်။ ရန်ကုန်မြို့ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်သူ သမီးမနော်မေသူသူဇော်၏ ရုပ်အလောင်းကို ၂၀၁၃ ခုနှစ် ဧပြီ ၂၁ ရက်က လှိုင်မြစ်အတွင်းတွေ့ရှိခဲ့သည်ဟုဆိုသည်။ သက်ဆိုင်ရာမြို့နယ်ရဲများက ပိုင်ရှင်မရှိသော ရုပ်အလောင်းကို သာမန်သေမှုသေခင်းအဖြစ်အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်သည်ဟု ဒေါ်နော်မယ်စေးက ဆိုသည်။

"သက်သေအထောက်အထားတွေ၊ ဓာတ်ပုံတွေရှိပါတယ်။ ဒါပေမဲ့ အမှုကို ပြောင်းဖွင့်လို့မရတော့ဘူး"ဟု သူမကပြောသည်။

လက်ရှိတရားစီရင်ရေးစနစ်ကို ပြည်သူအားလုံး အဓိက မေးခွန်းထုတ်နေကြသည်မှာ တရားရေးမဏ္ဍိုင်အပေါ် ဒေါ်နော်မယ်စေးတို့လို ပြည်သူများ၏ယုံကြည်မှုများ အင်မတန်လျော့နည်းနေ၍သာဖြစ်သည်ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးသိန်းညွန့်က ပြောပါသည်။

ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် ဦးသိန်းညွန့်က သူတို့၏ ကော်မတီဥက္ကဋ္ဌသူရဦးအောင်ကို၏ မှတ်ချက်စကားကို ယခုလိုပဲ ကိုးကားပြောပြပါသည်။

"တိုင်စာ ၁၀၀၀၀ မှာ တရားရုံးတိုင်စာက ၈၀၀၀ လောက်ပါတာ ရှက်ဖို့ကောင်းတယ်"။ ပြည်သူလူထုအနေဖြင့် တရားရုံးများ၏စီရင်ထုံးများ၊ စီရင်ချက်များအပေါ် မည်မျှယုံကြည်မှုလျော့နည်းနေပြီလဲဆိုသည်မှာ ထိုတိုင်စာများကိုကြည့်လျှင်သိနိုင်သည်ဟု ဦးသိန်းညွန့်ကဆိုပါသည်။

တရားစီရင်ရေးဆိုင်ရာမှုများ၊ တရားသူကြီးများ၏ စီရင်ချက်များအပေါ်တွင် ပြည်သူလူထုအနေဖြင့် ယုံကြည်မှုမရှိကြတော့သည့်အတွက် အချို့နေရာများတွင် တရားသူကြီးများကို ဆန္ဒပြခြင်းနှင့် ကိုယ်ထိလက်ရောက်ပြုမှုတိုက်ခိုက်ခြင်းများပါရှိလာခြင်းသည် မြန်မာနိုင်ငံတရားစီရင်ရေးစနစ်အတွက် တော်တော်အန္တရာယ်ရှိနေပြီဟု ဖော်ပြနေခြင်းဖြစ်ကြောင်း ဦးသိန်းညွန့်က ရှုမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်ရွေးချယ်ခန့်အပ်ထားသည့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဦးဆောင်သော တရားစီရင်ရေးမဏ္ဍိုင်အပေါ် တရားရေး ဝန်ထမ်းများ၊ ရှေ့နေများအပါအဝင် ပြည်သူလူထုအနေဖြင့် တရားမျှတ သောစီရင်ချက်များကို မျှော်လင့်ခဲ့ကြမည်မှာမလွဲပါ။ ခေတ်အဆက်ဆက် အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်ခြင်းကို ခံခဲ့ရသည့်တရားသူကြီးများကို လွတ်လပ်စွာ စီရင်ဆုံးဖြတ်ခွင့် ရစေလိုသည်။

လာဘ်ပေးလာဘ်ယူ၊ အဂတိလိုက်စားမှုတို့ဖြင့် ယိမ်းယိုင်ပြိုလဲစ ပြုနေသောတရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ခိုင်မာစေလိုကြသည်။ သို့မှ သာ ပြည်သူများအတွက် အမှန်တရားတို့ဖြစ်တည်လာမည်မဟုတ်ပါလား။

ယခုတော့ လက်ရှိအစိုးရသစ်လက်ထက်တွင်မှ တရားသူကြီးကို တရားရေးဝန်ထမ်းက လာဘ်ပေးလာဘ်ယူမှုပြုပါသည်ဟုဆိုကာ တိုင် ကြားခဲ့သည့်ဖြစ်ရပ်က ထူးထူးခြားခြားပေါ်လာခဲ့သည်။ အကြောင်းအရာက "အမှုသည်များအပေါ် လာဘ်ငွေယူပြီး အနိုင်အထက်ပြုကျင့်နေသည့် စစ် ကိုင်းတိုင်းဒေသကြီး တရားသူကြီးချုပ်ဦးစန်းကိုနှင့်အဖွဲ့အား အရေးယူပေး ရေးကိစ္စတင်ပြခြင်း"ဟု ဆိုသည်။

ထိုအကြောင်းကို ၂၀၁၃ခုနှစ် ဩဂုတ်လကုန်ပိုင်းက စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာခရိုင်တရားရုံးမှတရားရေးဝန်ထမ်းတစ်ဦးဖြစ်သော ဒုဦးစီးမှူး ဦးမင်းသော်ထွေးက တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ဦးမင်းသော်ထွေးသည် ယခင်က စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် တရားရုံးတွင် ဒုတိယ မြို့နယ်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

## အဂတိအမြစ်တွယ် တရားစီရင်ရေး

၁၉၈၈ ကတည်းက ရှေ့နေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု လာခဲ့သည့် တရားလွှတ်တော်ရှေ့နေဦးကြီးမြင့်ကတော့ တရားစီရင်ရေး အတွေ့အကြုံများအဖြစ် သူ့မျက်စိရှေ့မှောက်မှာတင် လာဘ်ပေးလာဘ်ယူ နည်းဖြင့်သာ အမှုတွဲများကိုစီရင်ခဲ့သည်ဟု ဆိုပါသည်။ "၂၅ နှစ်လုံးလုံး တရားစီရင်ရေးစနစ်ကြီးတစ်ခုလုံးကို လာဘ်ပေးလာဘ်ယူနည်းနဲ့ပဲ လုပ် ကြတယ်"ဟု ဦးကြီးမြင့်က ပြောသည်။

www.burmeseclassic.com



တရားစီရင်ရေးစနစ်တွင် အောက်ခြေကနေ အထက်အရာရှိများအထိ အဆင့်ဆင့် အဂတိလိုက်စားမှုများရှိခြင်းကြောင့်သာ မှန်ကန်သောတရားစီရင်ရေးစနစ်ကို ထိပါးခဲ့ရသည်၊ အမှန်တရားတို့ ချုပ်ငြိမ်းခဲ့ရသည်ဟု တရားလွှတ်တော်ရှေ့နေ ဦးကျော်ငြိမ်းက ယူဆသည်။

ထို့ကြောင့်သာ 'ငွေများတရားနိုင်'၊ 'ပုဒ်မလေး (ပေးမှလုပ်)'၊ 'အပိုင်းလေး(အပေးလိုင်း)'စသည့်အရပ်စကားများပေါ်လာရသည်ဟု သူက ဆိုသည်။ "ပုတ်လို့ပေါ်ဟုတ်လို့ကျော်ပဲလေ"ဟု ဦးကျော်ငြိမ်းက မှတ်ချက်ပေးသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်သည် မကြာသေးခင်က ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့သေးသည်။ ထိုစဉ်က သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်တရားရုံးများ၊ အချုပ်ခန်းများသို့ သွားရောက်စစ်ဆေးလေ့လာခဲ့ပြီးနောက် သူက ယခုလိုပြောသည်။

"ရန်ကုန်တရားရုံးတွေ ယိမ်းယိုင်နေပြီ၊ မန္တလေးတရားစီရင်ရေးကတော့ ပြိုလဲသွားပြီ၊ ရှမ်းပြည်တရားရုံးမှာတော့ တရားခွင်မှာ ငွေထုပ်ပဲရှိတော့တယ်"။

မန္တလေးတိုင်းဒေသကြီး ခရိုင်တရားရုံးတစ်ခုကို ဝင်စစ်ဆေးရာတွင် မူးယစ်ဆေးဝါးအမှုများကို ယခင်ကလို ကွင်းလုံးကျွတ်မလွှတ်ရဲတော့သော်လည်း ထောင်တစ်နှစ်လျှော့လျှင် ဘယ်လောက်ပေးရမည်၊ နှစ်နှစ်လျှော့လျှင် ဘယ်လောက်၊ ဆယ်နှစ်လျှော့လျှင် ဘယ်လောက်ပေးရမည်ဆိုတာမျိုး ရှိနေသည်ဟု ဦးသိန်းညွန့်ကဆိုသည်။

"နိုင်ငံတော်ရဲ့မူဝါဒအမှုကြီးဖြစ်တဲ့ မူးယစ်ဆေးဝါးအမှုကိုတောင် လာဘ်ယူနိုင်တဲ့နည်း လမ်းတွေရှာဖွေနိုင်တဲ့ တရားသူကြီးတချို့ရှိနေခြင်းဟာ တိုင်းပြည်ရဲ့အမျိုးသားမူဝါဒအကောင် အထည်ဖော်တဲ့နေရာမှာ တရားရေးစနစ်အနေအထား ဘယ်လောက်ယိမ်းယိုင်နေပြီလဲဆိုတာ မန္တလေးအချုပ်ထဲက သူတွေပြောလိုက်တဲ့စကားတွေက သက်သေပဲ"။

ယခုလည်း ထိုသို့ဖြစ်ဒဏ်ဘယ်လောက်လျှော့ပေးလျှင် ပိုက်ဆံဘယ်လောက်ပေးရမည်ဆိုသည့်အသံများကို မန္တလေးရှေ့နေများကိုယ်တိုင်ပြောဆိုနေကြဆဲဟု ဦးသိန်းညွန့်ကဆိုသည်။ လက်ရှိတရားစီရင်ရေးစနစ်၏

www.burmeseclassic.com

www.burmeseclassic.com



လာဘ်ပေးလာဘ်ယူမှုသည် နှစ်ကာလပေါင်းများစွာ အမြစ်တွယ်နေခဲ့ပြီမို့ ထိုအမြစ်ကိုဖျက်ဖို့ဆိုလျှင် တရားသူကြီးများသာမကဘဲ ပြည်သူများကိုယ်တိုင်ကလည်း ပြုပြင်ပြောင်းလဲဖို့လိုအပ်နေပြီဟု မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရှေ့နေဦးမြင့်သွင်က ဆိုသည်။

"ကိုယ်ကအပြစ်လုပ်ထားလို့၊ မှားလို့ရှိရင်တော့ဥပဒေအရ အပြစ်ပေးခံရမယ်ဆိုတာကို လက်ခံဖို့လိုတယ်။ အခုထိတော့ လာဘ်ပေးချင်တဲ့စိတ်၊ လာဘ်ယူချင်တဲ့စိတ်တွေက ဘက်နှစ်ဖက်စလုံးမှာရှိနေတုန်းပဲ"ဟု ဦးမြင့်သွင်က သုံးသပ်သည်။

လာဘ်ပေးလာဘ်ယူမှုများကိုအခြေခံပြီး တရားစီရင်ရေးမဏ္ဍိုင်၏ တရားရုံးနှင့် တရားသူကြီးများအပေါ် တိုင်ကြားစာများသည် ထောင်နှင့်ချီပြီးရှိနေသော်လည်း မည်သို့ဖြေရှင်းထားသည်ကို တရားဝင်အကြောင်းပြန်တာမျိုးမရှိသေးဟု ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများစိစစ်ဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင် ဦးသိန်းညွန့်က ဝေဖန်သည်။

မှတ်မိသလောက် အနောက်ပိုင်းခရိုင်တရားသူကြီးတစ်ယောက်ရဲ့ မိန်းမက သိန်း ၁၅၀၀ တောင်းတာကို အမှုသည်က စီစီတီဗွီရိုက်ပြီးပြလိုက်လို့ တရားသူကြီးကိုပင်စင်ပေးလိုက်တာပဲရှိသည်။ သို့သော် လာဘ်ပေးလာဘ်ယူမှုကို လာဘ်ပေးလာဘ်ယူဥပဒေဖြင့်သာ အရေးယူသင့်သည်ဟု ၎င်းကဆိုသည်။ "ပင်စင်ပေးတာလောက်တော့သိန်းထောင်နဲ့ချီတောင်းနေတဲ့ တရားသူကြီးတွေအဖို့တော့ ဘယ်ဖြုံမလဲ"။

မြန်မာ့တရားစီရင်ရေးမဏ္ဍိုင်ကို ပြန်လည်တည့်မတ်စေဖို့အတွက် အဓိကအကြောင်းအချက်တစ်ခုအဖြစ် လာဘ်ပေးလာဘ်ယူမှုပြုသော တရားသူကြီးများကို ထိထိရောက်ရောက် အရေးယူဖို့လိုအပ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူနှင့်တရုတ်နိုင်ငံတို့လို ကျင့်သုံးဖို့ လိုအပ်နေပြီဟု ဦးသိန်းညွန့်ကထောက်ပြသည်။ တရုတ်နိုင်ငံဆိုလျှင် သေဒဏ်ပေးသည့်အဆင့်အထိပြည်သူကိုချပြသည်။ စင်ကာပူနိုင်ငံဆိုလျှင်လည်း တရုတ်လိုသေဒဏ်မပေးသော်လည်း လာဘ်ယူသူ၏ မိသားစုအသိုင်းအဝိုင်းဂုဏ်သိက္ခာကိုပါထိခိုက်အောင် ကြေညာသည့်သဘောရှိသည်။

ထိုအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရှိ တရားသူကြီးများအားလုံးကို လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးဥပဒေအရစိစစ်ခြင်း၊ သတိပေးခြင်းတို့ကို ပြုလုပ်သင့်ပြီဟု ၎င်းက ဆိုသည်။ "လူထုကတိုင်မှ လုပ်တာမဟုတ်ရဘူး။ လူထုက တိုင်လို့ရတယ်ဆိုပေမယ့် မခိုင်မာရင် တိုင်တဲ့သူကိုတောင် အမှုဖွင့်နိုင်တာဆိုတော့ ဘယ်သူမှမတိုင်ရဲဘူး။ သိပ်ပြီး ခံစားချက်ပြင်းထန်တဲ့သူမှပဲ တိုင်ရဲတာ"ဟု ဦးသိန်းညွန့်က ပြောသည်။

## စွက်ဖက်ခံ တရားစီရင်ရေး

တရားစီရင်ရေးတွင် အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်မှုများကလည်း ခေတ်အဆက်ဆက်အခြေတည်နေခဲ့ပြီဖြစ်သည်။ ဦးနေဝင်း လက်ထက်မှသည် ပြီးခဲ့သည့်စစ်အစိုးရလက်ထက်အဆုံးဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင်လည်း ဝင်ရောက်စွက်ဖက်မှုများရှိနေတုန်းပဲလားဆိုသည်ကတော့ စဉ်းစားစရာဖြစ်နေဆဲပါ။ နောက်ကွယ်ကဖြစ်ရပ်များကို မသိနိုင်သော်လည်းဆရာမွေး၊တပည့်မွေးကာ လာဘ်စားသူများ ဆင့်ကွဲ ဆင့်ကဲရှိနေသလို အထက်အရာရှိအဆင့်ဆင့် အချင်းချင်း အကာအကွယ်ပေးနေကြသည်ကိုလည်း တွေ့မြင်နေရကြောင်း ဦးသိန်းညွန့်ကတွက်ဆသည်။

"စစ်ကိုင်းတိုင်းတရားသူကြီးကိစ္စ ဒီနေ့အထိ ဘာမှထူးထူးခြားခြားဖြစ်မလာသေးတာကိုကြည့်ရင် လွှတ်တော်ရဲ့ထောက်ပြချက်တောင် ဘာမှမထိရောက်ဘူးဆိုရင်တော့ စဉ်းစားစရာတွေအများကြီးဖြစ်နေတယ်"။

ကိုယ်တိုင်က ခရိုင်တရားသူကြီးအဆင့်အထိ တာဝန်ယူခဲ့ဖူးသော တရားလွှတ်တော်ရှေ့နေဦးအေးကျော်က တရားစီရင်သော တရားသူကြီးများအပေါ်တွင် ပါတီကောင်စီခေတ်၊ တပ်မတော်အစိုးရခေတ်တစ်လျှောက်လုံး အပေါ်မှဖိအားများရှိခဲ့သည်ဟု ပြန်ပြောပြသည်။

တရားသူကြီးသည် အမှုတွဲ၏ပေါ်လွင်မှုအပေါ်မှုတည်ပြီး လွတ်လပ် စွာဆုံးဖြတ်ခွင့်ရှိဖို့လိုသည်။ "တရားခံကိုအပြစ်ရှိရင် အပြစ်ပေးရမယ်၊ အပြစ်မရှိကြောင်းပေါ်လွင်ရင်ရဲရဲဝံ့ဝံ့ပေးရမယ်။ ဒါမှတရားသူကြီးမှာ သူ့ရဲ့လိပ်ပြာကသန့်မှာ။ ဘယ်သူကမှစွက်ဖက်မှုမရှိစေရဘူး"ဟုဦးအေးကျော်က ပြောသည်။

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားစီရင်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်စွာစီရင်ဆုံးဖြတ်ရမည်ဟုဆိုသည်။ လက်ရှိ တရား

www.burmeseclassic.com

www.burmeseclassic.com



စီရင်ရေးတွင်မူ စီရင်ချက်ချမှတ်ရာတွင် အထက်လူကြီးများ၏ ဆုံးဖြတ်မှု မရှိစေရဟုဆိုကာ အာဏာပိုင်များ၏စွက်ဖက်မှုကို လက်ဆုပ်လက်ကိုင်ပြရန်ခက်ခဲနေသော်လည်း ဝေဖန်ပြောဆိုမှုများတော့ရှိနေသည်ဟု တရားလွှတ်တော် ရှေ့နေဦးကျော်ငြိမ်းက သုံးသပ်သည်။

"သတင်းသမားတွေနဲ့ပတ်သက်ပြီး ထင်သာမြင်သာတဲ့ ပြစ်မှုပြစ်ဒဏ်ကြီးတွေချမှတ်လိုက်တာကတော့ တရားစီရင်ရေးကို ပုံရိပ်တစ်မျိုးပြောင်းစေတယ်"ဟု ဦးကျော်ငြိမ်းက ဆိုသည်။

သတင်းသမားတစ်ယောက်သည် ပြည်သူလူထု၏ နားမျက်စိဖြစ်သည်။ သို့အတွက် ပြည်သူများသိခွင့်ရှိသည့် အမှန်အဖြစ်အပျက်များကို သိဖို့အတွက် သတင်းသမားတို့တွင် စုံစမ်းမေးမြန်းပိုင်ခွင့်ရှိရမည်။ ဆိုတော့ မေးမြန်းဖို့အတွက်ဝတ္တရားရှိသည့်အတိုင်း သဘောရိုးဖြင့်သက်ဆိုင်ရာဌာနကိုဖြစ်စေ၊ လူပုဂ္ဂိုလ်ကိုဖြစ်စေ အတိုင်းအတာတစ်ခုအထိ မေးမြန်းရာတွင် အတိုင်းအတာကိုကျော်လွန်သည်ဖြစ်စေ၊ မကျော်လွန်ဘဲစွပ်စွဲပြီးတော့ အရေးယူသည်ဖြစ်စေ တရားရုံးတော်၏ဆုံးဖြတ်ချက်သည် ပြည်သူလူထုအတွက်တော့ ကျေနပ်ဖွယ်ဖြစ်မလာခဲ့။

"ပြစ်မှုပြစ်ဒဏ်တွေကို အရေးယူဆောင်ရွက်တဲ့အခါမှာ သူ့ရဲ့ပြစ်မှု ဒီဂရီအတိုင်းမဟုတ်ဘဲ ဖြစ်ဒဏ်ချမှတ်တယ်လို့ ပြည်သူလူထုက မြင်လာခြင်းဟာ တရားရုံးအပေါ်မကောင်းတဲ့ပုံရိပ်ပြောင်းစေတာပါပဲ"ဟု ဦးကျော်ငြိမ်းက ရှင်းပြသည်။

လက်ရှိအစိုးရသစ်တက်လာပြီး သုံးနှစ်ကျော်ကာလအတွင်း တရားစီရင်ရေးမဏ္ဍိုင်အပေါ် အာဏာပိုင်များ၏ ဝင်ရောက်စွက်ဖက်မှုများရှိမရှိကို တပ်အပ်မပြောနိုင်သော်လည်း "လုံးဝသဘာဝကျပြီး လက်ခံနိုင်စရာမရှိတဲ့ အမိန့်တွေ၊ စီရင်ချက်တွေတော့ ကိုယ်တိုင်ကြုံတွေ့ခဲ့ဖူးတယ်"ဟု ၎င်းကဆိုသည်။

## တရားစီရင်ရေး ရွှေခေတ်

တရားစီရင်ရေးမဏ္ဍိုင်တွင် မြန်မာ့ဘောလုံးလောကကဲ့သို့ ရွှေခေတ်ရှိခဲ့ဖူးသည်ဟု နှစ် ၄၀ ကျော် ရှေ့နေလိုက်လာသူ အသက် ၆၀ ကျော်အရွယ်ရှိ တရားလွှတ်တော်ရှေ့နေဦးကျော်ငြိမ်းက ယခုလိုပြန်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာနိုင်ငံမှာ လွတ်လပ်သောတရားစီရင်ရေး ရှိခဲ့ဖူးပါတယ်။ လွတ်လပ်ရေးရပြီး နောက်ပိုင်း၁၉၆၀ကနေ ၁၉၆၈ခုနှစ်လောက်အထိပေါ့။ ဆိုရှယ် လစ်အစိုးရတက်လာလို့ဆိုရှယ်လစ်စနစ်ကာ ကွယ်ရေးဥပဒေအရ စစ်ခုံရုံးတွေဖွဲ့ပြီး တရားစီရင်ခဲ့တာတောင် ယနေ့အထိ ဥပဒေပညာရှင်တွေ လေးစားရတဲ့ စစ်ခုံရုံးစီရင်ထုံးတွေ၊ ဆုံးဖြတ်ချက်တွေ ရှိပါသေးတယ်။ အဲဒီနောက်ပိုင်းတော့ အဲဒီလိုလေးစားရလောက်တဲ့ စီရင်ထုံးတွေ၊ ဆုံးဖြတ်ချက်တွေ အင်မတန်နည်းပါးသွားခဲ့ပါတယ်။

အဲဒီတုန်းက တရားသူကြီးဦးစန်းမောင်တို့၊ ဦးသိန်းမောင်တို့ရဲ့ ဆုံးဖြတ်ချက်တွေဆိုရင် အင်မတန်ကိုကောင်းမွန်ခဲ့တာ။ အမှန်တရားကို ဆုံးဖြတ်ရင် ကိုယ်တိုင်အမှန်ကို သိနေရုံနဲ့မရဘဲ အများကိုလည်း အဲဒီ အမှန်တရားကိုမြင်စေရတယ်ဆိုတဲ့ ထုံးဖွဲ့စကားတွေဟာ အင်မတန် မှတ်သားစရာပါ။ တရားရုံးမှာအမှန်တရားပဲလိုချင်တယ်။ ဥပဒေလုပ်ထုံးလုပ်နည်း ဝန်ထုပ်ဝန်ပိုးတွေကြောင့် အမှန်တရားပျောက်သွားတာမျိုးမလိုချင်ဘူးဆိုတဲ့ ပြောစကားတွေဆိုရင် တကယ့်ကိုအတုယူစရာပါ"။

၁၉၉၅၊ ၁၉၉၆ခုနှစ်ပတ်ဝန်းကျင်က ပထမအကြိမ်ကျင်းပခဲ့သည့် တရားသူကြီးညီလာခံမှာ ထိုစဉ်က နိုင်ငံတော်တရားသူကြီးချုပ် ဦးသိန်းမောင်က "တရားသူကြီးများသည်နေ့စဉ်နှင့်အမျှ သူတစ်ပါးတို့၏အသက်၊ စည်းစိမ်၊ အိုးအိမ်စသည်တို့နှင့်စပ်လျဉ်းရသော မှုခင်းများ၊ လွတ်လပ်ခွင့်နှင့် စပ်လျဉ်းသော မှုခင်းများကို စီရင်ဆုံးဖြတ်နေကြရသူများဖြစ်သောကြောင့် လည်းကောင်း၊ အကယ်၍ တရားသူကြီးများသည် အမှားမှားအယွင်းယွင်း စီရင်ဆုံးဖြတ်ကြလျှင် အမှုသည်များမှာ အသက်၊ စည်းစိမ်၊ အိုးအိမ်တို့ ပျက်ပြားသည်အထိ လွတ်လပ်ခွင့်ဆုံးရှုံးသည်အထိ နစ်နာနိုင်သောကြောင့် လည်းကောင်း၊ တရားရုံးများက တရားကို မတရား၊ မတရားကိုတရားဟု အလွဲလွဲအမှားမှား ဆုံးဖြတ်ခဲ့လျှင် ပြည်သူလူထုမှာ အားကိုးရာမဲ့၍ စိတ်ဓာတ်ပျက်ပြားပြီး တိုင်းပြည်၏ငြိမ်းချမ်းသာယာမှုကိုပင် ဆုတ်ယုတ်နိုင်သောကြောင့်လည်းကောင်း၊ တရားသူကြီးများ၏ တာဝန်ဝတ္တရားများသည် အလွန်ကြီးလေးသည်"ဟု ဆိုသည်။

ထိုသို့ဆိုလျှင် "တရားကို မတရား၊ မတရားကို တရားဟု စီရင် ဆုံးဖြတ်ကြခြင်းသည် တိုင်းပြည်နိုင်ငံဆုတ်ယုတ်ပျက်စီးစေရန် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တရားဖြစ်သည်ဟူ၍လည်းကောင်း၊ တရားကို တရားမတရားကိုမတရားဟု စီရင်ဆုံးဖြတ်ခြင်းသည် တိုင်းပြည်နိုင်ငံမဆုတ်ယုတ်မပျက်ပြားဘဲ တိုင်းပြည်စီးပွားတိုးတက်ရန် အကြောင်းတရားဖြစ်သည်"ဟူ၍လည်းကောင်း မြတ်စွာဘုရားဟောကြားခဲ့သည်ကိုအခြေခံပြီး တရားသူကြီးချုပ်ဦးသိန်းမောင်က ဆိုခဲ့သည်။

ယင်းသို့ ၁၉၉၅–၁၉၉၆လောက်က နိုင်ငံတော်တရားသူကြီးချုပ်ဦးသိန်းမောင်၏စကားကို ကောက်နုတ်ပြောဆိုခဲ့ခြင်းကြောင့် ရှေ့နေဦးသိန်းညွန့်အားလက်ရှိတရားရုံးချုပ်က တရားသူကြီးများကို မထီမဲ့မြင်ပြုသည်ဆိုကာ ဒဏ်ငွေသတ်မှတ်ခဲ့သည်။ ထို့ပြင်ရှေ့နေကျင့်ဝတ်ပါ ချိုးဖောက်သည်ဟုဆိုကာ ရှေ့နေလိုင်စင်ကို နှစ်နှစ်ရပ်ဆိုင်းခဲ့သည်ဟု ယခု ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ဦးသိန်းညွန့်က ပြန်ပြောပြသည်။

"တကယ်တမ်း သုံးနှစ်ကျော်တဲ့အထိ ကျွန်တော့်လိုင်စင် ပြန်မပေးဘူး။ ၂၀၁၀ရွေး ကောက်ပွဲမှာများ ကိုယ်စားလှယ်အဖြစ်အရွေးမခံရရင် လိုင်စင်တောင်ပြန်ရမှာမဟုတ်ဘူး။ နိုင်ငံတော်တရားသူကြီးချုပ်ပြောခဲ့တဲ့ မိန့်ခွန်းကို ကိုးကားတာဟာ သူတို့ကိုမထီမဲ့မြင်ပြုလို့ဆိုပြီး ရှေ့နေလိုင်စင် ရုပ်ခဲ့တဲ့အဆင့်ဖြစ်ခဲ့တယ်ဆိုတာ မြန်မာနိုင်ငံတရားစီရင်ရေးစနစ်ကို အမြဲတမ်းမေးခွန်းထုတ်ရမယ့်အရာတွေဖြစ်သွားပြီ"ဟု ဦးသိန်းညွန့်ကဆိုသည်။

ပြည်သူ့တရားစီရင်ရေးစနစ်ဟောင်းနောက်ပိုင်း တော်လှန်ရေးကောင်စီတက်လာပြီး တရားရေးဆိုင်ရာမှာ ဒေါက်တာမောင်မောင်ဝင်ရောက်လာခဲ့ရာ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့တရားစီရင်ရေးစနစ်ကိုကြွေးကြော်သည်။ ပြည်သူကို ပြည်သူက တရားစီရင်ရတာမို့ အင်မတန်ကောင်းသည်ဟု ယူဆခဲ့ကြသည်။

သို့သော် ပြည်သူတွေကို ရွေးချယ်ပြီး တရားသူကြီးခန့်လိုက်ရာမှာတော့ "အလွှာစုံကလူတွေပါလာတယ်။ စစ်ဗိုလ်တွေတင်မကဘူး၊ ကျောင်းဆရာတွေ၊ လယ်သမားကြီးနဲ့ဆိုက်ကားဆရာအဆုံး တရားသူကြီးတွေ ဖြစ်ကုန်ကြတယ်"ဟု ဦးကျော်ငြိမ်းက ပြောပြသည်။

ဆိုတော့ အစွန်းတရားနှစ်ဖက်ကို ရောက်သွားသည်။ ယခင်တုန်းက ဥပဒေနှင့်အညီဆိုပြီး တရားစီရင်သည့်ခေတ်ကနေ ဥပဒေက မည်သို့ပင်ဆိုစေကာမူဆိုသည့်ခေတ်ကို ရောက်သွားခဲ့သည်။ "မူဝါဒဆိုပြီး ဆန်

www.burmeseclassic.com

www.burmeseclassic.com



တစ်အိတ်ကြောင့်လည်း ထောင်ဆယ်နှစ်ကျရတဲ့အဖြစ်မျိုးတွေ ရောက်ကုန်တယ်။ ဖြစ်သင့်တာကတော့ဥပဒေနဲ့အညီဆိုတာပဲဖြစ်သင့်တာ”ဟု ၎င်းက ရှုမြင်သည်။

ပြည်သူက ပြည်သူ့တရားကို စီရင်ရမည်၊ ပြည်သူနှင့် တစ်သားတည်းဖြစ်ရမည်ဟု အင်မတန်နှလုံးပီတိထိမိစရာ ကြွေးကြော်သံနှင့် ဆိုခဲ့သော်လည်း “လက်တွေ့ဖြစ်လာတာနဲ့က လုံးဝဆန့်ကျင့်ဘက်၊ မိုးနဲ့မြေပဲ။ ဥပဒေအတိုင်း ဘာမှမဖြစ်တော့ဘူး”ဟု ဦးကျော်ငြိမ်းက ဆိုသည်။

ဥပဒေနားလည်သူအားလုံးသည် ကန့်လန့်ကာနောက်ကွယ် ရောက်ခဲ့ရသည်။ ပြည်သူရွေးချယ်သော ပြည်သူ့တရားသူကြီးဆိုသူများကလည်း သူတို့၏ပါတီသဘောထားကိုခံယူရသည့်အတွက် တကယ်တမ်းတရားစီရင်ရေး လောကတွင်လွတ်လပ်မှုမရှိခဲ့။ မလွတ်လပ်သည့်အပြင် ဆိုးရွားသည့်စီရင်ချက် အချို့သာအဖတ်တင်ခဲ့ရသည်။ “စည်းလွတ်ကမ်းလွတ်တွေကို ဖြစ်ကုန်ခဲ့တာ”ဟု ဦးကျော်ငြိမ်းက အတိတ်ကို ပြန်တူးဆွသည်။

ထိုသို့ ပြည်သူ့တရားစီရင်ရေးစနစ်ကိုကျင့်သုံးခဲ့စဉ်က တရားသူကြီးများကို ပြည်သူကရွေးချယ်ခြင်းဖြစ်သည့်အတွက် တရားသူကြီးများသည် ဥပဒေပညာရှင်များမဟုတ်ခဲ့။ လက်ရှိဦးသိန်းစိန်အစိုးရလက်ထက်တွင်တော့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ တရားရုံးများဖွဲ့စည်းကာ ဥပဒေပညာရှင်များကို တရားသူကြီးများအဖြစ်ရွေးချယ်ခန့်အပ်ခဲ့သည်။

“ရှင်းရှင်းပြောရင် အရင်လူတွေမှားရင်တောင် ခွင့်လွှတ်နိုင်သေးတယ်၊ သူတို့ဥပဒေပညာမှ မတတ်ဘဲ။ အရင်လူတွေအမှားနဲ့ အခုတရားသူကြီးတွေ မှားတဲ့သတင်းတွေနဲ့နှိုင်းယှဉ်ကြည့်ရင် ဥပဒေမတတ်တဲ့၊ မကျွမ်းကျင်တဲ့တရားသူကြီးတွေကို ပြန်လွှမ်းရမယ့် သဘောရောက်နေတယ်”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က နှိုင်းယှဉ်ထောက်ပြသည်။

## တရားစီရင်ရေးစနစ် ဘာတွေပြောင်းလဲခဲ့လဲ

ယခုအခါ စစ်အာဏာရှင်အစိုးရများမှတစ်ဆင့် ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့သည်မှာ စစ်အစိုးရတစ်ဖြစ်လဲ အရပ်သားအစိုးရ လက်ထက်တွင် တရားစီရင်ရေးယန္တရားလည်ပတ်ခဲ့သည်မှာ သုံးနှစ်သုံးလပင် တင်းတင်းပြည့်ခဲ့ပါပြီ။ ပြိုလဲစပြုနေသောယိုင်နဲ့နဲ့တရားစီရင်ရေးမဏ္ဍိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ပြန်လည်တည့်မတ်လာပြီလား၊ ပြောင်းလဲလာပြီလားဆိုလျှင် ပြော စမှတ်ပြုလောက်အောင် ပြောင်းလဲမှုမျိုးမရှိခဲ့ဟု ရန်ကုန်တိုင်းမ်ကမေးမြန်းခဲ့သော တရားရေးဝန်ထမ်းများ၊ ဥပဒေပညာရှင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တစ်သဘောတည်းဆိုပါသည်။

"ပြောရရင် ဘာမှမပြောင်းလဲသေးဘူး။ မူတွေကလဲ အရင်အစိုးရလက်ထက်တုန်းက ချထားတဲ့မူပါပဲ။ တရားသူကြီးတွေကလဲ အောက်ခြေတရားသူကြီးတွေကအစ အရင်အစိုးရခန့်ခဲ့တာပဲ။ တရားသူကြီးတချို့သာ လွှတ်တော်မှာပြောင်းလဲခန့်ခဲ့တာကိုး"ဟု ဦးသိန်းညွန့်က ကောက်ချက်ချပါသည်။

စစ်အစိုးရခေတ်သည် စစ်မိန့်များဖြင့်ပိတ်ထားသည့် အိတ်ကိုဖွင့်ဖတ်ပြီး တရားစီရင်ရသည့်ခေတ်ဖြစ်ခဲ့သည်။ ထိုခေတ်ကိုကျော်လွန်ခဲ့သည်ဟု ဆိုနိုင်သော်လည်း "ပြစ်မှုတစ်ရပ်မှာ သူ့ရဲ့ပြစ်မှုဒီဂရီအတိုင်းပဲ စီရင်ချက်ချဖို့တော့လိုအပ်တယ်"ဟု တရားလွှတ်တော်ရှေ့နေဦးကျော်ငြိမ်းက ဆိုပါသည်။ ရှေ့နေတစ်ဦးနေ့စဉ်ကြုံတွေ့နေရသော အမြင်အရဆိုရလျှင် တရားသူကြီးများ၏ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အင်မတန် ပြတ်တောက်နည်းပါးနေသည်ဟု ၎င်းကဆက်ပြောသည်။

အားသာချက်ကတော့ စစ်အစိုးရလက်ထက်ကလို စာအိတ်ဖွင့်ဖောက်ပြီး တရားစီရင်တဲ့စနစ်မဟုတ်တော့ဘူး။ တရားခွင်မှာ အရင်ထက်ပွင့်ပွင့်လင်းလင်းတင်ပြခွင့်ရလာတဲ့အဆင့် ပဲရှိသေးတယ်"ဟု ဦးကျော်ငြိမ်းက သုံးသပ်သည်။

ယနေ့ခေတ်မှာ တရားစီရင်ရေးမဏ္ဍိုင်အတွက် အဆိုးဆုံး၊ အရုပ်ဆိုး အကျည်းတန်ဆုံးဖြစ်ရပ်ကတော့ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ သက်ဆိုင်ရာတရားသူကြီးများက စီရင်ထုံးများအပေါ်မှာ စီရင်ချက်များဖြင့် လွှမ်းမိုးဖို့လုပ်နေသည့်အဆင့်ပဲဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကထောက်ပြသည်။ "အင်မတန်အရုပ်ဆိုးတာတွေကို ဆောင်ရွက်ခဲ့တယ်၊ ဆောင်ရွက်နေတယ်၊ အဲဒီအတိုင်းပဲဆက်သွားနေတယ်။ ဒါကို ဖြေရှင်းဖို့အတွက်ဆိုရင် တရားရုံးကတရားသူကြီးချုပ်က အများပြည်သူနဲ့ သက်ဆိုင်တဲ့အမှုတွေကို အထူးအယူခံရုံးဖွင့်လှစ်ပြီး ကြားနာဖို့ကောင်းတယ်"။

တရားရင်ဆိုင်သူများက တင်ပြသည်ဖြစ်စေ၊ မတင်ပြသည်ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိတရားစီရင်ရေးမဏ္ဍိုင်ကို ပြက်ရယ်ပြုနေသည့်ထိုကိစ္စမျိုးကို မြန်မြန် ဆန်ဆန်ပြင်ဆင်မှုမပြုနိုင်လျှင် လာမည့်ငါးနှစ်မြောက် လွှတ်တော်အစည်း အဝေးတွင်အကြီးမားဆုံးသောစိန်ခေါ်မှုဖြစ်လာလိမ့်မည်ဟု ဦးသိန်းညွှန့်က ခန့်မှန်းသည်။

"လောကကြီးမှာ လူတွေဟာမှားကြမှာပဲ။ မှားတာကို နောက်ဆုံး ပြုပြင်တာတရားရေးပဲ။ တရားရေးစနစ်ပါ မှားနေရင်တော့ နိုင်ငံတော် တရားသူကြီးချုပ် ဦးသိန်းမောင်ပြောခဲ့သလိုပဲ မတရားတာက တရားဖြစ် နေရင် ဒီတိုင်းပြည်ပျက်မှာပဲ"။

ယခုဆိုလျှင် တချို့မြို့နယ်များတွင် တရားသူကြီးကို ဝင်ရိုက် တာ၊ တရားရုံးရှေ့မှာဆဲတာဆိုတာ၊ တရားရုံးရှေ့မှာဆန္ဒပြကြတာ စသည် တို့သည် ယခင်ဖဆပလခေတ်အပါအဝင် စစ်အစိုးရအုပ်ချုပ်စဉ်ကတောင် မရှိခဲ့။ ယနေ့တရားရုံးများ၏ အခင်းအကျင်း၊ တရားရုံးဝန်းကျင်မှ အဂတိ တရားလိုက်စားမှုများ၊ တရားသူကြီးများအပေါ် လူထု၏သိုးသန့်ခံစားချက် များကြောင့်သာ တရားရုံး၊ တရားသူကြီးနှင့် တရားစီရင်ရေးမဏ္ဍိုင်တစ်ခု လုံးကို ပြည်သူလူထုက ယုံကြည်မှုနည်းပါးလာခြင်းဖြစ်သည်ဟု ဦးသိန်း ညွှန့်က သုံးသပ်သည်။

ထိုသို့သော တရားရုံးများ၏ဆုံးဖြတ်ချက်အပေါ် မယုံကြည်နိုင်လို့ တိုင်းဒေသကြီး တရားရုံးအထိ ပြန်လည်စိစစ်ရေးအယူခံတင်သွင်းထားသည့် မှော်ဘီမြို့နယ်မှ ဒေါ်နော်မယ်စေးကတော့ တိုင်းတရားရုံး၏ ဆင့်ခေါ်စာ ကိုသာ စောင့်မျှော်နေပါသည်။ သေဆုံးသွားသော သူ့သမီးအတွက် အမှန် တရားမပေါ်မချင်း သမီးအပေါ်တွင် တာဝန်မကျေဟုခံစားရကြောင်း ပြော ပါသည်။

"အမှန်အတိုင်းဖြစ်စေချင်တာပဲ။ တစ်ယောက်ယောက်တော့ လုပ်ကြံတယ်လို့ယုံကြည်နေတယ်။ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံတာက တော့ မဖြစ်နိုင်ဘူး။ တကယ်လို့ တိုင်းတရားရုံးကလဲ ခရိုင်တရားရုံးလိုပဲ ဆုံးဖြတ်ရင်တော့ တရားစီရင်ရေးစနစ်ကို ယုံကြည်မှာမဟုတ်တော့ဘူး"။

*ရန်ကုန်တိုင်းမ်ဂျာနယ်၊ အတွဲ(၁၀) အမှတ်(၆၇)*

www.burmeseclassic.com

www.burmeseclassic.com







# တိုင်းရင်းသားလုပ်ငန်းရှင်အချင်းချင်း ခြေထိုး ချောက်ချနေခြင်းများရပ်ပြီး စည်းလုံးချိန်တန်ပြီလား

www.burmeseclassic.com

www.burmeseclassic.com

## တိုင်းရင်းသားလုပ်ငန်းရှင် အချင်းချင်း ခြေထိုးချောက်ချနေခြင်းများရပ်ပြီး စည်းလုံးချိန်တန်ပြီလား

ဆိုရှယ်လစ်ဝါဒလား၊ ကွန်မြူနစ်ဝါဒလား၊ အရင်းရှင်လို့ခေါ်တဲ့ ဈေးကွက်စီးပွားရေးမှုဝါဒလားဆိုသည့် ဝိရောဓိများကြားတွင် ဆယ်စုနှစ်ငါးခုကျော်လောက် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်တွေ အချိန်ကုန်ခဲ့ပြီးပါပြီ။ "ဒီကနေ့ ၅၂ နှစ်ကျော်ပြီးတဲ့နောက်မှာတော့ ဈေးကွက်စီးပွားရေးလို့ခေါ်တဲ့အရင်းရှင်ဝါဒကို ကျွန်တော်တို့တိုင်းရင်းသားလုပ်ငန်းရှင်တွေ တုပြိုင်လာရပြီ"ဟု အသက်၇၈ နှစ်အရွယ် ဝါရင့်တိုင်းရင်းသားလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သော ဦးသိန်းထွန်းက ဆိုလာသည်။

သမ္မတဦးသိန်းစိန်၏ အစိုးရသစ်တက်လာပြီးကတည်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဖိတ်ခေါ်ခဲ့သည်။ မက်လုံးတွေပေးခဲ့သည်။ အထူးစီးပွားရေးဇုန်များဖော်ဆောင်ဖို့ပြင်ဆင်ခဲ့သည်။ ဒီမိုကရေစီအရိပ်အယောင်များကို ကမ္ဘာသို့ချပြခဲ့သည်။ ဈေးကွက်စီးပွားရေးကို တံခါးကျယ်ကျယ်ဖွင့်ခဲ့သည်။ ဆယ်စုနှစ်အတန်ကြာအောင် ပစ်ပယ်ထားကြသော အနောက်စီးပွားရေးအင်အားကြီးအုပ်စုများ၊ နိုင်ငံများသည် မြန်မာနိုင်ငံအပေါ် စိတ်လည်လာကြသည်။

www.burmeseclassic.com



အဘက်ဘက်က နိမ့်ကျဆင်းရဲနေသေးသော မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများက ပေါကြွယ်ဝနေတုန်း၊ စီးပွားရေးအရ အမြတ်ရမည့် အခွင့်အလမ်းကောင်းများက ဖုံးတုန်း၊ ငုံတုန်းပင်။ ထိုအခြေအနေသည် အမေရိကန်၊ ဂျပန်၊ ဗြိတိန်စသော စီးပွားရေးအင်အားကြီးနိုင်ငံများအပြင် အင်အားကြီးမားသော နိုင်ငံ၂၇နိုင်ငံဖြင့်ဖွဲ့စည်းထားသည့် အီးယူ (ဥရောပသမဂ္ဂ) လိုအဖွဲ့အစည်းမျိုးကအစ ကမ္ဘာ့လူဦးရေ၏ထက်ဝက်နီးပါးရှိသည့် အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယနိုင်ငံများအဆုံးသူတို့အတွက် သွားရည်ယိုစရာ ဖြစ်နေသည်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ဖို့အတွက် အခြေခံလိုအပ်ချက်များအဖြစ် ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေး၊ ဘာတစ်ခုမှပြည့်စုံလှသည်မဟုတ်သော မြန်မာနိုင်ငံတွင် သူတို့၏လုပ်ငန်းများကိုဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့ စဉ်းစားလာကြသည်။

ပထမဆုံးအနေဖြင့် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုအချို့ကို အမေရိကန်နိုင်ငံကဖြေလျှော့ပေးခဲ့သည်။ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံအချို့ကလည်း မြန်မာနိုင်ငံမှရစရာရှိသော အကြွေးများကိုလျှော်ပစ်ပြီး မျက်နှာလုပ်သည်။ ယခုဆိုလျှင် ဥရောပသမဂ္ဂအဖွဲ့ကြီးကလည်း GSP လို့ ခေါ်သည့် ကုန်သွယ်မှုအထူးအခွန်သက်သာခွင့်အပြင် EBT (Everything But Arm) လက်နက်ခဲယမ်းမှလွဲပြီး ကျန်ကုန်ပစ္စည်းတိုင်းကို အခွန်မကောက်တော့သည့်အဆင့်အထိ မြန်မာနိုင်ငံကို အရေးတယူ အသိအမှတ်ပြုလာပါသည်။

ထို GSP အခွင့်အရေးသည် နိုင်ငံတကာလုပ်ငန်းရှင်များအတွက် မျက်စိကျစရာ၊ လက်လွှတ်မခံနိုင်သောအခွင့်အရေးတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သူတို့၏ထုတ်ကုန်တွေကိုထုတ်ချင်ကြသည်။ မကြာမီ သူတို့ဝင်လာကြတော့မည်၊ ယခုလည်း အထိုက်အလျောက်တော့ဝင်ရောက်လာကြပြီဟု စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းကဆိုသည်။ မကြာမီ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)ကလည်း လက်တစ်ကမ်းအလိုတွင်ရှိနေသည်။

"ဆိုတော့ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ လုပ်ရကိုင်ရတာ ကျပ်လာတယ်။ တွက်ခြေမကိုက်တော့ဘူး" ဟု Farmer Phoyarzar General Services Co.,Ltd မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးထွန်းကပြောသည်။ ဟိုအရင်တုန်းကတော့ လုပ်ငန်းသာရလျှင်အမြတ်ရသည်။ လုပ်ငန်းအများစုကလည်း လက်ဝါးကြီးအုပ်ထားနိုင်သည့်သဘောရှိသလို အစိုးရကိုယ်တိုင်က

www.burmeseclassic.com

www.burmeseclassic.com



လည်း အခွင့်အရေးပေးထားသည်။

ဥပမာ–စားအုန်းဆီလိုပေါ့။ ကုမ္ပဏီတစ်ခုတည်းကို တင်သွင်းခွင့် ပေးထားတဲ့အတွက် သူရောင်းချင်တဲ့ဈေးနဲ့ရောင်းတယ်။ အရက်၊ ဘီယာဆို လည်း ကုမ္ပဏီနှစ်ခုလောက်ပဲ ခွင့်ပြုထားတော့ စားသုံးသူပြည်သူတွေအတွက် ရွေးချယ်စရာမရှိခဲ့ဘူး။ ဆိုတော့ လုပ်ငန်းရှင်တွေက ဘာလုပ်ငန်းပဲရရ အောင်မြင်နေတယ်။

"အခုရှုတ်တရက်ပြောင်းလိုက်တော့ ဈေးကွက်မှာ ယှဉ်ပြိုင်ရတာ တွေများပြီး အမြတ်ရဖို့ခက်ခဲလာတဲ့အခြေအနေတစ်ရပ်ဖြစ်လာတယ်"ဟု ဒေါက်တာစိုးထွန်းက ပြောသည်။

နှစ်ပေါင်း ၅၀ကျော်အတွင်းမှာ စီးပွားရေး၊ ငွေကြေး၊ လူ့စွမ်းအား အရင်းအမြစ်၊ နိုင်ငံတကာအတွေ့အကြုံ၊ ရည်မှန်းချက်ကအစ မရှင်သန်ခဲ့ ရသောကြောင့် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များတွင် နိုင်ငံခြားသား လုပ်ငန်းရှင်များကိုယှဉ်ပြိုင်နိုင်ဖို့ အားနည်းချက်များရှိခဲ့သည်ဟု ထွန်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌလည်းဖြစ်သူ ဦးသိန်းထွန်းက ယူဆသည်။

ထိုသို့ အားနည်းချက်များရှိနေချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ခေါ် အရင်းရှင်ဝါဒကို ရင်ဆိုင်ရမှာမို့ အစိုးရနှင့်တိုင်းရင်းသား လုပ်ငန်းရှင်များ ပေါင်းစည်းမှုအပြင် တိုင်းရင်းသားလုပ်ငန်းရှင်အချင်းချင်းသည်ပင် စည်း လုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ဖို့ အချိန်တန်နေပါပြီဟု ဦးသိန်းထွန်းက တိုက်တွန်းသည်။

"ဒီလိုမှမလုပ်ရင် ကမ္ဘာ့အရင်းရှင်စနစ်ကြီးရဲ့ လွှမ်းမိုးမှုအောက်ကို တဖြည်းဖြည်းရောက်ရှိသွားရင် ပြည်သူတွေဟာ ဖွင့်လိုက်တဲ့ဈေးကွက်စီးပွား ရေးစနစ်ရဲ့အခွင့်အရေးတွေကို မခံစားရဘဲနဲ့ မြို့ပေါ်ရှိတဲ့သူက ဆင်ခြေဖုံး၊ ဆင်ခြေဖုံးမှာရှိတဲ့သူတွေက တောင်ခြေကိုရောက်သွားကြလိမ့်မယ်" ဟု သူက ယုံကြည်နေသည်။

"ဒီလို ဈေးကွက်စီးပွားရေးစနစ်လို့ခေါ်တဲ့ အရင်းရှင်စနစ်ရဲ့ အောက်မှာ အကျိုးအမြတ်မခံစားရတဲ့ ပြည်သူတွေဟာ နာကြည်းပြီးတော့ တစ်နေ့ကျရင် ကမ္ဘာ့အရင်းရှင်စနစ်တော်လှန် ရေးကြီးများပေါ်လာမလားလို့ စိုးရိမ်မိတယ်"။

ဈေးကွက်စီးပွားရေးစနစ်ဖြင့် တိုင်းပြည်တံခါးဖွင့်ပေးလိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် များစွာအထောက်အကူပြုသည် မှန်သော်လည်း ဈေးကွက်ယှဉ်ပြိုင်မှုသဘောကို တောင့်မခံနိုင်သော ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များကတော့ ပျောက်ကွယ်သွားမည်မှာ အမှန်ပဲဟု မိမိတို့ရန်ကုန်တိုင်းမ်မှတွေ့ဆုံမေးမြန်းခဲ့သော စီးပွားရေး လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများက ဆိုပါသည်။

"အခုပြည်တွင်းကိုဝင်လာတဲ့ နိုင်ငံခြားသားလုပ်ငန်းတွေက နည်းတောင်နည်းနေသေးတယ်။ ပိုပြီးဝင်လာလေ ကိုယ့်တိုင်းရင်းသားလုပ်ငန်းတွေ လျော့သွားလေပဲ"ဟု စီးပွားရေးပညာရှင်ဒေါက်တာမောင်အောင်က ရန်ကုန်တိုင်းမ်သို့ ပြောသည်။

နိုင်ငံခြားသားလုပ်ငန်းရှင်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်လာသည့်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုပြင်းထန်လာလျှင် ဈေးနှုန်းသက်သာသော အရည်အသွေးကောင်းထုတ်ကုန်တွေကို ပြည်သူလူထုက ရွေးချယ်သုံးစွဲလာနိုင်မှာမို့ပြည်သူတွေအတွက်ကောင်းတယ်။ ဒါပေမဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေအတွက်တော့ မကောင်းဘူး"ဟု လှိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်ကဆိုသည်။

သူ၏စက်မှုဇုန်တွင်လည်း ဈေးကွက်ယှဉ်ပြိုင်မှုကို တောင့်မခံနိုင်သောကြောင့် စက်ရုံအများစုပိတ်သိမ်းခဲ့ရသည့်သာဓကများလည်း အမြဲတမ်းလိုလိုရှိသည်ဟု သူကပြောသည်။

## စည်းလုံးခြင်းသည် ခွန်အား

နိုင်ငံတကာအတွေ့အကြုံရှိ နိုင်ငံခြားသားလုပ်ငန်းကြီးများကို ယှဉ်ပြိုင်နိုင်ဖို့သည် တစ်ဦးတစ်ယောက်တည်းအားဖြင့်မရနိုင်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးဒေါက်တာမောင်အောင်က ဆိုသည်။

ပြည်တွင်းရှိ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ပထမအဆင့် လုပ်ငန်းတူအချင်းချင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့်ဝင်လာမည့် နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့် ဖက်စပ် လုပ်နိုင်အောင် ပူးပေါင်းရမည်ဖြစ်သည်။ သို့မှသာ မိမိတို့၏လုပ်ငန်းများ ရေရှည်တည်တံ့နိုင်လိမ့်မည်ဟု ဒေါက်တာမောင်အောင်ကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"AEC ကလဲဖြစ်လာပြီ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကလဲ အများကြီး ဝင်လာပြီဆိုရင် "ပူးလဲမပူးပေါင်းဘူး၊ ငါ့ဘာသာငါလုပ်မယ်"ဆိုတဲ့ လုပ်ငန်းတွေ၊ အမြင်ကျဉ်းတဲ့လုပ်ငန်းတွေ၊တိုးတက်မှုမရှိတဲ့ လုပ်ငန်းတွေ ကတော့ကျန်ခဲ့မှာပဲ။ တဖြည်းဖြည်း ပျောက်ကွယ်သွားမှာပဲ"။ သို့သော် လက်ရှိပြည်တွင်း စီးပွားရေးအဝန်းအဝိုင်းတွင် မြင်တွေ့နေရသည်က ကိုယ့်အချင်းချင်းခြေထိုးမှုများ၊ အပြန်အလှန်တိုက်ခိုက်မှုများသာ နေရာယူနေပြီး တကယ်တမ်းပေါင်းစပ်လုပ်ကိုင်သော လုပ်ငန်းအစုအဖွဲ့များမှ နည်းပါးနေသေးသည်ဟု ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌက ဆိုသည်။

"ဒီလိုတိုက်ခိုက်နေကြတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် အစီးကပ်တာ ကွာသွားတယ်။ Power ကို ငွေနဲ့ဝယ်ပြီးကစားနိုင်တဲ့ အရင်းရှင်ကြီးတွေမရှိသေးလို့ပေါ့။ ရှိရင်တော့ အစိုးရအဖွဲ့ထဲအထိကို မညီညွတ်မှုတွေ ရောက်သွားနိုင်တယ်"ဟု ၎င်းက မှန်းဆသည်။

အများနှင့်စုပေါင်းလုပ်ကိုင်ခြင်းသည် ကောင်းမွန်သောစနစ်တစ်ရပ် ဖြစ်သော်လည်း ကိုယ်ကျိုးရှာ၊ ရေတိုအကျိုးဖြစ်ထွန်းမှုကိုဦးစားပေးတတ်သော မြန်မာနိုင်ငံအတွက်တော့အောင်မြင်မှုမရခဲ့ဟု ကိုယ်တိုင်ကအများပိုင်ကုမ္ပဏီတစ်ခုတွင် အဖွဲ့ဝင်တစ်ဦးဖြစ်သူဒေါက်တာစိုးထွန်းက ယခုလို သုံးသပ်သည်။

"သမဝါယမဆိုရင် နိုင်ငံတကာမှာ အောင်မြင်တယ်။ မြန်မာပြည်မှာပဲမအောင်မြင်တာ၊ စနစ်ကကောင်းတယ်။ ကျွန်တော်တို့မှာက လူစုလိုက်ရင် ကိုယ်ကျိုးအတွက်ပဲအရင်စဉ်းစားတယ်။ သမအကျိုးနဲ့ ကိုယ့်အကျိုးကိုယှဉ်ရင် ကိုယ့်အကျိုးကိုပဲဦးစားပေးတယ်။ ဆိုတော့ ပေါင်းစုပြီး လုပ်လို့မရတဲ့ အခြေအနေဖြစ်နေတယ်"။

အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းပြီး ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်ရှိသော်လည်း ရေရှည်အကျိုးကိုမကြည့်သည့်အတွက် တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုနည်းလာပြီး ဖက်စပ်လုပ်ငန်းများပျက်စီးခဲ့ရဖူးသည်ဟု ၎င်းကထောက်ပြသည်။ "မိသားစုချင်းတောင်လုပ်မရတာ"ဟု ဒေါက်တာစိုးထွန်းက ပြောသည်။

ယခင်တုန်းက တပ်မတော်သားဆိုသူများကိုပဲ တစ်သွေး၊ တစ်သံ၊ တစ်မိန့်လို့ထင်ခဲ့ရသော်လည်း အရပ်သားများဖြစ်သော ပြည်သူများထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



လည်းပုံစံကျသည့် ပူးပေါင်းဆောင်ရွက်နိုင်မှုသည် ယနေ့အထိ အားနည်းနေတုန်းပဲ။ အသင်းအဖွဲ့များတွင်လည်း အမိန့်ပေးစနစ်သာ ရှေ့တန်းရောက်နေသည်။ အများသဘောတူသည့်ဆုံးဖြတ်ချက်ကို လိုက်နာတာမျိုးသည် မရှိသလောက်ကို နည်းနေသေးသည်ဟု သူကဆိုသည်။

"ဆိုတော့ ပေါင်းစပ်ရတာခက်လာတယ်။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို ကိုယ့်အချင်းချင်းလက်တွဲပြီး ယှဉ်ပြိုင်ဖို့အတွက် ခက်ခဲနေတုန်းပဲ"။

မြန်မာနိုင်ငံတွင်ရှိနေသော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ Mindset သည် "လုပ်ငန်းတူလုပ်ရင် ရန်သူလို့မြင်တယ်။ ဒါကို ပြောင်းရမယ်"ဟု ဒေါက်တာမောင်အောင်က ထောက်ပြသည်။

"အင်အားကြီးတဲ့သူတွေကိုပြိုင်ဖို့က ကိုယ့်မှာ အားရှိဖို့လိုတယ်။ အားရှိဖို့အတွက် လုပ်ငန်းတူအချင်းချင်းပေါင်းရမယ်"ဟု ၎င်းက ဆိုသည်။

အိမ်နီးချင်းတရုတ်နိုင်ငံတွင်တော့ TVE (Township and Village Enterprise) ခေသအလိုက်ဖွံ့ဖြိုးနေသည့်လုပ်ငန်းတူအချင်းချင်း ကျေးလက်မှသည် မြို့နယ်အဆင့်အထိ ပေါင်းစပ်လုပ်ကိုင်ကာ နိုင်ငံတကာသို့ပါ ထိုးဖောက်နိုင်သည်အထိ အောင်မြင်မှုရနေသည်ဟု ၎င်းကပြောသည်။

## စားဖားတွေ ညီညွတ်တာမလိုချင်

အမှန်တော့ ထိုစကားသည် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သောစကားဖြစ်သည်။ အဘယ်ကြောင့် ထိုစကားကို ပြန်သုံးရသည်ဆိုသော် စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းတွင်လည်း အချို့တိုင်းရင်းသားလုပ်ငန်းရှင်အချို့ ညီညွတ်ကြပါသည်။ သူတို့သည် သူတို့အုပ်စုအကျိုးစီးပွားအတွက် အစိုးရကိုချဉ်းကပ်ခြင်း၊ ဖားခြင်း၊ လုပ်ကိုင်ခွင့်ရအောင် စုပေါင်းတောင်းဆိုမှုများရှိနေသောကြောင့်ဖြစ်သည်ဟု ဝါရင့်စီးပွားရေးသမားကြီးတစ်ဦးကဆိုသည်။

ပူးပေါင်းလုပ်ကိုင်ရာတွင် ဘက်လိုက်မှုများရှိနေပြီး ရိုးသားမှုအားနည်းနေသည့်သဘောရှိသည်ဟု ဒေါက်တာစိုးထွန်းကပြောသည်။ "ကိုယ့်အကျိုးစီးပွားကို ဦးစားပေးတာက အကျင့်ပါနေပြီ၊ ယယ်ယယ်ကတည်းက ဖြစ်လာတယ်၊ မွေးရာပါကို ဖြစ်နေတာ"။

ဥပမာ–ခွေးလေးတွေ နို့စို့တဲ့အခါ အကောင်ကြီးတဲ့အကောင်က

www.burmeseclassic.com

www.burmeseclassic.com



နို့ကိုရအောင်စို့တာပဲ။ ဘယ်အကောင်ကိုပဲပိပိ။ စို့နိုင်တဲ့အကောင်က ပိုထွားလာတယ်။ သေးတဲ့အကောင်က အဖိခံနေရတော့ သိပ်မစို့နိုင်ဘူး။ နဂိုကတည်းက ကျွန်တော်တို့လူမျိုးတွေက မဝရေစာစားနေရတော့ ကိုယ့်ဝမ်းဝဖို့အတွက် ဦးစားပေးရင်းက ကျန်တဲ့သူကို မညှာတဲ့စိတ်ဖြစ်လာတယ်။ အစောက သမအသင်းလိုမျိုးအသင်းကြီးအောင်မြင်ဖို့က အချိန်ယူရမှာဆိုတော့ ကိုယ်အရင် အကျိုးအမြတ်ရအောင် လုပ်တဲ့သဘောပဲ။

တိုင်းရင်းသားလုပ်ငန်းရှင်အချင်းချင်းပူးပေါင်းပြီး အစိုးရကို ချဉ်းကပ်တဲ့အခါမှာ အစိုးရ၏မူဝါဒများသည်လည်း တကယ့်ပြည်သူကို အခြေမပြုဘဲ သူတို့ကိုယ်ကျိုးအတွက်ဖြစ်နေသည်ဆိုတာက အမှန်တရားပဲဟု ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

"ခမ္မမိဠ္ဌာန်ကျကျ ချဉ်းကပ်ဖို့၊ ပြောဖို့ဆိုဖို့လိုပါတယ်။ တစ်ဦးချင်း ကိုယ့်ကိုယ်ကျိုးအတွက် ပြောကြ၊ ဆိုနေကြတာတွေကို လျှော့ဖို့လိုပါတယ်"ဟု ဦးသိန်းထွန်းက ဆိုသည်။

"ဗိုလ်ချုပ်ပြောခဲ့သလို စားဖားတွေညီညွတ်တာကို မလိုချင်ဘူး"။

အများပိုင်ကုမ္ပဏီတွေကို မြန်မြန်နှင့်များများတည်ထောင်ပြီး နိုင်ငံတော်အစိုးရပိုင်းကလည်း သေချာစောင့်ကြည့်ကာ ပံ့ပိုးပေးဖို့လိုအပ်သည်။

"ဖွဲ့လိုက်တဲ့အများပိုင်ကုမ္ပဏီတွေကလဲ အားလုံးတော့ အကောင်းကြီးမဟုတ်ဘူး။ သူတို့အကျိုးစီးပွားအတွက် ပလက်ဖောင်းတစ်ခုလို့ မြင်ရင်တော့ မှားလိမ့်မယ်။ အချို့ပလက် ဖောင်းတစ်ခုလိုလုပ်နေကြတယ်"ဟု ဦးသိန်းထွန်းက သူမြင်တွေ့ရသည်ထဲက အချို့ကိုပြောပြသည်။

"ဖြစ်သင့်တာက တိုင်းပြည်သည် ပထမ၊ ပြည်သူသည် ဒုတိယ၊ အစိုးရသည် တတိယ၊ မိမိအသိုင်းအဝိုင်းသည် စတုတ္ထ၊ မိမိကိုယ်ကျိုးသည် ပဥ္စမဆိုပြီး တည်ဆောက်မှုပုံစံနဲ့ အကျင့်လက္ခဏာတွေ ဖြစ်သင့်တာ"။

## ပုံစံကျသော အမျိုးသားစီးပွားရေးစနစ်

ပြီးခဲ့သည့်လပိုင်းက နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွက် ပုံစံကျသော အမျိုးသားစီးပွားရေးစနစ်တစ်ရပ် လိုအပ်နေပြီဟု ပြောကြားသွားခဲ့သည်။ သို့သော် မည်သို့သောစနစ်ဟုတော့ အကျယ်တဝင့် ရှင်းပြမသွားခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ စနစ်တကျမရှိခဲ့သောအခြေအနေများတွင် ထုဆစ်ပုံသွင်းခြင်းခံရသည့် မြန်မာနိုင်ငံသားတွေသည် ပုံစံမကျဘဲဖြစ်နေခြင်းသည် သဘာဝကျသည်ဟုဒေါက်တာစိုးထွန်းကယူဆသည်။ အောက်ခြေအဆင့်ဆင့်ကနေ ချမ်းသာသောသူအဆင့်ဆင့်အထိ ပုံစံမကျသည့်အခြေအနေများဖြင့်သာကြီးပြင်းခဲ့ရသည်။ ထို့ကြောင့် အချင်းချင်းပေါင်းစပ်ဖို့၊ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့်ပေါင်းစပ်လုပ်ကိုင်နိုင်ခြင်းမရှိတာဟု ၎င်းကဆိုသည်။

"နိုင်ငံတကာကပုံစံနဲ့ ကိုယ့်ဆီမှာရှိတဲ့ပုံစံနဲ့ အံမဝင်ဘူးဖြစ်နေတယ်။ ဒါကြောင့် ပေါင်းစပ်ဖို့ခက်ခဲနေတာ"။

နိုင်ငံတကာစနစ်ထဲကိုဝင်နိုင်ပြီး ယှဉ်ပြိုင်နိုင်သည့်စနစ်ကို ပုံစံကျသည့် အမျိုးသားစီးပွားရေးစနစ်ဟု ဒေါက်တာမောင်အောင်က ယူဆသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့အတွက် စတင်စဉ်းစားကတည်းက ကိုယ့်ပြည်တွင်းဈေးကွက်လေးတင်မကြည့်ဘဲ ဂလိုဘယ်မားကက် (Global Market) ကို ကြည့် ဖို့လိုသည်ဟု ၎င်းကဆိုသည်။

## ရှင်သန်ခွင့်အတွက် စိန်ခေါ်မှုများ

မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များအတွက် အကြီးမားဆုံးပြဿနာသည် အရင်းအနှီးသာဖြစ်သည်။ လုပ်ငန်းလုပ်ကိုင်ပုံတွေက စနစ်မကျ၊မဟာဗျူဟာကျသော စီးပွားရေးအစီအစဉ်တွေမရှိ၊ စီးပွားရေး စီမံခန့်ခွဲမှုပုံစံတွေ မမှန်ခြင်းတို့သည် တိုင်းရင်းသား လုပ်ငန်းရှင်အများစုတွင် ရှိနေသည်။

တိုင်းပြည်အတွင်း နိုင်ငံခြားလုပ်ငန်းရှင်များ ယခုထက်ပိုမို ဝင်ရောက်လာပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC) အစီအစဉ်အရ ဒေသတွင်း နိုင်ငံများ၏ လွတ်လပ်စွာအပြန် အလှန်ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်ခွင့်တွေဖြစ်လာလျှင် ကိုယ်ချင်းကိုယ်ချင်းမဟုတ်တော့ဘဲ အရည်အသွေးအားဖြင့်လည်းကောင်း၊ အရေအတွက်အားဖြင့်လည်းကောင်း၊ ထုပ်ပိုးမှုပုံစံအားဖြင့်လည်းကောင်း၊ အဆိုးဆုံးကတော့ ဈေးနှုန်းအားဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည့် စိန်ခေါ်မှုများက ပြည်တွင်းလုပ်ငန်းရှင်များထံရောက်လာမည်မှာမလွဲပါဟု စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က တွက်ဆသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်ကိုဖွင့်လိုက်ပြီးသည့်နောက်တွင် နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို ဝင်မလာဖို့တော့ တားနိုင်မည်မဟုတ်။ နိုင်ငံတော်အစိုးရအနေဖြင့် အခွန်အခများဖြင့်ထိန်းချုပ်လို့မရနိုင်။ ပြည်တွင်း ဥပဒေများဖြင့်သာ ထိန်းကျောင်းနိုင်လိမ့်မည်။ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်း များ လုံခြုံမှုရှိဖို့အတွက် အစိုးရက အကာအကွယ်ပေးလိမ့်မည်ဟု ၄င်းက ယုံကြည်သည်။

"တကယ်တမ်း နိုင်ငံခြားသားတွေဝင်လာရင် ကိုယ့်လုပ်ငန်း ဆုံးရှုံးသွားမယ်ဆိုတာပဲသိတယ်။ ဘယ်လိုကျော်လွှားမယ်၊ ဘယ်လို အခွင့်အရေးတွေရှိတယ်ဆိုတာကိုသိအောင်မလုပ်ဘူး၊ လုပ်ဖို့လဲ မကြိုးစားတော့ဘူး။ ကြောက်တာပဲသိတယ်၊ ဘယ်လိုပြင်ဆင်ရမယ်ဆိုတာ ဘယ်သူမှ မသိဘူး"ဟု ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်အများစုအပေါ် အားမလို အားမရဖြင့် ဒေါက်တာမောင်အောင်က ပြစ်တင်သည်။

စီးပွားရေးလုပ်ငန်းသဘောအရ ကုန်ပစ္စည်းတစ်ခုထုတ်သည်နှင့် ဈေးကွက်ထဲတွင် အရှုံးခံပြီး ဈေးကွက်ကို ရအောင်ယူလေ့ရှိသည်။ နောက်ပိုင်း ဈေးကွက်ကိုရပြီဆိုတော့မှ ဈေးနှုန်းကိုမြှင့်ပြီး ဈေးကစားလေ့ရှိသည်။ "ဒါဟာ ဈေးကွက်ကိုတိုက်ယူတဲ့သဘောပဲ။ ဒီသဘောက နိုင်ငံခြားသား လုပ်ငန်းရှင်တွေအကြားမှာ သူတို့အချင်းချင်းတိုက်နေကြတယ်ဆိုပေမယ့် ပြည်တွင်းလုပ်ငန်းရှင်တွေကျတော့ မရပ်တည်နိုင်တော့ဘူး"ဟု Samsung ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် ဦးမြတ်သင်းအောင်ကပြောသည်။

လာမည့်၂၀၁၅ခုနှစ်တွင် ဖြစ်ပေါ်လာမည့် AEC-အာဆီယံစီးပွားရေး အသိုက်အဝန်းတွင်တော့ အဖွဲ့ဝင်နိုင်ငံတိုင်းက လူဦးရေသန်း ၆၀၀မျှရှိသော အာဆီယံဈေးကွက်ကြီးထဲတွင် တန်းတူညီတူဈေးကွက် ယှဉ်ပြိုင်နိုင်တော့မည်ဖြစ်သည်။ ကိုယ့်ပြည်တွင်းဈေးကွက်ကို တစ်ဖက်လူက ဝင်ရောက်ရောင်းချနိုင်သလို ကိုယ့်ကုန်ပစ္စည်းကိုလည်း တစ်ဖက်လူ၏ ဈေးကွက်ကို သွားရောက်ရောင်းချခွင့်ရှိသည်။

"ဒါပေမဲ့ကိုယ်က မထုတ်လုပ်နိုင်တဲ့အတွက်၊ ကိုယ်က သူတို့ဆီကို သွားမရောင်းနိုင်တဲ့အတွက် ကိုယ်ရမယ့်အခွင့်အရေးတွေ ဆုံးရှုံးသွားရတာ။ တဖြည်းဖြည်းနဲ့ကိုယ်က ဝယ်စားရတဲ့သူပဲ ဖြစ်သွားတယ်၊ သုံးစွဲသူ သက်သက်ပဲဖြစ်သွားမယ်"ဟု ဦးမြတ်သင်းအောင်က သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားသားတွေကနေပြီး သူတို့ရဲ့စီးပွားရေးကိုခြယ်လှယ်သွားမှာကို စိုးရိမ်တယ်"။

## လုပ်ငန်းပိုင်ဆိုင်ခွင့် ပျောက်ဆုံးလာ

ဈေးကွက်စီးပွားရေးစနစ်တွင် လောဘတကြီးစွတ်သွားနေရင်တော့ ထိုစနစ်၏ ဘေးထွက်ဆိုးကျိုးများကို ခံစားရလွယ်သည်။ နိုင်ငံတကာတွင် အောင်မြင်နေပြီးဖြစ်သည့် နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို မိမိတို့တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ယှဉ်ပြိုင်နိုင်ဖို့ဆိုသည်က မေးခွန်းထုတ်စရာပင်မလိုပါ။ ကမ္ဘာ့စီးပွားရေးတွင် စီးပွားရေးကော်ပိုရေးရှင်းကြီး ၁၁၀ကနေ ကမ္ဘာ့တိုင်းပြည်များ၏စီးပွားရေးတွင် ရာခိုင်နှုန်း ၅၀စီခန့် အုပ်စိုးထားသည်ဟု ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌက ဆိုသည်။

လူဦးရေသန်း ၂၆၀ခန့်ရှိသော အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်လူမျိုးအပါအဝင် ခုနစ်သန်းခန့်ရှိသော နိုင်ငံခြားသားလုပ်ငန်းရှင်များက တိုင်းပြည်စီးပွားရေး၏ ရာခိုင်နှုန်း၆၀လောက်ကို ပိုင်ဆိုင်ထားသည်။ လူဦးရေ ၂၇ သန်းရှိသော မလေးရှားနိုင်ငံတွင်လည်း ၁၈ ရာခိုင်နှုန်းသော နိုင်ငံခြားသားလုပ်ငန်းရှင်များက မလေးရှား၏ချမ်းသာကြွယ်ဝမှုတွင် ရာခိုင်နှုန်း ၆၀လောက်အထိ နေရာယူထားသည်။ အလားတူ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်း ရာခိုင်နှုန်း၂၀ခန့်ရှိသော နိုင်ငံခြားအမျိုးအနွယ်လုပ်ငန်းရှင်များက တိုင်းပြည်စီးပွားရေး၏ ၇၅ ရာခိုင်နှုန်းလောက်အထိ ပိုင်ဆိုင်ထားသည်ဟု အမည်မဖော်လိုသူ ဝါရင့်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"မြန်မာနိုင်ငံမှာတော့ နိုင်ငံခြားသားလို့ ပြောလို့မဖြစ်တဲ့ နိုင်ငံခြားအမျိုးအနွယ်တွေက တိုင်းပြည်လူဦးရေရဲ့ ၁၂ရာခိုင်နှုန်းလောက်ရှိတယ်။ သူတို့က တိုင်းပြည်စီးပွားရေးရဲ့ ရာခိုင်နှုန်း ၆၀ လောက်အထိပိုင်တယ်" ဟု အဆိုပါလုပ်ငန်းရှင်က ခန့်မှန်းသည်။

"နိုင်ငံရေးသမားတွေ သိပ်ပြောလေ့မရှိဘူး။ နိုင်ငံသားတွေအတွက် Ownership က အရေးအကြီးဆုံးပဲ"။

ထိုအချက်အလက်များသည် တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို လျော့ကျသွားစေတာမဟုတ်ဘဲ တစ်ဖက်ကလုပ်ငန်းတွေက ကြီးလာသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လုပ်ငန်းအသေးတွေလျော့သွားသည့်သဘောဖြစ်သည်ဟု စီးပွားရေး ပညာရှင် ဒေါက်တာမောင်အောင်က သုံးသပ်သည်။

လှိုင်သာယာစက်မှုဇုန်၏ဥက္ကဋ္ဌဖြစ်သူ ဦးမြတ်သင်းအောင်ကတော့ မြန်မာနိုင်ငံရှိလုပ်ငန်းတိုင်းတွင် နိုင်ငံခြားသွေးနှောသည့် လုပ်ငန်းရှင်များ သည် ရာခိုင်နှုန်းစဝအထက်တွင်ပင်ရှိနိုင်ကြောင်း တွက်ဆသည်။

“အထူးသဖြင့် တရုတ်၊ ကုလားတွေကပိုများတာ။ ဒါပေမဲ့ တိုင်း ပြည်ဖွံ့ဖြိုးဖို့အတွက် လူမျိုးရေးခွဲခြားလို့မရပါဘူး။ အဓိက သူတို့နဲ့ပူးပေါင်း လုပ်ကိုင်နိုင်ဖို့တော့လိုတယ်။ နိုင်ငံခြားသားသွေးပါလို့နှိမ်လို့မဖြစ်ဘူး”ဟု ဦးမြတ်သင်းအောင်က ဆိုသည်။

ထိုကဲ့သို့အခြေအနေမျိုးတွင် တိုင်းရင်းသားလုပ်ငန်းရှင်အချင်းချင်း မညီမညွတ်ဘဲ တစ်ဦးကိုတစ်ယောက်က အမြဲတမ်းခြေထိုး၊ ချောက်ချနေ သည်များမှာ မသင့်တော်တော့ဟု ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌက ဆိုသည်။ အထက်ပါအချက်အလက်များသည် ကမ္ဘာ့အရင်းရှင်စနစ်ကြီးလွှမ်းမိုးကာ နိုင်ငံခြားသားများ၏လက်တွင်းသို့ မြန်မာနိုင်ငံ၏စီးပွားရေး အဖတ်ဆည် မရသည့်အဆင့်အထိ ရောက်သွားနိုင်သည်ဟု သူကယူဆသည်။

“တဖြည်းဖြည်းနဲ့ ယိုးဒယားလိုပဲ အဲဒီလူတွေရဲ့လက်ထဲမှာ တိုင်း ပြည်ရဲ့အာဏာ ရောက်သွားလိမ့်မယ်။ နောက်ဆုံးကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု တွေ၊ မျိုးရိုးဂုဏ်၊ ဇာတိဂုဏ်တွေကို သူတို့လက်ထဲရောက်သွားမယ်”။

ဥပမာ–အထည်ချုပ်လုပ်ငန်းကိုကြည့်လျှင် စက်ရုံ၏ ရှေ့ထွက် ပိုင်ဆိုင်သူများမှာ မြန်မာလူမျိုးများသာဖြစ်နေပြီး သူတို့သည် တရုတ်၊ ထိုင်ဝမ်၊ ဟောင်ကောင်စသော နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ အမည်ခံ များသာဖြစ်ကြသည်ဟု ဒေါက်တာစိုးထွန်းကဆိုသည်။

“အစိုးရကသိလျက်နဲ့ မျက်စိမှိတ်နေကြတယ်။ ဒါတွေက အလုပ် သမားပြဿနာတစ်ခုခုဖြစ်တိုင်း ဒါတွေချက်ချင်းပေါ်တာပဲ”ဟု ဦးမြတ်သင်း အောင်က ထောက်ခံသည်။

ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာလိုဖြစ်နေသည်မို့ နိုင်ငံခြားသားများ ဝင်ရောက်လာသည်ကိုလည်း တားလို့မရသည့်အခြေအနေတွင် “[illegible]က်တာက သေးငယ်တဲ့တိုင်းရင်းသားလုပ်ငန်းရှင်တွေကိုယ်တိုင်က စည်းလုံးညီညွတ်မှု မရှိဘူး။ ရှေးရိုးအတိုင်းပဲသွားနေမယ်ဆိုရင်တော့ အားကြီးတဲ့သူတွေရဲ့

www.burmeseclassic.com



နင်းရျေတာခံရမှာပဲ”ဟု Farmer Auto Show room မှ ဒေါက်တာစိုးထွန်းက မှတ်ချက်ပြုသည်။

မိမိတို့ကိုယ်တိုင်က တစ်ဦးတစ်ယောက်တည်းအနေဖြင့် ဘာတစ်ခုမှ ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သည့်အဆုံးတော့ လုပ်ငန်းတူအချင်းချင်း၊ စိတ်တူကိုယ်တူအချင်းချင်းပေါင်းစပ်လုပ်ကိုင်မှုကိုသာ သူ့အနေဖြင့် လက်ခံကြောင်း ဒေါက်တာစိုးထွန်းကဆိုသည်။ သူကယခုလိုလည်း ဥပမာတစ်ခုပေးပါသည်။

“တောနက်တစ်ခုထဲမှာ အကောင်ကြီးတဲ့သူတွေက တစ်ကောင်တည်းနေနိုင်တယ်ဆိုပေမယ့် အကောင်သေးတဲ့သူတွေကတော့ စုဖွဲ့ပြီးနေနိုင်မှ အားကြီးမယ်။ ပြည်တွင်းလုပ်ငန်းတွေလဲ လုပ်ငန်းတူချင်း စုဖွဲ့ဖို့လိုတယ်။ စုဖွဲ့တဲ့နေရာမှာလဲ ရိုးသားမှုကို အခြေခံပြီးသွားမှရမယ်။ ဒီလိုမှမဟုတ်ရင် အင်အားကြီးတဲ့သူတွေဝင်လာတဲ့အခါ ကျွန်တော်တို့ဟာ သူတို့ရဲ့ လက်ဝေခံတွေ၊ အရောင်းကိုယ်စားလှယ်တွေပဲဖြစ်သွားလိမ့်မယ်”။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၁၀) အမှတ် (၁၈)*

www.burmeseclassic.com

www.burmeseclassic.com




# အမေရိကန်၏ ပိတ်ဆို့ဒဏ်ခတ်မှုလမ်းစဉ် ပြန်သုံးသပ်ချိန်တန်ပြီလား

www.burmeseclassic.com

www.burmeseclassic.com

## အမေရိကန်၏ ပိတ်ဆို့ဒဏ်ခတ်မှုလမ်းစဉ် ပြန်သုံးသပ်ချိန်တန်ပြီလား

စစ်တပ်အာဏာသိမ်းပြီးကတည်းက ပန်းမသင့်တော့သည့် မြန်မာ–အမေရိကန်ဆက်ဆံရေး။ ဒီမိုကရေစီအရေးလှုပ်ရှားသူတွေကို ဖိနှိပ်၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြောင်ကျကျပြုမူခဲ့သည့် တပ်မတော်အစိုးရကြီးစိုးသော မြန်မာနိုင်ငံကို အမျိုးမျိုးဖိအားပေးခဲ့သည့် အမေရိကန်၏ စီးပွားရေးအရ အဆက်အဆံမလုပ်ဖို့ စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုများကို ၁၉၉၇ ခုနှစ် မေ ၂၀ ရက်တွင် ချမှတ်ခဲ့သည်က အထင်ရှားဆုံးသာကေတ။ ယနေ့ထက်ထိ ထိုသကေတ၊ ဆန်ရှင်(Sanctions)က ပျောက်မသွားသေး။

ဆယ်စုနှစ်အတော်ကြာအောင် စစ်တပ်အုပ်ချုပ်နေရာမှာ ၂၀၁၁ ခုနှစ်မှာတော့ ဗိုလ်ချုပ်ကြီးဟောင်းဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့

www.burmeseclassic.com



တက်လာသည်။ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲရေးကို ကြွေးကြော်သည်။

ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ဖို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့၊ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးဖို့စသဖြင့် အမေရိကန် သည်းခြေကြိုက် စကားလုံးများကို မီဒီယာများမှတစ်ဆင့် မြန်မာအစိုးရက ပစ်လွှတ်သည်။ အိပ်မောကျနေသော ကိုရွှေသိန်းငှက်တို့ မျက်လုံးဖွင့်လာသည်။ အသံလာရာကို ကြည့်သည်၊ လေ့လာသည်၊ တောင်ပံဖြန့်၊ ခြေဆန့်တော့သည်။

ထိုအချိန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကိုယ်တိုင် မြန်မာနိုင်ငံကိုရောက်လာသည်။ နောက် အမေရိကန်သမ္မတအိုဘားမားကိုယ်တိုင် မြန်မာနိုင်ငံကိုရောက်လာသည်။ မြန်မာသမ္မတဦးသိန်းစိန်လည်း အမေရိကန်နိုင်ငံကိုသွားခဲ့သည်။ ရွှေလမ်းငွေလမ်းဖောက်ခဲ့သည်။

ပြည်တွင်းစစ်ကို ချုပ်ငြိမ်းဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရအောင်လုပ်ဖို့၊ အပစ်အခတ်တွေရပ်ဖို့၊ စစ်တပ်မှ စီးပွားရေးလုပ်နေတာကို လျှော့ချဖို့၊ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ စသဖြင့် နှစ်ဖက်ညှိနှိုင်းမှုတွေကတစ်ဆင့် နှစ်နိုင်ငံအကြား ကတိကဝတ်များထားရှိခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုအသက်သင်လှုပ်ရှား။ လက်ရှိမြန်မာ-အမေရိကန်ဆက်ဆံရေးအခြေအနေသည် အထွတ်အထိပ်ကို ရောက်နေပြီးနှစ်ပတ်တစ်ကြိမ်နီးပါးလောက်ကို အမေရိကန်အစိုးရအဖွဲ့ဝင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ မြန်မာပြည်အတွင်း အသွားအလာများရှိခဲ့သည်။

သို့သော် အခုလိုနှစ်နိုင်ငံအကြား ကတိကဝတ်များဖြင့် ဆက်ဆံရေးရေချိန်မြှင့်ဖို့ အရှိန်ယူနေဆဲမှာပင် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုဥပဒေကို ပြီးခဲ့သည့်မေ ၅ ရက်က နောက်ထပ်သက်တမ်းတစ်နှစ်တိုးခဲ့သည်။ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး တည်တံ့ခိုင်မြဲဖို့ဟုအကြောင်းပြသည်။ ထို့အပြင် နိုင်ငံရေးအရ လုပ်ခွင့်ကိုင်ခွင့်တွေက လမ်းပွင့်စအနေအထားတွင်သာရှိနေသေးသလို ရခိုင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ပဋိပက္ခများဆက်ဖြစ်နေဆဲအပြင် နိုင်ငံရေးနှင့် စီးပွားရေးကဏ္ဍတွင်လည်း စစ်တပ်အခန်းကဏ္ဍဆက်ရှိသေးသောကြောင့်ဟု အကြောင်းပြသည်။ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများရှိနေသည်မှန်သော်လည်း ပို

www.burmeseclassic.com

www.burmeseclassic.com



မှန်အနေအထားမရောက်သေးသလို အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒနှင့် အမျိုးသားလုံခြုံရေးကိုပါ ခြိမ်းခြောက်နေဆဲဖြစ်တာကြောင့် အနေလိုသက်တမ်းတိုးလိုက်ခြင်းဖြစ်သည်ဟု ဆိုပါသည်။

နဂိုကတည်းက အမေရိကန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးကြီးမားမားဝင်ရောက် ရင်းနှီးမြှုပ်နှံထားတာမရှိသေးသည့်အတွက် အနေလိုဆန့်ရှင်ကို သက်တမ်းတိုးလိုက်ခြင်းကြောင့် မြန်မာနိုင်ငံအတွက်တော့ ထပ်ပြီး ထိခိုက်စရာမရှိနိုင်ဟု အမေရိကန်–အာဆီယံစီးပွားရေးကောင်စီ၏ စီးပွားရေးအကြံပေး ဦးချစ်ထွန်းဖေက ရန်ကုန်တိုင်းမ်ကို ပြောပါသည်။

ထိုအချက်ကိုထောက်ခံပြီး မြန်မာနိုင်ငံမှ ပြည်သူပြည်သားများအနေဖြင့်အမေရိကန်ဆန့်ရှင်ကို နှစ်ပေါင်းများစွာကြုံတွေ့ခဲ့ပြီးပြီမို့ "နေသားကျနေပါပြီ၊ ထူးပြီးတော့ မနစ်နာတော့ပါဘူး"ဟုလည်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကလည်း ဆိုပါသည်။

သို့သော် တိုင်းပြည်စီးပွားရေးချွတ်ခြုံကျ၊ အဘက်ဘက်မှ နိမ့်ကျဆင်းရဲခဲ့ရသည်ကာ ဆန့်ရှင်၏ပယောဂကြောင့်ဟု မြန်မာလုပ်ငန်းရှင်အများစုလက်ခံထားသည်။ ဆန့်ရှင်ကိုမလိုလား။ ဒါကြောင့်လည်း ၂၀၁၂ခုနှစ်ဇူလိုင်လမှာ 'ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းရှိသော ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်နေသော မြန်မာနိုင်ငံအပေါ်ချ မှတ်ထားသည့်ပိတ်ဆို့အရေးယူမှုအား အမြန်ဆုံးရုပ်သိမ်းပေးရန်' အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းဝါနုက တင်သွင်းခဲ့သည်မဟုတ်ပါလား။

မိမိတို့ရန်ကုန်တိုင်းမ်မှမေးမြန်းခဲ့သော ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များကလည်း မြန်မာနိုင်ငံအတွက် အမေရိကန်ဆန့်ရှင်မရှိသင့်တော့ဟု သုံးသပ်သည်။ အထူးသဖြင့် ဆန့်ရှင်ကြောင့် မြန်မာနိုင်ငံအတွင်းဝင်ရောက်လာမည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများကိုလက်လွှတ်ခဲ့ရသည်ဟု ဆိုကြသည်။

အမေရိကန်ဆန့်ရှင်သည် စစ်တပ်အစိုးရအတွက် ရည်ရွယ်ပြီးပစ်မှတ်ထားပိတ်ဆို့ဒဏ်ခတ်ခဲ့ပေမယ့် တကယ်တမ်းထိခိုက်နစ်နာသည်ကမြန်မာပြည်သူလူထုသာဖြစ်နေခြင်း၊ မှန်ကန်သောစီးပွားရေးလုပ်ငန်းများ

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းယှဉ်ပြိုင်မှုမရှိခြင်းကြောင့် ပြည်သူလူထုအတွက် အခြေခံစားကုန်ကအစ လူသုံးကုန်ပစ္စည်းများအားလုံးရွေးချယ်စရာမရှိခြင်း စသဖြင့်အကြောင်းတရားများစွာကိုထောက်ပြကာ အမေရိကန်၏ဆန်ရှင်မူဝါဒကို ပြန်လည်သုံးသပ်ဖို့ ထောက်ပြနေကြခြင်းဖြစ်သည်။

အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ၏ စီးပွားရေးအကြံပေး ဦးချစ်ထွန်းဖေကတော့ အမေရိကန်၏ ပိတ်ဆို့ဒဏ်ခတ်ရေးမူဝါဒကို ပြန်သုံး သပ်သင့်သည့်အပြင် လက်တွေ့ကျကျ စီးပွားရေး လုပ်ငန်းများလုပ်နိုင်အောင် တွန်းအားပေးသင့်သည်ဟု ယူဆသည်။

## တိုင်ပင်ကိုက် ပြောင်းလဲမှု

"ဆန်ရှင်ဟာ နိုင်ငံရေးကစားဖို့အတွက် Tool(ကိရိယာ)ပဲ။ ဒါပေမဲ့ အဖြေမဟုတ်ဘူး။ လူတွေကို လိုသလိုပုံသွင်းဖို့၊ ထိန်းချုပ်ဖို့အတွက်အသုံးပြုတဲ့သဘောပဲ"ဟု ဦးချစ်ထွန်းဖေက ပြောသည်။ ဆန်ရှင်သည် စီးပွားရေးလုပ်ကိုင်သူများအတွက် အခက်တွေ့ရုံ၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဟန့်အတားဖြစ်ရုံကလွဲပြီး ဆန်ရှင်ကြောင့်တော့ နိုင်ငံများပြောင်းလဲလာသည့်သဘောမရှိခဲ့ဟု ၎င်းက သုံးသပ်သည်။

၁၉၉၇ခုနှစ်ကတည်းက ဆန်ရှင်အလုပ်ခံထားရသည့် မြန်မာနိုင်ငံသည် ယခုလိုစစ်အစိုးရကနေ ဒီမိုကရေစီအရိပ်အယောင်များနှင့် ပြုပြင်ပြောင်းလဲမှုတချို့ကိုပုံဖော်လာခဲ့သည်မှာ အမေရိကန်ဆန်ရှင် တစ်ခုတည်းကြောင့်မဟုတ်ဟုသူကလက်ခံသည်။ "ပြောင်းချင်လို့ကို ပြောင်းတာ၊ ဒါအမှန်တရားပဲ။ အထူးသဖြင့်မြန်မာ့ရဲ့စိတ်ကပိုဆိုးတယ်။ မြန်မာတွေရဲ့ဗီဇကိုက သူများပြောတိုင်းလုပ်တာမဟုတ်ဘူး။ လုပ်ချင်ရာလုပ်တဲ့အလေ့ရှိတယ်။ သူများကပြောရင် ပိုတောင်မပြောင်းဘဲနေဦးမယ်"ဟု ဦးချစ်ထွန်းဖေက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့်က အမေရိကန်နှင့်မပေါင်းရလည်း အိမ်နီးချင်း တရုတ်နိုင်ငံ၏ အကူအညီများရသည်။ ကျန်သောအာဆီယံနိုင်ငံများနှင့်ပေါင်းလို့ရသည်။ ဗီယက်နမ်တို့၊ တရုတ်တို့လိုမျိုး နမူနာများရှိနေပြီး စဉ်အာဏာရှင်အတိုင်း ဆက်သွားနိုင်သည့်အနေအထားများရှိနေသည်ဟု ၎င်းက ထောက်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို စီးပွားရေးပညာရှင်ဦးစောမြင့်မောင်ကလည်း လက်ခံသည်။ ပွင့်ပွင့်လင်းလင်းပြောရရင် မပြောင်းလဲဘဲနေရင်လည်း စစ်တပ်ကလူတွေနေနဲ့ သူတို့ရဲ့ပုဂ္ဂလိက အကျိုးစီးပွားကို ကာကွယ်နိုင်သည်။ ပြည်သူတွေကသာ နစ်နာမှာဟု အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်လည်းဖြစ်သူ ဦးစောမြင့်မောင်က ဆိုသည်။

"သူတို့ကတော့ မပြောင်းရင်လဲမဆင်းရဲဘူး၊ သူတို့ရဲ့ အကျိုးစီးပွားကို အခိုင်အမာတည်ဆောက်ထားပြီးသား။ ဆိုတော့ ဒီလူတွေရဲ့ ပြောင်းချင်တဲ့စိတ်ကလေးကိုတော့ ယုံကြည်ဖို့လိုတယ်၊ အသိအမှတ်ပြုဖို့လိုတယ်။ တကယ်ပြောင်း ချင်လို့မဟုတ်ပါဘူး။ စစ်တပ်ကလူတွေပဲဆိုပြီး မျက်စိမှိတ်ငြင်းနေမယ်ဆိုရင်တော့ ဒါဟာ သဘာဝမကျဘူး၊ လက်တွေ့မကျဘူးလို့ပဲပြောရမှာ"။

အခုလိုအမေရိကန်အနေဖြင့် ဆန့်ရှင်မူဝါဒကို သက်တမ်းထပ်တိုးလိုက်ခြင်းသည် မြန်မာအစိုးရ၏ နှစ်နိုင်ငံအကြားရှိပြီးသား ကတိကဝတ်များကနေ သီးပွင့်လာသော ဖွံ့ဖြိုးမှုလေးတချို့ကို အသိအမှတ်မပြုရာရောက်သည်ဟု စီးပွားရေးပညာရှင်ဦးစောမြင့်မောင်က ယူဆသည်။ မူရင်းစစ်တပ်မှလာသောအစိုးရအဖွဲ့မို့ ဒီမိုကရေစီအစစ်မဟုတ်ပါဘူးလို့ ကောက်ချက်ချလိုက်သည့် သဘောပဲဟု ဆိုသည်။

တကယ်တော့ မြန်မာနိုင်ငံအပေါ် ဆက်လက်ပိတ်ဆို့မှုများပြုလုပ်လိုက လုပ်နိုင်သည့်အနေအထားတွင် ရှိသည်။ မြန်မာနိုင်ငံ၏ပြောင်းလဲမှုကို အသိအမှတ်မပြုဘဲနေနိုင်သည်။ သို့သော် အမေရိကန်တွင်လည်း သမ္မတအိုဘားမား တက်လာပြီးနောက်ပိုင်း မူဝါဒတချို့ပြောင်းလဲလာသည်။

အရင်အစိုးရများမလုပ်ခဲ့သည့် အသစ်အဆန်းများကို သူတို့ဖန်တီးလိုကြသည်။ သို့နှင့်ကာလအတန်ကြာလျှော့ချထားခဲ့သည့် မြန်မာနှင့်ဆက်ဆံရေးကိုသတိဝင်လာသည်။ ဆက်ဆံရေးတိုးမြှင့်ဖို့အတွက် လမ်းရှာသည်။ အမေရိကန်သမ္မတအိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့က မြန်မာပြည်အကြောင်းကို စိတ်ဝင်တစားရှိသည်။ မြန်မာကလည်း ပြောင်းနေသည်။

"သူပြောင်းတဲ့အချိန်နဲ့ ကိုယ်ပြောင်းတဲ့အချိန်က တိုင်ပင်သွားကိုက်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်"ဟု ဦးချစ်ထွန်းဖေက ဆိုသည်။ သိပ်မကြာခင်မှာပဲ အသိမှတ်ပြု စရာများကိုရှာကြံပြီး မြန်မာနိုင်ငံနှင့် ဆက်ဆံရေးသစ်ကို ပုံသွင်းလာခဲ့သည်။

မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံအတွက် စီးပွားရေးအရ အရေးပါမှုသိပ်မရှိပါ။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံနှစ်ခုဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြားရှိနေခြင်းက ပထဝီဝင်နိုင်ငံရေးအရ အရေးကြီးသည့် နိုင်ငံဖြစ်နေသောကြောင့် မြန်မာကိုအမေရိကန်တို့ စိတ်ဝင်စားလာခြင်းဖြစ်သည်ဟု ဦးချစ်ထွန်းဖေကဆိုသည်။ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံမှ ကမ္ဘာ့သြဇာတိက္ကမကြီးမားသော ဒေါ်အောင်ဆန်းစုကြည်လို လူမျိုးကလည်း သူတို့အတွက်ပုဂ္ဂိုလ်ရေးစိတ်ဝင်စားစရာဖြစ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကို သူတို့က လေးစားသည်။ ထို့ကြောင့် မြန်မာပြည်အရေးကို ထည့်သွင်းစဉ်းစားလာ ခြင်းဖြစ်နိုင်သည်ဟု ၎င်းတို့က ခန့်မှန်းသည်။

"တကယ်တမ်းပြောရရင် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ပြောင်းခဲ့တာက ဟီလာရီကလင်တန်ပဲ။ နောက်သမ္မတ အိုဘားမားပေါ့"။ ထို့ပြင် အာဆီယံဒေသတွင်း အနေအထားအရ မြန်မာနိုင်ငံသည် အာဆီယံဈေးကွက်အတွက်အရေးပါခဲ့သည်။ အမေရိကန်၏ အာရှမဟာဗျူဟာ(Asia Strategy)အရလည်း မြန်မာနိုင်ငံက အရေးကြီးသည်။ မြန်မာနိုင်ငံကိုသာ မိတ်ဆွေလုပ်နိုင်လျှင် စင်ကာပူ၊ ထိုင်း၊ အိန္ဒိယတို့ပါဝင်သည့် သူတို့၏ အာရှမဟာဗျူဟာက အထိုက်အလျောက် အားကောင်းမည်ဟု သူတို့ကယူဆသည်။ ထို့ကြောင့် "မြန်မာနိုင်ငံကို ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးပိုင်းဆိုင်ရာတွေမှာဖွံ့ဖြိုးဖို့အတွက်ကူညီပေးဖို့ သူတို့ စိတ်ဝင်စားခဲ့တယ်"ဟု ဦးချစ်ထွန်းဖေက သုံးသပ်သည်။

## ဆန်ရှင်ဖြေလျှော့မှု

၂၀၁၂ခုနှစ် နိုဝင်ဘာလ သမ္မတအိုဘားမား မြန်မာပြည်ကို မလာခင်လေးမှာ သူတို့ရဲ့ဆယ်နှစ်ကျော်ကြာပြီဖြစ်သည့် စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုကိုလျှော့ပေါ့ပေးခဲ့သည်။ ယခင်က တစ်နိုင်ငံလုံးက လုပ်ငန်းများကို ရည်ရွယ်ပိတ်ဆို့ထားခဲ့ရာမှ ရွေးချယ်ပစ်မှတ်ထားပြီး ပိတ်ဆို့မှုပုံစံကို ပြောင်းခဲ့သည်။

"လုံးဝဥဿုံဆန်ရှင်မလုပ်တော့ဘဲ ဖြေလျှော့မှုတွေ လုပ်ပေးလာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လက်နက်ရောင်းဝယ်မှုလောက်ပဲ ပိတ်ဆို့ထားတာရှိတော့တယ်"ဟု မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာမောင် မောင်လေးကဆိုသည်။ နှစ်ပေါင်းများစွာကြာအောင် ဥပဒေများဖြင့်အခိုင်အမာ ပိတ်ဆို့ထားသည်ကို သမ္မတအိုဘားမားအစိုးရအနေဖြင့် ချက်ချင်းကြီးတော့ ပြန်ဖွင့်ပေးဖို့ လွယ်ကူမည်မဟုတ်ဟု သူကနားလည်သည်။

အမေရိကန်မှာက မြန်မာနိုင်ငံဒီမိုကရေစီအရေးနှင့်ပတ်သက်ပြီး Burma Freedom Act တို့၊ Anti JADE Law တို့လိုမျိုးဥပဒေများအပြင် အမိန့်ညွှန်ကြားစာအဆင့်ဆင့်ဖြင့် ပိတ်ဆို့အရေးယူထားခြင်းမို့ လွယ်လွယ်နှင့်ပယ်ဖျက်လို့မရနိုင်ကြောင်း စီးပွားရေးပညာရှင် ဦးလှမောင်က ထောက်ပြသည်။ မြန်မာနိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ဆန့်ရှင်ကြောင့် ရှေ့ဆက်လုပ်မရသည့်အခက်အခဲတွေ အများကြီးရှိပါသည်။ "အဓိကအားဖြင့် ငွေကြေးလည်ပတ်မှုမှာအခက်အခဲအဖြစ်ဆုံးပဲ" ဟု ဦးလှမောင်က ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် အမေရိကန်အပေါ် မှီခိုချင်လွန်းလို့ ဆန့်ရှင်ရုပ်သိမ်းပေးဖို့ တောင်းဆိုနေရခြင်းမဟုတ်ဘူး။ အမေရိကန် ကိုင်တွယ်ထားသော ငွေကြေးစနစ်သည် နိုင်ငံတကာနှင့်ချိတ်ဆက်နေခြင်းကြောင့်ဖြစ်သည်ဟု အမေရိကန်-အာဆီယံစီးပွားရေးကောင်စီအကြံပေးက ပြောသည်။ အမေရိကန် စတော့ဈေးကွက်ကိုချိတ်ဆက်ထားသည့်မည်သည့်နိုင်ငံမှ ကုမ္ပဏီမဆို သူတို့ဥပဒေအရ အကျုံးဝင်စားခွင့်ရှိသည်။

ဥပမာ-ဂျပန်က ကြီးကြီးမားမားလုပ်ငန်းတစ်ခုက အမေရိကန် စတော့မှာဝင်ထားမယ်ဆိုရင် သူက မြန်မာနိုင်ငံကိုလာချင်ရင်တောင် အမေရိကန်ဥပဒေနဲ့အကျုံးဝင်နေတဲ့အတွက် မြန်မာနိုင်ငံကိုလာဖို့ အခက်အခဲရှိတယ်။

လက်ရှိအမေရိကန်ဆန့်ရှင်ဖြေလျှော့ထားမှုသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များအတွက် ပိုပြီးလုပ်ရကိုင်ရတာ အကျပ်ရိုက်စေသည်ဟု ဦးချစ်ထွန်းဖေက ယူဆသည်။

"စီးပွားရေးသမားတစ်ယောက်ကိုသွားဖို့တွန်းပို့နေပြီး နောက်ကနေကြိုးနဲ့ဆွဲထားတဲ့ သဘောမျိုးဖြစ်နေတယ်"။

တချို့နိုင်ငံတကာလုပ်ငန်းရှင်များသည် ဆန့်ရှင်ရှိနေခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကွင်းပြီး သွယ်ဝိုက်သောနည်းဖြင့် ဝင်ရောက်လာနိုင်သည်။

ယခုလိုမတင်မကျအခြေအနေကသာ သူတို့အတွက် စွန့်စားဖို့တုံ့နှေးစေခဲ့သည်။ တိုင်းပြည်စီးပွားရေးချွတ်ခြုံကျနေသည်မို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ကာ ပြန်လည်တည့်မတ်ဖို့ အားထုတ်နေသည့် မြန်မာအစိုးရအတွက်တော့ အမေရိကန်၏ဖြေလျှော့ထားသောဆန်ရှင်သည် အသုံးမတည့်လှ။ အမေရိကန်ကုမ္ပဏီကြီးများအပါအဝင် နိုင်ငံတကာ လုပ်ငန်းရှင်ကြီးများ၏ စောင့်ကြည့်ခံရခြင်းမှလွဲပြီး ကြီးမားသည့် အကျိုးဖြစ်ထွန်းမှုမျိုး ဖြစ်မလာခဲ့ပါ။

တကယ်တော့ အမေရိကန်နိုင်ငံသည် ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် လူ့အခွင့်အရေးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံတချို့အပေါ် စီးပွားရေးအရအဆက်အဆံမလုပ်ဖို့၊ ပိတ်ဆို့ဒဏ်ခတ်မှုများလုပ်လေ့ရှိသည်။ သူတို့၏ပစ်မှတ်သည်။ စစ်အာဏာရှင်အစိုးရများကို အဓိကထားခဲ့သော်လည်း လက်တွေ့တွင် အဆိုပါ ဆန်ရှင်အချခံထားရသောနိုင်ငံများမှပြည်သူများကသာ ထိခိုက်နစ်နာသည့်သဘောမို့ သူတို့၏ပိတ်ဆို့ဒဏ်ခတ်ရေးမူဝါဒကို ခုတ်ရာတခြား၊ ရှရာတခြားဖြစ်နေသည်ဟု ဝေဖန်မှုများလည်းရှိပါသည်။

## ထိချက်လွဲသည့် ဆန်ရှင်

"အမေရိကန်အစိုးရအဖွဲ့ထဲမှာကို ဒီလိုမျိုးလွဲနေတယ်ဆိုတဲ့ အယူအဆတွေရှိနေတယ်"ဟု အမေရိကန်ကွန်ဂရက်အပါအဝင် အစိုးရအဖွဲ့အသိုင်းအဝိုင်း၊ စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ဖူးသော ဦးချစ်ထွန်းဖေက ဆိုသည်။

"မြန်မာပြည်မှာ အလုပ်အကိုင်ရှားပါးနေတယ်။ ပညာရေး၊ ကျန်းမာရေးကမဖွံ့ဖြိုးဘူး၊နိမ့်ကျနေတယ်။ ခင်ဗျားတို့ရဲ့ဆန်ရှင်က ပစ်တာတစ်ယောက် မှန်တာတစ်ယောက်ဖြစ်နေတယ်ဆိုပြီး ပြောဆိုမှုတွေလဲရှိပါတယ်"။

အမေရိကန်အနေဖြင့် မြန်မာနိုင်ငံကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်စေချင်ရင် နိုင်ငံရေးတင်မကဘဲ မှန်ကန်သောစီးပွားရေးလုပ်ငန်းများဖြင့် လက်တွေ့ကျကျ မြန်မာပြည်စီးပွားရေးကို မြှင့်တင်ပေးဖို့ လိုအပ်နေသည်။ စီးပွားရေးအရ ဖုတ်လှိုက်ဖုတ်လှိုက်အနေအထားမျိုးတွင် နောက်ကြောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com



လှည့်မှာကိုစိုးရိမ်သောသဘော၊ ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်မည့် သဘောမျိုးဖြင့် အစုလိုဆန်ရှင်ကို မလျှော့မတင်းလုပ်ထားသည်က သိပ် လက်တွေ့မကျဟု ဦးချစ်ထွန်းဖေက ဆိုသည်။

ဥပမာ – ရင်ဘတ်မှာ မြားမှန်နေတဲ့လူတစ်ယောက်။ မြားကို ဘယ်သူ ပစ်တာလဲ၊ ဘယ်အရပ်လာတဲ့မြားလဲ၊ ဘာသားနဲ့လုပ်ထားတာလဲ၊ ဘာ ကြောင့်ပစ်လိုက်တာလဲဆိုတာက အရေးကြီးသလား၊ မှန်ထားတဲ့မြားကို ဆွဲနုတ်ပြီးကုသပေးဖို့ကအရေးကြီးသလားဆိုတာ စဉ်းစားဖို့လိုတယ်။ အစု မြန်မာပြည်မှာဖြစ်နေတာက ကျန်းမာရေး၊ ပညာရေးကလဲနိမ့်ကျနေတယ်။ အခြေခံအဆောက်အအုံတွေကလဲသုံးမရတဲ့ အခြေအနေမျိုး၊ စီးပွားရေးကလဲ ဖုတ်လှိုက်ဖုတ်လှိုက် အနေအထား။

လူနာမျက်ဖြူဆိုက်လေ၊ ဆေးဆရာဝမ်းသာလေဆိုသလို အစုလို မျိုးမြန်မာနိုင်ငံအပေါ် အမေရိကန်ဆန်ရှင်ရှိနေခြင်းသည် တခြားသော နိုင်ငံများအတွက် ဝမ်းသာနေလိမ့်မည်ဟု တွေးဆသူများလည်းရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းလည်းဖြစ်၊ ဆွေမျိုးပေါက်ဖော်တွေ လည်းဖြစ်သည့် တရုတ်နိုင်ငံအတွက် ပိုလို့တောင်ပီတိဖြစ်စရာဟု ဆိုသူ များလည်းရှိသည်။

တရုတ်နိုင်ငံကတော့ မြန်မာနိုင်ငံအတွက် ဆက်ရှိနေဦးမှာပဲ။ တစ်ချိန်တွင် မြန်မာနိုင်ငံ၏အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံတစ်ခုပင် ဖြစ်လာနိုင်သည်။ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအရှိန်ကိုအသုံးချပြီး မြန်မာနိုင်ငံ အနေဖြင့်လည်း သူတို့လိုက်နိုင်အောင် ကြိုးပမ်းဖို့လိုအပ်သည်ဟု ဦးချစ် ထွန်းဖေက ဆိုသည်။

"တရုတ်ပြည်ရဲ့ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုကို ပိတ်ဆို့ဖို့မလိုဘူး။ မှန်ကန်တဲ့လမ်းကြောင်းနဲ့ ဥပဒေနဲ့ပဲထိန်းချုပ်ဖို့လိုတယ်"။ ဥပမာ–ဧည့် သည်က အိမ်ရှင်ကိုအမှုကျူးလွန်တဲ့အခါအိမ်ရှင်မှာ နံပါတ်တစ် အပြစ်ရှိ တယ်။ အိမ်ရှင်မှာ စည်းကမ်းသတ်မှတ်ထားတာ ရှိရမယ်။ ဧည့်သည်ကို ကိုယ့်ရဲ့စည်းစနစ်နဲ့ နည်းမှန်လမ်းမှန်ဧည့်ခံဖို့လိုတယ်။

သို့သော် မြန်မာနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေး လုပ်ငန်းတွေကို ပြိုင်ဘက်ရှိစေချင်တယ်။ တစ်ယောက်တည်းကို မှီခိုနေရ ရင် ရေရှည်မှာကောင်းမွန်တဲ့ လက္ခဏာမဟုတ်ဘူး"။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုဥက္ကဋ္ဌက "ကမ္ဘာ့စီးပွားရေးမှာက အမေရိကန်က အဓိကကစားသမားပဲ။ ဈေးကွက်မှာ အမေရိကန်ဝင်မကစားရင် တခြားလုပ်ငန်းကြီးနိုင်ငံတွေက ကြိုက်တယ်။ အမေရိကန်ဝင်လာရင် ကစားရတာ ခက်တယ်။ အမေရိကန်က ကမ္ဘာ့ငွေကြေး စနစ်ကိုကိုင်ထားတာ"ဟု မှတ်ချက်ပြုသည်။

"သူတို့မလုပ်လဲ တခြားသူက ဝင်လုပ်မှာပဲ။ ဒါကြောင့် ဆန်ရှင်ကို ပြန်စဉ်းစားသင့်ပြီလို့ ထောက်ပြကြတာ"ဟု အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် စီးပွားရေးပညာရှင် ဦးစောမြင့်မောင်ကဆိုသည်။ လက်ရှိ ၂၀၁၄ခုနှစ် ဧပြီလကုန်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မှတ်တမ်းများအရ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံကြသော နိုင်ငံပေါင်း ၃၀ကျော်တွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကသာ ရင်းနှီးမြှုပ်နှံမှုတန် ဖိုးအားလုံး၏ရာခိုင်နှုန်း ၅၀ကျော် အထိရှိနေပြီး အမေရိကန်နိုင်ငံ၏ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုကတော့ တစ်ရာခိုင်နှုန်းပင်မရှိခဲ့ပါ။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကိုသွားပါမည်ဟု လူသိရှင်ကြားကြေညာထားပြီးသား။ ဈေးကွက်စီးပွားရေးကို ကျင့်သုံးပါမည်ဟုလည်း ကတိပြုထားပြီးသား။ ဒီမိုကရေစီအရိပ်အယောင်တချို့လည်း မျက်မြင်ကိုယ်တွေ့။ သို့သော် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို သက်တမ်းတိုးသေးသည်။ တရုတ်နိုင်ငံကိုကြည့်ပါ။ ဒီမိုကရေစီစနစ်ကိုလည်း မဖွင့်ဟ။ ဈေးကွက်စီးပွားရေးစနစ်လို့လည်း မကြေညာ။ ဖိနှိပ်မှုတွေကလည်း မြန်မာနိုင်ငံထက်ပင် များပြားနေသေးသည်။

"ဒါကျတော့ မပြောရဲဘူး။ မပြောတဲ့အပြင် သူနဲ့တောင် ကုန်သွယ်မှုလုပ်သေးတယ်"ဟုဦးစောမြင့်မောင်က ထောက်ပြသည်။ ထို့ကြောင့် အမေရိကန် ဆန်ရှင်သည် မြန်မာနိုင်ငံအတွက် စစ်အစိုးရအုပ်ချုပ်စဉ်ကတော့ လိုအပ်ခဲ့သည် ထင်သော်လည်း အခုလိုတစ်ဖက်က ပြုပြင်ပြောင်းလဲလာချိန်မှာတော့ သိပ်မလိုအပ်တော့ဟုသူကဆိုသည်။ အမေရိကန်–အာဆီယံ စီးပွားရေးကောင်စီ၏ စီးပွားရေးအကြံပေး၏ သဘောကတော့ နိုင်ငံရေးမှာ ကိရိယာလက်နက်တစ်ခုလို အသုံးပြုနေသည့်ဆန်ရှင်ဆိုတာ မြန်မာနိုင်ငံအတွက် မရှိသင့်တော့ဘူးဟု ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တဲ့အခါ မခေါ်နိုင်၊ မပြောနိုင်ဖြစ်တာဆန်ရှင်ပဲ။ သေးသိမ်တဲ့သဘောရှိတယ်"။

အခုအချိန်အထိ မြန်မာနိုင်ငံအစိုးရတွင် အားနည်းချက်များစွာ ရှိနေသည်မှန်သော်လည်း တိုင်းပြည်စီးပွားရေးအတွက် လွတ်လပ်စွာဖွံ့ဖြိုးနိုင်ဖို့ ဆန်ရှင်သည် အဓိကအရေးပါနေသည်။ "ဒီဆန်ရှင်ကြောင့် မြန်မာပြည်က စီးပွားရေးလုပ်ငန်းရှင်တွေ မျက်နှာငယ်ရသလို နိုင်ငံတကာလုပ်ငန်းရှင်တွေ ဝင်လာဖို့အတွက်လဲ လက်တွန့်တုံ့နှေးစေခဲ့တယ်"ဟု ဦးချစ်ထွန်းဖေက ဆိုသည်။

ဒေါက်တာမောင်မောင်လေးကတော့ အမေရိကန်အစိုးရ၏ လက်ရှိသက်တမ်းတိုးလိုက်သော ဖြေလျှော့ထားသောဆန်ရှင်သည် မြန်မာပြည်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆက်ပြီးတွန်းအားပေးသည်ဟုသာ ယူဆသည်။ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုရှိသည်ကိုပြသခြင်းသာ ဖြစ်သည်ဟု ဆိုသည်။

အရင်တုန်းကထက်စာရင် အမေရိကန်အနေဖြင့် သူတို့ရဲ့ ဆန်ရှင်ပြင်းအားကို လျှော့ပေါ့ပေးလိုက်သည်ဆိုသော်လည်း မြန်မာနိုင်ငံအတွက် သိပ်အသုံးတည့်လှသည်တော့မဟုတ်။ လက်နက်မှလွဲပြီး တခြားကို ကုန်သွယ်ခွင့်ပြုထားသည့်သဘော။ သို့သော် မြန်မာနိုင်ငံက ဘာတွေများ ထုတ်ပြီးပို့နိုင်သည့်အခြေအနေမှာရှိလို့လဲဟု ဦးစောမြင့်မောင်က မေးခွန်းထုတ်သည်။

"ကိုယ့်ဘာသာကိုယ် ပိတ်ထားသလိုဖြစ်နေတာ၊ ဘာမှလောက်လောက်လားလားတင်ပို့စရာမရှိဘူး။ အထည်ချုပ်ဆိုလဲ ကိုယ့်တိုင်းရင်းသားလုပ်ငန်းရှင်တွေထုတ်တဲ့ ပို့ကုန်လို့ ပြောရတာခက်တယ်။ လက်ခစားလုပ်ငန်းသက်သက်လိုဖြစ်နေတာ။ ပိုင်ရှင်အများစုက နိုင်ငံခြားကလေ။ ကိုယ့်ပစ္စည်းစစ် စစ်မှမဟုတ်ဘဲ"။

## အမေရိကန်ဆန်ရှင် ရုပ်ဖို့ဆိုရင်

ဘယ်သူမပြု မိမိမှုဆိုသလို ပြည်သူလူထုဆင်းရဲနေရသည့် အကြောင်းရင်းထဲတွင် အစိုးရအဖွဲ့ကြီးကြောင့်ဆိုတာရှင်းနေသည်။ ဘာကြောင့် လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းတွေကို အဖြစ်ခံရသလဲ၊ ဘာကြောင့် ငြိမ်းချမ်းရေးဆွေးနွေးနေတုန်းတိုက်ပွဲတွေ၊ အပစ်ခတ်တွေ ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ဘာကြောင့် စစ်တပ်က စီးပွားရေးဆက်လုပ်နေသေးလဲစသဖြင့် စီးပွားရေးပညာရှင်ဦးလှမောင်က မေးခွန်းထုတ်သည်။

"အဓိကကတော့ သူတို့ကဆန်ရှင်လုပ်တာကို အပြစ်မပြောဘူး။ ကိုယ့်ဘက်က ပြင်ရမှာတွေကို အရင်ပြင်ဖို့လိုတယ်။ သက်သေပြဖို့လိုပါတယ်" ဟု ဦးလှမောင်က မြန်မာအစိုးရကို ထောက်ပြသည်။ အမေရိကန်နိုင်ငံတွင် ကာလအတန်ကြာ ကျက်စားခဲ့ဖူးသော ဦးချစ်ထွန်းဖေကတော့ မြန်မာ–အမေရိကန်ဆက်ဆံရေး ပိုမိုကောင်းမွန်ဖို့၊ အမေရိကန်ဆန်ရှင်ရုပ်သိမ်းနိုင်ဖို့ ဆိုရင် နံပါတ်တစ်အစိုးရအချင်း ချင်းအပြန်အလှန်ဆွေးနွေးမှုများ ဆက်တိုက်လုပ်ပြီး မျှတသည့်ကတိကဝတ်များရယူရမည်ဟုဆိုသည်။ နံပါတ်နှစ်အချက်အဖြစ် မြန်မာနိုင်ငံကောင်းရာ ကောင်းကျိုးကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်များကို အမေရိကန်အစိုးရအဖွဲ့၏ အဆင့်အသီးသီးတွင် ထားရှိကာ လော်ဘီလုပ်နေရမည်ဖြစ်သည်။ နိုင်ငံတကာတခြားတိုင်းပြည်များလည်း ယင်းသို့ထားရှိကြသည်ဟုဆိုသည်။

နံပါတ်သုံးကတော့ အမေရိကန်စီးပွားရေးကုမ္ပဏီကြီးများ၏ ထောက်ခံမှုကိုအရယူဖို့ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် စီးပွားရေးသမားများက နိုင်ငံရေးသမားများ၏ အထက်တွင်ရှိနေသည်။ "စီးပွားရေးသမားတွေက သြဇာရှိတယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလာတဲ့ စီးပွားရေးသမားတွေကို နားလည်အောင်ရှင်းပြဖို့လိုတယ်။ သူတို့ရဲ့ထောက်ခံမှုရအောင် ပြောဆိုဆက်ဆံနိုင်ရမယ်။ သူတို့ကနေ သူတို့အစိုးရကိုပြောတာ အကောင်းဆုံးပဲ" ဟု ဦးချစ်ထွန်းဖေက အကြံပြုသည်။

ဒါတင်မကဘဲ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော အမေရိကန်ဆန်ရှင်ကို အမြန်ဆုံးရုပ်သိမ်းနိုင်ဖို့ နည်းလမ်းတစ်ခုရှိသေးသည်။ ၎င်းတို့က ဒေါ်အောင်ဆန်းစုကြည်ပင်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်သွားရောက်ပြီး ဆန်ရှင်တွေဖယ်ပစ်လိုက်ဖို့၊ ရုပ်သိမ်းလိုက်ဖို့ ပြောရင်တော့ ရနိုင်သည်ဟု ၎င်းတို့ကဆိုသည်။

"သူ့ကိုတော့ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးချန်ပီယံလို့ လက်ခံထားကြတာကိုး။ ဒီလိုမှမဟုတ်ရင်တော့ အဆင့်ဆင့်လော်ဘီလုပ်ပြီး သွားရလိမ့်မယ်"။

မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဆန်ရှင်ကို ရုပ်သိမ်းဖို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



တဆာ ဆာတောင်းဆိုနေဖို့ မလိုအပ်သလို ဆန်ရှင်ကို ဂရုမစိုက်ဘဲလည်း မနေသင့်ဟု စီးပွားရေးပညာရှင်ဦးစောမြင့်မောင်က ဆိုသည်။

"နဂါးဘုရားနဲ့ ဂုပ်ဖက်ပြီးအစ်ကိုရယ်၊ ညီလေးရယ် လုပ်စရာမလို သလိုတစောင်းဆေးနဲ့မျက်ချေးတွေ့တာနဲ့ရန်စွယ်ငေါ်င်းငေါ်င်းနေဖို့မဟုတ်ဘူး"။

ကိုယ့်သိက္ခာနှင့် ကိုယ်မှန်မှန်ကန်ကန်နေတတ်ဖို့လိုသည်။ ကိုယ့်လမ်းကြောင်းနှင့်ကိုယ်၊ ကိုယ့်ရပ်တည်ချက်နှင့်ကိုယ် တစိုက်မတ်မတ် လုပ်ရသဖြင့် သက်သက်ပြဖို့သာ အဓိကကျသည်ဟု ဦးစောမြင့်မောင်က အကြံပြုသည်။

သို့သော် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကမ္ဘာလုံး ဆိုင်ရာဆိုသည့် ဒီမိုကရေစီလှိုင်းကြီးထဲတွင်တော့ ဝင်ကူးခတ်ရဦးမည်။

ဒီမိုကရေစီအဝန်းအဝိုင်းကြီးထဲတွင် ဝင်ဆံ့ဖို့အတွက် ထိုအဝန်း အဝိုင်းကြီးကို အလွှမ်းမိုးဆုံးဖြစ်သော အမေရိကန်နှင့် ရန်ဖြစ်နေလို့ သိပ် သဘာဝမကျ။ ရန်မဖြစ်ဘဲအတူနေလို့ရသည့်လမ်းကြောင်းကို စဉ်းစားဖို့ အတွက် ယခုသက်တမ်းတိုးလိုက်သော ဆန်ရှင်သည် စည်းတစ်ခုဖြစ်နေသည် ဟု ၎င်းတို့က ဆိုလိုခြင်းဖြစ်သည်။

"ကိုယ့်လမ်းကြောင်းနဲ့ကိုယ်၊ ကိုယ်လုပ်စရာရှိတာ လုပ်သွားရမှာ ပဲ။ အလုပ်နဲ့သက်သေပြဖို့လိုတယ်။ ဘေးကနေ လှိုင်းပုတ်လေထန်တော့ရှိမှ ာပဲ။ ပြည်တွင်းရေးပြည်ပရော"။အမေရိကန်အလိုကျ ပြောင်းလဲပေးဖို့ဆိုသည်က လည်း မြန်မာနိုင်ငံအတွက် ဖြစ်နိုင်လှသည်တော့မဟုတ်ပါ။

ဥပမာ – ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်လိုပေါ့။ ကောင်း မလိုလိုနဲ့ အခုတန့်သွားပြန်ပြီ။ ဆိုတော့ ပြည်တွင်းငြိမ်းချမ်းရေးရသွားရင် ငါတို့ရဲ့ရပ်တည်ချက်တော့ ပျက်တော့မှာပဲဆိုတဲ့ အယူအဆရှိတဲ့သူတွေ လည်းရှိတယ်။ ကိုယ့်အချင်းချင်းတိုက်ကို မတိုက်ချင်ကြတော့ဘူး။ ငြိမ်း ချမ်းရေးကို ပြည်သူကလည်းလိုချင်၊ စစ်တပ်ကလည်းလိုချင်၊ အစိုးရက လည်းလိုချင်၊ လက်နက်ကိုင်ကလည်းလိုချင်နဲ့။ ဒီကြားထဲကကို ငြိမ်းချမ်း ရေးက ဖြစ်မလာဘူး။ ဟိုစကားနဲ့ထိုးလိုက်၊ ဒီစကားနဲ့တိုက်လိုက်နဲ့ ကိုယ့်အကျိုးစီးပွားအတွက် မပျက်ပျက်အောင်လုပ်နေကြတယ်။

အစိုးရအဖွဲ့ထဲမှာလည်း ဆန်ရှင်ကိုသာ ရုပ်သိမ်းဖို့တောင်းဆိုနေကြ တာ။ ကိုယ်ကျိုးစီးပွားအတွက် လက်ရှိအခြေအနေကို မပြောင်းလဲနိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



သူများကလည်း တော်တော်များသည်ဟု ဦးစောမြင့်မောင်က တွက်ဆသည်။

အခုလို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု မူဝါဒသက်တမ်းတိုးမြှင့်လိုက်ခြင်းကြောင့် မြန်မာ–အမေရိကန်ဆက်ဆံရေးကို ထိခိုက်နိုင်မည်မဟုတ်ဟု မိမိတို့ရန်ကုန်တိုင်းမ်မှ မေးမြန်းခဲ့သော ကျွမ်းကျင်သူများကဆိုပါသည်။ အမေရိကန်နိုင်ငံ၏ အကူအညီပေးမှုများကတော့ ဆက်ရှိနေလိမ့်မည်။ ဆန်ရှင်သက်တမ်းတိုးလိုက်ခြင်းသည် "ခင်ဗျားလုပ်နေတာကို ကျုပ်တို့ မကျေနပ်သေးဘူး"ဆိုသည့် သင်္ကေတသက်သက်သာဖြစ်သည်ဟု ဦးစောမြင့်မောင်က ယူဆသည်။

## ဘာအရေးအကြီးဆုံးလဲ

တကယ်တော့ ဆန်ရှင်ဆိုတာစီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းအတွက် တစ်စိတ်တစ်ပိုင်းမျှသာပါ။ အမေရိကန်ဆန်ရှင်ရုပ်သိမ်းလိုက်ပြီပဲထား။ အမေရိကန်ကုမ္ပဏီကြီးတွေဝင်လာဖို့ဆိုသည်က အနည်းဆုံးအချိန်လေး၊ ငါး၊ ခြောက်နှစ်ပေးရသည်ဟု စီးပွားရေးအကြံပေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင်နေသည့် ဦးချစ်ထွန်းဖေကဆိုသည်။

ဘယ်သူသမ္မတဖြစ်မှ၊ ဘယ်ပါတီအာဏာရမှဆိုသည်က စီးပွားရေးလုပ်ငန်းရှင်းအသိုင်းအဝိုင်းတွင်မရှိဟုသူကဆိုသည်။ အရေးအကြီးဆုံးက နိုင်ငံရေးတည်ငြိမ်မှု၊ ဒုတိယအရေးကြီးဆုံးက စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းများပဲဖြစ်သည်ဟု ၎င်းတို့ကပြောသည်။ စီးပွားရေးကို နိုင်ငံရေးမှ လွတ်လပ်ခွင့်ပေးဖို့လိုသည်။

ဥပမာ –"ဗီယက်နမ်ဆိုရင် ကွန်မြူနစ်နိုင်ငံပဲ။ တရုတ်ဆိုရင်လဲ ဗဟိုချုပ်ကိုင်မှုနဲ့သွားတာပဲ။ ဒါပေမဲ့ သူတို့စီးပွားရေးတွေ သွားလုပ်ကြပါတယ်။ ဒီမိုကရေစီစနစ်ဖြစ်မှ စီးပွားရေးလုပ်မယ်ဆိုတာမျိုးတော့ ကုမ္ပဏီတစ်ခုအတွက် မဟုတ်ပါဘူး။

နောက်တစ်ချက်က မူဝါဒပြောင်းသွားလို့၊ အစိုးရပြောင်းသွားလို့ဆိုပြီး သူတို့ရဲ့လုပ်ငန်းတွေကို ဖျက်လိုက်၊ ပြန်လုပ်လိုက်ဆိုတာမျိုးတွေ မလိုချင်ကြဘူး။ စီးပွားရေးကို နိုင်ငံရေးကနေ လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အခြေအနေမျိုးဖြစ်ဖို့လိုတယ်။ တည်ငြိမ်မှုနဲ့ စဉ်ဆက်မပြတ် စီးပွားရေး ပုံစံဖြစ်ဖို့လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူပြောင်းရင် မူပါလိုက်ပြောင်းတဲ့သဘောရှိနေတာ ပြဿနာပဲ။ ဘယ်လောက်ပဲ နိုင်ငံအပေါ်မှာ စိတ်ဝင်စားပါစေ၊ ဘယ်သူမှလာလုပ်နိုင်မှာ မဟုတ်ဘူး။ မှန်ကန်တဲ့ရင်းနှီးမြှုပ်နှံမှုအတွက်က အနည်းဆုံးငါးနှစ်က နှစ်သုံးဆယ်လိုမျိုးအထိ အချိန်ယူရတာတွေရှိတယ်"။

မြန်မာနိုင်ငံအနေဖြင့် တကယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင် နိုင်ငံရေး၊ စီးပွားရေးနှစ်ခုစလုံး တိုးတက်ဖို့လိုအပ်သလို စီးပွားရေးပုံစံကလည်း ရှင်းလင်းပြတ်သားပြီး နိုင်ငံရေးအပေါ်မှီခိုမှု လျှော့ချဖို့လိုအပ်သည်ဟု အမေရိကန်–အာဆီယံစီးပွားရေးကောင်စီ၊ စီးပွားရေးအကြံပေး ဦးချစ်ထွန်းဖေကဆိုသည်။ ၎င်းတို့၏ပြောဆိုချက်အရဆိုရင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးတွေ မြန်မာပြည်ထဲသို့ ဖြိုင်ဖြိုင်ဝင်ရောက်လာဖို့က အမေရိကန်ဆန့်ကျင်သည့် အဓိကအဟန့်အတားလို့ မမြင်ရတော့ပါ။

စီးပွားရေးပညာရှင်ဦးလှမောင်ကတော့ မြန်မာနိုင်ငံအနေဖြင့် စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီဘက်ကို အနည်းငယ်သွေဖည်စပဲရှိသေးသည့်အချိန်တွင် အမေရိကန်နိုင်ငံ၏အသိအမှတ်ပြုမှုကို ကြိုဆိုသည်။ အခုလို မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သက်တမ်းတိုးလိုက်ခြင်းသည်လည်း မြန်မာအစိုးရ၏ မရေမရာသော ပြုပြင်ပြောင်းလဲမှုများကြောင့်သာဟု သူကယူဆသည်။ နှစ်နိုင်ငံအကြားပေးထားသည့် ကတိကဝတ်များကို ကျေပွန်ဖို့အတွက် မြန်မာအစိုးရဘက်က သက်သေပြသင့်သည်ဟု ဦးလှမောင်ကဆိုသည်။ သို့မဟုတ်လျှင်တော့ "သူတို့က အခုတင်မကဘူး၊ နောက်လဲဆန့်ရှင်သက်တမ်းတိုးနေဦးမှာပဲ"ဟုဆိုကာ 'နေရှုး'၏စကားကို ကိုးကားပြီး ယခုလိုပဲအကြံပြုပါသည်။

"အမှားကိုမြင်လျက်မပြင်သောသူဟာ ရှင်လျှက်နဲ့သေနေတဲ့သူပဲ"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၁၀) အမှတ် (၁၉)*

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ - မြိုး(ဘူမိ)

# ပုဒ်မ ၁၈ ပြင်၊ မပြင်

www.burmeseclassic.com

www.burmeseclassic.com

## ပုဒ်မ ၄၃၆ ပြင် ၊ မပြင်

အချိန်က မွန်းလွဲ ၃နာရီကျော်ကျော်။ နေပူကျဲကျဲတွင် လူအများစုဝေးလို့။ တချို့က ထီးများဖြင့် နေ့အပူချိန်ကို တွန်းလှန်။ တချို့ကလည်း ပါလာသည့် အဝတ်၊ ပဝါ၊ စာရွက် စသည်ဖြင့် ခပ်ယမ်းရင်း စိုစွတ်နေသောခန္ဓာကိုယ်ကချွေးများကို သုတ်လျက်။ သူတို့အားလုံး အရှေ့ပိုင်းခရိုင်၊ ဒေါပုံမြို့နယ်က ဘောလုံးကွင်းထဲတွင် နေရာကိုယ်စီယူလျက်သား။ ဖွဲ့စည်းပုံပြင်ဆင်ရေး ဆန္ဒထုတ်ဖော်ပွဲနှင့်ဟောပြောပွဲကို လာရောက် နားထောင်နေကြခြင်းဖြစ်သည်။

"ပုဒ်မ ၄၃၆ ချက်ချင်းပြင်ဆင်ပေး"ဆိုသည့် အနီရောင်နဖူးစည်းကို သူ့ခေါင်းတွင် စည်းပတ်ထားသော်လည်း ဘာအဓိပ္ပာယ်ဆိုသည်ကို အသက် ၄၀ကျော်အရွယ် အမျိုးသမီးက မသိရှာ။ "ပေးလို့တပ်ထားတာ၊ နားမလည်ဘူး"ဟု သူမကဆိုသည်။ ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူကွန်ရက်ဝင်များက အားကြိုးမာန်တက် ဟောပြောနေလင့်ကစား သူမအတွက်တော့ နားလည်ရခက်သား။

www.burmeseclassic.com

www.burmeseclassic.com



"ဝါသနာပါလို့လာတက်တာ။ နားမလည်ဘူး။ သေချာနားထောင်ပေမယ့် နားမလည်ဘူး" ဟု သူမကဆိုသည်။ သူ့နာမည်ကို မေးမြန်းသော်လည်း ပေးမသိချင်သောဟန်ဖြင့် လက်ကာပြသည်။ ယင်းကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ပုဒ်မ ၄၃၆ ပြင်ဆင်ရေးဟောပြောပွဲများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းတို့ပူးပေါင်းကာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများတွင် ယခုလအစောပိုင်းက စတင်ပြုလုပ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးမင်းကိုနိုင်၊ ဦးကိုကိုကြီးတို့ကိုယ်တိုင်ပါဝင်ဟောပြောသည်ကိုတွေ့ရသည်။ လူထုကလည်း စိတ်ဝင်တစား ရှိသည်ကိုတွေ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ ပြည်သူလူထုအနေဖြင့် စိတ်ဝင်စားလာအောင် စည်းရုံးပြီးပြောဆိုသည့်သဘော။

"ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ရင် ပြည်သူလူထုဟာ ဂဃနဏ နားလည်တာမဟုတ်ပါဘူး။ နိုင်ငံရေးစိတ်ဝင်စားတဲ့သူနဲ့ လူနည်းစုလောက်ပဲဖွဲ့စည်းပုံကို စိတ်ဝင်စားတာပါ။ ဖွဲ့စည်းပုံထက် ဆန်၊ဆီ၊ဆား၊ ငရုတ်၊ ကြက်သွန်ကိုပိုစိတ်ဝင်စားကြမှာပဲ။ ဒါကလက်တွေ့ပဲ"ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ဦးမြအေးက ဆိုသည်။

မေ ၂၇ရက်ဆိုလျှင်လည်း တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများတွင် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် လူထုလက်မှတ်များကောက်ယူသည့်နေ့ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) ပုဒ်မ ၄၃၆သည် ၎င်းဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးအတွက် ကနဦးပြင်ဆင်ရမည့်ပုဒ်မဟုလည်း နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အရပ်ဘက်ဒီမိုကရေစီအင်အားစုများက တွက်ဆထားသည်။

၎င်းဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ကြောင့်ပင် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာတွင် ပြင်ဆင်ရအခက်ဆုံးဖြစ်ခဲ့သည်ဟု ရန်ကုန်တိုင်းမ်မှမေးမြန်းခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်နှင့် နိုင်ငံရေးလေ့လာသုံး သပ်သူများက လက်ခံသည်။ ထို့ကြောင့် ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်မလား၊ မပြင်ဆင်နိုင်ဘူးလားဆိုသည်က

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ် မြန်မာနိုင်ငံအတွက် မေးခွန်းထုတ်ကြည့်ချင်စရာဖြစ်ခဲ့သည်။

ဗေဒါအင်စတီကျူမှ ဒါရိုက်တာဦးမျိုးရန်နောင်သိန်းကတော့ "လုံး၀၊ လုံး၀၊ လုံး၀မထင်ပါ"ဟု ထင်ကြေးပေးသည်။ ယခုလို ထပ်ခါတလဲလဲ ပြောဆိုရခြင်းသည် တပ်မတော်၊ လက်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ လက်ရှိအစိုးရအဖွဲ့တို့သည် တစ်မိတည်း၊ တစ်ဖတည်း မွေးလာခြင်းကြောင့်ဖြစ်သည်ဟု သူကဆိုသည်။

"ညီအစ်ကိုအရင်းတွေ။ အမွှာညီအစ်ကိုတွေ။ ဒါကိုမတူပါဘူးလို့ လာမပြောနဲ့။ ဒီသုံးခုက အကျိုးစီးပွားချင်း ဆက်စပ်မှုရှိတယ်။ သူတို့ရဲ့ အသံကိုနားထောင်ကြည့်ရင်သိတယ်"။ စစမျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြအေးကတော့ ပုဒ်မ ၄၃၆ကို ပြင်ဆင်နိုင်မည့် ပုံသဏ္ဌာန်တစ်ခုပေါ်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ရန်ကုန်တိုင်းမ်ကိုပြောသည်။ "ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းအားဖြင့် ရလဒ်တစ်ခု ထွက်လာရင်ကျေနပ်ပါတယ်"ဟု ဦးမြအေးက ဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကလည်း လွှတ်တော်အတွင်း ဒီမိုကရေစီကိုလိုလားသူ၊ ဒီမိုကရေစီလိုချင်သည့်ကိုယ်စားလှယ်တွေအများစုဖြစ်ရင်တော့ ပြင်လို့ရနိုင်သည်ဟုသုံးသပ်သည်။ "ဒီလိုမဟုတ်ဘဲ ဒီမိုကရေစီကိုသိပ်ပြီးတော့ လိုချင်တဲ့ပုံမရှိဘူး။ အရင်စနစ်ကိုပဲ ကြိုက်တဲ့သူတွေများနေရင်တော့ ပြင်ဖို့ခက်တယ်"ဟု သူကဆိုသည်။

လက်ရှိပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးကလည်း ပုဒ်မ ၄၃၆ကို ပြင်နိုင်မပြင်နိုင်ဆိုသည့်မေးခွန်းကို ပြည်ထောင်စုလွှတ်တော်အတွင်းရှိလွှတ်တော်ကိုယ်စားလှယ်အများစုက စဉ်းစားကြလိမ့်မည်ဟု ယုံကြည်နေသည်။ ပြင်နိုင်ဖို့အတွက် "ဖြစ်နိုင်ခြေများတယ်"ဟုလည်း သူက ဆိုသည်။

ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်ရေးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တပ်မတော်ကလက်ခံလျှင်တော့ အထမြောက်သွားနိုင်သည်ဟု ရှမ်းအမျိုးသားဒီမိုကရေအဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ပြုသည်။

သို့သော် "ခက်တာက လူထုဆန္ဒခံယူပွဲရှိတယ်။ လူထုဆန္ဒဆိုတဲ့နေရာမှာလဲ အခက်ခဲဆုံးက မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ တစ်ဝက်ကျော်မှ ဆိုတာက ခက်ခဲတယ်။ မဲပေးပိုင်ခွင့်ရှိသူ ၁စသန်းဆိုရင် ကိုးသန်းကျော် မဲပေးမှရမယ်။ လွယ်တဲ့ကိစ္စတော့မဟုတ်ဘူး"ဟု သူက ထပ်ပြောသည်။

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)၊ "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း"ပါဝင်သောပုဒ်မများ၏အဆိုအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အလို့ငှာ ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ကို တင်ရမည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်း ၂၀က ထောက်ခံတင်ပြမှသာ ဥပဒေကြမ်းအဖြစ် လက်ခံဆွေးနွေးမည်ဖြစ်သည်။

ထို့အတူ အခန်း(၁၂) ပုဒ်မ ၄၃၆(က)အရဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) ပုဒ်မ ၁ မှ ၄၈ အထိ၊ အခန်း(၂) ပုဒ်မ ၄၉ မှ ၅၆ အထိ၊ အခန်း(၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း(၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း (၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း(၁၁) ပုဒ်မ ၄၁၀၊ ၄၃၂၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူရမည်။ ထို့ပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုဆိုထားသည်။

အခန်း(၁၂) ပုဒ်မ ၄၃၆(ခ)တွင်တော့ ပုဒ်မခွဲ(က)တွင် ပါဝင်သော ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် လူထုဆန္ဒခံယူပွဲမလိုဘဲ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းကျော်ဖြင့် ပြင်ဆင်နိုင်မည်ဟုဆိုသည်။

## ၄၃၆ ပြင်ဆင်ရေး လူထုလှုပ်ရှားမှုများက အကျိုးပြုမပြု

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ခြင်းအားဖြင့် ဒီမိုကရက်တစ်စံနှုန်းများနှင့်ကိုက်ညီလာမည်၊ တိုင်းပြည်စီးပွားရေးလည်း ကောင်းလာမည်၊ နိုင်ငံတကာ ကူညီထောက်ပံ့မှုတွေလည်း ရနိုင်မည်ဆိုသည့် ပုံစံမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လူထုကိုစည်းရုံးပြောဆိုတာဟု ဦးမြအေးကပြောသည်။ သို့သော် ဖွဲ့စည်းပုံပြင်ခြင်းကို အတင်းအဓမ္မကြီး တောင်းဆိုတိုက်ပွဲဝင်နေတဲ့ပုံစံမျိုး မဟုတ်ဟု သူကဆိုသည်။

"လူထုကို နားလည်အောင်ပြောတာ၊ လူထုရဲ့ဆန္ဒကို ဖော်ထုတ်ပြပေးတာ၊ လူထုကို မျက်စိဖွင့်ပေးတာ၊ ရှင်းပြပေးတာ။ ဒီအသံတွေကို လွှတ်တော်က နားထောင်မယ်၊ တပ်မတော်က နားထောင်လာခဲ့မယ်ဆိုရင် ဖွဲ့စည်းပုံပြင်ဆင်ရေးဟာ ဖြစ်လာမှာပါ။ ဒါတော့ မျှော်လင့်ထားတယ်"။

တချို့လေ့လာသုံးသပ်သူများကတော့ ယခုလို လူထုကိုဟောပြောနေခြင်းသည် လူထုကိုလမ်းပေါ်ဆွဲတင်နေသည့်ပုံစံမျိုးဖြစ်နေသည်ဟုဆိုသည်။

"သူကိုယ်တိုင်လူထုကိုဦးဆောင်နေတဲ့သူက လူထုကို လမ်းပေါ်တင်တဲ့ပုံစံ၊ လူထုကို ရှေ့တန်းတင်တဲ့ပုံစံ၊ လှုံ့ဆော်တဲ့ပုံစံကတော့ မကောင်းပါဘူး"ဟု ယခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်ဟောင်း ဦးသိန်းကြည်ကဆိုသည်။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်ကလည်း ယခုလိုဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးမင်းကိုနိုင်တို့အနေဖြင့် လိုက်လံဟောပြောနေခြင်းကို တပ်မတော်ဘက်မှ အမြင်စောင်းမှာကို စိတ်ပူသည်ဟုဆိုသည်။ "သူတို့ကို သွေးခွဲတယ်လို့မြင်မှာဆိုးရတယ်။ အမှန်တော့ ဒီဘက်ကလဲသွေးခွဲတာမဟုတ်ဘူး၊ စည်းရုံးလိုက်တာပဲ။ လူထုအနေနဲ့ဒီပြင်ဆင်ရေးအတွက် အကူအညီပေးနိုင်အောင်လုပ်တဲ့သဘောပဲ။ အောက်ခြေလူထုက တောင်းဆိုလာရင် လွှတ်တော်ကိုယ်စားလှယ်လဲ ငြင်းဆန်လို့မရပါဘူး"ဟု ၎င်းက ရှုမြင်သည်။

ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် လူထုကို လမ်းပေါ်ဆွဲမထုတ်ပါဘူးဟု အာမခံနေသော်လည်း အစိုးရ၏ ကိုင်တွယ်ပုံကိုင်တွယ်နည်းမှားယွင်းခဲ့ပါက ကြိုတင်မတွက်ဆထားသည့်အခြေအနေတွေအတွက် အာမခံနိုင်မည်မဟုတ်ဟု ဦးစိုင်းညွန့်လွင်က ဆိုသည်။

ယခုလို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၄၃၆ကို ပြင်ဆင်နိုင်ရေးအတွက် လူထုဟောပြောပွဲများပြုလုပ်နေခြင်းသည် ပုဒ်မ ၄၃၆ အမှန်တကယ်ပြင်ဆင်နိုင်ဖို့အတွက်တော့ အလားအလာအရှိန်နည်းသည်ဟု ဗေဒါအင်စတီကျူမှ ဒါရိုက်တာဦးမျိုးရန်နောင်သိန်းကဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ရှိတည်ဆဲအစိုးရနဲ့ တပ်မတော်က ပြည်သူ့ဆန္ဒကို အလေးထားတယ်ဆိုရင် အစုလောက်တောင်ပြောနေစရာမလိုဘူး။ ပြည်သူ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ သူတို့သိပြီးသားပဲ"ဟု ၎င်းကဆိုသည်။ သို့သော် သက်ရောက်မှုတော့ရှိသည်ဟု သူကဆိုသည်။ ဟောပြောပွဲများလုပ်သင့်သလားဆိုတော့ လုပ်သင့်သည်ဟု ၎င်းကလက်ခံသည်။

အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဖြစ်စဉ်၊ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များတွင် ပြည်သူလူထုပါဝင်မှုဆိုတာ ရှိသည်။ ပြည်သူတို့သည် အချုပ်အခြာအာဏာကိုပိုင်သည်။ ယင်းသို့ပါဝင်ခွင့်ကို အစိုးရတွေ၊ အာဏာပိုင်တွေကမဖန်တီးပေးလျှင် ပြည်သူလူထုသည် ကိုယ့်ဘာသာကိုယ် ဖန်တီးယူရသည့်သဘောရှိသည်ဟု ၎င်းက သုံးသပ်သည်။

ထိုသို့ ပြည်သူလူထုပါဝင်မှုဟုဆိုရာတွင် မဲထည့်သည်ကိုသာ ရှုမြင်တတ်ကြသည်။ အမှန်က ရေးဆွဲသည့်အဆင့်တိုင်းတွင် ပြည်သူလူထုပါဝင်နိုင်အောင် အစိုးရက လုပ်ပေးရသည်။ အကယ်၍ မလုပ်ပေးပါက ဆန္ဒပြခြင်း၊ လက်မှတ်ရေးထိုးခြင်းတို့ဖြင့်ပါဝင်နိုင်သည်ဟု ဦးမျိုးရန်နောင်သိန်းကဆိုသည်။ ဥပမာ – ဆန္ဒပြခြင်းနဲ့ လူထုပါဝင်မှုပုံစံကို ဗိုလ်ချုပ်အောင်ဆန်းတို့လက်ထက်က နေသူရိန်လူထုအစည်းအဝေးပွဲကြီးအဖြစ် ရွှေတိဂုံတောင်ဘက်မုခ်မှာလုပ်ခဲ့ဖူးတယ်။ သက်ရောက်မှုရှိတယ်။ အဲဒီထက်ပိုပြီး ဥပဒေကြောင်းအရ သက်ရောက်မှုရှိတာကတော့ လက်မှတ်ရေးထိုး ဆန္ဒထုတ်ဖော်တာပဲ။ ဖွဲ့စည်းပုံကိုပြင်ချင်လား၊ မပြင်ချင်လားဆိုတာကို လူထုဆန္ဒခံယူပွဲလုပ်ပေးရမှာ။ အစိုးရကမပြင်ပေးရင် ပြင်ချင်တဲ့လူထုလက်မှတ်တွေရှိနေတာက သမိုင်းမှာ ဒီလိုသဘောထားရှိတယ်ဆိုတာကို ဥပဒေကြောင်းအရ ထောက်အထားရှိသွားပြီ။

## ဖွဲ့စည်းပုံမှာ ဘာကြောင့် ပုဒ်မ ၄၃၆ ပါအကြောင်းအရာတွေ ထည့်သွင်းခဲ့တာလဲ

၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်က ပါဝင်ခဲ့သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်ဟောင်း အမျိုးသားမဟာမိတ်နိုင်ငံရေးအင်အားစုပါတီဥက္ကဋ္ဌဦးသိန်းကြည်က "အစကတည်းက ပြင်ရလိမ့်မယ်ဆိုတာကို လက်ခံထားတဲ့သဘောပဲ"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်ရှိခဲ့သော ၁၉၄၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်

www.burmeseclassic.com

www.burmeseclassic.com



၆၇ ရာခိုင်နှုန်းအထက် သဘောတူလျှင် ပြင်လို့ရသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ၇၅ရာခိုင်နှုန်းသဘောတူလျှင် ပြင်လို့ရသည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင်တော့ ၇၅ရာခိုင်နှုန်းအထက် သဘောတူမှသာ ပြင်လို့ရမည်ဟုဆိုထားသည်။

“ဒါဟာလွယ်လွယ်နဲ့ ပြင်လို့မရအောင်လုပ်ထားတာပါ။ အများစု အာဏာရပါတီက လုပ်ချင်သလိုလုပ်သွားမှာကိုကြောက်တာ”ဟု ဦးသိန်းကြည်က ရန်ကုန်တိုင်းမ်ဂျာနယ်သို့ ပြောဆိုခဲ့သည်။

ထိုအချိန် ဥပဒေရေးဆွဲစဉ်ကလည်း ရေးဆွဲတုန်းကလည်း လွယ်လွယ်ကူကူဖြင့် ပြင်နိုင်ဖို့အတွက် အမျိုးမျိုးငြင်းခုံမှုတွေရှိခဲ့သည်ဟု သူက ပြန်ပြောပြသည်။

ယခုလို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၄၃၆ ပါ အကြောင်းအရာများကိုထည့်သွင်းခဲ့ခြင်းသည်ယခင်အငြိမ်းစားယူသွားသော ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အကြောက်တရားနှစ်ခုကြောင့်ဟု ဖွဲ့စည်းပုံပြင်ဆင်ရေး ပြည်သူ့ကွန်ရက်တွင်လည်းပါဝင်သူ ဦးမျိုးရန်နောင်သိန်းက ယူဆသည်။

တစ်ချက်က ဦးသန်းရွှေသည် သူ၏စစ်တပ်အကြီးအကဲများကို ကြောက်သည်။ နောက်တစ်ချက်ကတော့ ၁၉၈၈ ခုနှစ်ကလို တိုင်းသူပြည်သားများအုံကြွလာပြီး အရေးအခင်းဖြစ်မည်ကိုကြောက်သည်ဟုဆိုသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အာဏာမှအနားယူတော့မည့်အချိန်တွင် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးနှင့် မိသားစုလုံခြုံရေးတို့အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို စနစ်တကျရေးဆွဲခဲ့ခြင်းဖြစ်ပြီး စစ်တပ်အတွက်လည်း ထွက်ပေါက်မဟာဗျူဟာ (Exit Strategy) အဖြစ် ပုဒ်မ–၄၃၆ ကို ထားပေးခဲ့သည်ဟု ယင်းကယူဆသည်။

ထို့အတူ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ အတွင်းရေးမှူးဦးစိုင်းညွန့်လွင်ကလည်း ပုဒ်မ–၄၃၆သည် ယခင်တပ်မတော်အကြီးအကဲများကိုမထိခိုက်စေဖို့နှင့် နောက်ကြောင်းပြန်ပြီး အရေးယူခြင်းမပြုဖို့အတွက် အကာအကွယ်ပြုထားသည်များကို လွယ်လွယ်နှင့် မပြင်နိုင်အောင် စီမံထားခြင်းဖြစ်သည်ဟု သူကယူဆသည်။

ပုဒ်မ–၄၃၆ ကို ယေဘုယျအားဖြင့် အပေါ်ယံသုံးသပ်လျှင်တော့ ၎င်းယူဆချက်များသည်ဖြစ်နိုင်သည်ဟု စစ မျိုးဆက်ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဦးမြအေးက လက်ခံသည်။ သို့သော် သူ့ယူဆချက်ကတော့ ယခုထက်ပိုသည်ဟု သူကဆိုပါသည်။

"စစ်တပ်ဟာ ဒီမိုကရက်တစ်အင်အားစုတွေက ပြည်ထောင်စုကြီး တစ်ခုလုံးကို မည်မည်ရရဦးဆောင်ပြီး အုပ်ချုပ်သွားနိုင်စွမ်းရှိပါ့မလားဆို တာကို သံသယရှိနေတယ်။ နောက်တစ်ချက်ကအချုပ်အခြာအာဏာတို့၊ ပြည်ထောင်စု မပြိုကွဲရေးတို့ဆိုတဲ့ တို့တာဝန်အရေးသုံးပါးကို ထိပါးမှာ စိုးရိမ်စိတ်ရှိနေတယ်။ တိုင်းရင်းသားတန်းတူညီမျှမှုဆိုတဲ့ အခွင့်အရေးပေး လိုက်ရင် ပြည်ထောင်စုကြီး ပြိုကွဲသွားနိုင်တယ်ဆိုတဲ့ အမြင်တွေတောင် ရှိကောင်းရှိနိုင်တယ်။ အဓိကတော့ စစ်တပ်ရဲ့စိတ်ကြီးဝင်မှုအပိုင်းပေါ့" ဟု ဦးမြအေးက ဆိုသည်။

ကိုယ်တိုင်ကတပ်မတော်သားဘဝဖြင့် နှစ် ၃၀ ခန့် တာဝန်ထမ်း ဆောင်ခဲ့ဖူးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက သူ ကြုံတွေ့ခဲ့ရသောတိုက်ပွဲဝင်အဖြစ်အပျက်အချို့ကို ယခုလိုပဲပြန်ပြောပြပါသည်။

"ပေ ၂၀၊ ၃၀လောက်ရှိတဲ့ မြေလေးအတွက် တိုက်ရင်းနဲ့ အသက် တွေ အများကြီးသေခဲ့ရဖူးပါတယ်။ ဒါကအတိတ်ပါ။ သင်ခန်းစာယူစရာက လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာမဆုံးရှုံးတောင် မြေသေးသေးလေး အတွက် အသက်တွေအများကြီးရင်းရတာ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စဉ်းစားကြည့်စမ်းပါ။ မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေးအရ ဘေးမှာရှိနေတာက နိုင်ငံကြီးတွေဖြစ်ပါတယ်။ အားလုံးက လက်နက်အင်အားကိုယ့်ထက် ပို ကောင်းတယ်။ ဆိုတော့ ကျွန်တော်တို့နိုင်ငံက ဆင်းဒဝစ်လိုပဲ။ ပေါင်မုန့် ကြားထဲမှာညပ်နေတဲ့ယိုပဲ။ တန်ဖိုးအလွန်ရှိတဲ့နိုင်ငံပါ။

ဆိုတော့ နိုင်ငံရေးပါတီတွေ ပေါ်လာတယ်။ နိုင်ငံရေးပါတီတွေကလဲ တိုင်းပြည်အကျိုးလုပ်ကြတာပဲ။ နိုင်ငံရေးပါတီဖြစ်တဲ့အတွက် အကျိုးတွေ၊ အပြစ်တွေဆိုတာရှိမှာပဲ။ ဆိုတော့ အချုပ်အခြာအာဏာအတွက်တော့ ဝိုင်း ပြီး ထိန်းကျောင်းရမယ့်အချိန်ပါပဲ"။

ပုဒ်မ ၄၃၆သည် မည်သူ့အကျိုးအတွက် ကာကွယ်သည်၊ မကာ ကွယ်သည်ကတော့တစ်ပိုင်း။ "ပြဋ္ဌာန်းချက်အရဆိုရင်တော့ ပြင်ဖို့ဘယ်လိုမှ မလွယ်နိုင်တဲ့ပြဋ္ဌာန်းချက်ပဲ"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေး မြင့်က ဆိုသည်။ "ကမ္ဘာမှာ အတင်းကျပ်ဆုံး၊ အခက်ခဲဆုံးလေ။ ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com


လို့မရအောင်ကို ဖြစ်နေတဲ့ဖွဲ့စည်းပုံပဲ"။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အစကနဦးရေးဆွဲစဉ်ကတည်းက ကို စစ်တပ်အနေဖြင့် ဝိုင်းဝန်းထိန်းကျောင်းပေးသင့်သည့် အယူအဆကို လက်ခံခဲ့ကြတာဟုရေးဆွဲစဉ်က ကိုယ်တိုင်ပါဝင်ခဲ့သူ အမျိုးသားမဟာမိတ် နိုင်ငံရေး အင်အားစုပါတီဥက္ကဋ္ဌ ဦးသိန်းကြည်ကဆိုသည်။

"ဒါကို ဒီမိုကရေစီစံနဲ့ စဉ်းစားရင်တော့ အလုပ်မဖြစ်နိုင်ဘူး"။

## ပြင်ရေးခက်

ပြဿနာက လွှတ်တော်ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းအထက် သဘောတူထောက်ခံမှ ဆိုတာပဲ။ဆိုတော့ ရွေးကောက်ခံ ကိုယ်စားလှယ်တွေ အားလုံးက သဘောတူလျှင်ပင် စစ်သားတစ်ယောက်က သဘောမတူလျှင် ပြင်မရနိုင်သည့်ကိစ္စဟု ဗေဒါနိုင်ငံရေးသင်တန်းကျောင်းမှ ဒါရိုက်တာက ဆိုသည်။ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ကာကွယ်ရေး ဦးစီးချုပ်က ထိန်းချုပ်ထားသည်။

"ဆိုတော့ ကာကွယ်ရေးဦးစီးချုပ်သဘောမတူဘဲနဲ့ ပြင်လို့မရဘူး။ မီးခံသေတ္တာရဲ့သော့ကို ကာကွယ်ရေးဦးစီးချုပ်က ကိုင်ထားတာ။ ဖွဲ့စည်း ပုံကို လုံးဝထိလို့မရအောင် လုပ်ထားတဲ့ပုဒ်မ ၄၃၆ ပဲ"။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အနေဖြင့် သူ၏သုံးနှစ်ပြည့် သမ္မတ သက်တမ်းအထိမ်းအမှတ်မိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့ရာ အဆိုပါအခန်း(၁၂)ပါပြဋ္ဌာန်းချက်ကိုကျော်လွန်ပြီး ပြင်ဆင် လိုသည့် အစီအစဉ်ပွားယ်များမပါဝင်သည့်အတွက် နိုင်ငံရေးလေ့လာသူများအကြား ဝေဖန်မှုများရှိခဲ့ပါသည်။

"ပြဋ္ဌာန်းချက်တစ်ခုချင်းအလိုက် နောက်ခံသမိုင်း၊ အနှစ်သာရနဲ့ ရည်ရွယ်ချက်တွေကို ပြည့်စုံစွာလေ့လာပြီး ရှထောင့်စုံမှသုံးသပ်ကာ အခြေခံဥပဒေ အခန်း(၁၂)မှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ပြင်ဆင်မှုဆောင် ရွက်နိုင်ရေးအလေးထားလိုက်နာရမှာ ဖြစ်ပါတယ်"ဟု သမ္မတဦးသိန်းစိန်က ပြောဆိုခဲ့သည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ပြီးခဲ့သည့် တပ်မတော်နေ့မိန့်ခွန်း တွင် ပြောဆိုခဲ့ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကိုသုံးသပ်ကြည့်ရင် သူတို့တွေက ပြင်ချင်တဲ့ဆန္ဒမရှိဘူး။ ထပ်စဉ်းစားရင် ပုဒ်မ ၄၃၆က စစ်တပ်ကို အာဏာအပြည့်ပေးထားတာ" ဟု ဦးမျိုးရန်နောင်သိန်းကဆိုသည်။

၂၀၁၅ ခုနှစ်အလွန်တွင် အာဏာဆက်လက်ထိန်းနိုင်ဖို့သည် လူထုထောက်ခံမှုမရှိပါက နောက်ဆုံးခံတပ်သည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်နေသည်။ လူထုကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လွှတ်တော်ထဲတွင် ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းရှိနေမည်။ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးအဖြစ် အချုပ်အခြာအာဏာကို တိုက်ရိုက် ကိုယ်စားပြုထားတဲ့ ဝန်ကြီးသုံးနေရာကို ၎င်းဖွဲ့စည်းပုံက ပေးထားသည်။

ချုပ်အခြာအာဏာဟုဆိုလျှင် သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးတွေက အဓိကကိုယ်စားပြုကိုင်တွယ်ထားသည်။ ဆိုတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရှိနေခြင်းသည် သူတို့လက်ထဲတွင် အာဏာရှိနေခြင်းနှင့်တူနေသည်ဟု ဦးမျိုးရန်နောင်သိန်းကဆိုသည်။

"မိန့်ခွန်းတွေအရ သမ္မတနဲ့ကာကွယ်ရေးဦးစီးချုပ်က တစ်စိတ်တည်းတစ်ဝမ်းတည်းဆိုတာကို သွားတွေ့တယ်။ ပြင်ပေးမှာမဟုတ်ဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သူတို့ရဲ့နောက်ဆုံးခံတပ်၊ နောက်ဆုံးခံတပ်ရဲ့သော့က ၄၃၆။၄၃၆ ကို လုံးဝပြင်ပေးမှာမဟုတ်ဘူး"။

## ပြင်ဆင်ရေးကို စစ်တပ်က လျှော့ပေးပါ့မလား

ယခုအချိန်အထိတော့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ပြောဆိုဆွေးနွေးမှုများတွင် တပ်မတော်သားကိုယ်စားလှယ်များအနေဖြင့် ဟန့်တားသည့်ပုံစံမျိုးမတွေ့ရသေးဟုဦးသိန်းကြည်ကရှုမြင်သည်။ "သူတို့ အဓိကလိုချင်တာက တို့တာဝန်အရေးသုံးပါးမထိပါးဖို့ပဲ"ဟု ၎င်းကယူဆသည်။

တိုင်းပြည်အနေဖြင့် ဒီမိုကရေစီစံနှုန်းများမြင့်လာလျှင် တပ်မတော်၏ ပါဝင်မှုနှုန်းလျော့ကျသွားမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်လည်း ၂၅ရာခိုင်နှုန်းကိုကမ္ဘာတည်သရွေ့ထားမည်ဟု ပြောခဲ့ခြင်း တာမရှိဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက ထောက်

www.burmeseclassic.com

www.burmeseclassic.com



ပြသည်။

"ဆိုတော့ တပ်မတော်ဘက်ကို သိပ်ပြီးစိုးရိမ်တကြီး စဉ်းစားဖို့ မလိုပါဘူး။ အင်ဒိုနီးရှားလိုပဲလျှော့မယ်လို့ ကတိပေးထားတဲ့အတွက် အချိန်တန်ရင် လျှော့သွားမှာပါ။ အခုတပ်မတော်သာ အကုန်ထွက်သွားရင် နိုင်ငံရေးပါတီ အသီးသီးရဲ့စိတ်ဆန္ဒအတိုင်းတိုင်းပြည်ဟာဖြစ်သွားနိုင်တယ်"ဟု ၎င်းကဆိုသည်။

ရရ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးမြအေးကတော့ စစ်တပ်အနေဖြင့် ပုဒ်မ ၄၃၆ကို ပြင်ပေးလိမ့်မည်ဟု ယူဆနေသည်။ "၂၀၁၅ မတိုင်ခင်တော့ ပြင်လာမယ့် အလားသဏ္ဌာန် အရိပ်အယောင်မျိုးရှိတယ်။ ဘယ်လောက်အတိုင်းအတာအထိ ပြင်ပေးနိုင်မလဲဆိုတာတော့ တော်တော် ခန့်မှန်းရခက်ပါတယ်"ဟု ဦးမြအေးက ဆိုသည်။

ပုဒ်မ ၄၃၆ ကို ပြင်ခိုင်းနေခြင်းသည် စစ်တပ်ကိုနိုင်ငံရေးပါဝင်မှုကနေ ဖယ်ထုတ်နေခြင်းမဟုတ်ပါ။ ဒေါ်အောင်ဆန်းစုကြည်ပြောသလို လွှတ်တော်အပြင်က ပြင်မှာမို့လွှတ်တော်ထဲတွင်လည်း တပ်မတော်သား ကိုယ်စားလှယ်များ ရှိနေပါသည်။

"အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို အပျက်အစီးမခံနိုင်ဘူး။ စစ်တပ်ရဲ့ အခန်းကဏ္ဍကို ပစ်ပယ်ထားတာမဟုတ်ဘူး"။

သို့သော်လည်း ဒီမိုကရေစီစံနှုန်းများ၊ စည်းမျဉ်းများအရတော့ လွှတ်တော်ထဲတွင် ရွေးချယ်ခံကိုယ်စားလှယ်များသာ ရာခိုင်နှုန်း ၁၀၀ ဖြစ်ရမည်ဟု ၎င်းကထပ်ပြောသည်။ "လက်တွေ့နိုင်ငံရေးမှာတော့ ခင်ဗျားတို့မပါနဲ့၊ ဖယ်သွားဆိုတဲ့ ကန့်သတ်ချင်တဲ့ဆန္ဒမရှိဘူး။ ၄၃၆ အပါအဝင် ဖွဲ့စည်းပုံပြင်တဲ့အခါမှာ စစ်တပ်ကလဲလိုလိုလားလားနဲ့ သိမ်သိမ်မွေ့မွေ့ ပြင်ဆင်တာကို ကျွန်တော်တို့အလိုချင် ဆုံးပါ"ဟု ဦးမြအေးက ပြောသည်။

"လွှတ်တော်ထဲမှာ ရွေးကောက်ခံကိုယ်စားလှယ်တွေကိုသာ မြင်ချင်ပါတယ်။ သို့သော်လက်ရှိမှာမဖြစ်နိုင်သေးဘူး။ ဒါပေမဲ့လဲ ဆက်ကြိုးစားသွားရမယ်လို့ယုံကြည်တယ်"။ ၄၃၆ပြင်မည့် အရိပ်အယောင်ပြီးခဲ့သည့်ရက်ပိုင်းက အဖွဲ့ဝင် ၃၁ ဦးပါဝင်သော ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီအဖွဲ့ဝင်များက တစ်ဆင့် ပုဒ်မ ၄၃၆ ကိုပြင်ဆင်မည့်သတင်းများထွက်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိပြဋ္ဌာန်းထားသည့် ၇၅ရာခိုင်နှုန်းကျော်အစား သုံးပုံနှစ်ပုံ (၆၇ ရာခိုင်နှုန်း)သို့ ပြင်ဆင်သွားမည်ဆိုသော သတင်းအစများကလွဲပြီး တခြားအကျယ်တဝင့်ပြောဆိုမှုမျိုးတော့မဟုတ်ပါ။

မှန်ကန်သောပြည်သူ့အသံ၊ ၄၃၆ကို နားလည်လို့ ပြောတဲ့ ပြည်သူလူထုအသံ၊ ဗမာလူမျိုးအပါအဝင် ၁၃၅မျိုးသော တိုင်းရင်းသားလူမျိုးများအကျိုးဖြစ်ထွန်းနိုင်မယ့် အရေး၊ အနာဂတ်မြန်မာနိုင်ငံတော်မှာ နိုင်ငံသူနိုင်ငံသားအကျိုးရှိမယ့်ကိစ္စတွေကိုစဉ်းစားကာ ကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်နေသည်ဟု အဆိုပါကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်ဦးက ရန်ကုန်တိုင်းမ်သို့ပြောသည်။

ဆိုတော့ ကော်မတီအစည်းအဝေးအပတ်စဉ်(၁)ကနေ (၇)အထိသည် ဘယ်ကစကိုင်တွယ်ရမလဲဆိုတာကိုသာ စဉ်းစားခဲ့ရသည်ဟု ၎င်းကဆိုသည်။ အစည်းအဝေး အပတ်စဉ်(၈)တွင်တော့ အစောကအချက်(၃)ချက်အပြင် လမ်းညွှန်ချက်တွေကိုပေါင်းစပ်ကာ အခန်း(၁၅)ခန်း၊ ပုဒ်မပေါင်း ၄၅၇ခုနှင့် ပုဒ်မ ၄၃၆ (က)မှ ပုဒ်မပေါင်း ၁၉၆ခု ကိုတွေ့ရသည်။

"ဒါတွေအားလုံးပြင်ဖို့ဆိုရင် အခန်း(၁၂)က ပုဒ်မတွေကို စပြီးကိုင်တွယ်ရမယ့်သဘောရှိတယ်။ ဒါကို စဉ်းစားကြတယ်။ ဒါကြောင့် ၄၃၆ ကို စပြီး ဆွေးနွေးဖြစ်ပါတယ်။ ပြီးမှ အခန်း(၁) အခြေခံမှုများကိုကိုင်ပါတယ်။ တရားဝင်တော့ အကုန်လုံးပြောလို့မရဘူး။ ပြည်သူလူထုကသိပ်စိတ်ဝင်စားနေတော့ ဒီမိုကရေစီနည်းလမ်းအရ ပြည်သူသိသင့်တယ်ထင်လို့ ရှင်းပြတာပါ"ဟု ဦးတင်မောင်ဦးက ရန်ကုန်တိုင်းမ်သို့ပြောသည်။

"ကမ္ဘာ့နိုင်ငံအသီးသီးမှာတော့ သုံးပုံနှစ်ပုံတွေကများပါတယ်။ ဖြစ်နေတာက ၇၅ရာခိုင်နှုန်းနဲ့ ပြင်လို့မရတဲ့ကိစ္စ၊ ၇၆ ရာခိုင်နှုန်းမှ ပြင်လို့ရတာ။ တပ်မတော် ၂၅ ရာခိုင်နှုန်းပါတယ်။ တပ်မတော်ကမရှိလို့မရဘူး"။

အဆိုပါကော်မတီနှင့် ပတ်သက်ပြီး ကြံ့ခိုင်ရေးနှင့် တပ်မတော်သားကိုယ်စားလှယ်တွေ အများဆုံးပါဝင်နေခြင်း၊ ဆွေးနွေးချက်များကို လျှို့ဝှက်ထားမည်ဆိုခြင်းနှင့် လိုအပ်လျှင် မဲခွဲဆုံးဖြတ်မည့် သဘောများကြောင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူးဦးစိုင်းညွန့်လွင်က သိပ်သဘောမတွေ့လှ။

www.burmeseclassic.com

www.burmeseclassic.com



"အရိုးသားဆုံးပြောရရင် မကြိုက်ဘူး။ လျှို့ဝှက်ချက်ကို ထုတ်ပြောလာတယ်ဆိုပေမယ့် အရမ်းကြီးဝမ်းသာစရာတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ သူကအကြံပြုတဲ့အဆင့်ပဲရှိတယ်"ဟု ၎င်းကဆိုသည်။

ကော်မတီအနေဖြင့် အကြံပြုချက်များကို လွှတ်တော်ကိုတင်ပြ ရာခိုင်နှုန်း ၂၀က ထောက်ခံမှ အဆိုဖြစ်မည်။ ဆွေးနွေးမည်။ မဲခွဲမည်။ မဲခွဲလျှင် ကြံ့ခိုင်ရေးက မဲအများစုဖြစ်သည်။ တပ်မတော်ကလည်း ၂၅ ရာခိုင်နှုန်းရှိသေးသည်။ "လွှတ်တော်သဘောတူရင်တောင် မပြီးသေးပါဘူး။ လွှတ်တော်သည် အခြေခံဥပဒေကို ချက်ချင်းကျော်လွှားနိုင်တဲ့ အနေအထားမျိုးမှာမရှိဘူး။ ၄၃၆မှာ ပါတဲ့အတိုင်း ပြန်ဆွေးနွေးရမယ်၊ ထောက်ခံမှုရဖို့လိုတယ်။ လိုအပ်တဲ့ထောက် ခံချက်ရရင်တောင် လူထုဆန္ဒခံယူပွဲလုပ်ရမယ်"ဟု ပုဒ်မ ၄၃၆ ပြင်ဆင်နိုင်မည့် အခြေအနေအဆင့်ဆင့်ကို ဦးစိုင်းညွန့်လွင်က ထောက်ပြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက်ဆိုလျှင် လွှတ်တော်တွင်းကသာ လုပ်နိုင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးသမားများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသုံးသပ်သူများက လက်ခံကြပါသည်။

လက်ရှိမြန်မာနိုင်ငံရေးအခင်းအကျင်းတွင် လွှတ်တော်တွင်းနိုင်ငံရေးနှင့် လွှတ်တော်ပြင်ပနိုင်ငံရေးနှစ်ခုရှိရာ ၎င်းနှစ်ခုကို ပေါင်းစပ်မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုကို ဖြေရှင်းနိုင်မည်ဟု ဦးမျိုးရန်နောင်သိန်းက ယူဆသည်။ "တရားဝင်ကြောင်းအရ ပြင်ချင်ရင် လွှတ်တော်ထဲက ပြင်မှရမယ်။ လွှတ်တော်တွင်းတစ်ခုတည်းတော့ လုပ်လို့မရဘူး။ တကယ်တမ်းလွှတ်တော်ထဲက အင်အားစုက မြန်မာပြည်နိုင်ငံရေးကို ကိုယ်စားမပြုသေးဘူး။ ဒါကြောင့်လဲလွှတ်တော်ပြင်ပအင်အားစုတွေနဲ့တွဲပြီးလုပ်နေတဲ့သဘောပါ"ဟု ၎င်းကဆိုသည်။

"စစ်တပ်၊ ကြံ့ခိုင်ရေးအပါအဝင် လွှတ်တော်တွင်း အင်အားစုတွေနဲ့ အပြင်ဘက်က အင်အားစုတွေ ပေါင်းစည်းနိုင်မယ့် လုပ်နန်းလည်ပတ်မှု၊ ယန္တရားတစ်ခုကို ၂၀၁၅အတွင်းမှာ ဖန်တီးနိုင်မှသာ ပြည်တွင်းငြိမ်းချမ်းရေးတို့၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးတို့ ရလိမ့်မယ်"။

အကယ်၍ ၃၁ဦးကော်မတီက ပုဒ်မ ၄၃၆မှာပါသည့် ၇၅ရာခိုင်

www.burmeseclassic.com

www.burmeseclassic.com



နှန်းအထက်အစား ၆၇ရာခိုင်နှုန်းကို ပြင်ဆင်ဖို့ အဆိုပြုခဲ့မည်ဆိုလျှင်ပင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သေချာစဉ်းစားသင့်သည်ဟု အမျိုးသားမဟာမိတ် နိုင်ငံရေးအင်အားစုပါတီဥက္ကဋ္ဌက သတိပေးသည်။

"၈၈ လိုမျိုးထပ်မဖြစ်ဖို့လိုအပ်တယ်။ ပြင်ဖို့တင်ပြခွင့်တော့ ရှိပါတယ်။ ၄၃၆ ကို ၆၇ ရာခိုင်နှုန်းလို့ ပြင်လိုက်ရင် ၆၂ တုန်းကဖြစ်ခဲ့သလို ထပ်ဖြစ်လာနိုင်တယ်လို့ ယူဆတယ်။ မဖြစ်လာပါစေနဲ့လို့ပဲ ဆုတောင်းတယ်" ဟု ၎င်းက ဆိုသည်။

လူကြီးလူငယ်၊ လူရွယ်လူလတ်အစုံအလင်နှင့် အမျိုးသမီး၊ အမျိုးသားပေါင်းရာချီပြီး ရှိနေသည့် ဒေါ်ပုံဘောလုံးကွင်းထဲတွင်တော့ တချို့မုန့်စားလျက်၊ တချို့ကအချင်းချင်း စကားပြောလျက်။ တစ်ချက် တစ်ချက်တွင် ဖွဲ့စည်းပုံပြင်ဆင်ရေးဟောပြောသူများ၏ အသံကလည်း မကြာခဏဟိန်းထွက်လို့။ "တပ်မတော်အနေနဲ့ ကိုယ့်နေရာ ကိုယ်နေမယ် ဆိုရင် ကျွန်တော်တို့ကလဲ အတိတ်ကို အတိတ်မှာပဲထားခဲ့မှာပါ"။ ။

*ရန်ကုန်တိုင်းမ် ဂျာနယ် အတွဲ(၁၀) အမှတ် (၂၀)*

www.burmeseclassic.com

www.burmeseclassic.com



# ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ လိုအပ်နေပြီလား

www.burmeseclassic.com

www.burmeseclassic.com

## ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ လိုအပ်နေပြီလား

သူလေ့လာမိသလောက်တော့ ဘာသာကူးပြောင်းတာနှင့် ပတ်သက်ရင် အစွန်းနှစ်ဖက်ရှိသည်။ တချို့နိုင်ငံတွေမှာ သေဒဏ်ပေးလေ့ရှိသည်။ တချို့နိုင်ငံတွေမှာတော့ အထိန်းအကွပ်မဲ့စွာ ကြိုက်သလို ကူးပြောင်းခွင့်ရှိသည်။

သို့နှင့် လတ်တလော မြန်မာနိုင်ငံဥပဒေကြမ်းရေးဆွဲရေးကော်မရှင်က ထုတ်ပြန်အကြံပြုချက်တောင်းခံလာသော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကိုလည်း ထိုအစွန်း နှစ်ဖက်အကြားက ဥပဒေတစ်ခုဖြစ်လာဖို့ တရားလွှတ်တော်ရှေ့နေဦးဌေးဦးက မျှော်လင့်နေသည်။

ထိုဥပဒေကြမ်း၏ ကနဦးသည် အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့က ကမကထပြုလုပ်ရှားတောင်းဆိုမှုများကစတင်သည်။ ထိုမှ ပြီးခဲ့သည့်ဖေဖော်ဝါရီလထဲတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုယ်တိုင်က အမျိုးစောင့်ဥပဒေဆိုင်ရာဥပဒေလေးခုကို ပြဋ္ဌာန်းပေးဖို့အတွက် ပြည်ထောင်စုလွှတ်တော်ထံ သဝဏ်လွှာဖြင့် စဉ်းစားခိုင်းသည်။

ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေတို့ ဟူ၍ဖြစ်သည်။

အမှန်တော့ ထိုဥပဒေအမျိုးအစားလေးခုစလုံးကို ပြည်တွင်းက နယ်ပယ်စုံမှ အဖွဲ့အစည်းပေါင်း ၁၅၀ကျော်က ကန့်ကွက်ကြောင်း ထုတ်ပြန်ချက်များပြုခဲ့ပါသည်။ အထူးသဖြင့်တော့ နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ဖြောင်ကျကျချိုးဖောက်နေသောကြောင့်ဟု ၎င်းအဖွဲ့အစည်းများက ဆိုပါသည်။

"လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုကို ဖောက်ဖျက်တာက ထိပ်ဆုံးပဲ။ အမိုက်ပုံးထဲကိုထည့်ပစ်သင့်တဲ့ဥပဒေကြမ်းပါ။ ဆွေးနွေးနေရင် အချိန်ကုန်တယ်"ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်ခွန်ဂျာကပြောသည်။ ယခုလိုလည်း ဥပမာပြပြီး ဒေါ်ခွန်ဂျာက မေးခွန်းထုတ်သည်။

ဥပမာ–ကျွန်မကြိုက်လို့ယူလိုက်တဲ့ယောကျ်ားကြောင့် ဘာသာကူးပြောင်းတာကို ဘာကိစ္စသူများကို မှတ်ပုံသွားတင်ရမှာလဲဆိုတာပေါ့။ တိတ်တိတ်ကလေးယူသွားရင်ရော သူတို့ကဘာတတ်နိုင်မှာလဲ။ ဥပဒေက လက်တွေ့မကျဘူး။

ယခုအခါ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို မေ ၂၇ ရက်ကစတင်ပြီး သတင်းစာများ၊ အွန်လိုင်းစာမျက်နှာများမှတစ်ဆင့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်က အကြံပြုများတောင်းခံနေသည်။

အခန်း(၇)ခန်းပါဝင်သော ၎င်းဥပဒေကြမ်းကို ပြည်သူများအားချပြသည်။ ဥပဒေ၏အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ မှတ်ပုံတင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းရန် လျှောက်ထားခြင်း၊ သက်သေခံလက်မှတ်ထုတ်ပေးခြင်း၊ ကိုးကွယ်ရာဘာသာကူးပြောင်းသူ၏အခွင့်အရေးနှင့်တာဝန်၊ တားမြစ်ချက်၊ ပြစ်ဒဏ်၊ အထွေထွေဟူ၍ဖြစ်သည်။

အဓိကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကိုယ်ကျင့်တရား၊ ပြည်သူ့ကျန်းမာရေးတို့နှင့်မဆန့်ကျင်ရင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သည့်အခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်နိုင်သည့်အခွင့်အရေးတို့ကို အညီအမျှရှိစေရမည်ဆိုသော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄ နှင့်အညီ ဥပဒေကိုရေးဆွဲသည်ဟုဆိုသည်။ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာရွေးချယ်ခွင့်ရရှိစေရန် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်

www.burmeseclassic.com

www.burmeseclassic.com



အလို့ငှာ ရည်ရွယ်သည်ဟု ဥပဒေကြမ်း၏ နိဒါန်းတွင်ဆိုထားသည်။

"ဥပဒေကို အကြမ်းဖျင်းကြည့်တာတော့ မျှတတဲ့သဘောရှိပါတယ်။ မြန်မာတိုင်းရင်းသားအားလုံးအတွက် အကာအကွယ်ပေးတဲ့ ဥပဒေတစ်ခုပဲလို့ မြင်ပါတယ်"ဟု အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ ဥက္ကဋ္ဌဆရာတော်ဘဒ္ဒန္တတိလောကာဘိဝံသာက ရန်ကုန်တိုင်းမ်သို့မိန့်ပါသည်။

သီးခြားအကာအကွယ်ရှိပြီးသားပုဂ္ဂိုလ်တွေကတော့ လိုအပ်ချင်မှ လိုအပ်လိမ့်မည်။ အကာအကွယ်သီးခြားမရှိသေးသော တိုင်းရင်းသား လူမျိုးများ၊ ဘာသာများအတွက်တော့ အများကြီးအထောက်အကူဖြစ်စေသည်ဟု ဆရာတော်က ယူဆသည်။

"မတရားလွှမ်းမိုးလိုသူတွေအတွက်တော့ မပြောတတ်ဘူး။ သူ့ဘာသာသူနေတဲ့ပုဂ္ဂိုလ်တွေအတွက်တော့ ဘာမှထိခိုက်နစ်နာစရာမရှိဘူး"။

အဆိုပါဥပဒေကြမ်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံလူ့အခွင့်အရေး ပညာပေးရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းကတော့ အမျိုးသမီးတစ်မျိုးကိုပဲ ပိတ်ပင်သည့်သဘောမျိုးမဟုတ်ဘဲ ဘာသာအားလုံးကို လွှမ်းခြုံမှုရှိသည်ဟု မှတ်ချက်ပြုသည်။

"ကူးပြောင်းမှုအတွက် ကန့်သတ်တဲ့ပုံစံမဟုတ်ဘဲနဲ့ စစ်ဆေးတယ်ဆိုတာမျိုးပါလာတာဟာ အရင်ကြားထားတာထက် တိုးတက်မှုရှိပါတယ်"ဟု ၎င်းကဆိုသည်။ အထူးသဖြင့်ကူးပြောင်းမှုသည် မိမိ၏ သဘောဆန္ဒအလျောက် ဖြစ်ရမည်ဆိုသည့်အချက်နှင့် ကူးပြောင်းမှုသည် မိမိသဘောဆန္ဒကြောင့် ဟုတ်၊မဟုတ်ကို သေသေချာချာ စိစစ်မည်ဆိုသည့် သဘောမျိုးကြောင့် ဥပဒေကြမ်းကိုကောင်းသည်ဟု ဦးအောင်မျိုးမင်းကယူဆသည်။

နိုင်ငံတစ်နိုင်ငံတွင် ခေတ်၊ စနစ်၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပြောင်းအလဲတွေက အမြဲတမ်းဖြစ်ပေါ်နေသည့်အတွက် ထိုအခြေအနေများနှင့် သဟဇာတဖြစ်မည့်ဥပဒေများကိုပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ရေးဆွဲခြင်း စသဖြင့် ဆောင်ရွက်ဖို့ဥပဒေပြုမဏ္ဍိုင်တွင် တာဝန်ရှိသည်။ အခုအမျိုးစောင့် ဥပဒေထဲက တစ်ခုဖြစ်သည့် ကိုးကွယ်ရာဘာသာကူးပြောင်းရေးဆိုင်ရာ ဥပဒေဆိုသည်လည်း "လိုအပ်လို့ ပြဋ္ဌာန်းဖို့ကြိုးစားတယ်"လို့ပဲမြင်သည် ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါ်ခင်ဝိုင်းကြည့်က ပြောသည်။

ယင်းသို့ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး လိုအပ်သည်ဟု ထင်သူ

www.burmeseclassic.com

www.burmeseclassic.com



ရော၊ မလိုအပ်ဘူးဟု ထင်သူရော ကွဲပြားနေပါလိမ့်မည်ဟု ဦးအောင်မျိုးမင်းကဆိုသည်။ "ကိုယ့်ဘာသာတရားအတွက် ကိုယ်တိုင်သိပြီးတော့ သီလကောင်းကောင်းနဲ့ထိန်းသိမ်းမယ်ဆိုရင် ဒါကြီးကမလိုပါဘူး။ အဓိကတော့ ကိုယ့်ဘာသာတရားကိုလေးစားပြီး သူတစ်ပါးဘာသာကိုစော်ကားတဲ့ အပြုအမူမျိုးမရှိဘဲ မှန်ကန်တဲ့တရားဥပဒေ စိုးမိုးမှုရှိမယ်ဆိုရင် ပိုအဆင်ပြေလိမ့်မယ်"ဟု သူကယုံကြည်သည်။ တချို့နိုင်ငံများဆိုလျှင်လည်း နိုင်ငံသားဟုသာရှိပြီး ထိုနိုင်ငံက ဘာကိုးကွယ်သည်ဆိုတာကို အရေးမကြီးသည့် သဘောမျိုးလည်းရှိသည်ဟု ၎င်းကဆက်ပြောသည်။

အထူးသဖြင့် မြန်မာနိုင်ငံလို ဒီမိုကရေစီအပြည့်အဝမရှိသေးသော၊ ပွင့်လင်းမြင်သာမှုမရှိသေးသော၊ လာဘ်ပေးလာဘ်ယူမှုများ အမြစ်တွယ်နေသေးသောအခြေအနေမျိုးတွင် ဒီလိုဥပဒေပြဋ္ဌာန်းဖို့ ကြိုးစားတာသည် "လုံးဝမလိုအပ်သေးဘူး"ဟု တရားလွှတ်တော်ရှေ့နေဦးဌေးဦး(စိန်ပွန်း)ကပြောသည်။

"အခုဥပဒေဟာ ဘာသာခြားသူဌေးတွေ အကြိုက်ဖြစ်သွားမှာကိုတော့ စိုးရိမ်တယ်။ ဒီလိုလွတ်လွတ်လပ်လပ်နေလာခဲ့ရာကနေ အခုဥပဒေကြီးပြဋ္ဌာန်းလိုက်ရင် အစောကဘာသာခြားသူဌေးတွေအတွက် ဘာသာသွတ်သွင်းမှုတွေကိုတရားဝင်လုပ်ခွင့်ပေးလိုက်သလိုဖြစ်သွားမှာ"ဟု ၎င်းကယူဆသည်။

ပွင့်လင်းမြင်သာသော၊ ဒီမိုကရေစီအပြည့်အဝရရှိလာသောအချိန်မှသာ ယခုလိုဥပဒေမျိုးကိုကျင့်သုံးသင့်သည်ဟု သူကဆိုသည်။

သို့သော် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(မဟာ)မှ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ(ရွာမဆရာတော်ကြီး)ကတော့ ယခုဥပဒေသည် ဗုဒ္ဓဘာသာဝင်များအတွက်တင်မဟုတ်ဘဲ မြန်မာတိုင်းရင်းသားအားလုံးအတွက် လိုအပ်နေပြီဟု မိန့်ကြားပါသည်။

မြန်မာနိုင်ငံတွင် စနစ်တကျမှတ်ပုံတင်လုပ်ထားသည့် လက်ထပ်ထိမ်းမြားခြင်းမျိုးကို အမွေဆက်ခံမှုပိုင်းအရ အထိုက်အလျောက် အကာအကွယ်ပြုထားသည့် ၁၉၅၄ခုနှစ်က ဥပဒေရှိသော်ငြားလည်း "ဘာသာကူးပြောင်းမှုတို့မှာတော့ မထိရောက်ဘူး။ မလုံလောက်ဘူး။ အားမကိုးလောက်ဘူး"ဟု ဆရာတော်ကြီးက မိန့်သည်။

အဆိုပါဥပဒေကြောင့် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာအပါအဝင် ချင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကရင်၊ ကချင်၊ မွန် စသဖြင့် လူမျိုးတိုင်း၊ တိုင်းရင်းသား ၁၃၅ မျိုးစလုံး အကုန် အကျိုးခံစားခွင့်ရှိသည်၊ အကာအကွယ်တွေလုံလောက်နိုင်သည်ဟု ဆရာတော်ကယူဆသည်။ သို့သော် တစ်ဖက်တွင်လည်း ယခုလို ဥပဒေပြု ခြင်းသည် လက်ထပ်ထိမ်းမြားမှုကို ခက်ခက်ခဲခဲဖြစ်အောင်လုပ်နေသည်ဟု ထင်မြင်မှုများရှိနေသည်ကိုလည်း ဆရာတော်က ယခုလိုရှင်းပြသည်။

"ဘာပဲဖြစ်ဖြစ် သူတို့အတွက် နောင်ရေးကို ရည်ရွယ်တာပါ။ အိမ်ထောင်မှုဘုရားတည်ဆိုတဲ့လုပ်ငန်းတွေဟာ နောင်ပြင်ဖို့အတွက် လွယ် ပါ့မလား။ ပြီးခဲ့တဲ့နှစ်ပေါင်း ၆၀ လောက် မြန်မာအမျိုးသမီးတွေ တွေ့ကြုံ ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကိုကြည့်ပြီးတော့ အခုချိန်မှာတော့ မလုပ်လို့မဖြစ် တော့တဲ့ အခြေအနေမို့ ဒီဥပဒေဖြစ်အောင် တိုက်တွန်းတာပါ"။

လက်ရှိထုတ်ပြန်လိုက်သော ဥပဒေကြမ်း၊ အခန်း (၅) တားမြစ် ချက်တွင် မည်သူမျှဘာသာသာသနာကိုစော်ကားရန်၊ အကြည်ညိုပျက်စေရန်၊ ဖျက်ဆီးရန် သို့မဟုတ် အလွဲသုံးစားပြုရန်အကြံဖြင့် ကိုးကွယ်ရာဘာသာကူး ပြောင်းရန် လျှောက်ထားခြင်းမပြုရဟုဆိုထားသည်။ ထို့ပြင် မည်သူမျှ တစ်ဦးတစ်ယောက်ကို ကိုးကွယ်ရာဘာသာကူးပြောင်းရန် ခြေြးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သွေးဆောင်ခြင်း၊ မလျော်ဩဇာသုံးခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းမပြုရ။ မည်သူမျှ တစ်ဦးတစ်ယောက်၏ ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းကို ဟန့်တားခြင်း၊ ပိတ်ပင်ခြင်း သို့မဟုတ် နှောင့် ယှက်ခြင်းမပြုရဟု တားမြစ်ထားသည်။

ယင်းသို့တားမြစ်ချက်များကို ချိုးဖောက်ပါက အခန်း (၆)အရ ကျူးလွန်သည့်ပြစ်ဒဏ်အလိုက် ထောင်ဒဏ်အနည်းဆုံးခြောက်လမှ အမြင့် ဆုံးနှစ်နှစ်အထိနှင့် ငွေဒဏ်အနည်းဆုံးငါးသောင်းမှ အများဆုံးနှစ်သိန်းအထိ ချမှတ်နိုင်သည်ဟုဆိုသည်။ ထို့ပြင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့်ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန် သော ပြစ်မှုအတွက် မူရင်းပြဋ္ဌာန်းထားသော အမြင့်ဆုံးထောင်ဒဏ်ကို ချမှတ်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထားသည်။

ပြစ်ဒဏ်ပေးသည့်ကိစ္စတွင် ထိရောက်သောပြစ်ဒဏ်များပေးလျှင် ပိုကောင်းမည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုရက္ခိတအဖွဲ့ဥက္ကဋ္ဌ ဓမ္မ စက္ကူ ဦးမောင်မောင်ကဆိုပါသည်။ ထို့အချက်ကို ဦးဖြေဦး(စိန်ဝှန်း)က

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ခံသည်။

"ငွေကြေးအသုံးပြုပြီး၊ ဖိအားပေးဘာသာသိမ်းသွင်းတာတွေ လုပ်ရင်တော့ ပြင်းပြင်းထန်ထန် အရေးယူသင့်တယ်။ ဖြစ်နေတာက ပြစ်ဒဏ်ပေးမယ်ဆိုရင်တောင် ပျင်းတောင်ပျင်းသေးတယ်ဆိုတဲ့ ပြစ်ဒဏ်မျိုးတွေပဲ"ဟု ဦးရွှေဦး(စိန်ပွှန်း)က ဆိုသည်။

ထို့ပြင် လက်ရှိဥပဒေကြမ်းသည် မြန်မာနိုင်ငံတွင် ဖြစ်နေသော အဖြစ်အပျက်များနှင့် လိုက်လျောညီထွေဖြစ်သည့် ပြဋ္ဌာန်းချက်မျိုးကို မတွေ့ရ။ အကယ်၍ ဘာသာခြားတစ်ယောက်သည် ပိုက်ဆံသုံးပြီး အာဏာပိုင်နှင့်ပူးပေါင်းကာ ဆင်းရဲသားတစ်ယောက်ကို ဘာသာကူးပြောင်းအောင် တနည်းနည်းဖြင့်လုပ်မည်ဆိုက ဘယ်သူမှမသိလိုက်ဘဲ ဘာသာကူးပြောင်းသွားရသည့် အခြေအနေမျိုးဖြစ်နေသည်ဟု ၎င်းက ထောက်ပြသည်။

ထို့ကြောင့် ယခုဥပဒေတွင် ပါဝင်သင့်သည်က အဂတိလိုက်စား၍သော်လည်းကောင်း၊ ဘာသာခြားနှင့် ပူးပေါင်း၍သော်လည်းကောင်း ဘာသာကူးပြောင်းမှုပြုလုပ်လျှင် ထိုသူကို ပြင်းထန်စွာအရေးယူမည်ဆိုသည့် ပြဋ္ဌာန်းမျိုးဟု ဦးရွှေဦး(စိန်ပွှန်း)က အကြံပြုသည်။

ဥပမာ–ဘင်္ဂါလီကိစ္စကိုကြည့်ပါ။ ထိုသို့သော အခြေအနေမျိုးများကြောင့်ဖြစ်ရတာ။ ဒါကို သင်ခန်းစာမယူဘဲ ဥပဒေကိုဖြစ်သလိုရေးဆွဲနေမယ်ဆိုရင် ဒီဥပဒေက ဘာသာခြားတစ်ယောက်အတွက်ပဲ ဖြစ်သွားလိမ့်မယ်။

"စည်းကမ်းဟူသည် လူ၏တန်ဖိုး၊ အကွပ်မရှိသည့် ကြမ်းပရမ်းပတာ"ဆိုသလို စိတ်ပိုင်းဆိုင်ရာဖြင့် တကယ်ကိုစောင့်ထိန်းသော်ငြားလည်း တစ်ဖက်ကဖိအားပေးခြင်းကိုခံရလို့ ဘာသာကူးပြောင်းသွားသည့် သာဓကများရှိနေသည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ထောက်ပြသည်။

"မနေ့ကတင်ပဲ အမျိုးသမီးတစ်ယောက်လက်ထပ်ပေါင်းသင်းတာ ငါးလလောက်ကြာတော့မှ By force နဲ့ သူများဘာသာဝင်ဖြစ်သွားတဲ့ သာဓကရှိနေပါတယ်။ စိတ်တောင်မချမ်းသာဘူး"ဟု သူမကဆိုသည်။

တကယ်တမ်း လူ့အခွင့်အရေးဆိုသည်လည်း မိမိဆန္ဒရှိရင် ဘယ်သူ့ကိုမှမထိခိုက်ရင် လုပ်ခွင့်ရှိသည်။ ဘာသာလည်းကူးခွင့်ရှိသည်။ ပြောင်းခွင့်ရှိသည်မှန်သော်လည်း မိမိကမလုပ်ချင်ပါဘဲ ဖိအားပေးလို့ ကူး

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသည်ကတော့ "နိုင်ငံထက်စီးနင်းလုပ်တာနဲ့တူတယ်"ဟု ဒေါ်ခင်ဝိုင်းကြည်က ပြောသည်။

"ဆိုတော့ တကယ်လို့သာပြဋ္ဌာန်းနိုင်ရင်တော့ အဲဒီလို ပဋိပက္ခမျိုးတွေလျော့သွားပြီး မတရားဘာသာသွတ်သွင်းခံရတာတွေ ပျောက်သွားမယ်"ဟု သူမကယူဆသည်။

ပြီးခဲ့သည့် မေ ၂၉ ရက်က ထုတ်ပြန်သော အမေရိကန်အခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရတော့ ယခုကိုးကွယ်ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းသည် မြန်မာနိုင်ငံရှိလူမျိုးစုများအကြား ဘာသာရေးပဋိပက္ခများဖြစ်ပွားစေနိုင်သည်ဟု ဆိုသည်။

ဘာသာရေးသည် နိုင်ငံရေးသဘော သက်ဝင်နေသောကြောင့် အစိုးရသည် ဘာသာရေးကို ဝင်ရောက်စွက်ဖက်နိုင်ပြီး အမျိုးဘာသာ၊ လူမျိုးစုတင်းမာမှုများဖြစ်စေနိုင်သည်ဟု ၎င်းအဖွဲ့ကထုတ်ပြန်သည်။ ထို့ကြောင့်လည်း လူနည်းစုဘာသာဝင်များကို ဖိနှိပ်အကြမ်းဖက်ခြင်းကို အားမပေးသော ဥပဒေတစ်ရပ်အဖြစ်လုပ်ဆောင်ပေးရန် မြန်မာနိုင်ငံက လွှတ်တော်အသိုင်းအဝိုင်းကို တိုက်တွန်းထားသည်။

"ဒီဥပဒေကိုသာ အတည်ပြုလိုက်မယ်ဆိုရင် တခြားသော မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဘာသာတရားတွေကို အမြင့်ဆုံးစော်ကားတာနဲ့တူနေပါတယ်" ဟု ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဒေါ်ခွန်ဂျာက ဝေဖန်လိုက်သည်။ သူမအနေဖြင့် အဆိုပါဥပဒေကိုပြဋ္ဌာန်းဖို့အတွက် ကမကထပြုလုပ်ဆောင်သည့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ထည့်တွက်သည်။ သူတို့သည် ဗုဒ္ဓဘာသာတစ်ခုတည်းကိုပဲ ကာကွယ်ဖို့လုပ်နေသည့်ပုံစံမျိုးဖြစ်နေသည်ဟု ဒေါ်ခွန်ဂျာက ဆိုသည်။

"တခြားနိုင်ငံတွေမှာဆိုရင် သေးငယ်တဲ့ဘာသာတရားတွေ၊ လူမျိုးစုတွေကို မပျောက်ပျက်အောင် အကာအကွယ်ပေးတဲ့ဥပဒေတွေပဲ ရှိပါတယ်။ အများဆုံးဖြစ်တဲ့ ဘာသာတရားကိုကိုးကွယ်ဖို့အတွက် သက်သက်ကြီးဥပဒေထုတ်တာတော့မရှိဘူး။ မြန်မာနိုင်ငံမှာတော့ ပြောင်းပြန်ဖြစ်နေတယ်"။

ဘာသာကူးပြောင်းတာကိုပဲ မှတ်ပုံတင်ပေးပြီး စောင့်ကြည့်နေမှာလား၊ ကိုယ့်ဘာသာတရားကို တကယ်သက်ဝင်ယုံကြည်အောင် လုပ်

www.burmeseclassic.com

www.burmeseclassic.com



မလားဟု ဒေါ်ဂွန်ဂျာကမေးခွန်းထုတ်သည်။ ထိုဥပဒေကြောင့် နိုင်ငံတော်ကိုယ်တိုင်က နိုင်ငံသားတစ်ယောက်၏အခွင့်အရေးဖြစ်သော လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ကို ဥပဒေတစ်ရပ်ထုတ်ပြီး ကန့်သတ်သလို ဖြစ်နေသည်ဟု သူမကယူဆသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၈)အရတော့ လူတိုင်းလွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိပြီး ဆန္ဒရှိပါက အခြားဘာသာကို ကူးပြောင်းကိုးကွယ်နိုင်သည်ဟု ဆိုသည်။

ယခုထုတ်ပြန်လိုက်သော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများကိုတော့ ချိုးဖောက်သည့်အသုံးအနှုန်းမျိုးမတွေ့ရဟု မြန်မာနိုင်ငံလူ့အခွင့်အရေးပညာရေးဌာန ညွှန်ကြားရေးမှူးလည်းဖြစ်၊ အီကွဲလ်လတီမြန်မာမှ ဦးအောင်မျိုးမင်းက သုံးသပ်သည်။

သို့သော် "ဗုဒ္ဓဘာသာဘက်ကို နည်းနည်းစောင်းပေးတဲ့ သဘောမျိုး၊ သက်ရောက်မှုမျိုးတော့ရှိပါတယ်။ စာအရ မဟုတ်ပေမယ့် ရေးသားမှုအပိုင်းအရပေါ့" ဟု သူကဆိုသည်။ ဥပမာ–အကြံပြုဖို့အတွက်ဖိတ်ခေါ်တဲ့နေရာမှာ ရဟန်းရှင်လူတွေပဲဖိတ်ခေါ်ပြီးတော့ တခြားဘာသာဝင်တွေကို ထည့်သွင်းစဉ်းစားထားပုံမရတာကို သတိထားမိပါတယ်။

လူ့အခွင့်အရေးကြေညာစာတမ်းသည် ဥပဒေတစ်ရပ်တော့မဟုတ်ပါ။ မိမိနိုင်ငံ၏ဓလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့်မိမိတို့၏အခြေအနေပေါ်မူတည်ပြီး လိုက်နာနိုင်သည်များကို ကျင့်သုံးရသည့်သဘောဟု မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်ကပြောဖူးသည်။

"လူ့အခွင့်အရေးကိုအသုံးချတဲ့အခါမှာ ကိုယ်ယုံကြည်တာကို တင်ပြခွင့်ရှိသလိုသူကလဲ သူ့ဆန္ဒရှိတာကို တင်ပြခွင့်ရှိတယ်။ တစ်ဖက်နဲ့တစ်ဖက် ပဋိပက္ခမဖြစ်ဖို့တော့လိုတယ်"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ယုံကြည်သည်။

"လူ့အခွင့်အရေးနဲ့သာ ကိုင်ပေါက်နေရင် အစ္စလာမ်မှာရှိနေတဲ့ စည်းမျဉ်းစည်းကမ်းဥပဒေသတွေ၊ ခရစ်ယာန်မှာရှိတဲ့ စည်းမျဉ်းစည်းကမ်းဥပဒေသတွေ၊ ဟိန္ဒူမှာရှိနေတဲ့ စည်းမျဉ်းစည်းကမ်းဥပဒေသတွေ အကုန်

www.burmeseclassic.com

www.burmeseclassic.com



လုံးကိုလေ့လာပြီးမှ မြန်မာနိုင်ငံကလုပ်သည့်ဥပဒေဟာ ဘာတွေဖြစ်တယ်ဆိုတာကို ချိန်ထိုးပြီး သိပ်မတရားဘူးဖြစ်နေရင်တော့ ကန့်ကွက်ပေါ့။ လက်ခံပါတယ်။ ရမ်းသန်းပြီးတော့သံသယနဲ့စိတ်က ကိုယ်ချစ်လို့၊ မုန်းလို့ကန့်ကွက်တယ်ဆိုတာတော့မကောင်းဘူး"ဟု ဒေါ်ခင်ဝိုင်းကြည်က ဥပဒေနှင့်ပတ်သက်ပြီး ဝေဖန်နေသူများကို အကြံပြုသည်။ ဥပဒေတစ်ရပ်တွင်တော့ အားနည်းချက်၊ အားသာချက်များဆိုသည်ကရှိစမြဲပဲဟု သူမကဆိုသည်။

ဥပဒေတစ်ခုပြဋ္ဌာန်းရာတွင် နံပါတ်တစ်–တစ်သီး ပုဂ္ဂလအခွင့်အရေး၊ နံပါတ်နှစ်–အစုအဖွဲ့အလိုက်အခွင့်အရေးနှင့် နံပါတ်သုံး–အမျိုးသားအကျိုးစီးပွားကို ထည့်သွင်းစဉ်းစားဖို့လိုသည်ဟု နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်က ပြောဆိုဖူးသည်။

"ဒီအချက်သုံးချက်ကို ထည့်စဉ်းစားရင် ဘာမှအငြင်းပွားစရာရှိမှာမဟုတ်ပါဘူး။ အဲဒီအချက်သုံးချက်နဲ့ ဥပဒေလုပ်တယ်ဆိုရင် နိုင်ငံတကာဘယ်စံတွေနဲ့ပဲတိုင်းတိုင်း ဒါဟာ မြန်မာ့စံပဲဖြစ်လိမ့်မယ်"ဟု ဒေါက်တာဆလိုင်းက ဆိုသည်။

ယခုအငြင်းပွားနေသော ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းအခန်း(၂) အရ ဘာသာကူးပြောင်းလိုသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ လွတ်လပ်သောမိမိ၏သဘောဆန္ဒအရ ကူးပြောင်းလိုခြင်းမျိုးဖြစ်ရမည်။ သက်ဆိုင်ရာမှတ်ပုံတင်ရုံးသို့ ဘာသာကူးပြောင်းလိုခြင်းအကြောင်းအရင်းကို ဖော်ပြနိုင်ရမည်ဟုဆိုသည်။

အခန်း(၃)အရဆိုလျှင် သွေးဆောင်ဖြားယောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်းနှင့် အနိုင်အထက်ပြုခြင်း သို့မဟုတ်ထိုသို့သဘောသက် ရောက်သော အပြောအဆို၊ အပြုအမူတို့ကိုခံရခြင်းမရှိဘဲ မိမိဆန္ဒအလျောက် ကူးပြောင်းခြင်းဟုတ်၊ မဟုတ်ကို ဘာသာကူးပြောင်းလိုသူအား မှတ်ပုံတင်ရေးအဖွဲ့က စစ်ဆေးမေးမြန်းရမည် ဖြစ်သည်။

ထိုသို့မေးမြန်းပြီးမှ ရက်ပေါင်း ၉၀ ထက်မပိုသော ကာလသတ်မှတ်ပြီး ကိုးကွယ်လိုသော ဘာသာ၏အနှစ်သာရ၊ ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ပစ္စည်းခွဲဝေခြင်းဆိုင်ရာလေ့ထုံးတမ်းများ၊ အမွေဆက်ခံခြင်းများကို လေ့လာခွင့်ရမည်ဖြစ်သည်။ လေ့လာသည့် သတ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ရက် မလောက်ငလို့ တိုးမြှင့်တောင်းဆိုပါက နောက်ထပ်ရက်ပေါင်း ၁၈၀ထက်မပိုသောကာလတစ်ခုကို မှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးနိုင်သည်။

ဗုဒ္ဓသာသနာတော်၊ ရဟန်းတော်များကို ရဟန်းပြုခွင့်၊ ရဟန်းခံခွင့် ပြုထားသည့်အရွယ်မှာ အသက် ၂၀ ဖြစ်သည်။ အသက် ၂၀ ပြည့်ပြီးမှ သာကြုံတွေ့ရမည့် ဘေးအန္တရာယ်နှင့် လောကဓံမျိုးကို ခံနိုင်ရည်ရှိမည်။ "ဘုရားအလိုအတိုင်း ၂၀လောက်ကိုထားရင်တော့ ပိုသင့်တော်မလားလို့ စဉ်းစားမိတယ်။ ဒါပေမဲ့ နိုင်ငံတကာမှာက ၁၈ နှစ်ပြည့်ရင် မဲပေးပိုင်ခွင့်ရှိတယ်။ ဆုံးဖြတ်နိုင်တဲ့အနေအထားရှိတယ်ဆိုပြီး လက်ခံထားတော့ ဒါကို မဆန့်ကျင်ချင်ပါဘူး။ ကလေးအရွယ်ဆိုတာကတော့ အသက်၂၀ လောက်မှ မရှိသေးရင် ဆင်ခြင်တုံတရားနည်းသေးတယ်"ဟု ရှာမဆရာတော်ကြီးက မိန့်သည်။

ဘာသာကူးပြောင်းမှုကို မှတ်ပုံတင်သည့်အဖွဲ့ထဲတွင် ဘာသာရေးဆိုင်ရာကျွမ်းကျင်သည့်သူများကို ထည့်သွင်းထားခြင်းမရှိတာကိုတော့ မြန်မာနိုင်ငံလူ့အခွင့်အရေးပညာပေးရေးဌာန ညွှန်ကြားရေးမှူးက သတိပြုမိသည်။ ဥပဒေကြမ်းအရ မှတ်ပုံတင်ပေးရေးအဖွဲ့တွင် မြို့နယ်သာသနာရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးဌာနမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ အုပ်ချုပ်ရေးမှူး၊ ၎င်းဌာနကရွေးချယ်ပေးသော မြို့မိမြို့ဖနစ်ဦး (အုပ်ချုပ်ရေးမှူး)၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးများ ပါဝင်သည်။

"သတိထားရမယ့်အချက်က ကျွန်တော်တို့ဆီမှာ သာသနာရေးဝန်ကြီးဌာနမှာဆိုရင် ဗုဒ္ဓဘာသာအတွက်ပဲလုပ် ကိုင်ပေးနေတဲ့အဖွဲ့တစ်ခုလို မြင်တွေ့နေရလို့ပါ။ ဒါကြောင့် ဗုဒ္ဓဘာသာတစ်ခုတည်းကို မဟုတ်ဘဲနဲ့ တခြားဘာသာ အချင်းချင်းကူးပြောင်းချင်တယ်ဆိုရင်လဲ တခြားဘာသာရေးဆိုင်ရာကျွမ်းကျင် သူတွေပါဝင်မယ်ဆိုရင်တော့ ပိုကောင်းမှာ"ဟု ဦးအောင်မျိုးမင်းက ထောက်ပြသည်။

နိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာနတစ်ခုဖြစ်သော သာသနာရေးဝန်ကြီးဌာနသည် "လောလောဆယ်တော့ ဗုဒ္ဓဘာသာတစ်ခုတည်းရဲ့ အကျိုးစီးပွားတစ်ခုတည်းကိုပဲ လုပ်ကိုင်နေတာ"ဟု ဒေါ်ခွန်ဂျာက ပြောဖန်သည်။ ဘာသာတရားတစ်ခုနှင့်တစ်ခုအကြားတွင် ပိုပြီးငြိမ်းချမ်းသာယာ

www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်ရမည့်အစား လက်ရှိသူတို့၏ လုပ်နေကိုင်နေပုံများသည် ဘာသာတရားတစ်ခုနဲ့တစ်ခုကို ပိုကွဲအောင်လုပ်နေသလိုပဲဟု ၎င်းကဆိုသည်။

"ဒါကြောင့် အစိုးရရဲ့ဘက်ကိုထုတ်ပြီးတော့ လည်ပတ်တဲ့ဌာနမျိုး မဖြစ်သင့်တော့ဘူး"ဟု ဒေါ်ဝွန်ဂျာက အကြံပြုသည်။

နောက်တစ်ချက်ကတော့ အမျိုးသမီးရေးရာအဖွဲ့တစ်ခုပါဝင်နေသည်ကလည်းထူးခြားနေသည်။ "ဘာသာပြောင်းတယ်ဆိုမှာတော့ အမျိုးသမီးလဲဖြစ်နိုင်တယ်။ အမျိုးသားလဲဖြစ်နိုင်ပါတယ်။ ဒါပါနေခြင်းထက်တခြားဘာသာရေးဆိုင်ရာနဲ့စပ်ကျွမ်းကျင်တဲ့သူပါတာက ပိုသင့်တော်ပါလိမ့်မယ်"ဟု ဦးအောင်မျိုးမင်းက ဆိုသည်။

ဥပဒေသမားတစ်ဦးအတွက်တော့ အဆိုပါဥပဒေ၏ ပုဒ်မ–၉ပါ "လိုအပ်သလိုဆောင်ရွက်ပြီး သက်သေခံလက် မှတ်ထုတ်ပေးနိုင်သည်" ဆိုသည့်စကားလုံးကို သိပ်ဘဝင်မကျလှ လူ့အခွင့်အရေးချိုးဖောက်မှုတစ်စုံတစ်ရာဆီသို့ ဦးတည်သွားစေနိုင်သည်ဟု တရားလွှတ်တော်ရှေ့နေ ဦးဌေးဦး(စိန်ဝှန်း)က ထောက်ပြသည်။

"လွယ်လွယ်ရေးထားတာ။ ဒါဟာ လာဘ်ပေးလာဘ်ယူမှုကိုခွင့်ပြုထားသလိုပဲ။ ဒါဆိုရင် ငွေမပေးနိုင်တဲ့၊ အားနည်းတဲ့သူတွေကခံသွားရမှာပဲ၊ အဲဒီလိုပိုက်ဆံရှိတဲ့သူတွေနဲ့ အာဏာရှိတဲ့သူတွေနဲ့ပေါင်းပြီးလုပ်တာကိုသာဆင်းရဲတဲ့သူကခံလိုက်ရမယ်ဆိုရင် ဒါဟာ လူ့အခွင့်အရေးကို အကြီးကျယ်ချိုးဖောက်တာပဲ"ဟု ဆိုသည်။

မည်သို့ဆိုစေ တိုင်းပြည်နှင့်လူမျိုး၊ ဘာသာနှင့်သာသနာအပေါ်တွင် မူတည်ပြီးကြည့်လျှင် အဆိုပါဥပဒေမျိုးမဖြစ်မနေလိုအပ်နေသည်ဟု ရွာမဆရာတော်ကြီးက မိန့်ကြားသည်။

"အခုချိန်မှာကိုလိုအပ်နေပြီ။ ဒါထက်နောင်းသွားရင် မလွယ်တော့ဘူး။ တကယ့်ကိုတာဝန်ရှိတဲ့ ကိုယ်တွေရဲ့ ဗုဒ္ဓဘာသာဝင် လွှတ်တော်ကိုယ်စားလှယ်တွေရှိနေတုန်း လုပ်လိုက်တာဟာ အကောင်းဆုံးပဲ။ အခုအချိန်ကအချိန်ကောင်းပါ။ နောက်တစ်ချိန်တော့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ဖို့ မလွယ်တော့ဘူး"။

အဘယ်ကြောင့်ဆိုသော် အိမ်နီးချင်းထိုင်းနိုင်ငံတောင်ပိုင်းကိုကြည့်မလား၊ ကိုယ့်နိုင်ငံက ရခိုင်ပြည်နယ်အနောက်မြောက်ပိုင်းက ဘူးသီး

www.burmeseclassic.com

www.burmeseclassic.com



တောင်၊ မောင်တောကို ကြည့်မလား၊ ဗုဒ္ဓဘာသာလုံးဝဆုံးရှုံးသွားရပြီဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်တို့ကို ကြည့်မလားဟု ဆရာတော်က မေးခွန်းထုတ်သည်။

"အရင်တုန်းက ဗုဒ္ဓဘာသာနိုင်ငံတွေပါ။ ဒါကိုကြည့်ရင် ဒီအတိုင်း လွှတ်ထားပေးခြင်းအားဖြင့် ကြာလေပိုဆိုးလေဖြစ်သွားလိမ့်မယ်။ ကန့်ကွက်တဲ့ သူတွေအနေနဲ့လဲ ကိုယ်တိုင်းပြည်နဲ့လူမျိုး၊ ကိုယ့်ဘာသာကို သာ စောင့်ရှောက်စေချင်တယ်"ဟု ဆရာတော်က မိန့်ကြားသည်။

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဥပဒေတစ်ရပ်အနေဖြင့် ဖြစ်ချိန်မတန်သေးဘူးဟု လက်ခံနားလည်ထားသည့် တရားလွှတ်တော်ရှေ့နေဦးဌေးဦး(စိန်ဂျွန်း)ကတော့ ယခုလိုပဲတုံးတိတိ အကြံပြုပါသည်။

"လုပ်မယ်ဆိုရင်လဲ ထိထိရောက်ရောက်လုပ်ဖို့လိုတယ်။ ထိထိရောက်ရောက်လုပ်နိုင်တဲ့ခေတ်မျိုးကိုလဲ စောင့်ဖို့လိုတယ်။ ဒီအချိန်မှာတော့ ဒီဥပဒေပြဋ္ဌာန်းဖို့ မလိုသေးပါဘူး"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၁၀) အမှတ် (၂၁)*

www.burmeseclassic.com

www.burmeseclassic.com




# ဇ(ဝ)နှင့်
# အနာဂတ် မြန်မာနိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com

# ၅၉ (စ) နှင့် အနာဂတ် မြန်မာ့နိုင်ငံရေး

သူနေ့စဉ်ဝယ်နေကျ အစိုးရထုတ် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာတို့တွင်တော့မတွေ့ရပါဘူး။ သို့နှင့် အခုတလော လူတိုင်းရဲ့ ပါးစပ်ဖျားတွင် အပြောအများဆုံးဖြစ်သည့် ပုဒ်မ ၅၉(စ)ကိုတော့ သူ သိလိုသည်။ "ပုဒ်မ ၅၉ (စ)ဆိုတာ ဘာကိုပြောတာလဲ"ဟု အသက်၈၀ ကျော် အရွယ် အငြိမ်းစားကျောင်း ဆရာကြီးတစ်ဦးက သူ့မိတ်ဆွေကို မေးပါသည်။

သူတို့ဆုံနေကျ လှိုင်မြို့နယ် စံပယ်ခြံ(၂)လမ်းထိပ်နားက လက်ဖက်ရည်ဆိုင်တွင် ဖြစ်သည်။ သူ့မိတ်ဆွေက ယခုလိုပြန်ပြောပါသည်။ "ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတမဖြစ်အောင်လုပ်ထားတဲ့ ပုဒ်မလေ"။ အသေးစိတ်ကို သူ့မိတ်ဆွေက ရှင်းမပြသည့်အတွက် အငြိမ်းစားကျောင်း ဆရာကြီးက သိပ်ကျေနပ်ပုံမရပါ။

ပုဒ်မ၅၉(စ)သည် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မပေါင်း ၄၅၇ ခုထဲမှ တစ်ခုဖြစ်သည်။ အခန်း(၃)၊ "နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတများ"ခေါင်းစဉ်မှ ၎င်းတို့၏အရည်အချင်းများ သတ်မှတ်ထားခြင်းဖြစ်သည်။ ပုဒ်မ ၅၉(စ)၏ ပြဋ္ဌာန်းချက်ပါ အပြည့်အစုံမှာ ယခုလိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော်လည်းကောင်း၊ မိမိ၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦးသော်လည်းကောင်း၊ ထိုတရားဝင် သားသမီးတစ်ဦးဦး၏ဇနီး သို့မဟုတ် ခင်ပွန်းသော်လည်းကောင်း၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာ တော်ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူများ မဖြစ်စေရ၊ ထိုသူများသည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း ခံစားရသော အခွင့်အရေးများနှင့် ခံစားခွင့်များကို ခံစားနိုင်သူများမဖြစ်စေရ"ဟူ၏။

၎င်းပုဒ်မ၅၉(စ)နှင့်ပတ်သက်ပြီး ပြင်ဆင်ရေး၊ မပြင်ရေး၊ ပယ်ဖျက်ရေး၊ မပယ်ဖျက်ရေးအတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအကြား သဘောထားကွဲလွဲမှုများရှိနေခဲ့ပါသည်။ ပြင်ဆင်၊ ပယ်ဖျက်ဖို့ ဆန္ဒထုတ်ဖော်မှုများရှိသလိုမပြင်ဆင်၊ မပယ်ဖျက်ဖို့အတွက် ဆန္ဒထုတ်ဖော်မှုများလည်း အမှန်တကယ်ရှိနေပါသည်။

ထို့ကြောင့် မိမိတို့ ရန်ကုန်တိုင်းမ်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ၅၉(စ)သည် တိုင်းပြည်၏အနာဂတ်အတွက် မည်မျှအရေးပါသည်၊ မည်သို့ဖြေရှင်းသင့်သည်ဆိုခြင်းကို ပြည်တွင်းပြည်ပ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ ပါတီနိုင်ငံရေးခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများကို ချဉ်းကပ်မေးခွန်းထုတ်ခဲ့ပါသည်။ ကနဦးအနေဖြင့်ထိုမေးခွန်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို) ပြန်ကြားရေးကော်မတီအဖွဲ့ဝင်လည်းဖြစ်၊ နိုင်ငံရေး လေ့လာသုံးသပ် သူလည်းဖြစ်သည့် ဦးထင်လင်းဦး (Wisdom Vila) က ယခုလိုဖြေဆိုပါသည်။

"ပုဒ်မ၅၉(စ)ရဲ့အကျိုးဆက်ကို ဒေါ်စုကလွဲလို့တခြား ဘယ်သူမှ ခံစားရမှာမဟုတ်ပါဘူး။ ဘာမှလဲဖြစ်စရာမရှိပါဘူး။ ဒေါ်စုတစ်ယောက်တည်းအပေါ်မှာပဲ သက်ရောက်နေတာပါ"။

ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေသည် သူမကို ကန့်သတ်တားမြစ်ဖို့ ရည်ရွယ်ပြီး ရေးဆွဲထားခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောဆိုခဲ့သည်ဟု ဖွန်ဒဖိရက် AFP သတင်းစာ ထုတ်နှာ

www.burmeseclassic.com

www.burmeseclassic.com



က ဖော်ပြသည်။ "ဖွဲ့စည်းပုံအခြေခံဥပဒေက လူတစ်ဦးတစ်ယောက်ကို ပစ်မှတ်ပြုထားတဲ့အတွက် ဒီမိုကရေစီနည်းအရပြောရင် လက်ခံနိုင်စရာမရှိဘူး"ဟုလည်း သူမက ပြောဆိုထားသည်။

၁၉၉ဝပြည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ဒုဥက္ကဋ္ဌ ဦးပီတာ လင်းပင်ကလည်း ပုဒ်မ ၅၉(စ)သည် ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ရိုက်ကန့်သတ်ထားချင်လို့ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်သည်ဟု လက်ခံထားသည်။ မြန်မာ့အရေးကျွမ်းကျင်သူ ဆွီဒင်နိုင်ငံသား သတင်းစာဆရာဘာတေးလင်တ်နာနှင့် ချက်နိုင်ငံသား နိုင်ငံရေးအသွင် ကူးပြောင်းမှုသုတေသနပညာရှင် မစ္စတာအီဂေါဘလဇီဗစ်တို့ကလည်း ထိုကဲ့သို့ တစ်သဘောတည်းရှိနေသည်။ စစမျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမြေးကြွယ်ကလည်း ၎င်းအယူအဆကို သဘောတူသည်။

ထို့ကြောင့် မြန်မာနိုင်ငံရေးအနာဂတ်အခင်းအကျင်းအတွက် ကြီးမားသော သက်ရောက်မှုရှိမရှိကို မဆိုနိုင်သော်လည်း လာမည့် ၂၀၁၅ ခုနှစ်တွင် ကျင်းပရန်ရှိနေသည့် အထွေထွေရွေးကောက်ပွဲတွင်တော့ လွှတ်လပ်ပြီး တရားမျှတမှုမရှိနိုင်ဟု ၎င်းတို့က ဆိုကြသည်။

"ပြည်သူကထောက်ခံပြီး ရွေးချယ်တင်မြှောက်ရင်တောင် ၅၉(စ) အရ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က သမ္မတဖြစ်ခွင့်မရှိပါဘူး" ဟု ဦးမြေးကြွယ်က ပြောသည်။

အမေရိကန်နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပါရဂူဘွဲ့ရရှိထားသူ နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်ကတော့ ထိုကဲ့သို့မမြင်ပါ။ အခြေခံဥပဒေဆိုရာတွင် လူတွေအားလုံးအတွက် ရည်ရွယ်ပြီး ရေးဆွဲရမှာဖြစ်သည်ဟု သူကဆိုသည်။

"လူဦးရေသန်းခြောက်ဆယ်ကိုပဲ ကြည့်ရမယ်။ လူတွေအားလုံးအတွက် ရည်ရွယ်ရေးဆွဲရမှာ။ အခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲထားတာဟာ လူတစ်ယောက်တည်းအတွက် ပိတ်ပင်တားဆီးဖို့ရေးဆွဲထားတယ်ဆိုတာ ကျွန်တော်တော့ မယုံဘူး"ဟု ဒေါက်တာဆလိုင်းငွန်ကျုံးလျန်က ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ခဲ့သူ အမျိုးသား နိုင်ငံရေး မဟာမိတ်များပါတီမှ ဥက္ကဋ္ဌဦးသိန်းကြည်ကလည်း ပုဒ်မ

www.burmeseclassic.com

www.burmeseclassic.com



၅၉(စ)သည် ဒေါ်အောင်ဆန်းစုကြည်တစ်ယောက်တည်းအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အနာဂတ်လူငယ်များအားလုံးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်ဟု ဆိုသည်။

"ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းဘက်ကို ကြည့်ပြီးတော့သာ ၅၉(စ)ကို ကန့်ကွက်ပြောဆိုနေကြတာပါ"။

## ၅၉(စ)ကိုဘာကြောင့် ပြဋ္ဌာန်းရသလဲ

ထိုမေးခွန်းကို ရေးဆွဲပြဋ္ဌာန်းစဉ်က အမျိုးသားညီလာခံ တက်ရောက်ပြီး ကိုယ်တိုင်ပါဝင်ခဲ့သူ အမျိုးသားမဟာမိတ်နိုင်ငံရေး အင်အားစုပါတီဥက္ကဋ္ဌဦးသိန်းကြည်က ပထမဆုံးဖြေပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်ဟောင်းလည်းဖြစ်သူ ဦးသိန်းကြည်က အချက်နှစ်ချက်ဖြင့် ဖြေဆိုပါသည်။

ပထမတစ်ချက်အနေဖြင့် ကိုယ့်လွတ်လပ်ခွင့်အရ ကိုယ့်သဘောနှင့် ကိုယ်လက်ထပ်ထိမ်းမြားသည်ကို ပိတ်ပင်ခြင်းမျိုးမဟုတ်ဘဲ အမျိုးဘာသာ သာသနာအတွက် ထိန်းသိမ်းပြီးသားဖြစ်ဖို့ စီမံထားသည့်သဘောဟုဆိုသည်။ မိမိဆန္ဒအရ လွတ်လပ်စွာလက်ထပ်ခွင့်ကို ပြုထားသလိုမျိုး တစ်ဖက်တွင်လည်း နိုင်ငံတော်အကြီးအကဲလုပ်နိုင်မည့်အခွင့်အရေးကို လက်လွှတ်ရမည့် အစိပ္ပာယ်ပဲဟု ဦးသိန်းကြည်ကဆိုသည်။

"ဒါကို သတိပြုမိဖို့ပါ။ အနာဂတ်လူငယ်တွေအနေနဲ့ အိမ်ထောင်ဖက်ရွေးချယ်ရာမှာ နိုင်ငံခြားသားတွေကို စဉ်းစားမိမှာစိုးလို့ပါ"။ ဒါသည် တိုင်းပြည်လုံခြုံရေးအတွက်လည်း အဓိကအရေးပါသည်ဟု ဦးသိန်းကြည်က ရှင်းပြသည်။

ဒုတိယအချက်အနေဖြင့်တော့ မြန်မာနိုင်ငံသည် သူတစ်ပါး၏ ကျွန်ဘဝကိုရောက်ခဲ့ဖူးသည်။ နိုင်ငံတကာ၏နှိပ်ကွပ်မှုများကို ခံခဲ့ရဖူးသည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏မည်သည့်နေရာတွင်မှ သူများနိုင်ငံက တပ်ချခွင့်မပေးခြင်း၊ မည်သည့်တိုင်းရင်းသားကိုမျှ ခွဲထွက်ခွင့်မပေးခြင်းလိုမျိုး နိုင်ငံတော်အကြီးအကဲက ကိုင်တွယ်ရမည့် ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတကိုယ်တိုင်က သူတစ်ပါးနိုင်ငံသားဖြစ်ခံယူထားသည့်သူ၊ သူတစ်ပါးနိုင်ငံသားနှင့် သွေးနှောဖူးသည့်သူ၊ သူတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံသားနှင့်အိမ်ထောင်ပြုဖူးသည့်သူများဖြစ်ခဲ့လျှင် "သူက ဘယ်လိုကိုင်တွယ်နိုင်မလဲ။ ဒါဟာနိုင်ငံတော်လုံခြုံရေးကိစ္စပါ"ဟု ဦးသိန်းကြည်က ၅၉(စ)ဖြစ်တည်လာရသည့် အကြောင်းအရင်းကို ရှင်းပြသည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေးအနေအထားအရ မြောက်ဘက်တွင် တရုတ်၊ အနောက်ဘက်တွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်လိုမျိုး လူဦးရေအများဆုံးနိုင်ငံများအကြားတည်ရှိနေခြင်းသည် နိုင်ငံတော်လုံခြုံရေးအတွက် အရမ်းကိုအန္တရာယ်များသည်ဟု ဒေါက်တာဆလိုင်းငွန်ကျူးလျန်က ဆိုသည်။

"လူဦးရေရော၊ စီးပွားရေးရော အင်အားကြီးနိုင်ငံတွေရဲ့ကြားမှာ ဂျီအိုပေါ်လက်တစ်ကိုကြည့်ပြီးတော့ ဒီ၅၉(စ)ကို ထည့်ထားရတယ်လို့ ယုံကြည်တယ်။ ဒီကိစ္စက ဘေးဖယ်ထားလို့မရပါဘူး"ဟု ၎င်းက သူယုံကြည်ရာကို ပြောပြသည်။

နောက်တစ်ချက်ကတော့ အမျိုးသားအကျိုးစီးပွား(National Interest)ဖြစ်သည်။ သူ့ကျွန်ဘဝကြုံရောက်နေတဲ့ နေရာကနေ လွတ်လပ်ရေးရဖို့ရည်မှန်းချက်ဖြင့် ဝံသာနုစိတ်ဓာတ်ကိုအခြေခံကာ ဗိုလ်ချုပ်အောင်ဆန်းတို့ ကိုယ်တိုင်အခြေခံဥပဒေရေးဆွဲစဉ်ကတည်းက ထိုသို့နိုင်ငံခြားသား၊ နိုင်ငံခြားသားသွေးနှောမှုကို တားမြစ်သည့်ကိစ္စက ပါလာပြီးသားဖြစ်သည်။ ထိုဝံသာနုစိတ်သည် ယနေ့ထိလူ့အဖွဲ့အစည်းကြားတွင်ရှိနေဆဲဟု ဒေါက်တာဆလိုင်းငွန်ကျူးလျန်က ပြောသည်။

ဥပမာ– အမေရိကန်နိုင်ငံဆိုရင် ဗြိတိသျှကိုလိုနီစနစ်အောက်မှာ နေလာရတော့ ဘုရင်စနစ်ကိုသိပ်မုန်းတယ်။ လက်မခံဘူး။ သူတို့က ဒီမိုကရေစီစနစ်ကိုပဲသွားချင်တာ။ ဆိုတော့ အမေရိကန်နိုင်ငံမှာ သမ္မတဖြစ်ချင်တဲ့သူက ဗြိတိန်က ချီးမြှင့်တဲ့ဆာဘွဲ့ကိုတောင် လက်ခံလို့မရဘူး။ ဗြိတိသျှကပေးတာ ဘာတစ်ခုမှ ယူလို့မရဘူး။ အခုလည်း ဒီအတိုင်းပဲ။

အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင်တော့ ထိုကဲ့သို့ နိုင်ငံခြားသားသြဇာခံ၊ သွေးနှောဆိုပြီး ကန့်သတ်ထားတာမရှိပါ။ အိန္ဒိယမှာဆိုရင် ကွန်ကရက်အိုင်ပါတီရဲ့ ဆိုနီယာဂန္ဒီက အီတလီနိုင်ငံသား(သူ)ပါ။ ဒါပေမဲ့ အိန္ဒိယနိုင်ငံသား ခံယူထားတဲ့အတွက် အိန္ဒိယနိုင်ငံမှာအကြီးအကဲလုပ်လို့ရပါတယ်။ အီတလီလျှံ ဖိနပ်ဝတ်ပြီး အိန္ဒိယကိုချစ်ပါတယ်ဆိုတဲ့ပါတီလို့တောင် ပြောဆိုတာတွေရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရဲ့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံခြားသား၊ နိုင်ငံခြားသြဇာခံဖြစ်လို့ မရဟုဆိုထားသည်။ သို့သော် ထိုအချိန်က မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့အောက်က လွတ်မြောက်ခါစ၊ နိုင်ငံအတွင်း နိုင်ငံခြားသားလူဦးရေကများနေချိန်မို့ဟု စစမျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဌေးကြွယ်က ထောက်ပြသည်။

"အခုအခြေအနေနဲ့ မတူပါဘူး။ နိုင်းယှဉ်ပြီးတော့ ဖွဲ့စည်းပုံကို ပြင်ဆင် ရေးဆွဲစေချင်တယ်ဒဒဟု ဦးဌေးကြွယ်ကဆိုသည်။ သမ္မတ သို့မဟုတ် နိုင်ငံတော်အကြီး အကဲလုပ်မည့်သူသည် "နိုင်ငံတွင် မွေးဖွားသည့်သူ၊ နိုင်ငံခြားသားမဖြစ်စေရ"ဆိုသည်ကလက်ခံလို့ရသော်လည်း "သားသမီးဖြစ်တဲ့သူတွေဟာ သူ့ရွေးချယ်ခွင့်နဲ့သူ သူတစ်ပါးနိုင်ငံသားဖြစ်နေလို့ နိုင်ငံတော်သမ္မတဖြစ်ခွင့်မရှိတာတော့သဘာဝမကျပါဘူး"ဟု ဦးဌေးကြွယ်ကဆိုသည်။

ပုဒ်မ၅၉(စ)ကို ဘာကြောင့်ဖွဲ့စည်းပုံမှာ ထည့်သွင်းလာရသလဲဟုဆိုလျှင် ရေးဆွဲသည့်သူများကတော့ အမျိုးဘာသာသာသနာအတွက် ကာကွယ်စောင့်ရှောက်သည့်သဘောလို့ မြင်ကြသော်လည်း ကိုယ့်ဘက်ကကြည့်လျှင်တော့ "ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နိုင်ငံခြားသားနဲ့ အိမ်ထောင်ပြု၊နိုင်ငံခြားသားအမည်ခံသားသမီးတွေရှိနေတဲ့ အားနည်းချက်ကိုသက်သက်နင်းတယ်လို့ပဲမြင်တယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထင်လင်းဦး(Wisdom Villa)က ဆိုသည်။

၎င်း၏ယူဆချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၉(ခ) တွင် ပြဋ္ဌာန်းထားသည့် "မိမိနှင့် မိမိ၏မိဘနှစ်ပါးစလုံး နိုင်ငံတော်၏ အာဏာပိုင်နက်အတွင်းတွင်မွေးဖွားသော တိုင်းရင်းသားများဖြစ်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်"ဆို သည့်အချက်ကြောင့် ပုဒ်မ၅၉(စ)သည် သီးသန့်ပြဋ္ဌာန်းရန် မလိုအပ်တော့ဟု ဆိုပါသည်။

"အမိအဖနှစ်ပါးစလုံးက တိုင်းရင်းသားဖြစ်ရမယ်လို့ အခိုင်အမာဆိုထားပြီးသားပါ။ ဘင်္ဂါလီတွေ၊တရုတ်တွေ၊ ကုလားတွေက သမ္မတဖြစ်ခွင့်မရှိဘူးဆိုတာသေချာနေပြီပဲ"။ဟု ဦးထင်လင်းဦး(Wisdom Villa) က ထောက်ရှုသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်က မြန်မာနိုင်ငံသားဖြစ်နေပေမယ့် ဇနီးသည်နှင့် သားသမီးများက အမေရိကန်နိုင်ငံသားခံယူထားသောကြောင့် ကိုယ်တိုင်လည်း ပုဒ်မ၅၉(စ)နှင့် မကင်းနိုင်သေးဟု နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်ကပြောသည်။ ယခုလိုလည်း ဥပမာပေးသည်။

ဥပမာ– ကျွန်တော်က ဒီမှာနေရာတစ်ခုရတယ်။ ပြဿနာတစ်ခုတစ်ခုဖြစ်ပါပြီတဲ့ အချိန်မရွေး ကျွန်တော့်သားသမီးနဲ့မိန်းမဆီပြန်ပြေးလို့ရတာပေါ့။ ဆိုတော့ ကျွန်တော်လည်း ၅၉(စ)အရ ဝန်ကြီးတို့၊ သမ္မတတို့ဖြစ်ခွင့်မရှိပါဘူး။ ဒါ.. ဖွဲ့စည်းပုံကို အပြစ်တင်လို့မရပါဘူး။ ဖွဲ့စည်းပုံက သူ့ဟာ သူနေတာ။

## ၅၉(စ) ပြင်၊ မပြင်

မြန်မာနိုင်ငံ၏ ဒေါ်အောင်ဆန်းစုကြည်က သူမ သမ္မတဖြစ်ရေးကြိုးပမ်းရာမှာ နိုင်ငံတကာမှအကူအညီများပေးဖို့ တောင်းဆိုလိုက်သည့်အကြောင်း သတင်းခေါင်းစဉ်ဖြင့် ၂၀၁၄ခုနှစ် ဇွန်၁၆ရက် AFP သတင်းစာမျက်နှာက ဖော်ပြသည်။

သတင်းအစမှာတော့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများဖြစ်ပေါ်လာစေဖို့ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြောင်းလဲဖို့အတွက် နိုင်ငံတကာမှ ကျောထောက်နောက်ခံပြုပေးဖို့အတွက် တောင်းဆိုသည်ဟု ဆိုသည်။ AFP ၏ အဆိုအရတော့ ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းကို ပိတ်ပင်တားဆီးထားသည်ဟု ယူဆကြသော ပုဒ်မ ၅၉(စ)ကို ပြင်ဆင်ရေးအတွက် လွှတ်တော်တွင်း ဖွဲ့စည်းပုံပြင်ဆင်ရေးကော်မတီမှ မဲခွဲ ဆုံးဖြတ်ရာ အဖွဲ့ဝင် ၃၁ဦးအနက် ကန့်ကွက်မဲ ၂၆မဲ၊ ထောက်ခံမဲ ၅မဲဖြင့် ၎င်းပုဒ်မကို မပြင်ဆင်ဖို့ အတည်ပြုထားပြီဟု သိရပါသည်။

ပုဒ်မ၅၉(စ)ကို ပြင်ဆိုဖို့ဆိုလျှင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁၂)"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း"ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၄၃၆(က) အရ ပြင်ဆင်ရမည်ဖြစ်သည်။ ပုဒ်မ ၄၃၆အရ ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ရာခိုင်နှုန်းကျော်က သဘောတူလက်ခံဖို့ လိုသည်။ ပြီးလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်အတွင်း မဲပေးပိုင် ခွင့်ရှိသူအားလုံး၏ ထက်ကြိုကျော်၏ ဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်မည်ဖြစ်သည်။

"အဲဒီပုဒ်မကိုပြင်ဖို့ရာ သိပ်ကိုခက်ပါတယ်"ဟု ဆွီဒင်နိုင်ငံသား သတင်းစာဆရာ ဘာတေးလင်တ်နာက သူ၏အင်တာဗျူးတစ်ခုတွင် မှတ်ချက်ပေးထားသည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်ကိုသာ သက်သက်ရည်ရွယ်တားမြစ်ထားသည့် ပုဒ်မမို့အဓိပ္ပာယ်မရှိလှဟု သူကဆိုထားသည်။

"စစ်တပ်က ဒါကိုပြောင်းလဲဖို့ ဆုံးဖြတ်မလားတော့မသိဘူး။ ဒါပေမဲ့ပြောင်းလဲဖို့ကတော့ သိပ်ခက်ခဲပါတယ်။ ၂၀၁၅မတိုင်မီ ဒီကိစ္စဖြစ်ဖို့ကတော့ အတော်လေးအလှမ်းဝေးပါတယ်"ဟု ဘာတေးကကောက်ချက်ချသည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၅ရက်က ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်အစီရင်ခံစာတွင်တော့ အခန်း(၁)ပုဒ်မ ၆(စ)၊ ပုဒ်မ ၄၂၊ အခန်း(၃) ပုဒ်မ ၅၉(စ)နှင့် အခန်း(၁၂) ပုဒ်မ၄၃၆တို့ကို မပြင်ဆင်ဘဲထားရှိရန် အကြံပြုသူပေါင်း ၁၀၆၁၀၂ ဦးက လက်မှတ်ရေးထိုးထားသည်ဟုဆိုသည်။ ပုဒ်မ ၅၉(စ)၏ မူလပြဋ္ဌာန်းချက်ကိုပယ်ဖျက်ပြီးပြင်ဆင်ပေးဖို့ ၅၉၂ဦးမှသာ သီးခြားအကြံပြုချက်ပေးပို့ခဲ့သည်ဟု ဆိုပါသည်။

အဆိုပါ အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အဖွဲ့ဝင် ၃၁ ဦးပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှု ကော်မတီတစ်ရပ်ကို ပြည်ထောင်စုလွှတ်တော်က ဆက်လက်ဖွဲ့စည်းပေးခဲ့သည်။ ၎င်းကော်မတီအနေဖြင့် ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးဆိုင်ရာ အစည်းအဝေးများက နေ့စဉ်ရက်ဆက်ပြုလုပ်လျက်ရှိနေသည်။

လတ်တလောတွင်တော့ ပုဒ်မ ၅၉(စ)ကို မပြင်ဖို့ဆုံးဖြတ်လိုက်ပြီဟု ပြည်တွင်းပြည်ပသတင်းရုပ်ဝန်းတွင် ထွက်ပေါ်နေသည်။ အလားတူ အဆိုပါ ပုဒ်မ၅၉(စ)နှင့် ပတ်သက်ပြီး မည်သည့်ဆွေးနွေးဆုံးဖြတ်ခြင်းမျှ မလုပ်ရသေးဟုလည်း သတင်းများထွက်ခဲ့ပြန်သည်။ ထိုသို့သတင်းအမျိုးမျိုးကို အတည်ပြုဖို့အတွက် မိမိတို့ရန်ကုန်တိုင်းမ်အနေဖြင့် ထောက်လှမ်းကြည့်ရာမှာတော့ မည်သည့်အတည်ပြုချက်မျှ လတ်တလော မပေးနိုင်သေး

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းအဆိုပါကော်မတီတွင်ပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်အချို့က ဆိုပါသည်။

"အစကတည်းကကို ပုဒ်မ၅၉(စ)ကို ပြင်မှာမဟုတ်ဘူးလို့ မျှော်လင့်ထားပြီးသားပါ။ ၅၉(စ)ကို ပြင်ချင်တဲ့သူက လွှတ်တော်ထဲမှာမရှိပါဘူး။ လွှတ်တော်အပြင်ဘက်မှာပဲ ရှိတာပါ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို) ပြန်ကြားရေးကော်မတီအဖွဲ့ဝင် ဦးထင်လင်းဦး(Wisdom Villa)က ဆိုသည်။

"မပြင်လို့လဲ အထူးဝမ်းနည်းစရာမရှိပါဘူး။ သူတို့ရဲ့အတွင်းစိတ်ကောက်ကျစ်မှုကို ဖော်ပြလိုက်တာပဲ"ဟု ၎င်းက ဆက်ပြောသည်။ တိုင်းပြည်အတွက်လိုအပ်လျှင် နိုင်ငံသားတိုင်းက အသက်ပေးကြမည့်သူတွေသာ ဖြစ်သည်။ သို့သော်ဘာကြောင့်တိုင်းပြည်၏ အကြီးအကဲဖြစ်ခွင့်မရှိရတာလဲဆိုသည်ကိုတော့ ၎င်းကမေးခွန်းထုတ်သည်။

ပုဒ်မ ၅၉(စ)ကြောင့် မြန်မာ့နိုင်ငံရေးကို အကြီးအကျယ် ပြောင်းလဲသွားမှာမဟုတ်သော်လည်း မကြာခင်ကျင်းပဖို့ရှိနေသည့် ရွေးကောက်ပွဲများတွင်တော့ သန်း ၆၀ သော ပြည်သူများထဲမှ ဒေါ်အောင်ဆန်းစုကြည်တစ်ဦးတည်းကိုပဲ ဦးတည်ကန့်သတ်ထားသည့်အတွက်မျှတသည်ဟု မဆိုနိုင်ကြောင်း ဦးထင်လင်းဦး(Wisdom Villa)က ဖေန်သည်။

ယခုလို အတိုက်အခံခေါင်းဆောင်တစ်ယောက်ကို အမြင့်ဆုံးရာထူးရယူနိုင်လောက်ပါလျက် မရယူနိုင်အောင် ပိတ်ပင်၊ တားဆီးထားခြင်းသည် ဒီမိုကရေစီ၏ အခြေခံအကျဆုံးအခွင့်အရေးကို ချိုးဖောက်လိုက်ခြင်းဟု ချက်နိုင်ငံသား နိုင်ငံရေးအသွင်ကူးပြောင်းမှုသုတေသနပညာရှင် မစ္စတာအီဂေါဘလဇီဗစ်က ရန်ကုန်တိုင်းမ်နှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့ဖူးသည်။

"လူထုကရစေချင်တဲ့ ရာထူး၊ အဆင့်အတန်းတစ်ခုကို မရအောင် တားမြစ်ထားတယ်ဆိုရင် အဲဒီခေါင်းဆောင်တစ်ယောက်တည်းကို တားမြစ်တာမဟုတ်တော့ဘဲ အဲဒီလူကို နောက်က အားပေးထောက်ခံနေတဲ့ ပြည်သူတွေရဲ့ဆန္ဒကို ပါပစ်ပယ်ရာရောက်တယ်"ဟု မစ္စတာအီဂေါက ဆိုသည်။ ထိုသူကို ထောက်ခံသူသည် တိုင်းပြည်လူဦးရေ၏ ရာခိုင်နှုန်း ၄၀ သို့မဟုတ် ရာခိုင်နှုန်း ၅၀ ရှိမည်ဆိုပါစို့၊ ဒါသည် ဒီမိုကရေစီ၏ အခြေခံကျင့်ဝတ်ကို ချိုးဖောက်ရာ ရောက်ပြီး ရွေးကောက်ပွဲများကို နှစ်စဉ်ပြုလုပ်နေသည့်တိုင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသည်ဟုမဆိုနိုင်ဟု

www.burmeseclassic.com

www.burmeseclassic.com



၎င်းက သုံးသပ်သည်။

"အစိုးရနဲ့ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကြားမှာ အကြီးဆုံးသော ပြဿနာကတော့ ၅၉(စ)မပြင်နိုင်တာပဲဒဟု မစ္စတာအီဂေါက ရှုမြင်သည်။

## ၅၉(စ) မပြင်လျှင် မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်ကို ဘယ်လိုမြင်တွေ့ရနိုင်လဲ

စပြီးရေးဆွဲကတည်းကကို ဒေါ်အောင်ဆန်းစုကြည်အတွက် တားဆီးထားချင်သည့် သဘောရှိနေသည့်အတွက် လက်ရှိလွှတ်တော်တွင်းဖွဲ့စည်းပုံပြင်ဆင်ရေးကော်မတီ၏ ပြင်ဆင်ရေးဆိုင်ရာပုဒ်မများ၏ တန်းစီဇယား၏ ဦးစားပေးအနေအထားတွင် ပုဒ်မ၅၉(စ) မရှိနိုင်ဟု မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူ ဦးကျော်လင်းဦးကဆိုသည်။

ပုဒ်မ၅၉(စ)ကို ပယ်ဖျက်၊ ပြင်ဆင်ခြင်းအားဖြင့် နိုင်ငံတော်အကြီးအကဲရာထူးနေရာတွင် တိုင်းတစ်ပါးသားများ၊ တိုင်းတစ်ပါးသား၏ ဩဇာခံများက နေရာဝင်ယူမည်ကို ဟိုးရိမ်နေသည့် ပြည်တွင်းရှိ အင်အားစုအချို့ကလည်းရှိနေသည်။ တစ်ဖက်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသောအင်အားစုက ရှိနေပြန်သည်ဟု ၎င်းက ရှုမြင်သည်။

"ဒေါ်စုကို ထောက်ခံတဲ့အုပ်စုကတော့ ကျေနပ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ နိုင်ငံရေးမှာ ထိပ်တိုက်တွေ့ဆုံတာတွေ၊ အကြမ်းဖက်ရင်ဆိုင်တာတွေတော့ ဖြစ်မလာနိုင်ကောင်းရဲ့လို့ယူဆရပါတယ်"ဟု ဦးကျော်လင်းဦးက ဆိုသည်။ လက်ရှိအနေအထားတွင်လည်း ပုဒ်မ ၅၉(စ)ထက် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးကိုသာဦးတည်ပြီး လူထုဟောပြောပွဲများ၊ လှုပ် ရှားမှုများရှိနေကြသည့်အတွက် ပုဒ်မ၅၉(စ) ပြင်ဆင်၊ ပယ်ဖျက်ရေးအတွက်နှင့်တော့ လူထုအနေဖြင့် လမ်းပေါ်ထွက်မလာနိုင်ဟု ၎င်းကသုံးသပ်သည်။

၁၉၉၀ ပြည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ဒုဥက္ကဋ္ဌ ဦးပီတာလင်းပင်ကတော့ ပုဒ်မ ၅၉(စ)ကို မပြင်သေးသရွေ့တော့ လက်ရှိအစိုးရအပေါ် အယုံအကြည်ရှိမှာမဟုတ်တော့သလို ဒီမိုကရေစီလည်း ရရှိနိုင်မည်မဟုတ်တော့ဟုဆိုသည်။ "၅၉(စ)ပြင်ဖို့ လမ်းပေါ်ထွက် တိုက်ပွဲဝင်ဖို့ပဲရှိတော့တယ်"ဟု ၎င်းက ပြောသည်။

တကယ်တော့ ပုဒ်မ ၅၉(စ)သည် ဒေါ်အောင်ဆန်းစုကြည်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းအတွက် တားမြစ်ကန့်သတ်ထားသည်ဟု မဆိုလိုသော်လည်း လူပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သည်ကိုတော့ ငြင်းမရဟု ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူးဦးစိုင်းညွန့်လွင်က သုံးသပ်သည်။ ဆိုတော့လူအများနှင့်သက်ဆိုင်သည့်ကိစ္စကိုပဲ စဉ်းစားမလား၊ တစ်ယောက် ချင်းစီနှင့် သက်ဆိုင်သည့်ကိစ္စကိုပဲစဉ်းစားမလား။ ဘာကို ဦးစားပေးမလဲ ဆိုသည်ကို သေချာစဉ်းစားဖို့လိုသည်ဟု ၎င်းကအကြံပြုသည်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည်မှာ မှန်သော်လည်း အလုပ်ဖြစ်နေသေးသည်ကိုတော့ မငြင်းနိုင်ကြောင်း အမျိုးသားမဟာ မိတ်နိုင်ငံရေးအင်အားစု ပါတီဥက္ကဋ္ဌ ဦးသိန်းကြည်ကဆိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရမည်ကိုလည်း သူကလက်ခံသည်။ သို့သော် နိုင်ငံတော်လုံခြုံရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုး တက်ရေးကိုတော့ မထိခိုက်စေချင်ဟု ဦးသိန်းကြည်က ဆိုသည်။

"နိုင်ငံတော်လုံခြုံရေးပိုင်းကကြည့်ရင် ၅၉(စ)ကို မပြင်သင့်ဘူး။ လူ့အခွင့်အရေးဘက်က ကြည့်ရင်တော့ စံမမီဘူးပေါ့"။

*ရန်ကုန်တိုင်းမ် ဂျာနယ် အတွဲ(၁၀) အမှတ် (၂၃)*

www.burmeseclassic.com

www.burmeseclassic.com




# ဒီမိုကရေစီသို့

# လက်ဝဲလား လက်ယာလား

www.burmeseclassic.com

www.burmeseclassic.com

## ဒီမိုကရေစီသို့ လက်ဝဲလား လက်ယာလား

လတ်တလော မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် အစိုးရအဖွဲ့ရော၊ နိုင်ငံရေးပါတီများရော အားလုံးကတော့ ဒီမိုကရေစီနိုင်ငံတော်ဆီသို့ ဦးတည်သွားနေကြတာလို့ဆိုပါသည်။ လွတ်လပ်ရေးရပြီးစ မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှာလို မာ့က်စ်ဝါဒ၊ ကွန်မြူနစ်စနစ်၊ ဆိုရှယ်လစ်စနစ်၊ လက်ဝဲယိမ်း၊ လက်ယာယိမ်းဆိုတာမျိုး၊ မတူညီသောနိုင်ငံရေးယုံကြည်ချက်မျိုးကို ယနေ့ထိ ဘယ်သူကခိုင်ခိုင်မာမာပြောဆိုမှုမျိုးမရှိသေးပါ။ အားလုံးက ဒီမိုကရေစီစနစ်ကိုပဲ ဟစ်ကြွေးနေကြသည်။

အသက် ၇၇နှစ်ရှိပြီဖြစ်သည့် မြန်မာနိုင်ငံကျောင်းသားလှုပ်ရှားမှုများတွင်ပါဝင်ခဲ့သူ ဗကသအဖွဲ့ချုပ်ခေါင်းဆောင် ဦးလှရွှေကတော့ သူ့ကို နိုင်ငံရေးသမားတစ်ယောက်ဖြစ်အောင် ဆွဲခေါ်ခဲ့သည့် မာ့က်စ်ဝါဒကို ယနေ့အထိယုံကြည်နေဆဲဟုဆိုပါသည်။ မာ့က်စ်ဝါဒနှင့်သာ မထိတွေ့ခဲ့ရရင် အခုလိုရေရှည်နိုင်ငံရေးသမားဖြစ်လာပါ့မလားဆိုတာ သူ့သံသယရှိနေသည်။

အခုရောပြောင်းပြီလားဆိုတော့ အဲဒီယုံကြည်မှုမျိုးပဲခေါင်းထဲမှာ ရှိနေသေးတယ်။ အဲဒီယုံကြည်မှုကို ဖက်တွယ်ပြီးတော့ပဲသေမှာ။ အဲဒီယုံကြည်မှုကြောင့် ကမ္ဘာကြီးတစ်ခုလုံး လွတ်မြောက်တာ၊ မလွတ်မြောက်တာ နောက်တစ်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးလုပ်မည်ဟုဆုံးဖြတ်ထားလျှင် ခိုင်မာတဲ့ယုံကြည်မှုတစ်ခုတော့ရှိဖို့လိုသည်ဟု ဦးလှရွှေကဆိုသည်။ ဒီမိုကရေစီကိုယုံကြည်လျှင် ဒီမိုကရေစီကိုဖက်ပြီးတော့ သေသည်အထိ ယုံကြည်ဖို့လိုသည်ဟု သူက ဆိုသည်။ အစိုးရအဖွဲ့၊ ဝန်ကြီးနှင့်လည်းတွေ့ရော No Democracy ဆိုတာမျိုး နိုင်ငံရေးခံယူချက်တော့ မလုပ်သင့်ဟု ၎င်းကပြောသည်။

"ရိုးရိုးပြောရင် ဒေါ်လာလေးရရုံ၊ ကိုယ့်နာမည်လေး လူသိများရုံ ခံယူချက်မျိုးနဲ့တော့ နိုင်ငံရေးမလုပ်ပါနဲ့"။

လက်ရှိမြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် အထက်ကလို အားလုံးက ဒီမိုကရေစီစနစ်ဆီသို့ဟု ဟစ်ကြွေးနေကြသည့်တိုင် သမ္မတဦးသိန်းစိန်၏ အစိုး ရအဖွဲ့အပါအဝင် အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဆုံး နိုင်ငံရေးပါတီများ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအားလုံးတွင် တိကျခိုင်မာသောနိုင်ငံရေးခံယူချက်မျိုး မမြင်တွေ့ရသေးဟု မိမိတို့ရန်ကုန်တိုင်းမ်မှမေးမြန်းခဲ့သော နိုင်ငံရေးလေ့လာသုံးသပ်သူများကဆိုပါသည်။ ဥပမာ– လက်ဝဲ၊ လက်ယာ အယူဝါဒလိုမျိုး။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုရင်လည်း ဒီမိုကရေစီလို့ တွင်တွင်ပြောနေပေမယ့် လက်ဝဲလား၊ လက်ယာလားဆိုတာကို တော်တော် ဝေခွဲဖို့ခက်တယ်။ ဦးသိန်းစိန်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်တွေမှာလည်း ဒီအတိုင်းပဲ၊ လက်ဝဲလား၊ လက်ယာလားဆိုတာ ဝေခွဲရခက်တယ်။ ဝါဒနှစ်ခုစလုံးကရောနေတယ်"ဟု မြန်မာ့နိုင်ငံရေးလေ့လာသုံးသပ်သူဦးကျော်လင်းဦးက ရှုမြင်သည်။

မြန်မာ့အရေးကျွမ်းကျင်သူ ဆွီဒင်နိုင်ငံသားသတင်းစာဆရာ ဘာတေးလင်တ်နာကလည်း လတ်တလောနိုင်ငံရေးအခင်းအကျင်းတွင် ပါဝင်ပတ်သက်နေသူများသည် လက်ဝဲလား၊ လက်ယာလားဆိုသည်ကို ရှုမြင်ဖို့မသေချာဘူးဟု ဆိုပါသည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးသောနိုင်ငံများတွင် လက်ဝဲဝါဒ၊ လက်ယာဝါဒဆိုပြီး နိုင်ငံရေးအယူအဆ၊ နိုင်ငံရေးခံယူချက်များဆိုတာ မဖြစ်မနေတည်ရှိကြသည်။ နိုင်ငံရေးပါတီများသည်လည်း သူတို့နိုင်ငံရေး အယူအဆပေါ်မှာ အခြေခံပြီးဖွဲ့စည်းကြသည်။ ထို့ကြောင့် ပြည်သူလူထုကလည်း မည်သည့်ပါတီကို ဘယ်သူဦးဆောင်သည်ဆိုသည့်လူအပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အခြေမခံတော့ဘဲ မူကိုကြည့်ကာ သူတို့၏အစိုးရကို ရွေးချယ်ကြသည်ဟု နိုင်ငံရေးကျွမ်းကျင်သူဒေါ်ခင်မမမျိုးက ဆိုသည်။

ဦးကျော်လင်းဦးတို့၊ ဒေါ်ခင်မမမျိုးတို့လို နိုင်ငံရေးလေ့လာသုံးသပ်သူများကတော့ မြန်မာနိုင်ငံတွင် လက်ဝဲ၊ လက်ယာလိုမျိုး နိုင်ငံရေးအယူအဆ၊ နိုင်ငံရေးယုံကြည်ချက်များကိုအခြေခံသည့် နိုင်ငံရေးစနစ်တစ်ရပ် ပေါ်ထွက်သင့်ပြီဟု ယူဆကြသည်။

## လက်ဝဲ၊ လက်ယာဆိုသည်မှာ

တကယ်တော့ လက်ဝဲ၊ လက်ယာ၏ တကယ့်မူလဇာစ်မြစ်သည် ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေးဖြစ်စဉ်နောက်ပိုင်း ပြင်သစ်ပါလီမန်က စတင်ခြင်းဖြစ်သည်ဟု သူလေ့လာထားသမျှကို အခြေခံပြီး တစ်ချိန်တုန်းက တကသနှင့် ကျောင်းသားညီညွတ်ရေးတပ်ဦး၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သူ ဦးလှရွှေကရှင်းပြသည်။ သူ့အဆိုအရ ပြင်သစ်တွင် လွှတ်တော်နှစ်ခုရှိသည်။ လက်ဝဲဘက်မှလူများသည် အတိုက်အခံများဖြစ်သည်။ လက်ယာဘက်မှလူများသည် ခေတ်ပြိုင်ဘုရင်ကို ထောက်ခံသူများဖြစ်သည်ဟုဆိုသည်။

ထိုမှတစ်ဆင့် လက်ဝဲ၊ လက်ယာကို မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သည်။ ထုံးစံအတိုင်း လက်ဝဲ၊ လက်ယာသဘောတရားအရ မြန်မာပြည် အာဏာလက်ရှိသူများသည် လက်ယာဖြစ်လာပြီး အာဏာလက်ရှိသူများကို အတိုက်အခံလုပ်သည့်သူများသည် လက်ဝဲသမားများဖြစ်လာရသည်ဟု ဦးလှရွှေကရှင်းပြသည်။ "ဆိုတော့ လက်ဝဲ လက်ယာဆိုတာ မာ့က်စ်ဝါဒီ၊ ကွန်မြူနစ်ကလာတာမဟုတ်ဘူး။ ဒါပေမဲ့ မြန်မာပြည်မှာကျတော့ လက်ဝဲသမားတွေက ငါတို့လိုမာ့က်စ် ဝါဒကိုယုံကြည်တဲ့သူတွေ၊ ကွန်မြူနစ်ဝါဒကို ယုံကြည်တဲ့သူတွေဖြစ်နေတာ။ ဒါတော့မတတ်နိုင်ဘူး"ဟု သူ့ကိုယ်သူ လက်ဝဲသမားဖြစ်ရပုံကို ဦးလှရွှေကပြောပါသည်။

မြန်မာနိုင်ငံတွင် သူ့ကျွန်ဘဝကလွတ်မြောက်ဖို့အတွက် ကြိုးပမ်းလှုပ်ရှားစဉ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဗမာပြည်ကွန်မြူနစ်ပါတီအတွင်းရေးမှူးလုပ်ခဲ့သည်။ ထိုအချိန်တုန်းကတော့ အရင်းရှင်စနစ်၏ အဖောက် ပြန်ဆုံးအခြေအနေတစ်ရပ်ကိုရောက်ခဲ့သည်မို့ "လွတ်မြောက်ဖို့ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲအယူအဆ၊ ကွန်မြူနစ်ပဲလို့ နိုင်ငံရေးခေါင်းဆောင်တွေက လက်ခံခဲ့တယ်”ဟု တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေက ပြန်ပြောပြသည်။

“ကျောင်းသားတော်တော်များများက လက်ဝဲအယူအဆကို ကြိုက်ကြတယ်။ လက်ဝဲသမားတွေဖြစ်တဲ့ သခင်စိုးတို့၊ သခင်သန်းထွန်းတို့ရဲ့ ဟောပြောချက်တွေကလဲလက်တွေ့ကျပြီး ပြတ်သားတော့ တော်တော်လူကြိုက်များခဲ့တယ်”ဟု တစ်ချိန်က မြန်မာပြည်တွင် လက်ဝဲဝါဒထွန်းကားခဲ့ပုံကို ဦးဟန်ရွှေက ရှင်းပြသည်။

လက်ဝဲဝါဒကို ဆန့်ကျင်ခြင်းသည်ပင် ဒီမိုကရေစီစနစ်လို့ တချို့က ပြောဆိုနေကြသော်လည်း အမှန်က ဒီမိုကရေစီသည် ပြည်သူလူထုဆီမှ အာဏာဆင်းသက်ခြင်း၊ ပြည်သူကအုပ်ချုပ်ခြင်းဖြစ်သည်ဟု ဒေါ်ခင်မမမျိုးက ဆိုသည်။ ဒီမိုကရေစီသည် မည်သည့်အယူဝါဒကိုမျှ ဆန့်ကျင်တာမျိုး မရှိသည့် နိုင်ငံရေးဗဟုဝါဒသာဖြစ်သည်ဟု သူမကပြောသည်။

“ကမ္ဘာပေါ်မှာရှိတဲ့ မည်သည့်ဒီမိုကရေစီနိုင်ငံမှာမဆို လက်ဝဲရော၊ လက်ယာရော အယူအဆတွေမှာအခြေခံပြီး ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီတွေနဲ့ အခြေခံထားတာ”ဟု ဒေါ်ခင်မမမျိုးကဆိုသည်။

ဥပမာ–ယူကေမှာဆိုရင် လေဘာပါတီဟာ လက်ဝဲပါတီဖြစ်ပါတယ်။ Central Left ပါတီဖြစ်တယ်။ ကွန်ဆာဗေးတစ်ပါတီကတော့ လက်ယာပါတီဖြစ်ပါတယ်။ အဲဒီပါတီနှစ်ခုက ရွေးကောက်ပွဲတွေမှာ မဲဆွယ်စည်းရုံးတယ်။ ပြည်သူရဲ့မဲပေးမှုပေါ်မူတည်ပြီး အစိုးရဖွဲ့ပါတယ်။ အစိုးရသက်တမ်းကုန်ရင် နောက်ထပ်ရွေးကောက်ပွဲထပ်လုပ်တယ်။ မဲပေးမှုပေါ်မူတည်ပြီး အစိုးရအဖွဲ့တစ်ခု ထပ်တက်လာတယ်။ အရေးကြီးဆုံးကတော့ လက်ဝဲပါတီပဲဖြစ်ဖြစ်၊ လက်ယာပါတီပဲဖြစ် ဖြစ် ပြည်သူရဲ့ရွေးချယ်မှုကို လက်ခံရမယ်။

## ဒီမိုကရေစီသို့ လက်ဝဲလား၊ လက်ယာလား

အခုမြန်မာနိုင်ငံတွင် ဖြစ်နေသည်က တချို့နိုင်ငံရေးလှုပ်ရှားသူများအကြား၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြားတွင် ဒီမိုကရေစီဆိုတာ ကွန်မြူနစ်ဆန့်ကျင်ရေး၊ လက်ဝဲဆန့်ကျင်ရေးဆိုသည်အထိ ပြောဆိုနေကြပါသည်။ ဒါသည် ဒီမိုကရေစီနှင့်သွေဖည်နေသော အတွေးအခေါ်မျိုးများသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

တချို့နိုင်ငံရေးပါတီများကျတော့လည်း "လူသိများချင်တဲ့ပါတီ အမျိုးအစားပဲဖြစ်နေပြီးတော့ လူပေါ်အခြေခံလုပ်ရှားမှုအပေါ် အခြေခံပြီး နိုင်ငံရေးအယူအဆမဲ့နေတဲ့၊ နိုင်ငံရေးအယူအဆပျောက်နေတဲ့ပါတီတွေ အများကြီးဖြစ်နေတယ်"ဟု နိုင်ငံရေးကျွမ်းကျင်သူဒေါ်ခင်မမမျိုးက သုံးသပ်သည်။

မြန်မာ့နိုင်ငံရေးတွင် စစ်ပြီးခေတ်၊ လွတ်လပ်ရေးရပြီးစအချိန်များတွင်သာ လက်ဝဲအယူအဆ၊ လက်ယာအယူအဆတွေကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။ ဦးနေဝင်းအစိုးရ တက်လာသည့်အချိန်တွင်တော့ လက်ဝဲအယူအဆသမားများရော၊ လက်ယာသမားများပါ ပျက်ယွင်းပျောက်ကွယ်လာခဲ့သည်။ ဦးနေဝင်း၏ ဆိုရှယ်လစ်စနစ်ကို လက်ဝဲသမားရော၊ လက်ယာသမားများကပါ ထောက်ခံရပ်တည်ခဲ့ကြသည်ဟု ဦးကျော်လင်းဦးကဆိုသည်။ "၁၉၈၈နောက်ပိုင်းမှာ လက်ဝဲ၊ လက်ယာအယူဝါဒတွေဟာ တော်တော်လေးကို အသံမကြားသလောက်ဖြစ်သွားတယ်။ အားလုံးက ဒီမိုကရေစီကို ကြွေးကြော်လာတယ်"ဟု ၎င်းက ဆိုသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဆိုပြီး ကြွေးကြော်ထားသည့် ဦးသိန်းစိန်၏အစိုးရအဖွဲ့ကိုကြည့်လျှင် မျိုးစောင့်ဥပဒေကို ထောက်ခံပြီး တက်တက်ကြွကြွလုပ်ဆောင်နေခြင်းသည် လက်ယာအယူအဆဆန်ပြီး ဆင်းရဲမွဲတေမှုလျှော့ချဖို့ အစီအစဉ်များကျတော့လည်း လက်ဝဲဆန်သည့် လုပ်ရပ်များဖြစ်နေပြန်သည်။ အလားတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ထားချင်သည့် သဘောကျတော့လည်း ကိုယ့်လူမျိုးလုပ်ငန်းရှင်ကို ပြန်ကြည့်ချင်သည့်သဘောဆိုတော့ လက်ဝဲဆန်နေသည်ဟု ဦးကျော်လင်းဦးက သရုပ်ခွဲသည်။ လက်ရှိအနေအထားတွင်တော့ အစိုးရရော၊ အတိုက်အခံရော၊ တခြားနိုင်ငံရေးပါတီတွေရောသည် မည်သည့်ဘက်တွင်မှ သတ်သတ်မှတ်မှတ်မရှိဟု ၎င်းကဆိုသည်။

ဥပမာ– USDP (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ဘယ်လိုင်းက လျှောက်မှာလဲ၊ NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)က ဘယ်လိုင်းက လျှောက်မှာလဲဆိုတာ တိတိကျကျမတွေ့ရဘူး။ အမှန်တော့ ကိုယ်က ဘယ်လိုင်းကသွားမယ်၊ လက်ဝဲဝါဒဖြစ်ဖြစ်၊ လက်ယာဖြစ်ဖြစ် တိတိကျကျနိုင်နိုင်မာမာရှိဖို့တော့လိုတယ်။ ဒါမှ ပြည်သူတွေက သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တဲ့မူဝါဒကိုရွေးချယ်နိုင်မှာပါ။ အခုဖြစ်နေတာက အားလုံးက ဒီမိုကရေစီပဲ။ တကယ်လို့သာ မူဝါဒသတ်သတ်မှတ်မှတ်ရှိမယ်ဆိုရင် ဘယ်ပါတီမှလဲ အာဏာကိုအမြဲတမ်းမရနိုင်ပါဘူး။

"မြန်မာနိုင်ငံမှာ လက်ဝဲလက်ယာစနစ် ပေါ်ပေါက်ဖို့လိုနေပြီ။ ဒါမှ ပြည်သူတွေက ဘယ်ဝါဒကိုတော့ကြိုက်တယ်၊ဘယ်ဝါဒကိုတော့ မနှစ်သက်ဘူးဆိုတာကို ရွေးချယ်လို့ရမှာ"ဟု ဦးကျော်လင်းဦးက တိုက်တွန်းသည်။

နိုင်ငံရေးအယူအဆပိုင်းက ခိုင်ခိုင်မာမာရှိမထားဘဲ နိုင်ငံရေးပါတီများ ထူထောင်သည့်အခါ အခြေခံမရှိသည့်အတွက် ဘာကိုအခြေပြုပြီး ပါတီတည်ဆောက်ရေးလုပ်မလဲဆိုတာ ပြဿနာဖြစ်လာတတ်သည်ဟု နိုင်ငံရေးကျွမ်းကျင်သူ ဒေါ်ခင်မမမျိုးကဆိုသည်။

ထိုသို့သော ခိုင်မာသည့်နိုင်ငံရေးခံယူချက်အပေါ် အခြေမခံထားသည့်အတွက် ပါတီတွင်းညီညွတ်ရေးကို အကောင်အထည်ဖော်ရာတွင်လည်း အားနည်းချက်များရှိနေတတ်သည်ဟု သူမကဆိုသည်။

"ပါတီတိုင်းက မူတွေရှိပြီးသားဆိုရင် ညီညွတ်ပြီးသား ဖြစ်နေတယ်။ အယူအဆပိုင်း ပဋိပက္ခတွေမဖြစ်တော့ဘူး။ အခြေခံမူတွေတူညီနေတဲ့အတွက် လုပ်နည်းလုပ်ဟန်ကွဲပြားမှုအနည်းအများရှိနိုင်တာကလွဲရင် ပါတီတွင်းညီညွတ်မှုလည်း ရှိပြီးသားဖြစ်သွားတယ်"။

ခိုင်မာသောနိုင်ငံရေးခံယူချက်ကို အခြေခံထားသည့် မူရှိပြီးသားပါတီများသည် အာဏာရလာလျှင်လည်း အစိုးရအဖွဲ့အုပ်ချုပ်ရေးပုံစံတွင် ယခုလို လက်ဝဲရောက်သွားလိုက်၊ လက်ယာရောက်သွားလိုက် ဘာမှန်းမသိဖြစ်နေတဲ့ပုံသဏ္ဌာန်မျိုးတွေမရှိတော့ဘူး။ ပိုပြီးကျစ်လျစ်ခိုင်မာတဲ့ အင်စတီကျူးရှင်းတွေပေါ်ထွက်လာနိုင်လိမ့်မယ်"ဟု ဒေါ်ခင်မမမျိုးကယုံကြည်နေသည်။ ထိုကဲ့သို့နိုင်ငံရေးခံယူ ချက်မျိုးမရှိလျှင် အဆိုးဆုံးအခြေအနေဖြင့် ပြည်တွင်းစစ်ကြီးတစ်ခုအထိဦးတည်သွားစေနိုင်သည့်အကြောင်း သူမက ယခုလို ဥပမာပေးသည်။

"ဥပမာ–ဖဆပလဆိုပါစို့။ ဖဆပလအဖွဲ့ချုပ်ကြီးမပေါ်ခင် ဖက်ဆစ်တိုက်ဖျက်ရေးအပေါ်မှာ အခြေခံပြီး ပြည်သူ့အရေးတော်ပုံပါတီ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ဗမာ့တပ်မတော်ဆိုပြီး သုံးပိုင်းပါတယ်။ အဖွဲ့ချုပ်ကြီးဖြစ်လာတဲ့အခါမှာ ကွန်မြူနစ်တွေရော၊ လစ်ဘရယ်သမားတွေရော၊

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရက်တွေရော၊ တပ်မတော်ပါ ပါနေတဲ့အတွက် တပ်မတော်အတွင်းမှာ လည်း ဆိုရှယ်လစ်တပ်မှူး၊ ကွန်မြူနစ်တပ်မှူးဆိုတာတွေပါဖြစ်သွားတယ်။

ဖဆပလဟာ အရေးတော်ပုံကာလကြီးထဲမှာ လူသိများတဲ့ပါတီ တစ်ခုအနေနဲ့ အဖွဲ့ချုပ်ကြီးဖြစ်လာတယ်။ ကြာလာတော့ အရင်ဆုံး ဗမာ ပြည်ကွန်မြူနစ်ပါတီကိုထုတ်ပယ်လို့ကွဲတဲ့ပြဿနာဖြစ်လာတယ်။ တကယ် တမ်းဆိုရင် ဗမာပြည်ကွန်မြူနစ်ပါတီကို ထုတ်ပယ်လိုက်တာမျိုးထက် အဲဒီအချိန်တုန်းကမူအရ ကွန်မြူနစ်အယူအဆအပေါ်မှာ အခြေခံသောပါတီ အဖြစ် သီးခြားရပ် တည်မယ်ဆိုရင်၊ ဆိုရှယ်လစ်တွေကလည်း သီးခြားရပ် တည်လိုက်မယ်ဆိုရင် မြန်မာပြည်ရဲ့ ပြည်တွင်းစစ်ကြီးတစ်ခုကို ကာကွယ် နိုင်ခဲ့မှာပါ။

ဖဆပလကတော့ လူထုကကြိုက်လို့ လူသိများလို့ ဆိုတဲ့အပေါ်မှာ အခြေခံထားတဲ့အတွက် ဗမာပြည်ကွန်မြူနစ်ပါတီကိုထုတ်ပယ်၊ အဖွဲ့ချုပ် ဆိုတာကိုပဲ ဆက်လက်ကိုင်တွယ်ပြီး ဆိုရှယ်လစ်တွေက အရေးခြုံလိုက်တဲ့ အတွက် လွတ်လပ်ရေးရတာနဲ့ ကွန်မြူနစ်ပါတီကို လိုက်ပြီးတိုက်ခိုက်ခဲ့တာ။

တချို့က ကွန်မြူနစ်က အရင်ဆုံးတောခိုပြီး ဖဆပလကို ဆန့် ကျင်တာလို့မြင်ကြပေမယ့် တကယ်တမ်းကျတော့ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ကွန်မြူနစ်တွေကို ဖမ်းဆီးမှုတွေလုပ်လိုက်တာကြောင့် "ဖိနှိပ်မှုတွေရှိလာရင်၊ မတရားမှုတွေဟာ ဥပဒေတစ်ရပ်ဖြစ်လာရင် ပြန်ပြီးတော်လှန်ပုံကန်မယ်" ဆိုတဲ့မူအတိုင်း ကွန်မြူနစ်တွေက ပြန်ပြီးတော်လှန်ခဲ့ကြတယ်။

ဆိုတော့ ပြည်တွင်းစစ်ပဲ အဖတ်တင်ကျန်ခဲ့တယ်။ ဒီမိုကရေစီမဲ့ သွားတယ်၊ နိုင်ငံရေးဗဟုဝါဒရော၊ နိုင်ငံရေးအယူအဆတွေပါ မဲ့သွားတယ်။ တစ်ကမ္ဘာလုံးမှာတော့ ကွန်မြူနစ်ပါတီတွေလည်းရှိနေတယ်။ ဆိုရှယ်လစ် ပါတီတွေလည်းရှိနေတာပဲ။ ဒါကြီးကိုလက်မခံနိုင်ဘဲ မြေအောက်ကို တွန်း ပို့ကြတယ်။ နိုင်ငံရေးအယူအဆအပေါ်အခြေခံပြီး ပါတီတွေ ခွဲမထားတဲ့ အတွက် ပြည်တွင်းစစ်တွေပဲ ကျန်ခဲ့တာ"။

မြန်မာ့အရေးကျွမ်းကျင်သူ ဆွီဒင်နိုင်ငံသား သတင်းစာဆရာ ဘာတေးလင်တ်နာကတော့ ဒီမိုကရေစီအတွက် အရေးအကြီးဆုံးအခြေခံ နိုင်ငံရေးအယူဝါဒသည် အခြားသူများ၏ နိုင်ငံရေးအမြင်သဘောတွေကို လေးစားတတ်ဖို့ပဲဟုဆိုသည်။ အားလုံးသည် သဘောမတူညီနိုင်တာ ရှိ

www.burmeseclassic.com

www.burmeseclassic.com



သလို၊ အယူအဆကွဲ ပြားတာတွေလည်းရှိမည်။ သို့သော် ထိုအချက်ကို လက်ခံပြီး အပြန်အလှန်လေးစားသမှုရှိဖို့လိုသည်ဟုဘာတေးက ယူဆသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ ဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေ၏ အဆိုအရတော့ လက်ဝဲအယူဝါဒဖြစ်စေ၊ လက်ယာအယူဝါဒဖြစ်စေ မည်သည့်နိုင်ငံရေးခံယူချက်ကို အခြေခံသည်ဖြစ်စေ ဂိုဏ်းဂဏနှင့် အာဃာတကို ရှောင်နိုင်ဖို့လိုသည်။ အယူအဆ၊ အတွေးအခေါ်ကြောင့် ငြင်းကြ၊ ခုံကြပြီး ကွဲကြပြဲကြတာမဟုတ်ဘူး။ ဂိုဏ်းဂဏနဲ့ အာဃာတကြောင့်ဖြစ်တာ။ အစွန်းနှစ်ခုကို ရှောင်ရမယ်”ဟု ဦးဟန်ရွှေက ဆိုသည်။

“အယူအဆဆိုတာ စွဲလမ်းလို့မရဘူး။ ကွန်မြူနစ်ဆိုရင် တို့လုပ်မှမှန်တယ်ဆိုတဲ့ ဂိုဏ်းဂဏစိတ်သိပ်ကြီးတယ်။ လွတ်လပ်ရေးဆိုရင် ဗိုလ်ချုပ်တို့လုပ်ယူခဲ့တယ်။ ဒီလွတ်လပ်ရေးဟာ အတုကြီးပါဆိုပြီး တောခိုသွားတဲ့သူတွေအများကြီးပဲ။ တို့လုပ်မှ လွတ်လပ်ရေးစစ်တယ်ဆိုတဲ့အယူဟာ လက်ဝဲသမားတွေမှာရှိနေတယ်”ဟု ဦးဟန်ရွှေက အတိတ်က မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို ပြန်တူးဆွသည်။

အခုလည်း တို့လုပ်မှ ဒီမိုကရေစီဆိုတာဖြစ်သည်၊ ကျန်တဲ့သူတွေလုပ်ရင် ဒီမိုကရေစီမဖြစ်ဘူးဆိုသည့် အယူအဆများသည် ဒီမိုကရေစီရေးကြွေးကြော်သူတော်တော်များများတွင် လွှမ်းမိုးနေသည်ဟု ၎င်းက ယူဆသည်။ ဒီမိုကရေစီဆိုသည်မှာ မည်သူလုပ်မှဖြစ်သည်ဆိုသည့် တံဆိပ်တပ်ထားတာမျိုးမဟုတ်၊ ဘယ်သူပဲဖြစ်ဖြစ် လုပ်နိုင်သည်ဟု ဦးဟန်ရွှေက ယုံကြည်သည်။ ထိုအချက်ကို ဒေါ်ခင်မမမျိုးကလည်း လက်ခံသည်။

## ဒီမိုကရေစီနှင့် မြန်မာပြည်

တကယ်တော့ မြန်မာတို့၏ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးတမ်းများသည် ဒီမိုကရေစီအခြေခံအချက်များနှင့် တော်တော်နီးစပ်နေပြီးသားပါ။ ကျေးလက်ဓလေ့စရိုက်ကိုပဲကြည့်။ အလုပ်ကိစ္စတစ်ခုဆိုရင် ဝိုင်းဝန်း လုပ်ကိုင်တတ်တဲ့အကျင့်ရှိသည်ဟု ဦးဟန်ရွှေက ဥပမာပြသည်။

နောက်ပိုင်းတွင် နှစ်ပေါင်းတစ်ရာကျော်ကြာအောင် သူ့ကျွန်ဘဝ ရောက်ခဲ့သည်။ လွတ်လပ်ရေးရပြီးတော့လည်း ပြည်တွင်းစစ်နှင့်နေရသည့် အတွက် ထိုဒီမိုကရေစီအလေ့အကျင့်များက ပျောက်ကွယ်လုနီးနီးဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်တော့ မြန်မာပြည်သူများသည် ကိုယ့်ကိုယ်ကိုယ် ရှုံသန် အောင် ရုန်းကန်ကြရသည့်အတွက် သူများကို သိပ်ပြီးဦးစားမပေးလိုသည့် စိတ်တွေရှင်သန်လာခဲ့ရသည်ဟု ၎င်းကဆိုသည်။

"အတ္တကို ဦးစားပေးလာတဲ့ အခါကျတော့ တစ်ယောက်နဲ့ တစ်ယောက် စာနာတဲ့စိတ်ဓာတ်တွေ၊ ကိုယ်ချင်းစာတဲ့စိတ်ဓာတ်တွေ၊ ဦးစားပေးချင်တဲ့စိတ်ဓာတ်တွေလျော့နည်းလာတယ်။ ဒီမိုကရေစီအခြေခံ စိတ်ဓာတ်တွေပျက်လာတဲ့အခါကျတော့ ကိုယ့်အာဏာရရေး၊ ကိုယ့်ကုလား ထိုင်ခိုင်မြဲရေး၊ ကိုယ့်အသိုင်းအဝိုင်းချမ်းသာကြွယ်ဝရေးဆိုတဲ့ စိတ်ဓာတ် တွေ ကိန်းအောင်းလာတဲ့သဘောရှိတယ်။ ဒါဟာ ဒီမိုကရေစီရဲ့ယဉ်ကျေးမှု ပျက်ယွင်းလာတဲ့သဘောပဲ"ဟု ဦးဟန်ရွှေက ကောက်ချက်ချသည်။

လွတ်လပ်ရေးရပြီးစ ဖဆပလလက်ထက်တုန်းကလည်း ဒီမိုကရေ စီ ဖောက်ထိုးဆိုသည့် ဝေါဟာရများပေါ်ခဲ့သည်။ ဦးနေဝင်းအစိုးရကျပြန်တော့ ဆိုရှယ်လစ်စနစ်၊ တစ်ပါတီစနစ်မို့ အထိန်းအကျောင်းမရှိခဲ့။ နောက်ပိုင်း တပ်မတော်အာဏာသိမ်းပြန်တော့လည်း စစ်အုပ်ချုပ်ရေးပေမို့ ဒီမိုကရေစီ နှင့်ဆန့်ကျင်သွားပြန်ရော။ ၁၉၈၈ခုနှစ်မှာလည်း အာဏာသိမ်းစစ်အစိုးရ ဆိုတာဖြစ်လာခဲ့ပြန်သည်။ ထို့ကြောင့် "ဒီမိုကရေစီအခြေခံဖြစ်တဲ့ တရား ဥပဒေစိုးမိုးမှုဆိုတာ စစ်မိန့်တွေနဲ့ပဲ ရှင်သန်ခဲ့ရတော့ ဒီမိုကရေစီယဉ်ကျေးမှု က ပျောက်ကွယ်သွားခဲ့တာပေါ့"ဟု ဦးဟန်ရွှေက ပြန်ပြောင်းပြောပြသည်။

မည်သို့ဆိုစေ တိုင်းပြည်ထဲတွင် ဒီမိုကရေစီထွန်းကားဖို့၊ ပြည်သူ ဦးဆောင်သော အုပ်ချုပ်မှုတစ်ရပ်ဖြစ်ထွန်းဖို့၊ ပြည်သူ့ဆီက အာဏာ သက်ဆင်းဖို့ဆိုရင် လက်ဝဲဦးဆောင်မှု၊ လက်ယာဦးဆောင်မှု ရယ်လို့မဟုတ် ပါ။ အရေးကြီးသည်က လက်ဝဲ၊ လက်ယာမည်သည့်အယူအဆမျိုးကို အခြေခံထားသူမဆို နိုင်ငံရေးဗဟုဝါဒကိုလက်ခံပြီး ပြည်သူ့ဆီမှ အာဏာ သက်ဆင်းစေရေးကို ဦးတည်ပြီး တိုင်းပြည်ကို တည်ဆောက်မှသာ ပို ထိရောက်လိမ့်မည်ဟု နိုင်ငံရေးကျွမ်းကျင်သူဒေါ်ခင်မမမျိုးက ယူဆသည်။

ထိုသို့သော ပြည်သူ့ဆီမှ အာဏာသက်ဆင်းဖို့ဆိုလျှင် စစ်တပ် သည် နိုင်ငံရေးဦးဆောင်မှုတွင် မည်သို့မျှမရှိသင့်။ ဒီမိုကရေစီစနစ်တွင် စစ်တပ်၏ အခန်းကဏ္ဍသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာ ထမ်း ဆောင်ရမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးတာဝန်ကို ပြည်သူ့ရဲတပ်ဖွဲ့က

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရမည်။ နိုင်ငံတော်ယန္တရားပိုင်းကလည်း သီးသန့်ရှိပြီး တိုင်းပြည်ထဲတွင် အာဏာသုံးရပ်သာရှိရမည်ဖြစ်သည်။

"သေနတ်ပြောင်းကြလာတဲ့အာဏာမရှိစေရဘူး"ဟု ဒေါ်ခင်မမျိုးက ဆိုသည်။

ဒီမိုကရေစီအသွင်းကူးပြောင်းမှုကို အကောင်အထည်ဖော်ကြတော့မည်ဆိုလျှင် နိုင်ငံရေးအီလစ်တွေ (Elite-လူတစ်စု)တွေက လုပ်ဆောင်သည့် အသွင်ကူးပြောင်းမှုပုံစံနှင့် လူထုတစ်ရပ်လုံးက လုပ်ဆောင်သည့် အသွင်ကူးပြောင်းမှုပုံစံအဖြစ် နှစ်ပိုင်းရှိသည်။

"Eliteကပဲ လုပ်တဲ့သဘောမျိုးမဟုတ်ဘဲ ပြည်သူနှင့်အတူရယူတည်ဆောက်သော အသွင်ကူးပြောင်းမှုကိုပဲယုံကြည်ပါတယ်"ဟု ဒေါ်ခင်မမျိုးက ဆိုသည်။ ယခုအချိန်တွင် ဒီမိုကရေစီဆိုပြီး ကြွေးကြော်ကာ ဆောင်ရွက်နေပါသည်ဆိုသည့်အစိုးရအဖွဲ့ရော၊ နိုင်ငံရေးပါတီများရော၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကိုပါ သူမက ယခုလိုမေးခွန်းထုတ်ပါသည်။

"အားလုံးဒီမိုကရေစီကို လုပ်နေကြတယ်ဆိုရင် နံပါတ်တစ်- ဒီမိုကရေစီစံနှုန်းနဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာရေးကို အဲဒီပါဝင်ပတ်သက်တဲ့ သူတွေနှစ်ဖက်စလုံးက သဘောတူလက်ခံပြီးပြီလား၊ နံပါတ်နှစ်- ဒီမိုကရေစီနည်းကျသော တစ်ဦးချင်းအခွင့်အရေးတွေ၊ အများအခွင့်အရေး၊ အုပ်စုလိုက်အခွင့်အရေးတွေရစေရေးကို ဒီမိုကရေစီကို သွားနေပါတယ်ဆိုတဲ့ နှစ်ဖက်စလုံးက အမှန်တကယ်ဖော်ဆောင်နေသလား"။

သူ့အသက်၇၇နှစ်၏ သုံးပုံတစ်ပုံလောက်ကြာအောင် နိုင်ငံရေးကို အကြောင်းပြုပြီး ထောင်နန်းစံခဲ့သော ၁၉၈၈ခုနှစ် နိဝင်ဘာလတစ်ရက်က တည်ထောင်ခဲ့သော ကျောင်းသားခေါင်းဆောင်ဟောင်းများပါဝင်သည့် ပြည်သူ့တိုးတက်ရေးပါတီ(**PPP**)၏ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သော ဦးလှရွှေကတော့ "ဒေါ်အောင်ဆန်းစုကြည်လဲ အခုလိုသွားနေရုံနဲ့တော့ ဒီမိုကရေစီကိုမရပါဘူး"ဟု မှတ်ချက်ပေးသည်။

လူထုကနေ ဆန္ဒပြတောင်းဆိုသည့် လူထုတိုက်ပွဲဆိုတာကို ယုံကြည်သည့်သူရှိလျှင် ထိုသူတို့၏နောက်ကို လူထုက လိုက်လာလိမ့်မည်ဟု ဦးလှရွှေကတွက်ဆသည်။ "အခုလိုလက်မှတ်လေးထိုးလိုက်ပါ၊ လက်မှတ်လေးထိုးလိုက်ပါနဲ့တော့ ကိုယ်လိုချင်တာကိုမရနိုင်ဘူး"ဟု ၄င်းက ရှုမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လတ်တလောမြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ဒီမိုကရေစီကို ဖော်ဆောင်နေပါသည်ဆိုသည့်သူများရော၊ ဒီမိုကရေစီကို ဟစ်ကြွေးသည့် နိုင်ငံရေးပါတီများကိုရော ဦးလှရွှေက ယခုလိုအကြံပြုထားသည်။

"ကိုယ့်ကိုယ်ကိုယ်မှန်ထဲကြည့်လိုက်ပါ။ ကိုယ့်မျက်နှာမှာ ဒီမိုကရေစီ ဘယ်လောက်ရှိလဲဆိုတာ အဖြေထွက်လာပါလိမ့်မယ်"။ ။

*ရန်ကုန်တိုင်းမ်ဂျာနယ်– အတွဲ (၁၀)၊ အမှတ်(၂၅)*

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူကိုယ်ရေးအကျဉ်း

နာမည်မှာ နှင်းကိုဦး၊ ကလောင်အမည်မှာ နှင်းကိုဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ သာဂရကျေးရွာ၌ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၆ရက်တွင်မွေးသည်။ မိဘနှစ်ပါးမှာ ဦးဝင်းနိုင်နှင့် ဒေါ်မြငွေးဖြစ်သည်။ မွေးချင်းလေးယောက်အနက် အကြီးဆုံးဖြစ်သည်။

ကျေးရွာတွဲဖက်အထက်တန်းကျောင်း(ယခု–အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းကို ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင်အောင်မြင်ခဲ့သည်။ မိတ္ထီလာအဝေးသင်တက္ကသိုလ်တွင် ဥပဒေပညာအထူးပြုဖြင့် လေးနှစ်ကြာတက်ရောက်ကာ အောင်မြင်ခဲ့သည်။ ၂၀၁၂ခုနှစ်တွင် မန္တလေးမြို့ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ဥပဒေပညာဘွဲ့ B.A(Law) ကို တက်ရောက်ယူခဲ့သည်။ ၂၀၁၂ခုနှစ် ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာတစ်နှစ်သင်တန်းကိုတက်ရောက်ခဲ့ပြီး ၂၀၁၃ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတကာဆက်ဆံရေးပညာ ဒီပလိုမာအောင်လက်မှတ်ကိုရယူခဲ့သည်။

သတင်းသမားကျင့်ဝတ်မှ အစပြုကာ အခြေခံဓာတ်ပုံသင်တန်း၊ In depth Features Writing သင်တန်း၊ အာဆီယံဒေသတွင်း သတင်းရေးသားနည်းသင်တန်း၊ ပဋိပက္ခဆိုင်ရာ သတင်းရေးသားနည်း၊ လူ့အခွင့်အရေး သတင်းရေးသားနည်း၊ မြေယာမူဝါဒ၊ ဖွံ့ဖြိုးရေးစသဖြင့် ရက်တိုသင်တန်းများလည်း တက်ရောက်ခဲ့သည်။

သတင်းထောက်နှင်းကိုသည် ၂၀၁၀ပြည့်နှစ်တွင် ရန်ကုန်မြို့၌ ထုတ်ဝေလျက်ရှိသော ရွှေမြန်မာအပတ်စဉ်ဂျာနယ်တွင် သတင်းထောက် ဘဝကို စတင်ခဲ့သည်။ ထို့နောက် ရန်ကုန်မီဒီယာဂရု(ပ်)မှထုတ်ဝေသော အပတ်စဉ်ဂျာနယ်များဖြစ်သည့် ဖလားဝါးနယူးစ်နှင့်ရန်ကုန်တိုင်းမ်ဂျာနယ်တို့တွင် သတင်းထောက်အဖြစ် နှစ်နှစ်ခွဲကျော်ကြာအောင် ရပ်တည်ခဲ့သည်။ ထို့နောက် လစဉ်ထုတ်မော်ကွန်းမဂ္ဂဇင်းတွင် သတင်းထောက်ချုပ်တာဝန်ဖြင့် တစ်နှစ်ကြာသတင်းဆောင်းပါးများရေးသားခဲ့သည်။ ယခုလက်ရှိ၌ ရန်ကုန်တိုင်းမ်ဂျာနယ်တွင် လက်ထောက်အယ်ဒီတာရာထူးဖြင့် ပြန်လည်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

"သူ့စာတွေကိုဖတ်ခြင်းဖြင့်
မျက်မှောက်ခေတ်၏သရုပ်သကန်တွေကိုတော့
လျှပ်တစ်ပြက်မြင်ခွင့်ရမည်"။

ဦးကိုကို (စက်မှုတက္ကသိုလ်)

"ခေတ်တစ်ခေတ်နှင့် ထိုခေတ်ကို
မှတ်တမ်းတင်ဖို့ကြိုးစားခဲ့သည့်
လူငယ်သတင်းစာဆရာ တစ်ယောက်၏အတ္ထုပ္ပတ္တိ ဖြစ်ပါလိမ့်မည်"

ဦးရဲနိုင်မိုး (Yangon Journalism School)

"တစ်ခုပဲစိုးရိမ်တာပါ။
ဒီဆောင်းပါးတွေကို
မဖတ်မဖြစ်၊ ဖတ်ကိုဖတ်ရမယ့်ပုဂ္ဂိုလ်တွေအနေနဲ့
ဒီစာအုပ်ကို လှန်လှောကြည့်ဖို့ ကိုတောင် အချိန်မရမှာကိုပါ"

ဦးဉာဏ်လင်း (အယ်ဒီတာ၊ မော်ကွန်းမဂ္ဂဇင်း)

"နိုင်ငံတော်အစိုးရအဖွဲ့အပါအဝင်
သက်ဆိုင်သူများအားလုံးက မဖြေရှင်းပေးနိုင်သေးသရွေ့၊
မပြင်ဆင်နိုင်သေး သရွေ့၊ အလေးတယူမပြုမူသေးသရွေ့တော့
ဆောင်းပါးပါ အကြောင်းအရာများသည် လတ်ဆတ်နေဦးမည်"

နှင်းကို (ရန်ကုန်တိုင်းမ်ဂျာနယ်)

BURMESE CLASSIC

www.burmeseclassic.com